
www.burmeseclassic.com

ရာပြည့်စုံထွန်းစာပေ

# ဂမ္ဘီရလောက

မဂ္ဂဇင်း





No.73, Jun 2013

www.burmeseclassic.com

Quality Publishing House www.burmeseclassic.com

၅၂(၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃...




# ဘူမိဘောအဒူယာဒက် ဘဝတစ်သက်တာ လုပ်ဆောင်မှုများ

မောင်မြတ်မိုး

တန်ဖိုး - ၆၀၀၀




# ... ကျူးရောင်ကျီး

အောင်ချိန်ဘွား

တန်ဖိုး - ၈၀၀၀




# အဲလိဇဘက်(၂)ဘုရင်မ ကျွန်ုပ်တို့၏ ခေတ်အတွင်းမှ သူမ၏ဘဝ

မောင်မြတ်မိုး

တန်ဖိုး - ၆၀၀၀

3 MAY 2013


BURMESE CLASSIC .com


သုမြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ဒီ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com







ဆပြည်စုံထွန်းစာပေ

# ဂမ္ဘီရလောက

စွေဝင်း

ဆုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၁၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

June 2013 Number 73


စည်းပေါက်လို့ ဒဏ်ထိတာဆိုသည်လည်းရှိ၏
ဖောင်ညိုမှိုင်း(သန့်လျှင်) ၆

ဂမုန်းနတ်ရှင်
ကျော်ဝင်းညွန့်(လှည်းကူး) ၃၄

ဘကျော်နှင့် ဒုဋ္ဌဝတီငါးရွှေကြီး
တိန်းထက်ဇော် ၅၂

ဘီးပတ်ကြီး
ရွှေဘုန်းတံ ၇၀

ထူးဆန်းသောခွက်ပေါက်ဆီ
အောင်သာကျော် ၈၅

ယုံရမှာလား...ကြုံဖူးတာများ
ကျော်စိုးစိုင် ၉၈

ခုတင်ကကြောက် သစ်ကနောက်
အဝံရာဇ ၁၂၅

ကြည့်ပြာရောင်ဝတ်စုံလေး
အေသင်ဇာသက်ဝေ ၁၄၃

တစ္ဆေမောင်မှိုင်း
ကောင်းဆော် ၁၅၃

ဝိညာဉ်ပေါ်တဲ့လူသတ်ကောင်
ဝင်းထွန်းအောင်(စစ်ဒေး) ၁၆၆

ကံတရားအတိုင်း စီရင်ချက်
တင်နိုင်ဝင်း(ထပင်းရွှေမြို့) ၁၈၀

မိမိတို့ဆန္ဒအားဖြင့်သာလျှင် ကိုးကွယ်ရာမမှားဖို့
ကိုဟောင်သန်းဝင်း ၁၉၈

မေတ္တာလက်နက် စူးကာထက်၏
နေနေ ၂၀၆

မြေကြီးထဲက လူထွက်ကောင်
ဝင်းဘုန်းသိမ့်သူ ၂၂၂

Next Month Preview ၅


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်

(Quality)

တာဝန်ခံအယ်ဒီတာ

[illegible]

အုပ်ချုပ်မှုအယ်ဒီတာ

[illegible]

အယ်ဒီတာအဖွဲ့

[illegible]

ရုံးအဖွဲ့

[illegible]

ထုတ်ဝေသူ

[illegible]

မျက်နှာဖုံးပန်းချီ

[illegible]

အတွင်းသရုပ်ဖော်

[illegible]

ကွန်ပျူတာနှင့်အလင်း

Quality

ပုံနှိပ်သူ

[illegible]

တာအုပ်ချုပ်

[illegible]

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀

စာတည်းအဖွဲ့နှင့်ဖြန့်ချိရေးရုံးခန်း

[illegible]


Next Month

ဇာခြင်ထောင်အသာလှစ်လို့

တက္ကသိုလ်မောင်အောင်ဆွေ



နန်းမတော်မယ်နု
အုတ်ကျောင်းထဲက
သွေးပျက်သော
ညတစ်ည

ထောင်မှူးကြီးသိန်းဝင်း



အချိန်တံတိုင်း၏ အခြားတစ်ဖက်

နှတ်မိမယ်



Preview

www.burmeseclassic.com

www.burmeseclassic.com








(၁)

လမ်းစဉ်ပါတီခေတ်မှာ ကျွန်တော် "အဖေမောင်" နဲ့ တွေ့ခဲ့ရတာပါပဲ။

အချို့က အဖေမောင်ကို ဆရာကြီးလို့လည်း ခေါ်ကြတယ်။

အဘလို့လည်း ခေါ်ကြတယ်။

အဘဆရာကြီးလို့လည်း ခေါ်ကြတယ်။

အဘရဲ့ဂိုဏ်းနာမည်က "ရွှေရင်ကျော်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီခေတ်တုန်းက ဦးနေဝင်းအစိုးရက ရွှေရင်ကျော်ဂိုဏ်းကို နှိပ်ကွပ်နေချိန်ပေါ့။

တပ်ထဲမှာရွှေရင်ကျော်ဂိုဏ်းမဝင်ရအောင်ကိုပြင်းပြင်းထန်ထန်ဆောင်ရွက်ခဲ့တယ်။

အဲဒီအချိန်တုန်းက...

အနောက်နိုင်ငံတစ်ခုမှာ "ဥ" ဂိုဏ်းတစ်ခု ပေါ်နေတယ်လေ၊ အဲဒီဂိုဏ်းကလည်း သူ့ယုံကြည်ချက်နဲ့သူ ရပ်တည်နေတော့ ယုံကြည်မှုရှိသူ အတော်များများက "ဥ" ဂိုဏ်းကဲ့သို့သောဂိုဏ်းထဲကို ဝင်ရောက်ဆောင်ရွက်ကြတာ လူဦးရေမနည်းဘူး...။

ကလေး...လူကြီး အရွယ်မျိုးစုံပါတယ်၊

ပညာတတ်တွေ အများကြီးပါတယ်၊

နောက်ဆုံးတော့ ကမ္ဘာပျက်တော့မယ်လို့ ခေါင်းဆောင်က ဟောပြောနားသွင်းပြီးနောက် ကမ္ဘာမပျက်ခင် သူတို့ကောင်းကင်ဘုံကို ကြိုတင် သွားကြစို့ ဆိုပြီး အဆိပ်ပါတဲ့ရေစင်ကို တိုက်ခဲ့တယ်...၊

နောက်လိုက်တွေက အစွန်းရောက်ဘာသာရေး(ယုံကြည်မှု)ဂိုဏ်းခေါင်းဆောင်ရဲ့စကားကို ယုံကြည်ပြီး အဆိပ်ရေစင်ကို လိုလားနှစ်မြို့စွာ သောက်ပြီး စုပြုံသေလိုက်ကြတယ်၊

အဲဒီသတင်းက တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားပြီး မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအတော်များများကို အထူးဂယက်ရိုက်ခဲ့တယ်၊

အဲဒီအချိန်တုန်းက မြန်မာနိုင်ငံထဲမှာ...

ရွှေရင်ကျော်ဂိုဏ်း။

မနောစိတ္တုပ္ပတ်ဂိုဏ်း။



မနောမဟိဒ္ဓိဝေဂိုဏ်း။

သာသနာ့ဝါးတောင်ဂိုဏ်း စသည်ဖြင့် ဘာသာရေးအယူအဆ သီးခြားနှင့် ဆေးကုသည့်ဂိုဏ်းတွေလည်း ပေါ်နေချိန်၊

အဲဒီမှာ ရွှေရင်ကျော်ဂိုဏ်းက အင်အားတောင့်တင်းပြီး ထင်ရှားကျော်ကြားချိန်ပဲ၊

ဘိုးတော်ပြုး၊ ဘိုးတော်အေး၊ ဘိုးအောင်ပွင့်တို့ကို ဦးတည်အလေးထားပြီး တည်ရှိနေတဲ့ ရေစင်ဂိုဏ်းပါ၊

အဲဒီရွှေရင်ကျော်ဂိုဏ်းမှာ အလွန့်ကို ထင်ရှားကျော်စောတဲ့ ပုဂ္ဂိုလ် ဆရာကြီးတွေလည်း ရှိခဲ့ပါတယ်၊

နာမည်ကို ထုတ်မရေးပြရခြင်းကတော့ အရှိုကလည်း ကောင်းမြတ်သောနာမည်နဲ့ ကွယ်လွန်သူကွယ်လွန်၊ အသက်ရှင်ကျန်ရစ်သူများကတော့ သမထ၊ ဝိပဿနာလိုင်းကို ကူးသူကူးနေကြလို့ပါ၊

အရိုက္ခုတော့...

သိဒ္ဓိအစွမ်းတွေ အံ့မခန်းရပါရဲ့...၊

လေထဲကနေ ရွှေဆိုရွှေ၊ ငွေဆိုငွေ၊ အစားအစာဆို အစားအစာ၊ လက်ဝါးဖြန့် ဆွဲယူပြနိုင်တယ်၊

စာရွက်တစ်ရွက်ပေါ်မှာ ကြိုက်ရာစာကိုရေးပြီး ခေါက်ထား၊ ဘာရေးတာလည်း အတပ်ပြောနိုင်တယ်၊ မလွဲစေရဘူး၊

တိတ်ခွေအသစ်ကို ပါကင်မဖွင့်ပဲပေး၊

မျက်စိရှေ့တွင် လက်ဝါးနဲ့အုပ်လိုက်တယ်၊ ပြီးရင် ပါကင်ဖြေပြီး ကတ်ဆက်ထဲဖွင့်ကြည့် – အဲဒီဆရာကြီးရဲ့အသံကို ကြားနေရရော၊

အလုပ်ပြုတ်မယ်၊ မပြုတ်ဘူး...၊ အတပ်ပြောနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

မြှုတ်ပြီးသားလူ အလုပ်ပြန်ခန့်အောင်လည်း လုပ်ပေးနိုင်တယ်၊ အင်္ဂလိပ်ဆေးဝါးနဲ့ ကုမရတဲ့ရောဂါ သူကုလို့ရမယ်မြင်ရင် ရေစင်ကိုမန်းပြီး တိုက်ရုံလိုက်တာနဲ့ ရောဂါပျောက်ရော...၊

သို့သော် ဆရာကြီး တာရှည်မခံဘူး၊

တစ်ဆက် သုံးဆပွားပေးမယ်ပြောပြီး ရွှေရောငွေရောလိမ်လို့ နောက်ဆုံး အကြီးအကျယ် ဒုက္ခရောက်တယ်...၊

ပညာသိဒ္ဓိများလည်း ပျက်ပြယ်ပြီး... ဟိုး...ဝေးလှတဲ့ဒေသမှာ ဆင်းရဲပင်ပန်းစွာ သေဆုံးခဲ့ရတယ်၊

အဲဒါ အခြားကြောင့်မဟုတ်ဘူး၊ စည်းပေါက်လို့...၊

ကတိသစ္စာ ဖောက်ဖျက်ခဲ့လို့...၊

ပျက်စီးရတာ၊ နာမည်ပျက်တာ၊ သိဒ္ဓိအစွမ်းတွေ ကွယ်ပျောက်သွားရတာ၊

ကြားဖူးကြမည်လားမသိဘူး၊

နာမည်ကျော်သက်န်းစုတ် တိုင်းရင်းဆေးဆရာပညာရှင်ကြီး...၊

တိုင်းရင်းဆေးကို အဆင့်အတန်းမြင့်အောင် သုတေသနပြုပြီး ဆေးကုသတယ်၊ နိုင်ငံခြားက ကင်ဆာရောဂါ မကုနိုင်သေးဘူး၊

ဘုန်းကြီးက သူ့တိုင်းရင်းဆေးနဲ့ မြစ်ပွားနာကင်ဆာနဲ့ သွေးဖျဉ်း၊ ရေဖျဉ်းလို ရောဂါကြီးတွေကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့လို့၊

ကမ္ဘာကျော်ခဲ့တယ်၊ နိုင်ငံတကာက ဆေးပညာရှင်တွေ လာရောက်လေ့လာဆည်းပူးရတယ်၊



မြန်မာ့တိုင်းရင်းဆေးပညာကို ကမ္ဘာကျော်အောင် ဆောင်ရွက်နိုင်လို့ ရှင်လူအများ မင်းစိုးရာဇာများပါ လေးစားအံ့သြ ကြည်ညိုပူဇော်နေကြတုန်းမှာပဲ...၊ ကျော်မကောင်း ကြားမကောင်း စည်းပေါက်ပါလေရော၊

ဆေးပညာဆိုတာ သမာဓိအားကောင်းလို့ လက်နဲ့ထိ ဆေးဖြစ်နေတာ၊

စုတော့ သွားပြီ၊

ကိလေသာတဏှာကာမကို မရှောင်တိမ်းနိုင်တော့ လူဝတ်လဲပြီး ဘဝပြောင်းရတယ်၊

စည်းပေါက်သွားတာကိုး၊

သီလကျိုးကန်းသွားတာကိုး၊

BURMESE CLASSIC .com

(၂)

ကျွန်တော့် အဘဆရာကြီးကလည်း ပညာဂုဏ်၊ သမာဓိဂုဏ်အားကောင်းတော့ ရေကနေ ဆေးဖြစ်နေတယ်ဗျာ၊

ဟိုမြို့မှာလည်း ရွှေရင်ကျော်၊

ဒီမြို့မှာလည်း ရွှေရင်ကျော်၊

ကုန်းပေါ်လည်း ရွှေရင်ကျော်၊

ရေပေါ်မှာလည်း ရွှေရင်ကျော်၊

တပ်ထဲမှာလည်း ရွှေရင်ကျော်၊

အားကောင်းလိုက်ကြတာ၊ ယုံကြည်လိုက်တာ၊ ကြိုးစားလိုက်ကြတာ၊

အဲဒီအချိန်တုန်းက ရွှေရင်ကျော်ဂိုဏ်းရဲ့ စည်းကမ်းနဲ့ သစ္စာကို မိန်းမသားတွေက ပိုပြီး အမျိုးသားများထက် ကြိုက်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ရွှေရင်ကျော်ဂိုဏ်းကို ဝင်ရင်….

အရက်သေစာ လုံးဝမသောက်စားရဘူး။

သူတစ်ပါးသားမယား(လင်ရှိမယား)ကို ပြစ်မှားကျူးလွန်ခြင်း မပြုရဘူး။

ကျွဲသား၊ နွားသား၊ မြွေသား မစားရဘူး။

အနန္တော အနန္တငါးပါးကို မပြစ်မှားရဘူး။

ဤပညာတော်မြတ်ကြီးကို မစော်ကားရဘူး။

ဤအချက်များနှင့်အတူ ငါးပါးသီလကို တတ်စွမ်းသမျှ စောင့်ထိန်းရတယ်၊ အထူးသဖြင့် အပေါ်က အဓိကအချက်များကို ရွှေရင်ကျော်ဂိုဏ်းဝင်ရင် သစ္စာဆိုရတယ်၊ ပြီးတော့မှ ဆရာက ပထမအဆင့်၊ ဒုတိယအဆင့်ကစ၍ ကိုးဆင့်စမတိုင်အောင် ဆေးတော်အုပ်လို့ စမတွေ သောက်ရတယ်၊

ကတိသစ္စာ တည်နေသမျှတော့ ဘယ်ဘေးမရှိဘူး၊ ရှိခဲ့ရင်လည်း ကြီးတာသေးပြီး သေးတာပယ်သွားရော၊

ဖြူစွာဗိုလ်တရားလေးပါး လက်ကိုင်ထားပြီး ကတိသစ္စာကို စောင့်ထိန်းနေသမျှ…

အကျိုးစီးပွားဖြစ်လာမယ်၊ ရန်ငြိမ်းရန်ပယ်တယ်၊

လက်ညှိုးနှင့်ရေကို တို့ထိရုံမျှနှင့် ရေသည် ဆေးဖြစ်တယ်၊ ဆရာတော်ဘုရားကြီးများဖြစ်ကြသည့် ရက်ကန်းစင်တောင်ဆရာတော်၊ တားမဲ့ဆရာတော်၊ ရှင်အဋ္ဌဂေါဏ၊ ဆရာရှင်ရသေ့၊ ဆရာဖြူ၊ ဆရာအေး၊ ဆရာပွင့်စသည့်ဆရာတော် ကြီးများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ချီးမြှင့်တဲ့ဆေးဩသဓရေစင်ဖြစ်ပြီး ၎င်းရေစင်ကို သစ်ရုံ၊ တောက်ရုံ၊ သောက်ရုံမျှနှင့် ဘေးကင်းလေ့ရှိတယ်၊

ဓမ္မဆိပ်၊ ကင်းဆိပ်၊ သတ္တဝါအဆိပ်မှန်သမျှ ပြယ်သွားတယ်၊



သို့သော်…

ဆိုပြုထားတဲ့ ကတိသစ္စာပျက်ပြီ ပေါက်ပြီ၊ ကျိုးပြီဆိုရင်တော့ ခံရပြီသာမှတ်၊

အထူးသဖြင့် မိန်းမသားများက ရွှေရင်ကျော်ပညာဂိုဏ်းရဲ့ကတိသစ္စာနဲ့ မှုဝါဒကို အရမ်းသဘောကျကြတယ်၊

ကိုယ့်လင်သား အရက်မသောက်ရင် ကြိုက်တာပေါ့၊

ကိုယ့်လင်ကိုယ့်သား သူတစ်ပါးသားမယား အိမ်ရာ မကျူးလွန်ရဘူးဆိုလေတော့ ပိုကြိုက်တာပေါ့၊

အဓိကက အဲဒီသစ္စာကတိနှစ်ချက်ကို ကြိုက်နှစ်သက်လို့ ဝင်နိုင်းတာ၊

နောင်တော့… ဦးနေဝင်းအစိုးရလက်ထက်မှာ ရွှေရင်ကျော်ဂိုဏ်းထဲ တစ်ကလူတွေ အဝင်များပြီး အခြေအနေအရ အမြင်မသင့်တာရှိနေလို့…

အာဏာစက်နဲ့ တားတာ ရှိဖူးပါတယ်၊

သို့သော် ရွှေရင်ကျော်ပညာရပ်ဂိုဏ်းက လုံးဝမပျောက်ကွယ်သွားပါဘူး၊

ရွှေရင်ကျော်ဘာသာရေးဂိုဏ်းအဖွဲ့က…

သူပုန်ထမခိုင်းဘူး၊

ဓားပြတိုက်မခိုင်းဘူး၊

အရက်သမား၊ လူပေလူတေများဖြစ်ခဲ့ရင်တောင် ပြုတ်အောင် ဘာသာတရား၊ ရတနာသုံးပါးကို လေးစားကိုးကွယ်၊ ဆည်းကပ်ချင်အောင် ပြုပြင်တဲ့ မေတ္တာရှင်အဖွဲ့ပါ၊

ဓားပြီး တုတ်ပြီး ဆေးထိုးမပေးဘူး၊

တစ်ပွဲထိုး ထုံးမန်းမပေးဘူး၊

ရှိန်းဆာယာမိုမောက် ကိုယ်ပျောက်တဲ့ဆေး မပေးဘူး၊ သို့သော် ကတိသစ္စာတည်ပြီး သမာဓိအား ကောင်းလာပြီဆိုလျှင်တော့ ဓား၊ လုံ၊ သေနတ် ကျည်မတိုး၊ စုတ်မရှဖြစ်တယ်လို့ပြောရင် ယုံပါ့မလားမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ ရှေ့ရင်ကျော်ဂိုဏ်းကိုဝင်ဖို့ ရေးနေတာ လုံးဝမဟုတ်ပါဘူး၊ အဓိကပြောချင်တာက ကတိသစ္စာအကြောင်းပါ၊

အရှို့တရားရုံးမှာ ကျမ်းကျိန်ရတယ်၊

အများအားဖြင့် သက်သေတွေ ကျမ်းကျိန်ရတာ၊ ဟုတ်တိုင်းမှန်ရာ ထွက်ဆိုပါမည်၊

မဟုတ်မမှန် လိမ်လိမ်လှည့်ဖြား ထွက်ဆိုခဲ့ပါက ကျမ်းစူးပါစေသား...၊ ဒီလိုရယ်...၊

သစ္စာဆိုရတာ...၊

ကျမ်းကျိန်စာထဲမှာ ရေးသားတာတွေက အလွန့်ကို ကြောက်စရာကောင်းတာ၊ ကိုယ်များ မှသားပြောခဲ့ထွက်ဆိုခဲ့ပါက သေပြီးနောက်ဘဝမှာရော၊ ပစ္စုပ္ပန်ဘဝမှာရော ဖြစ်ရစံရမည့် အနိဋ္ဌာရုံဘဝများက ဖတ်ရုံနှင့် သွေးပျက်ချင်စရာပါ၊

အခု တရားသူကြီးများလည်း ကျမ်းကျိန်နေရင်း...

ကျမ်းစူးတယ်ဆိုတာ သစ္စာစူးတာ၊

မုသားဆိုလို့...၊ မုသားလုပ်လို့၊ လိမ်ညာလှည့်ဖြား မရိုးမသားလုပ်လို့၊ ကျမ်းစူးတာ၊

သူ့အဲဒီမကောင်းမှုများ မပြုလုပ်ပါဘူးလို့ ကျမ်းကိုင်သစ္စာပြုရတာကိုး၊

ကျမ်းကျိုး၊ သစ္စာမဲ့၊ စည်းပေါက်၊ ကတိပျက်တော့ ကျမ်းစူးတော့တာပေါ့၊ ကျမ်းစူးပြီဆိုရင် ဘဝဆက်တိုင်း လူပြန်မဖြစ်တော့ဘူး၊ ဖြစ်ခဲ့ရင်လည်း ဒုက္ခိတပဲ ဖြစ်ကရော၊

သမဝါယမလုပ်ငန်းတို့၊ အစိုးရလုပ်ငန်းအချို့တို့၊ ဆရာဝန်လောကတို့မှာလည်း ကျမ်းကျိန်ရတာတို့၊ ကတိသစ္စာပြုရတာတို့ရှိတယ်၊





ဘိုးတော်အခါက
ခိန်တွေ၊ ရှေ့တွေကို
ဘုံးဆပွားပေးမယ်ပြောပြီး
လိမ်ညာယူသွားတာ။
အဲဒီဆေးရာလိမ်လို
ယူသွားတဲ့ခိန်နဲ့
ရှေ့ပြန်ပေးရတဲ့
အပြန်ရောက်အောင်
အဘဆရာကြီးပညာနဲ့ ခိုရင်ခဲ့တယ်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အချို့က ပေါ့ပေါ့တန်တန် ယူဆလေ့ရှိကြတယ်၊ ကတိသစ္စာပြုတယ်ဆိုတာ သစ္စာပြုတာပဲ၊ အဲဒီကတိသစ္စာပျက်ရင် သစ္စာစူးရော၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က နီးစပ်ထိတွေ့သမျှကို လေ့လာလေ့ရှိတာကိုး။

ကျွန်တော်က တခြေ့ သရဲတို့၊ စုန်းကဝေပညာတို့ ဂမ္ဘီရဆန်အောင် ရှိသမျှကြုံသမျှ ထိတွေ့လေ့လာတယ်လေ။

ကျွန်တော့်မှာ ဒေ့ရှုံးမြန်မာမင်းများလက်ထက်က (သို့)ရှေးတုန်းက ကျမ်းကိုင်၊ သစ္စာပြုခလေ့ဆန်းများအကြောင်း ရေးထားတဲ့စာအုပ်ရှိတယ်။

ကျွန်တော် လေ့လာသိရသမျှ ရေးရရင်...

ကိုယ့်ဘက်က မှန်ကန်မှ ကျမ်းကိုင်ပါ။

လိမ်ညာမှသားသုံး ကျမ်းကိုင်ရင် ကျမ်းစူးပြီး ရေရှည်မှာ ဒုက္ခရောက်ရော...။ ပြီး တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကတိပြုကြ ဆိုကြရင်... ကတိသစ္စာ မပျက်ပါစေနှင့်၊ ပျက်ရင် ဒုက္ခတွေ့ရပါလိမ့်မယ်။

(၃)

ကျွန်တော်က ရွှေရင်ကျော်ပညာရပ်ကို လေ့လာဆည်းပူးခဲ့တယ်။ ပညာတော်မြတ်ကြီးရဲ့ စည်းကမ်းနဲ့ ကတိသစ္စာကို မှန်ကန်စွာ လိုက်နာစောင့်ထိန်းရင်း...

အံ့သြစရာကောင်းတဲ့အကျိုးထူးကို ရရှိတယ်။

မြွေပွေးကိုက်လို့ ဆေးရုံက လက်လျှော့လိုက်တဲ့ လူနာကို ရေစင်ရေမန်းနဲ့ ရောဂါအဆိပ်ဖြတ်ပြီး အသက်ရှင်လူကောင်းဖြစ်သွားခဲ့တာ မျက်မြင်ကိုယ်တွေ့ပါ။

မြွေကိုက်ရောဂါ အတော်များများကို ရွှေရင်ကျော်အဘဆရာကြီး ကုပေးလို့ အသက်ရှင်တာ ရှင်၊ လူ၊ သီလရှင် အစုံပါပဲ။

ဘိုးတော်အတုက စိန်တွေ၊ ရွှေတွေကို သုံးဆပွားပေးမယ်ပြောပြီး လိမ်ညာယူသွားတာ၊



အဲဒီဆရာလိမ်လို့ ယူသွားတဲ့စိန်နဲ့ ရွှေပြန်ပေးရတဲ့အဖြစ်ရောက်အောင် အဘဆရာကြီးပညာနဲ့ စီရင်ခဲ့တယ်။

အစိကပြောချင်တာက အထက်မှာဆိုခဲ့သလို သစ္စာပြုရတယ်၊ ကတိပေးရတယ်၊ ပြီး စောင့်ထိန်းရတယ်...။

အမျိုးသမီးတစ်ဦးရယ်...။

လင်ယောက်ျားလည်းရှိတယ်၊ သားသမီးလည်းရှိတယ်၊ ရွှေရင်ကျော်ဂိုဏ်းမှာလည်း ပညာအဆင့်တက်ပြီး ပညာတော်မြတ်ကြီးရဲ့ စည်းကမ်းကတိသစ္စာများကို အသက်ထက်ဆုံး လိုက်နာကျင့်ကြံပွားများပါမည်လို့ သစ္စာပြုခဲ့တယ်။

ကိုးဆင့်စမတောင် သောက်ပြီးပြီ၊

အုပ်စမ၊ ချုပ်စမသောက်ပြီးရင် ဆရာဖြစ် ကုသလို့ ရတော့မယ်၊

သို့သော် စိတ်ကို မထိန်းနိုင်ဘူး၊

အခြား ကာမပိုင်ရှိလင်ယောက်ျားနဲ့ ဖောက်ပြားခဲ့တယ်၊ မကြာဘူး ရောဂါတစ်ခုဝင်လာပြီး ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရှာတယ်၊ မြန်လိုက်တာရယ်၊

မယုံလို့ စမ်းကြည့်တာကိုး၊

အကယ်၍သာ သူမရဲ့အပြစ်ကို ဝန်ခံပြီး ဒဏ်ဖြေမယ်၊ တစ်ကနေ ပြန်စပြီး ဤတစ်ကြိမ် ခွင့်လွှတ်ပါလို့ ဝန်ခံပြီး ဆင်ခြင်မယ်ဆိုရင် အခြေအနေပြန်ကောင်းနိုင်ဖွယ် ရှိနိုင်ပါလိမ့်မယ်၊

သို့သော်...

သူမတို့က ယုံကြည်အားထားပြီး ဆင်ခြင်တုန်းက ဆင်ခြင်တယ်၊ ကိလေသာတဏှာယစ်မူးပြီး ဆိုထားခဲ့တဲ့ကတိသစ္စာကို မလေးမစား မထေမဲ့မြင် ပြုခဲ့တော့ ကိုယ်ကျိုးနည်းခဲ့ပြီပေါ့...။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ယောက်က ကိုသောင်းနိုင်တဲ့၊

သို့သော် ကိုသောင်းနိုင်ကို အများကခေါ်တာက ကိုသောက်နိုင်ပါတဲ့ ခင်ဗျာ၊

လူက ပညာတတ်ပါ၊ အစိုးရဌာနတစ်ခုမှာလည်း ရာထူးတစ်ခုနဲ့ နိုင်ငံရပ်ခြားကိုလည်း အလုပ်ကိစ္စနဲ့ သွားရောက်ဖူးတယ်၊

ထိုင်း၊ စင်ကာပူ၊ ဂျပန်ရောက်ဖူးတယ်၊

သို့သော် သူက အရက်မျိုးစုံ သောက်တယ်၊ သောက်ရင် သူများထက်လည်း ပိုသောက်နိုင်လို့၊

ကြွက်တွင်းလို့လည်းခေါ်တယ်၊

ကိုသောက်နိုင်(သို့)ကိုသောင်းနိုင်လို့လည်း ခေါ်ကြတယ်၊ တိုတိုပြောရရင် အသောက်များ အသည်းကိုင်လို့ ဖောရောင်အမ်းလာတော့ ဆေးခွင့်ယူပြီးနေရတယ်၊

ဆေးခန်းက ဆရာဝန်က ပြောတယ်၊

"ခင်ဗျား အရက်ဖြတ်သင့်ပြီကိုသောင်းနိုင်"

"ဖြတ်ရင် သေမှာပေါ့ ဒေါက်တာ"

"အရက်ဖြတ်လို့ မသေပါဘူးဗျာ၊ အရက်ကို ဆက်သောက်မှ ခင်ဗျား သေမှာ"

"အခု ကျွန်တော် မသောက်ပါဘူး ဒေါက်တာ"

"ရပ်ထားတာမဟုတ်လား"

"ဟုတ်ကဲ့..."

"နေကောင်းလာရင် ပြန်သောက်မယ်ပေါ့"

"လျှော့သောက်မလားလို့ စဉ်းစားပါတယ် ဒေါက်တာ"



"အေးပေါ့ဗျာ၊ ရှင်းရှင်းပြောရရင် အရက်က ခင်ဗျားအသည်းကို စတင်တိုက်ခိုက်နေပြီ ကိုသောင်းနိုင်၊ လျှော့သောက်ရာကနေ လုံးဝပြတ်သွားအောင် ကြိုးစားပါဗျာ၊ ဒါမှ ခင်ဗျားအသက်ရှည်ရှည်နေရမှာ နားလည်ရဲ့လား"

"ဟုတ်...ဟုတ်ကဲ့ပါ"

ဆရာဝန်ပေးတဲ့ဆေးကိုသောက်တယ်၊ အရက်ကို မသောက်ဘူး၊ ဒီလို အဖောရောဂါကျသွားပြီး ပြန်လည်းကောင်းရော မိတ်ဆွေ အသောက်သမားတွေနဲ့ ပြန်သောက်တော့တာပဲ၊

တစ်လမကြာဘူး၊

ဆရာဝန် ဒေါက်တာသိန်းဇော်မောင်ရဲ့ဆေးခန်းကို ပြန်ပြေးရရော၊

"ခင်ဗျား အရက်ဖြတ်ပါ ကိုသောင်းနိုင်"

"စိတ်ချပါဆရာ၊ ဒီတစ်ခါနေကောင်းရင် ဖြတ်ပါတော့မယ်ဗျာ"

"သေချာရဲ့လား"

"သေချာပါတယ်ဒေါက်တာ"

"သာဓု...သာဓုဗျာ၊ နောက်တစ်ခွန်းတော့အရက်နဲ့ လုံးဝပြတ်တော့မှပဲ ခေါ်မယ်ဗျ၊ ခေါ်မယ်ဗျာ...နော်"

အဲဒီလိုနဲ့ ဆေးကောင်းဝါးကောင်းများနဲ့ ပြန်ကုပေးလိုက်တာ အသားအရေကစ ပြန်တက်လာတယ်၊

ပြောပါရောလား၊

လူတိုင်းက ချီးမွမ်းလို့မှ မဆုံးသေးဘူး၊

ပြန်သောက်တာပဲ၊

ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်ကာလတုန်းက အရက်ဖြူ၊ တောအရက်၊ ရမ်၊ တင်လဲဖြူ၊ ထန်းရည်၊ ခနီရည်၊ အကုန် တွေ့သမျှ အကုန်သောက်တာ၊

မြန်လဲတော့တာပဲ၊

အဲဒီအချိန်မှာ သူ့ကို ဂရုစိုက်ပြီး ကုသပေးတဲ့ ဆရာဝန်ဒေါက်တာ သိန်းမောင် နယ်ပြောင်းရွှေ့သွားပြီ၊

အခြား ဆေးခန်းဆရာဝန်က…

"ခင်ဗျား… ဆေးရုံတက်ပြီး စနစ်တကျကုသသင့်တယ်"

"ကိုယ်ခွဲမရှိလို့ပါဆရာ… ဒီမှာပဲ ပြပါရစေ…"

"ခင်ဗျား… ငွေကုန်တာလည်း အဖက်တင်မယ်၊ ဆေးရုံတက်ကုပါ"

နောက်ဆုံး ဆေးရုံမတက်ဘဲ မြန်မာသောက်ဆေး ဆေးပြီးတို့နဲ့ တုရင်းက အဘဆရာကြီးထံ ရောက်လာတာပါပဲ၊

(၄)

"သားနာမည် ဘယ်လိုခေါ်သလဲ"

"ကိုသောင်းနိုင်လို့ ခေါ်ပါတယ်အဘ"

"အသက်ကရော…"

"၃၅ - နှစ်ပါခင်ဗျာ"

"အရက်သောက်သလား"

"ဟုတ်…ဟုတ်ကဲ့…"

ဒီမှာ မောင်သောင်းနိုင်ရဲ့ အမေနှင့်အစ်မတို့က သောင်းနိုင် အရက် သောက်ကြမ်းပုံနဲ့ နောက်ဆုံး ဆေးရုံတက်ကုပါလို့ ဆရာဝန်က ပြောပုံ၊ သူကလည်း ဆေးရုံမတက်ဘဲ ပေတေနေပုံ စသည်တို့ကို တိုင်တော ရှင်းပြကြပါရော…၊



အဲဒီအချိန်က လပြည့်နေ့မို့ အဘဆရာကြီးအိမ်မှာ တပည့်သားမြေး တွေ စုံစုံလင်လင် ရှိနေတယ်၊

အိမ်ပေါ်မှာ လူအပြည့်ပဲ၊

လပြည့်နေ့ မွန်းမတည့်မီ ပညာအဆင့် တတ်ကြရမှာကိုး၊

"အဲဒါလူအတော်များများကအဘဆရာကြီးရဲ့တပည့်ခံပြီးပညာတော် မြတ်ကြီးကို လိုက်နာကျင့်ကြံရင် ရောဂါပျောက်ပြီး လူတစ်လုံးသူတစ်လုံး ဖြစ်လာမှာလို့ ဝိုင်းအကြံပြုကြတာနဲ့ အဘဆရာကြီးထံ ရောက်လာရတာပါ အဘရယ်"

အဘဆရာကြီးက မှန်မှန်ကန်ကန်သမားခင်ဗျ၊

သူက သီလလည်း စောင့်တယ်၊ မေတ္တာကရုဏာလည်း အမြဲထား တယ်၊ သမထရော၊ ဝိပဿနာပါ အမြဲကျင့်မှတ်ရှုပြီး အလှူရေစက် လက် နှင့်မကွာ ရှိနေသူပါ၊

ပညာလည်း ထက်တယ်၊

နှုတ်မိန့်လည်း စွမ်းတယ်၊

ကျွန်တော် တွေ့ဖူးသမျှ မနောပညာ၊ စေတစ်ခွန်းပညာ၊ ရေစင်ပညာ၊ ရေမန်းပညာ၊ ဗေဒင်ပညာဆရာအတော်များများအနက် အဘဆရာကြီးက တရိုတ္တအမှုအကျင့်ရောအတွင်းစိတ်ဓာတ်ပါ သန့်ရှင်းစင်ကြယ်ပါတယ်၊ နားလည်တတ်ကျွမ်းတယ်၊

သူ့ကို တကျာရာဂနှင့် ညှိယှဉ်ဖမ်းစား ဖျက်ဆီးလို့မရဘူး၊

ကျွန်တော့်ကိုယ်တွေ့ပါ၊

(အသေးစိတ်ရေးရန် မလိုအပ်လို့ မရေးတော့ပါဘူး)



www.burmeseclassic.com

www.burmeseclassic.com

သီလ၊ သမာဓိ၊ ပညာအားကောင်းတော့ စေတိုင်း၊ နိုင်းတိုင်းရနေပါတယ်၊ သို့သော် ၄င်းပညာနှင့် လူ၊ နတ်၊ စုန်း၊ အစ္ဆေ၊ ကဝေ၊ နာနာဘာဝ၊ ပြိတ္တာအမျိုးမျိုးတို့ကို မနှိပ်စက်ဘူး၊ နိုင်းမစားဘူး၊

စု…သူ့ဖရှေ့ရောက်နေတဲ့ဖောသွပ်သွပ်ညှဉ်းသိုးသိုးပြူးကြောင်ကြောင် လူရွယ်ကိုကြည့်ပြီး မေးလိုက်တယ်၊

"မောင်သောင်းနိုင်"

"ခင်…ဗျာ…"

"အစု… ဘာအလိုရှိလို့ ရောက်လာရတာတုံး"

"အရက်ဖြတ်ချင်လို့ပါဆရာကြီး"

"ဆေးရုံမှာ ဖြတ်လို့မရဘူးလား"

"ကျွန်တော်ဆေးရုံမတက်ချင်ပါဘူးဆရာကြီး"

"ဆရာကြီးရဲ့ ပညာရပ်စခန်းကလည်း အရက်ဖြတ်တဲ့ဌာနမဟုတ်ဘူးသား"

ကိုသောင်းနိုင် မှိုင်သွားတယ်၊ မောင်သောင်းနိုင်ရဲ့ အမေနှင့် အစ်မကလည်း အဘဆရာကြီးကို အားကိုးကြည့်နဲ့ ကြည့်နေတယ်၊

"မောင်သောင်းနိုင်"

"ခင်ဗျာ…"

"ငါ့သား အရက်တကယ် ပြတ်ချင်ဖြတ်ချင်စိတ် ရှိရဲ့လား"

"ရှိပါတယ်ဆရာကြီး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျ…"

"သေချာတယ်နော်…"

"သေချာပါတယ်ဆရာကြီး"



"အေး - အဘတို့ရဲ့ ပညာရပ်က ဆေးကုတာသက်သက်မဟုတ်ပါဘူး လူလေး၊ အဘ - မင်းအရက်ပြတ်ဖို့ ပေးစရာ ကျွေးစရာ ဘာဆေးဝါးမှ အဘမှာမရှိဘူး၊ အဘမှာရှိနေတာ အထက်ဆရာတော်ဘုရားကြီးများနဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ချီးမြှင့်တဲ့ရေစင်ပဲ၊ မင်းကို တိုက်စရာ ပေးစရာ ရှိတယ်"

"….."

"သို့သော် အဘတို့ ရှေ့ရှင်ကျော်ပညာမြတ်ကြီးကို လိုလားနှစ်သက်လို့ ကျင့်ကြံပွားများလိုက်နာမယ်ဆိုရင် အဓိကက ကတိသစ္စာပြုရတယ်၊ ကတိသစ္စာပြုပြီးရင် တစ်သွေမတိမ်း လိုက်နာရတယ်၊ စည်းမပေါက်ရဘူး၊ အကယ်လို့ မသိလို့ မှားသွားတာမျိုး၊ ရေနဲ့အရက် ရောထားတာမသိလို့ သောက်မိရင် ဒဏ်ဖြေရတယ်၊ ပွဲထိုးတောင်းပန်ကန်တော့ပြီး ပြန်သစ္စာပြုလို့ အဆင့်တစ်ကနေ ပြန်စရတယ်၊ သို့သော် သိသိကြီးနဲ့ အမှားကို ကျူးလွန်မယ်ဆိုရင်တော့ ဒဏ်လည်းမဖြေဘူးဆိုရင်တော့ ဆိုင်ရာပိုင်ရာ အစောင့်ပုဂ္ဂိုလ်(မြင်အပ်မမြင်အပ်)တို့က ဒဏ်ခတ်လိမ့်မယ်၊ ဒဏ်ထိပြီဆိုရင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအကုန်တစ်စတစ်စ ပျက်စီးယိုယွင်းပြီး အသက်ပါထိခိုက်နိုင်တယ်၊ ကတိသစ္စာမပျက်၊ မကျိုးမပေါက်၊ သီလ လုံခြုံပြီး ပညာတော်မြတ်ကြီးရဲ့ လမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်ကြံခဲ့ရင်း ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး စိတ်ရောကိုယ်ပါ ကြီးပွားချမ်းသာပါလိမ့်မယ်၊ နားလည်ပါသလား"

"ဟုတ်ကဲ့"

"ပညာတော်မြတ်ကြီး ယုံကြည်ဆည်းကပ်ပြီး မင်းရဲ့ အရက်နာရောဂါ ပျောက်ကင်းချမ်းသာချင်တယ်ဆိုရင် လူကလေး လိုက်နာထိန်းသိမ်းရမည့် ကတိသစ္စာက…



www.burmeseclassic.com

www.burmeseclassic.com

တစ် - ကျွဲသား နွားသား မစားရဘူး မသတ်ရဘူး။

နှစ် - သေရည်သေရက် လုံးဝမသောက်ရဘူး။

သုံး - ကာမေသုမိစ္ဆာစာရကံ မကျူးလွန်မပြစ်မှားရဘူး။

လေး - မြွေမသတ်ရဘူး၊ မြွေသားမစားရဘူး၊

ငါး - အနန္တောအနန္တငါးပါးနှင့် ဤပညာတော်မြတ်ကြီးကို ကဲ့ရဲ့ရှုတ်ချ ပြစ်မှားစော်ကားခြင်းမပြုရဘူးဆိုတဲ့ ကတိသစ္စာကို ပြုရမယ်၊ စောင့်ထိန်းရမယ်၊ စောင့်ထိန်းပါမယ်လို့ ကတိပြုပြီး ဖောက်ဖျက်ကျူးလွန်ရင် တစ်၊ ပညာတော်မြတ်ကြီးရဲ့ အာနိသင်အစွမ်းတွေ ပျက်ပြယ်သွားမယ်...၊ နှစ်၊ ဒဏ်ထိလိမ့်မယ်၊ မသိလို့မှားရင် ဒဏ်ဖြေပါ၊ သိသိနဲ့မှားခဲ့ရင် ဘယ်သူမှ ကယ်လို့မရဘူး၊ ကိုယ်ပြုသည့်ကံ ကိုယ်ပဲခံရမယ်၊ ကဲ...အဲဒီကတိသစ္စာကို လိုက်နာစောင့်ထိန်းနိုင်မှာလား"

"ဟုတ်ကဲ့ - ထိန်းပါ့မယ်ဆရာကြီး"

"သုံးကြိမ်မေးမည်၊ စောင့်ထိန်းနိုင်မလား"

"ထိန်းနိုင်ပါတယ်ဆရာကြီး"

"အမှန်တကယ် စောင့်ထိန်းနိုင်မှာလား"

"စောင့်ထိန်းနိုင်ပါတယ်ဆရာကြီး"

သည့်နောက် အများရှေ့၊ ဘုရားရှေ့၊ ဆရာရှေ့မှာ အထက်ဆရာတော် ဘုရားကြီးများ၊ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့ကို တိုင်တည်အပ်နှံ ကတိသစ္စာပြုစေပြီး...

ပထမအဆင့် ဆေးတော်အုပ် စမတိုက်၊ ရေစင်တိုက်ပြီး...

"ဤပညာတော်မြတ်ကြီးကို ဆည်းကပ်ရခြင်း၊ ကတိသစ္စာတို့ကို စောင့်ထိန်းလိုက်နာခြင်းအကျိုးများကြောင့် မောင်သောင်းနိုင်၏ ကိုယ်တွင်း၊ ကိုယ်ပမှာ ရှိနေကြသော အနာရောဂါနှင့် အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်၊ အတိုက်မှန်သမျှ ဝေးရာရှားကြပြီး တစ်နေ့တခြား ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကုသိုလ် - အမှုတို့ပြုနိုင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေသတည်း။"

(၅)

ကိုသောင်းနိုင် တော်ပါပေရဲ့ဗျာ၊ ဒီတစ်သက် အရက်သမားဘဝနဲ့ နိဂုံးချုပ်ပြီလို့ အားလုံးက ထင်မှတ်နေကြတာ၊

စု...ကြည့်... အဘဆရာကြီးရဲ့ ပညာတော်ရေစင် ရေမန်းသောက်ပြီး ပညာတော်မြတ်ကြီးရဲ့ အဆုံးအမအတိုင်း လေးလေးစားစား လိုက်နာ ကျင့်ကြံလိုက်တာ၊ အခု...အရက်ကို လှည့်တောင်မကြည့်တော့ဘူး၊

သောက်ဖော်သောက်ဖက်များကို ရှောင်တယ်၊

"သောင်းနိုင် - မင်း ဘယ်လိုဖြစ်တာတုံးဟ - ဟေ"

"ငါ အရက်မသောက်တော့ဘူး"

"ဟေ... မင်းကြောင်သွားတာမဟုတ်ပါဘူးနော် - သောင်းနိုင်"

"ငါအရက်ပြတ်ပြီ"

"ဘုရား...ဘုရား... ကျားသားမိုးကြိုး...။ သာဓု...သာဓု...သောင်းနိုင် နောက်တစ်ခွန်းက မင်းအရက်ပြတ်ပြီးသေမှ ခေါ်မယ်ဟေ့..."

"ပြင်ဆင်ရျက်ရှိသေးတယ်ကွ...ရွှေတင်ကြီးရ"

"ဘယ်လိုတုံး ကိုမင်းနိုင်ရ...၊ ရှင်းပါဦးဟ"

"သောင်းနိုင်ကို အရက်ဆိုင်ဝမှာတွေ့ရင် သာဓုတစ်ခွန်း ပြန်နုတ်မယ်"

"ဟေ..."





www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး… ဇန်ခွက်ထဲ အရက်ငှဲ့နေတာမြင်ရင် သာစုအကုန်လုံး ပြန်နုတ်ပြီး သောက်နိုင်သူ့ဘဲ့ကို ပြန်အပ်မယ်၊ အားလုံးကြား…"

"ကြား…"

"သိ…"

"သိ…"

"မရှင်းတာရှိ…"

"မရှိ…"

"သောင်းနိုင်… သူငယ်ချင်း…"

"ဘာတုံး…မင်းနိုင်"

"ပေဟာဒီ လက်ယာလမ်းက ကိုးမှစ်ရှင်ဘုန်းကြီးကျောင်းနဲ့ မဂ်လာကန် ဦးကျောင်းတိုက်ကို သွားတဲ့လမ်း။ ဒီလက်ဝဲလမ်းက အရက်ဆိုင်၊ ဘီယာ ဆိုင်နဲ့ တောအရက်၊ ထန်းရည်ဆိုင်သွားတဲ့လမ်း… ငါလူ ကြိုက်ရာလမ်းကို ရွေးပြီးသွား…"

ကိုသောင်းနိုင်က အရက်ဆိုင်ရှိရာလမ်းကို ကျောခိုင်းပြီး ဘုန်းကြီး ကျောင်းရှိရာလမ်းကို မျက်နှာမူ ရင်ကော့ပြီး ခပ်သွက်သွက် လျှောက်သွား လိုက်တော့တယ်၊

အရင်သောက်ဖော်များက သူ့နောက်ကျောကိုကြည့်ပြီး အံ့သြနေကြ လေရဲ့၊

"ခြော်… နတ်ပြည်မှာ လူတစ်ဦး(သို့)နတ်တစ်ဦး တိုးပြီပေါ့ကွာ…၊ နတ်ပြည်ညီလာခံမှာ – ဒီကောင် အရက်ဆိုင်ပပျောက်ရေးမှာ အဆိုတင် သွားရင် ငါတို့တော့ ဒုက္ခရောက်မှာပဲဟေ့"

ကိုသောင်းနိုင် အရက်လုံးဝမသောက်တော့ဘူး၊



ပညာတော်မြတ်ကြီးရဲ့အစွမ်း၊ အဘဆရာကြီးရဲ့ ရေစင်ရေမန်းအစွမ်း၊ ကတိသစ္စာရဲ့အစွမ်းကြောင့်လား မသိဘူး။ သူ… ဝ,ဝိ.သန့်ပြန်န လာတယ် များ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



❛ ဆရာကြီးကို
အကျိုးအကြောင်းပြောပြပြီး
ပွဲပေး–ဖက်ပြေတောင်းပန်လိုက်…
ဒါကို ကတိသစ္စာပျက်၊
ခညီးပေါက်လို့
အမြန်ဆိုးကြုံတာတွေ
ငါမြင်ပူးတယ်၊ မြန်မြန်သွားကြ…



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကိုလည်း ရှုံးစမိုးနဲ့သွားတာဗျာ။

အမျိုးသမီးရှောရှောတွေကတောင် သူ့အပေါ် အာရုံကျလာလို့ဗျ၊ အဘဆရာကြီးထံမှာ ပညာအဆင့်တက်တာ ငါးဆင့်ရောက်သွားပြီ၊ တော်လိုက်တာဗျာ။

ရာထူးတိုးပြီး လစာပါကောင်းသွားတယ်၊

သူ့အတွက် မိခင်နဲ့ အစ်မရော၊ အရပ်ထဲ မြို့ထဲကရော ရှိုးမွမ်းနေတုန်း ရှိသေး၊

တစ်ညမှာ သူ အငှားကားနဲ့ ပြန်ရောက်လာတယ်…၊

ဘုရားရေ… လူက အရက်တွေမူးပြီး မရပ်နိုင်ဘူး၊ အိမ်ပေါ် တွဲခေါ်ရောက်ရော အော့အန်ပြီး လူးလိမ့်အော်ဟစ်နေတာ ထိန်းလို့မရဘူး။

"ငါ့ကို ဘာထင်နေလဲကွ၊ ဟေ…"

"ဝုန်း…"

"ငါ… မနေတော့ဘူး… သွားမယ်"

"သား… ငြိမ်ငြိမ်တိတ်တိတ်နေပါသားရယ်နော်"

"ဟား…ဟား…ဟား… ငါ့ကိုများ သားတဲ့၊ ဟား ဟား ဟား ဟား ကျုပ်ကို လာခေါ်နေပြီဗျ… ဖယ်"

"မင်းကို ဘယ်သူလာခေါ်လို့တုံး မောင်လေးရဲ့ဟင်…"

"ဟိုမှာ ခြံဝမှာရပ်နေတာ ခင်ဗျားတို့မမြင်ကြဘူးလား၊ ကန်းနေလား၊ ဟိုမှာခေါင်းပေါ်မှာ နွားရှိုလို အချွန်နဲ့ လူမည်းမည်းကြီးတွေ – လာပါ့မယ်ဗျာ၊ လာပါ့မယ်ဗျ…အား…"

"လူလေး…"

"ကျုပ် မကြာခင် လိုက်ခဲ့ပါမယ်ဗျာ…ဗျာ"

"မောင်လေး…"



"ကျုပ် လိုက်ခဲ့ပါ့မယ်ဗျ…အား…"

တစ်ညလုံးအော်နေကာ ဝုန်းဒိုင်းကြဲနေလို့ အိမ်နီးနားချင်းများ ကလည်း ဝင်ထိန်းတာတောင် မရဘူး။ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်၊

မိုးလင်းတော့လည်း ရင်အောင့်တယ်၊ ဗိုက်အောင့်တယ်နဲ့ လူးလိမ့်နေပြန်တယ်၊ ဆေးခန်းလည်း မသွားဘူးလုပ်ပါရော၊

"ဒေါ်မြ…"

"ရှင်…မထွေးခင်"

"ညည်းသား အဘဆရာကြီးတို့ ပညာတော်ဂိုဏ်းမှာ ဆေးအုပ်တာ မဟုတ်လား"

"ဟုတ်ကဲ့… ဝင်ထားပါတယ်"

"ညည်းသား… စည်းပေါက်သွားပြီ၊ အဲဒီဂိုဏ်းက အရက်သောက်လို့ မရဘူးလေ၊ သင်း – မသိဘူးလား"

"ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်…ယင်လို့"

"ဆရာကြီးကို အကျိုးအကြောင်းပြောပြပြီး ပွဲပေး – ဒဏ်ဖြေ တောင်းပန်လိုက်…ဒါကို ကတိသစ္စာပျက်၊ စည်းပေါက်လို့ အဖြစ်ဆိုး ကြုံတာတွေ ငါမြင်ဖူးတယ်၊ မြန်မြန်သွားကြ…"

"ဟုတ်…ဟုတ်… အစ်မကြီး…"

အဘဆရာကြီးရဲ့ရှေ့မှာ ငှက်ပျောပွဲ၊ ကန်တော့ပွဲကို ပြင်ဆင်ပြီး ကိုသောင်းနိုင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ တိုက်တွန်းနေတယ်၊

"အား…"

"အောင့်နေလို့လား…"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်...ဟုတ်ကဲ့..."

"မောင်သောင်းနိုင်"

"ခင်ဗျာ... ဆရာကြီး... အား..."

"အရက်ပြန်သောက်လို့ မဟုတ်လား"

"ဟို...ဟို အထက်လူကြီးတွေနဲ့ တွေ့ပြီး အားနာလို့..."

"သောက်မိတယ်ပေါ့"

"ဟုတ်...ဟုတ်..."

"တစ်ခုမေးမယ်မောင်သောင်းနိုင်၊ မင်းအရက်မှန်းသိသိနဲ့ သောက်မိတာလား၊ အချိုရည်တို့နဲ့ ရောထားလို့မသိဘဲ သောက်မိတာလား"

"အဲ...အဲ...ဟို...ဟို..."

"အရက်မှန်းသိတယ်ပေါ့"

"ဟုတ်...ဟုတ်"

"လူကလေး ဘယ်လိုကတိသစ္စာ ဆိုထားလဲ...ပြော"

"ဟို...ဟို... အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏လို့ ကတိသစ္စာပြုခဲ့ပါတယ် ဆ...ဆရာကြီး..."

"မင်း...စည်းပေါက်သွားပြီ"

"ဗျာ"

"သစ္စာကတိကို ချိုးဖောက်လိုက်ပြီ..."

"ကျွန်တော်မှားပါတယ်ဆရာကြီးရယ်... ကျွန်တော့်ကို ကယ်ပါခင်ဗျာ"

"လူကလေး... မင်းကို အဘ ဒီတစ်ကြိမ် ပြောဆိုတောင်းပန် ဒဏ်ဖြေပေးလိုက်မယ်၊ ကိုယ့်ဘဝကျန်းမာပြီး တိုးတက်နေတာကို သိလျက်နဲ့ စုန်ချချင်တာကို... ကိုင်း - လက်အုပ်ချီ လိုက်ဆို..."



"အထက်ဆရာတော်ကြီးများဘုရား"

"အထက်ဆရာတော်ကြီးများဘုရား"

"ဘုရားတပည့်တော်သည် ဆိုထားသည့် ကတိသစ္စာချိုးဖောက်၍ အရက်သေစာ ပြန်လည်သောက်မိပါသည်ဘုရား"

"ဘုရားတပည့်တော်သည်ဆိုထားသည့် ကတိသစ္စာ...... ပြန်လည်သောက်မိပါသည်ဘုရား"

"တစ်ကြိမ်တစ်ခါ မိုက်မဲစည်းဖောက်ခဲ့သည်ကို ခွင့်လွှတ်ပေးပါရန် လက်အုပ်ချီမိုး၍ တောင်းပန်ပါသည်ဘုရား..."

"တစ်ကြိမ်တစ်ခါ...... တောင်းပန်ပါသည်ဘုရား..."

သည့်နောက် အဘဆရာကြီးက...

"အထက်ဆရာတော်ဘုရားကြီးများနှင့် ကမ္ဘာစောင့် သာသနာစောင့် နတ်မင်းကြီးများ၊ အထက်ဝိဇ္ဇာပညာရှင်ကြီးများနှင့် စောင့်ရှောက်ကြကုန်သော အပိုင်အဆိုင် အစောင့်အရှောက်တို့ခင်ဗျား... တစ်ကြိမ်တစ်ခါ မိုက်မဲစွာပြုခဲ့မိသည်၊ ဤတပည့်သားစည်းပေါက်ခဲ့သည်ကို ရှိသေစွာဒဏ်ဖြေရန် ရှိခိုးတောင်းပန်ပါသည်၊ အပြစ်ဒဏ်တို့ကို ဖယ်ရှားပေးတော်မူပါ၊ ပုဂ္ဂိုလ် အပေါင်းတို့ခင်ဗျား..."

"မောင်သောင်းနိုင်"

"ခင်ဗျာ...အဘ"

"အရက်လုံးဝမသောက်နဲ့နော်..."

"ဟုတ်ကဲ့ - အဘဆရာကြီး"

"သာဓု - သာဓု - သွားကြ၊ သွားကြ"



www.burmeseclassic.com

www.burmeseclassic.com

(၆)

သောင်းနိုင် - တစ်လပြည့်တဲ့နေ့မှာ ကွယ်လွန်အနိစ္စရောက်သွားတယ်၊

အခမနှင့်အစ်မက နေ့တိုင်း ငိုကြလေရဲ့၊

ကိုသောင်းနိုင် ဘာလို့ သေရတာလည်း ဟုတ်လား၊

နိုင်ငံခြားသွားတယ်၊ သူငယ်ချင်းတွေနဲ့တွေ့ပြီးနာမည်ကြီးဟိုတယ်မှာ သောက်ကြတာတဲ့၊

အရက်ရော အမျော်မယ်လုလုနန ရှုရှုဥဥလေးတွေလည်းပါတော့ အဘဆရာကြီးသတိပေးတဲ့စကားကိုရော ဆေးတော်မအုပ်ခင်က ရွတ်ဆိုရတဲ့ သုရာမေရယ သေရည်သေရက်ကို ပါဏာပေတံ အသက်ထက်ဆုံး ရှောင်ကြဉ်ပါမည်ဟု ပေးခဲ့ရွတ်ခဲ့အစ်ခဲ့သည့်ကတိသစ္စာများကို လုံးဝ သတိမရတော့ဘူး၊

သောက်လို့ ပျော်ပါးလို့ အားရပြီးရော သူနေတဲ့မြို့ကို ပြန်ဖို့ မူးမူးနဲ့ သဘောဆိပ်စံတော်ပေါ်တက်လာတယ်၊

"ဘော်..."

"ဘော်..."

သဘောက ထွက်ဖို့အသံပေးနေပြီ၊

ဒီမှာ သောင်းနိုင် သဘောနဲ့ ဘေတာ့ဝ်ထားတဲ့ သံပြားကုန်းပေါင် တံတားတိုလေးအပေါ်အတက် -

"ဟား...ဟား..."

"ဟေ...ဟေ"

"ဝုန်း"

ရေစီးသန်နေတဲ့ ချောင်းထဲကို မူးဝိုက်ထိုးယိုင်ပြီး ပြုတ်ကျသွားတယ်၊



စရိုးသည်များရဲ့ စိုးရိမ်အလန့်တကြားအော်သံများနဲ့အတူ နှစ်ထပ် သဘောက မီးထိုးပြီး ရှာကြတယ်၊

သောင်းနိုင်ကို ရေပြင်မှာ ရှာလို့မတွေ့တော့ဘူး၊

နောက်နေ့ရေကျတော့မှ ကမ်းစပ်ရှိ လမုပင်ကြားမှာ ညပ်တင်နေတဲ့ သူ့အလောင်းကို တွေ့ရတယ်၊

စည်းပေါက်သွားပြီလေ...၊

ကတိသစ္စာ ပျက်ကျိုးသွားပြီလေ...၊

အချို့က ကတိသစ္စာဆိုတာကို ပေါ့ပေါ့လေးလို့ မှတ်နေကြတာ၊

သောင်းနိုင်ကိုကြည့်ဗျာ၊

အရက်မူးလွန်လို့ ရေထဲကျတာလား...၊

ကတိသစ္စာစည်းပေါက်လို့ သူ့အကုသိုလ်က အကျိုးပေးနဲ့ ဂမ္ဘီရဇာတ် သိမ်းရတာလား၊

စဉ်းစားကြပါ...၊

ကတိသစ္စာပြုပြီးကျင့်တော့၊ ကတိသစ္စာကို နိုင်နိုင်နင်းနင်း ထိန်းကြပါ၊ စောင့်ကြပါ၊

မယုံသလို... ယုံသလို...၊

လေးစားချင်သလိုမျိုး...၊ မခိုးမခန့်လုပ်ခဲ့ရင်တော့...၊

➡ မောင်ညီမြိုင်(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com






# ဂမုန်းနတ်သျှင်

**ကျော်မင်းညွှန့်(လှည်းကူး)**

ပုလိုက်သည့်နေ...။

မီးပင်လယ်ထဲ ရောက်နေသည့် ထင်ရ၏။ စိုနားစရာ သစ်ပင်ကြီးကြီးမားမားမရှိ၊ လက်မောင်းခန့်၊ ခြေကျင်းဝတ်ခန့် သစ်ငုတ်တိုများသာ တွေ့ရ၏။ ပြင်းလှသော နေ့ကြောင့် မြေသားမှာ ကျစ်လျစ်မာကျောသိပ်သည်းလွန်းလှ၏။ သူတို့ဇော့ စိတ်တွင် ရှင်းလင်းလာခဲ့သော လူသွားလမ်းလေးအတိုင်း မိုးသီးရေသို့ တစ်လှမ်းချင်းတက်ခဲ့သည်။

အပူရှိန်ကြောင့် ကွပ်ရှုနေသည့် ဝါးခမောက်ငယ်က မီးထတောက်မည် ထင်ခဲ့သည်။ နဖူးမှ စီးကျလာသော ချွေးပေါက်တို့က မျက်စိထဲ ဝင်လာ၍ စိတ်ထွင်ခြင်းကို ခေတ္တရပ်ပြီး၊ ဝတ်ထားသော ပုဆိုးတိုတိုကိုဖြေ၊ ခါးပုံစနှင့် မျက်နှာကိုသုတ်ပြီး ဆက်တိုးရမည့် ရှေ့ခရီးကို ကြည့်မိလိုက်သည်။

တိုးဇော့လာခဲ့သော ရျှံနွယ်ပိတ်ပေါင်းတို့ရှေ့တွင် ကြခတ်ဝါးရုံများ ရှိနေသည်။ ရွက်သစ်တို့မဝေနိုင်သော ကြခတ်ဝါးရုံတို့က ဝါးကန့်လန့်ကာကြီး

www.burmeseclassic.com

အလား။ ကြခတ်ဝါးကန့်လန့်ကာ၏ အခြေသို့ ရောက်ရှိရေးသည် မိုးသီး၏ အဓိက ပန်းတိုင်၊

ကျောက်ခဲ့ ရင်ပွင့်မတတ်ပူနေသောနေကို အန်တုသည့်အနေနှင့် ခါးတွင် ချိတ်ဆွဲထားသော စစ်ရေဘူးထဲမှ ရေကို အာသာပြေတစ်ကျိုက် မျိုချလိုက်သည်၊ ဓားမနှင့်သံတူးရွင်းကို အသုံးပြု၍ ဝါးမြစ်တို့ကို တူးဖော်ရဦးမည်၊ သဘာဝပန်းပုဆရာက ထုလုပ်ပေးထားသော ကျားရုပ်၊ ခြင်္သေ့ရုပ်၊ ဘီလူးရုပ်၊ ရသေ့ရုပ်၊ နတ်ရုပ်သဏ္ဍာန် ဖြစ်ပေါ်နေသော အဆစ်ပိတ်ကြခတ်တောင်ဖေ့ များကို မြို့ကြီးများက သဘောတွေ့နှစ်မြို့ကြသည်၊

လူသားပန်းပုဆရာ အရှုံးပေးရသော သဘာဝလက်ဆောင် အဆစ်ပိတ် တောင်ဖေ့ပုံသဏ္ဍာန်အမျိုးမျိုးတို့ကို အခြောက်ခံ၊ ကျပ်ခိုးတင် အရောင်ခြယ် ပေးလိုက်လျှင် မြို့ကြီးသားများအတွက် ဂုဏ်ယူလက်ဆောင်ပေး၍ တန်ဖိုး ကြီး ပေးဝယ်သော ပစ္စည်းဖြစ်သွားပေပြီ၊

ဤမှရသော ဝင်ငွေဖြင့်သာ သားအမိနှစ်ယောက်၏ ဝမ်းရေးကို ဖြည့်တင်းရမည်၊ အရင်က အဖေနှင့် နှစ်ယောက်အတူ တောတိုးနေကျ၊ အဖေကလည်း သူလိုတောတက်သမား၊ သို့သော် အဖေက ကြခတ်မြစ်ရုပ်ကို မတူး၊ ကြိမ်မြစ်ကိုသာ တူးသည်၊ ကြိမ်လုံး ကြိမ်ဖုတွင် ပေါ်ပေါက်နေသော ဖြစ်တည်နေသော ရသေ့ရုပ်ယောင်၊ ဖော်ကျိုရုပ်ယောင်၊ တိရစ္ဆာန်ရုပ်ယောင် တို့ကို တူးဖော်ရောင်းချ စားသောက်ရာမှ မိုးသီးက ကြိမ်မြစ်ကြိမ်ဖုများ တွင် ဤသို့ဤနယ် ရုပ်ယောင်များ ဖြစ်နေလျှင် မာကျောကျစ်လျစ်သော၊ ကြခတ်ဝါးတို့တွင် ရောမရှိနိုင်၊ မဖြစ်နိုင်ပေဘူးလားဟု တွေးမိရာမှ သူက ကြခတ်မြစ်တူး၊ အဖေ က ကြိမ်မြစ်ဖု တူးခဲ့ကြခြင်း ဖြစ်သည်၊ သူက ကြိမ်မြစ်ရော၊ ကြခတ်မြစ်ပါ တူးသည့် လိုင်းစုံသမား၊ အဖေက တစ်လမ်း သမား၊

ကောင်းကင်ယံတွင် ကြက်မတစ်ဝပ်ပင် တိမ်မရှိ၊

အနောက်ဘက်ငုပ်လျှိုး သွားသည့် နေလုံးကြီး မရှိတော့သော်လည်း အပူရှိန်တို့က ကျန်နေဆဲ၊



ရရှိ တူးဖော်ထားသော ကြိမ်လုံးဖု၊ ကြခတ်ဖုတို့ကို စုစည်းကာ ပခုံးပေါ် ထမ်းတင်လိုက်သည်၊ ဓားမကို ခါးကြားထိုး၍ သံတူးရွင်းကို လက်တစ်ဖက်မှ ကိုင်ပြီး အပြန်ခရီး စတင်တော့သည်၊

စိတ်က အိမ်တွင် ကျန်ရစ်ခဲ့သော အဖေ့ထံ ရောက်နေသည်၊

အခုတစ်လော အဖေ နေသိပ်မကောင်း၊ ဘဝကို ကြမ်းတမ်းစွာ အံတု၍ အသက်မွေးခဲ့သော အဖေ၊ အသက်ထောက်လာ၍ထင့်၊ ကျန်းမာရေး ချူချာ လာသည်၊ တစ်ခါတစ်ရံ အမောဖောက်လာတတ်သည်၊ အိမ်နီးချင်းများနှင့် အဖေ့ကို အပ်ထားခဲ့ပြီး သူက တောဝင်လာခဲ့ခြင်း ဖြစ်သည်၊

မှောင်စပြုလာပြီ၊ တောဆိုသည်က အမှောင်မြန်သည်၊ ရှေ့တစ်ကွေ့ တွင် ချောင်းကောကြီးနှင့်၊

ချောင်းကောကြီးအစပ်တွင် ကြီးမားလှသော ထိန်ပင်ကြီးတစ်ပင် ရှိ သည်၊ ဤသည်မှာ မိုးသီးတောတိုးခဲ့ရသော ဘဝတစ်လျှောက်မမှားနိုင် သော သဘာဝအမှတ်အသား၊ ထိန်ပင်ကြီး၏ အရှေ့ဘက်အတိုင်း နှစ်မိုင်ခန့် ဆက်လျှောက်လျှင် သူနေထိုင်ရာ လေ့လော့အင်းရွာသို့ ရောက်မည်၊

အိမ်ရောက်မှ ပင်ပန်းသမျှအတိုးချ အိပ်လိုက်မည်ဟု အားခဲလိုက်သည်၊ မနက်ဖြန်ဆိုလျှင် တပေါင်းလပြည့်ကျော်တစ်ရက်၊ သူ အသက်သုံးဆယ် ပြည့်ပြီပဲ၊

တောနှင့်ရွာ၊ ရွာနှင့်တော၊ တစ်ခါတစ်ရံ လှည်းကူးဈေးထဲ ဈေးရောင်း၊ ဈေးဝယ် - သည်လိုနှင့် အသက်ပင်မငယ်တော့ပါလားဟု အတွေးက ဝင် လာသည်၊

=✤=

အတွေးနှင့် မျောလာရင်းမှ မိုးသီး တုန့်ခနဲ ရပ်လိုက်မိသည်၊

တပေါင်းလပြည့်နေ့ဖြစ်၍ ကြည်လင်သော လရောင်ကြောင့် ဝန်းကျင် ကို ပြတ်ပြတ်သားသား မြင်တွေ့နေရသည်၊ သူ အမြန်ရောက်ရေး ဦးတည် ထားသော ထိန်ပင်ကြီးရှိသည့် ချောတောကြီးသို့ မရောက်နိုင်သေး၊



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်အနေအထားကို ယခုမှ သတိပြုမိသည်။

သေရာသည်၊ သူ မျက်စိလည်နေပြီ၊ မည်သည့်အချိန် မည်သည့်နေရာကစ၍ မျက်စိလည်ခဲ့မှန်း မသိတော့။

ယခု သူရောက်နေသည့်နေရာက စောစောက သူလျှောက်လာခဲ့သော ဖုန်းဆိုးမြေကျစ်မဟုတ်တော့၊ သစ်ကြီးဝါးကြီးနှင့်၊ စိမ့်နှင့်မြိုင်နှင့် အေးစိမ့်နေသည့် နေရာသစ်တစ်ခု။

သေသေရျာချာ၊ ကြည့်လေ မမှတ်မိလေ။

အပ်ကျလျှင်ပင် ပြန်ရှာနိုင်သည့်တောသား - လမ်းလယ်တွင် လမ်းပျောက်နေပြီ။

သေရာသည်က ဤနေရာသည် သူ အပြန်လမ်း၊ လေ့လော့အင်းရှာဘက်တော့မဟုတ်။

ဝါးရောင်း၊ ထန်းတောကြီး၊ ဇောင်းတူ၊ စိန်တောင်တိုက်ကြီး၊ ဥက္ကံ၊ သာယာဝတီ၊ မင်းလှ၊ စိန်ကန့်လန့်ဘက်လား။ မသိ။

တစ်ခုခုတော့ မှားနေပြီ၊ ဘာမှားနေသည်လည်းမသိ၊

လရောင်အောက်တွင် ဖလအရှိန်ကြောင့် သူ့ရှေ့ရှိ သစ်ကြီး၊ ဝါးကြီးတို့ လေယိမ်းတိုင်းဘယ်ယိမ်းညာနွဲ့ ထယ်ပြန်နွဲ့နေသည်မှာအသည်းငယ်သူများ အတွက် သွေးပျက်ည။

စင်စစ် -

မိုးသီး တစ်ယောက် စုကန္တာမြိုင်ကြီးတွင် တစ်ယောက်တည်း ဖော်မပါ တစ်ကိုယ်တော်ည။

ပခုံးထက်မှ ကြိမ်နှင့်ကြခတ်မြစ်ထမ်းကို အသာချ၊ ညာလက်ဖြင့် သံတူးရှင်းကိုင်၊ ဘယ်လက်က နောက်ကျောတွင် လုံချည်နှင့်ညှပ်ထားသော ခါးကြားမှ ဓားမကို ကိုင်၍ ဝန်းကျင်ကို သတိပြုကြည့်လိုက်သည်။

တဝေါဝေါ လေတိုးသံ၊ သစ်ကိုင်းချင်း ပွတ်တိုက်သံ၊ လေငြိမ်သွားလျှင် ပုစဉ်းရင်ကွဲတို့ အော်သံမှတစ်ပါး။

"ဘယ်လိုလဲ...ငါမျက်စိလည်တာတော့သေချာနေပြီ၊ လမ်းမြင်ရအောင် ရှေ့တောအုပ်ထဲက သစ်ပင်ပေါ်တက်ကြည့်မယ်"



မိုးသီးချက်ချင်းပင် ရှေ့မှ တောင်သရက်ပင်ကြီး ခြေရင်းတွင် သံတူးရှင်းကိုထောင်၊ ခါးတွင်ဓားမကိုထိုး၍ ဖက်တက်လိုက်ပြီး အမြင့်ဆုံးကိုင်းထက်မှ ဝန်းကျင်၏ ရှေ့နောက်ဝဲယာကို ကြည့်မိတော့သည်၊ လပြည့်လရောင်က အထင်းသား။

=✤=

သေရာသွားပြီ၊

သူ ယခု ရောက်နေသည့် နေရာသည် သူ့အတွက် ရေမြေသစ်၊ မိမိအတွက် စိမ်းနေသောနေရာတွင် မြေပြင်ထက် လက်ရှိသစ်ပင်ပေါ်အိပ်စက်ခြင်းက ပိုကောင်းသည်ဟု ယူဆကာ တောင်သရက်ကိုင်းကြီးအား ကျောမှီထားလိုက်သည်၊

"ဟင်... ဘာလဲ"

လှကသာ သစ်ကိုင်းကို ကျောမှီထားသည်၊ မျက်စိအစုံက အနားမယူ အား၊ ဝန်းကျင်တစ်ခွင်လရောင်နှင့်အသေအချာကြည့်သည်၊

ဝန်းကျင်တစ်နိုလှည့်လည်ကြည့်နေသော မျက်စိအစုံအားတစ်နေရာတွင် တုန့်ခနဲ ရပ်သွားသည်၊

မှိတ်တုတ် မှိတ်တုတ် မီးရောင်တစ်ခုကို "သူ"မြင်မိသယောင်၊

သေသေချာချာ ပြန်ကြည့်လိုက်သည်၊ သေရာသည်၊ မီးရောင်တစ်ခု၊ မီးရှိလျှင် လူရှိမည်၊ အကျိုးအကြောင်း ပြော၊ အကူအညီတောင်းလျှင် ကျောတစ်နေရာနှင့် စားစရာတစ်ခုတော့ ရနိုင်မည်၊ အနည်းဆုံး စကားပြောဖော်တော့ရမည်၊

သစ်ပင်ထက်မှဆင်း၊ထုံးစံအတိုင်းကြခတ်မြစ်စည်းနှင့်ကြိမ်မြစ်စည်းကို ထမ်း၊ စောစောက သူမြင်ခဲ့ရသည့် မီးရောင်လက်လက်ဆီမှန်း တက်လာခဲ့သည်၊

တောက ပို၍ သိပ်သည်းထူထပ်လာသည်၊

ရှေ့တွင် တောင်ကုန်းဆင်ခြေလျှောတစ်ခု၊ ဆင်ခြေလျှော၏အဆုံးတွင် စမ်းချောင်းငယ်တစ်ခု စီးနေသံကို တလွင်လွင် ကြားလိုက်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com

ရေက ခြေကျင်းဝတ်ခန့်သာရှိ၍ ကြည်လင်အေးမြနေသည်။ ပခုံးထက်မှ အဝတ်ကိုချ၊ ရေကိုအဝသောက်၊ မျက်နှာကိုအားပါးတရ ဆေးကြောပစ်လိုက်သည်။

ရေတစ်ဝသောက် မျက်နှာသစ်ပြီးမှ ရှေ့ဆက်ရမည့် ခရီးကို ကြည့်မိသည်။

စမ်းချောင်းလေး၏ တစ်ဖက်ရှိ ခြေသားတို့က ပြန်တက်သွားပြီး တောင်ကုန်းတောင်ကမူလေးတစ်ခုအဖြစ်ရှိနေသည်။ တောင်ကုန်းပေါ်တက်ရန် တောင်ကုန်းပေါ်မှ ဆင်းရန် လူသွားလမ်းလေးကို တွေ့ရသည်။

ထိုတဲငယ်မှ မီးရောင်က လင်းလက် အရောင်ထွက်နေခြင်း ဖြစ်သည်။

မိုးသီး စဉ်းစားမနေတော့ -

ခါးကြားမှ ဓားမကို ညာလက်တွင်ကိုင် ဘယ်လက်က သံတူးရှင်းကို ကိုင်၍ စမ်းချောင်းလေးကိုဖြတ်၊ တောင်တက်လမ်းအတိုင်း သတိကြီးစွာထား၍ တက်လာခဲ့သည်။ တဲရှင်၏ သဘောထားကို မသိရသေး။ လူချင်းမတွေ့ရသေး၍လည်း သူ့ကြိမ်စည်းကို ထားခဲ့ခြင်း ဖြစ်သည်။

အကယ်၍ တဲတွင် ခွေးများ ရှိခဲ့သော် အထမ်းတစ်ဖက်နှင့် ဆိုလျှင် မလွယ်၍ ထားရစ်ခဲ့ခြင်းဖြစ်သည်။

သတိဆို ပိုသည် မရှိဆိုထားသည် မဟုတ်ပါလော။

တောင်တက်လမ်းတစ်ဝက်ခန့် အရောက်တွင် အသေအချာကြည့်ရပ်လိုက်ပြီးမှ -

"တဲရှင်တို့ ... တဲရှင်တို့ - ကျွန်တော် မျက်စိလည်လာတဲ့ လူကောင်းတစ်ယောက်ပါ။ ခွေးတွေရှိရင်လည်း ထိန်းထားပေးပါ"

နှုတ်မှသာအော်ဟစ်အကူအညီ တောင်းသည်သာ မဟုတ်၊ မျက်စိအစုံကလည်း အလစ်မပေးရဲ။

တဲရှေ့ မြေကွက်နှင့် သူရပ်နေသည့် လမ်းကလေးကြားတွင် သူ မမြင်ဖူးသော ဂမုန်းပင် အမြောက်အမြားကို တွေ့ရသည်။

ဖခင်ကြီး ပြောပြထား၍ ဂမုန်းပင်နှင့်အမည်များကို သူသိသော်လည်း ယခု တွေ့နေရသော ဂမုန်းပင်များကိုမူ သူမသိ မတွေ့ဘူး။



ဂမုန်းပင်၊ ဂမုန်းပွင့်၊ ဂမုန်းပန်းတို့မှ ရနံ့များက လေပြေတွင် မွှေးထုံပျံ့သင်းလျက်။

သူ လျှပ်တစ်ပြက် အကဲခတ်၍ မဆုံးမီ၊ မီးအိမ်ကိုင်ထားသော အဘိုးကြီးတစ်ဦး တဲဝတွင် ပေါ်လာသည်။

"တဲထဲကို ဝင်လာနိုင်ပါတယ်။ ငါ့မြေး - ဝင်လာခဲ့ပါ"

ဂမုန်းပင်များ ကြားရှိ လူသွားလမ်းလေးအတိုင်း မိုးသီးလျှောက်လှမ်းဝင်သွားလိုက်သည်။

တဲလေးက တကယ့်သပ်သပ်ရပ်ရပ်။

တဲအတွင်းတွင် မကျယ်ဝန်းသော်လည်း အခန်းဖွဲ့စည်းပုံနေရာချပုံတို့က ပြောစရာမရှိ။ သူ့ကိုလာခေါ်သော အဘိုးကြီးမှာလည်း အသက်အရွယ်ကြီးရင့်ပုံရသော်လည်း လူရွယ်တစ်ယောက်နယ်သန်မာနေပုံရသည်။ ပုံစံကချောင်တစ်စောင်းထုံးထားသော ပင်နီတိုက်ပုံနွမ်းတစ်ထည်ကို အောက်ခံအင်္ကျီမပါဘဲ လက်မောင်းကိုနစ်ရစ်ခန့်ခေါက်၊ ကြယ်သီးပြည့်တပ်၍ ဝတ်ထားသည်။

အဘိုးကြီး၏ ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတို့မှာ ဗျိုင်းတောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေပြီး မုတ်ဆိတ်ဖြူတို့က ရင်ဘတ်အထိ ကော့ကျနေသည်။

မဟာနဖူးနှင့် လိုက်ဖက်သော မျက်ခုံးမွေးဖြူဖြူ ထူထူအောက်မှ နက်မှောင် တောက်ပသော်လည်း ကြည်လင်နေသည့် မျက်လုံးအစုံ၏ အကြည့်က မိုးသီး၏ တစ်ကိုယ်လုံးကို ဖောက်ထွင်း ကြည့်လိုက်သည့် အလားခံစားလိုက်ရသည်။

အဘိုးကြီးက မိုးသီးအား စေ့စေ့စပ်စပ်ကြည့်ကာ တည်ငြိမ်၍ ဩဇာရှိလှသော အသံဖြင့် -

"ထိုင်ပါ ... မောင် - ထိုင်ပါ။ ဘယ်ပုံဘယ်နည်းနဲ့များ မျက်စိလည်လာပါလိမ့်"

အဘိုးကြီးက မေးရင်းမှ မြေကရားအိုးထဲမှ ရေနွေးကြမ်းများကို အကြမ်းပန်းကန်တွင်ထည့်၊ မိုးသီးရှေ့တိုးပေးပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးသီးကလည်း အဖေတစ်ခုသားတစ်ခုဘဝနှင့် ကြိမ်လုံး (မြစ်)နှင့် ဝါးမြစ်များတူးဖော်စားသောက်ပုံ၊ ယနေ့ညမှ ဤသို့မျက်စိလည်နေစဉ်တဲတွင်းမှ မီးရောင်လက်လက် မြင်တွေ့၍ အရဲစွန့်လာခဲ့ရကြောင်း ပြောပြဖြစ်သည်၊

သူ့ရှင်းပြချက်အဆုံးတွင် အဘိုးကြီးက –

"အင်း… လူတွေ… လူတွေ့ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ဆင်မကြောက် ကျားမကြောက် လုပ်ကိုင် စားသောက်ကြရတာပဲ၊ မောင်ရင်လေးလည်း ဆာလှရောပေ့၊ ဘာမှ မပူနဲ့နော်၊ ဒီတစ်ည အိပ်ပြီး မနက်ကျ လမ်းပြလိုက်ပြ ပါ့မယ်ကွယ်၊ သမီးရေ… မောင်ရင်လေးကို ထမင်းကျွေးလိုက်ပါဦးကွယ်"

အဘိုးအိုက တဲတွင်း ထရံတစ်ချပ်သာ ခြားထားသော အခန်းတွင်းသို့ တစ်ဆက်တည်း အသံပြုလိုက်သည်၊

တဲအတွင်း အဘိုးကြီးတစ်ယောက်သာ ရှိနေသည်ဟု ထင်ခဲ့ခြင်းမှာ မှားယွင်းကြောင်း မိုးသီးသိလိုက်ရသည်၊

"ဟုတ်ကဲ့… အဘ"

အခန်းတွင်းမှ ညင်သာလှသော ခြေသံနှင့်အတူ မိန်းမချောကလေး တစ်ဦး ထွက်လာသည်၊

ဘဝကြမ်း၊ အလုပ်ကြမ်း၊ ပင်ပန်းသောစရိုးကြမ်းလျှောက်ခဲ့ရ၍ မိန်းမလှလေးများ၏အလှကို ဂယနကမမြင်ဘူးသော်လည်း ၎င်းတို့အားလုံး၏အလှက ဤမိန်းမပျိုနှင့်စာလျှင် အကျည်းတန် အရုပ်ဆိုးများ ဖြစ်ကုန်ကြမည်ဟု မိုးသီးထင်သည်၊

အသက်နှစ်ဆယ်ခန့်ရှိ၍ ခန္ဓာကိုယ်နှင့်လိုက်ဖက်သည့် အရပ်အမောင်း ခြေမျက်စိထိ ကျနေသည့် ဆံကေသာ၊ နက်မှောင်သည့်မျက်ခုံး၊ နီရဲသော နှုတ်ခမ်း၊ သမင်မငယ်၏မျက်စိအစုံနှင့် မိန်းမပျိုလေးတစ်ဦး၊

အချောအလှ၊ အနုအယဉ်ကို စာမဖွဲ့တတ်သော မိုးသီး၊ လှသည်၊ ချောသည်၊ ယဉ်ကျေးသိမ်မွေ့သည် ဆိုခြင်းထက် ဘာမှ မပြောတတ်၊

မိုးသီး စိတ်ဝင်စားသည်က မိန်းမပျိုလေး၏ အချောအလှ၊ အနုအယဉ်ထက် ဝတ်စားဆင်ယင်မှု၊ မိန်းမပျိုလေး ဝတ်စားဆင်ယင်မှုက သူတို့ရွာနှင့် လှည်းကူးမြို့ပေါ်က မိန်းမပျိုလေးများနှယ်မဟုတ်၊



အငြိမ့်၊ ဇာတ်စသည်တို့တွင်း – နတ်ကတော်ယိမ်းလား၊ နတ်သမီးယိမ်းလားမသိ၊ ဝတ်ဆင်ထားပုံအတိုင်း၊

အဖြူရောင်အင်္ကျီလက်ရှည် မထူမပါးတွင် ကတောင်ကဲ့သို့ အကော့အပျံများနှင့် ထမီကလည်း ထိုင်မသိမ်းထမီကဲ့သို့ တဲကြမ်းပေါ်တွင် ပုံကျနေသည်၊

အလွယ်ဆုံးပမာပြုရပါလျှင် ရာဇဝင်ရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင် ရှေးနန်းတွင်းသူတစ်ဦးအလား၊



ဘုရားခန်းတွင်
ကြည်ညိုဖွယ်
ရုပ်ပွားတော်တစ်ဆူ။
ပန်းရေချဆီမီးတို့မပြတ်။
ရုပ်ပွားတော်မဏိတော်မှ
ရောင်ခြည်ခြောက်သွယ်က
ကွန့်မြူးနေသည်။
သူ့အား ဤတဲသို့လာစေရန်
ဤရောင်ခြည်တော်များက
လမ်းညွှန်ခဲ့ခြင်း
ဖြစ်ကြောင်း.........



www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျိုလေးက ချည့်သည့် (မိုးသီး) ထမင်းစားရန် ပြင်ဆင်နေသည်၊

မိုးသီး စိတ်ရှုပ်လာသည်၊

ကမ္ဘာလောကကြီးဘာတွေ ဖြစ်နေသနည်း၊

ဤနေရာတစ်ဝိုက် မဆိုထားနှင့်ပဲခူးရိုးမအတွင်း၌ လမ်းပြလုပ်စားခဲ့သော မိုးသီး၊

ယနေ့မှ မကြုံစဘူး မျက်စိလည်သည့်၊

ထူးဆန်းသော မြေးအဘိုး၊ ချောမောလှပသည့် မိန်းမပျို၊

လူသူမနီးတောကြီးတွင်းမှ တဲတစ်လုံး၊

ခြောက်မြားစွာသော ဂမုန်းပင်များ၊

အတွေးလွန်နေသည့် မိုးသီး၊ တွေးနေရင်းမှ မျက်စိအစုံက တဲခေါင်းရင်းဘုရားစင်၊ ရောက်သွားသည်၊ ဘုရားစင်တွင် ကြည်ညိုဖွယ် ရုပ်ပွားတော်တစ်ဆူ၊ ပန်းရေ ဆီမီးတို့ မပြတ်၊ ရုပ်ပွားတော်မဏိတော်မှ ရောင်ခြည်ခြောက်သွယ်ကကွန့်မြူးနေသည်၊ သူ့အားဤတဲသို့လာစေရန် ဤရောင်ခြည်တော်များက လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း တွေးတောမိ၍ ရိုသေလေးမြတ်စွာ ဦးသုံးကြိမ်ချ ရှိခိုးပူဇော်လိုက်မိသည်၊

=❖=

"သာဓု … သာဓု … သာဓု - လူကလေး"

"သမီးရေ … ရှင်နောင်း သမီးအစ်ကိုအတွက် အာဟာရလုပ်လေကွယ်"

"ဟုတ်ကဲ့ … အဘ အသင့်ဖြစ်နေပါပြီ၊ အစ်ကိုကြီး - ထမင်းသုံးဆောင်ဖို့ကြွပါရှင်"

နတ်မိမယ်လေး၏ ကရဝိက်သံကြောင့် မိုးသီးသတိပြန်ဝင်လာသည်၊ ဆာလွန်း၍ ဣန္ဒြေပင် မဆည်နိုင်တော့၊ အသားဟင်း မဟုတ်မှန်းသိသော်လည်း နူးညံ့ပျော့ပျောင်းသော ဟင်းလျာတို့က ခံတွင်းကိုမြိန်စေသည်၊



"အစ်ကိုကြီး … အားမနာနဲ့နော်၊ အဝသာသုံးဆောင်ပါရှင်"

နတ်မိမယ်လေး၏အလှရသကို ခံစားရင်း ထမင်းမြိန်နေသော မိုးသီး၊

တဲပြင်သို့ထွက်လိုက်၊ ကောင်းကင်သို့မော့ကြည့်လိုက်၊ ပြန်ဝင်လာလိုက်နှင့် ဂနာမငြိမ်သော အဘိုးကို သတိပြုမိသည်၊

ထမင်းစားပြီး၍ ထိုင်ကာ၊ နတ်မိမယ်လေးနှင့် စကားပြောရန် ဟန်ပြင်နေစိုက် အဘိုးတဲတွင်း ပြန်ဝင်လာပြန်သည်၊

လရောင်ဆမ်း၍ ပွင့်လန်းနေသော ဂမုန်းပန်းတို့၏ရနံ့က ရင်ကို အေးမြလန်းဆန်းသွားစေသည်က အမှန်၊

အတန်ကြာ တိတ်ဆိတ်သွားမှုကို မိုးသီးက စတင် အသံပြုလိုက်သည်၊

"ဒီက … နှမလေးတို့ခြံထဲမှာ ဂမုန်းပင်တွေ အများကြီးပဲနော်၊ နောက်ပြီး နာမည်မကြားဘူး၊ မမြင်ဘူးတဲ့ဂမုန်းတွေက ပိုများတယ်နော်"

"ကြော် … လူကလေးလည်း ဂမုန်းပင်တွေ စိတ်ဝင်စားသလားကွယ်၊ အဘဆီမှာတော့ ဂမုန်းပိုစုံသပေါ့၊ တန်ဖိုးကြီးမားသိဒ္ဓိနဲ့ပြည့်စုံတဲ့ ဂမုန်းပင်ဆိုတာ တွေ့ခဲ့ရပါသော်ကော - လူလေးရယ်"

နတ်မိမယ်လေး၏စကားသံကို စောင့်ဆိုင်းနေစဉ် အဘိုးက ကြားဖြတ်ဝင်ပြောလာ၍ မိုးသီး နားထောင်နေပြီး အလိုက်သင့်ပင် -

"ကျွန်တော်ကတော့ သစ်ပင်ဆိုတာ မြေကြီးပေါ်မှာစိုက်ရင် ရှင်တယ်ဆိုတာလောက်ပဲ သိပါတယ်၊ အဘ - ထူးဆန်းတဲ့ ဂမုန်းနဲ့ ပတ်သက်တဲ့ ဗဟုသုတ ဖြစ်စရာများရှိရင် ပြောပြစေချင်ပါတယ် အဘ"

အဘိုးက … ရေနွေးကြမ်းတစ်ခွက်မော့လိုက်ပြီးမှ -

"သက်ကြီးစကား သက်ငယ်ကြားဆိုသလိုပေါ့ လူလေးရယ်၊ ခုနစ်ရက်သားသမီးတွေဟာ မိမိနဲ့ လိုက်ဖက်တဲ့ရတနာတွေကိုဝတ်ဆင်ရတယ်ကွယ့်၊ ဒါကို တတ်ကျတယ်လို့ခေါ်တယ်၊ မိမိနဲ့ မတည့်တဲ့ ရတနာ ဝတ်ဆင်တဲ့အခါ နိုက်တတ်သကွယ့်၊ နိုက်တယ်ဆိုတာ ဆုတ်ယုတ်လျော့ကျ၊ ပျက်စီးတာပေါ့ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com

“ထို့အတူ ဂမုန်းပင်ဆိုတာကလည်း လူလေး ပြောသလို ဖြစ်ကတတ်ဆန်း နေရာမရွေး စိုက်လို့ရတဲ့ အပင်မျိုး မဟုတ်ဘူး။ လူလေး သေသေချာချာ မှတ်ထားနော်၊ ဂမုန်းစိုက်မယ့် တနင်္ဂနွေ သားသမီးများဟာ ပုလဲရတနာကို ခံပြီး တနင်္လာဂမုန်းပင်ကို စိုက်ရသကွယ့်၊ တနင်္လာသားသမီးများလည်း အတူတူပဲပေါ့၊ အင်္ဂါသားသမီးအတွက်ဆိုရင် သန္တာရတနာခံပြီး အင်္ဂါနံဂမုန်းကိုစိုက်၊ ဗုဒ္ဓဟူးသားသမီးဆိုရင် မြရတနာခံပြီး ဗုဒ္ဓဟူးနံဂမုန်းကိုစိုက်၊ ကြာသာပတေး သားသမီးများကတော့ ဥဿဖရား ဒါမှမဟုတ် ကြောင်ကျောက်ခံပြီး ကြာသပတေးနံ ဂမုန်းကိုစိုက်၊ သောကြာသားသမီးဆိုရင် စိန်ရတနာခံပြီး သောကြာနံဂမုန်းကိုစိုက်၊ စနေသားသမီးများကတော့ နီလာရတနာခံပြီး စနေနံဂမုန်းပင်တွေ စိုက်ရသကွယ့်”

“အဲသလို … ခုနစ်ရက်သားသမီးများ ခုနစ်နေ့မှာ ရတနာ ခုနစ်သွယ် ဂမုန်းချယ် ဆိုသလို ရွေးချယ်စိုက်ပျိုးပါမှ ဘေးအန္တရာယ်ကင်း၊ ကျန်းမာရေးကောင်း၊ ငွေကြေးပြည့်စုံ၊ အကြံအစည်တွေ အောင်မြင်တတ်တယ်လို့ ပညာရှိများ မိန့်ဆိုခဲ့သကွယ့်၊ တို့နိုင်ငံမှာတော့ ပုပ္ပားဒေသဟာ ဂမုန်းပင်စုံလင်တဲ့ နေရာကြီးပေါ့၊ မိမိလေ့လာလိုက်စားတဲ့ ဂန္ဓာရီပညာရပ်များမှာလည်း ထိုက်သင့်ရာ ဂမုန်းကို အသုံးပြုကြရသကွယ့်”

“ကနေ့ အဘိုးတော့ လူလေးဟာ မရည်ရွယ်ဘဲ အဘိုးတို့ဆီကို ရောက်လာသူဆိုတော့ လူလေးနဲ့ ထိုက်တန်တဲ့ ဂမုန်းပင်တော့ အဘက လက်ဆောင်ပေးရမှာပေါ့၊ အဲဒါကတော့ သိပ်ရှားပါးပြီး ကာယသိဒ္ဓိ၊ ဝီယသိဒ္ဓိပြီးစေတဲ့ “ကညာဂမုန်း” ပဲကွယ့်၊ လူလေးဉာဏ်ရှိသလို အသုံးပြုပါ၊ အောင်မြင်ကြီးပွားရစေမယ်ကွယ့်၊ အဲ – လူကလေးကလည်း ဒီတစ်ညတော့ အဘိုးတို့ကို တစ်ခု ပြန်ကူညီစေချင်သကွယ့်၊ ဒါကလည်း လူလေး ကူညီမှ ဖြစ်မယ့် ကိစ္စမို့ပါ၊ ကနေ့ညမှာ လူလေးရဲ့နက္ခတ်ဟာ စန်းယှဉ်ပြီး အထွတ်အထိပ်ရောက်၊ စန်းရောလဂ်ပါ တက်နေတဲ့အမြင့်ဆုံးအချိန်အခါပဲ”

ထမင်းလည်း စားပြီးပြီ၊ မိုးလုံလေလုံ တစ်ညသာအိပ်စက် အနားယူမည့်နေရာလည်းရှိ၊ နတ်မိမယ်လေး၏အလှကွန်ယက်တွင်မိန်းမောနေသည်က တစ်ကြောင်းတို့ကြောင့် မျက်နှာလို မျက်နှာရ ဖြစ်နေချင်သော မိုးသီး –

“ပြောပါအဘိုး … ကျွန်တော် ဘယ်လို ကူညီပေးစေချင်ပါသလဲ”



သူ့စကားအဆုံးတွင်အဘိုးက ခေါင်းရင်းစန်းရှိမြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဦးသုံးကြိမ်ချလိုက်ပြီး မြတ်ဗုဒ္ဓရုပ်ပွားတော်၏ရှေ့ဘက်မှ လက်မခန့်သာရှိသော ပုလင်းငယ်လေးတစ်လုံးကို ယူလိုက်ပြီး မိုးသီးလက်ထဲသို့ထည့်ပေးကာ –

“ဒီ – ခြံဝိုင်းထဲ လိုက်ပက်ပေးရမှာလား အဘိုး”

“မဟုတ်သေးဘူး … လူလေးရဲ့၊ ဒီတဲရဲ့နောက်က မြင်းဇောင်းထဲမှာ အဘိုးတို့မြင်းညို့ရှိတယ်၊ ညို့ကိုတက်စွပြီး ပုလင်းထဲကရေကို တစ်စက်ချင်းချပေးပါ၊ ပုလင်းထဲကရေကုန်သွားရင်လူလေးတာဝန်ပြီးပြီပေါ့၊ မြင်းရော စီးတတ်သလားကွယ့်”

“စီးတတ်ပါတယ် … အဘိုး”

“အေးလေ … အတိုင်းထက်အလွန်ပေါ့”

“လာ … လူလေးမြင်းဇောင်းထဲက ညို့ဆီသွားရအောင်”

အဘိုးနောက်မှ မိုးသီး ထလိုက်သွားသည်၊

တဲဝရောက်မှ ခြသေ့လည်ပြန် လှည့်ကြည့်မိသည်၊

နတ်မိမယ်လေးက သူ့ကိုကြည့်၍ ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့၊ တဲနောက်မြင်းဇောင်းထဲတွင် အားကောင်းမောင်းသန် ဒေါက်မြင့်မြင်းကြီး တစ်ကောင်၊

အဘိုးက စုတ်တစ်ချက်သတ်၍ မိုးသီးကို ညို့ကျောပေါ် တက်စေသည်၊ ဇက်ကြိုး၊ ပါးချပ်ကြိုးများဝတ်ဆင်ကာ မိုးသီး၏ လက်ထဲထည့်ပေးပြီး…

“မြင်းနဲ့ဆိုတော့ မြန်တာပေါ့ လူလေးရယ်၊ အဘိုးပြောတာကို မမေ့နဲ့ ပုလင်းထဲက ရေကို တစ်စက်ချင်းသာ ချသွားနော်၊ ရေကုန်သွားရင် ညို့ ပြန်လှည့်လာလိမ့်မယ်”

“ကိုင်း … သွားပေတော့ လူလေးရေ၊ အောင်မြင်ပါစေကွယ်”

အဘိုးကညို့တင်ပါးကိုတစ်ချက်ပုတ်ပေးလိုက်သည်၊ မြင်းဇက်ကြိုးကို ထိန်းရင်းမှ မိုးသီးတစ်ယောက် ညို့ သယ်ဆောင်ရာသို့ ပါသွားတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

အစတွင် ညီ့က အသားကျလေးဖက်သွားရာမှ တစ်စတစ်စ ဒုန်းစိုင်းပြေးတော့သည်။ ရိပ်ခနဲ ကျန်ခဲ့သောတောတောင်းသစ်ပင်တို့က ဝေး၍ဝေး၍ ကျန်ခဲ့သည်။

စီးစက တစွပ်စွပ် ခွာသံများကို ကြားရသော်လည်း တစ်စစခွာသံတို့က ပျောက်ကွယ်သွားသည်။

ညီ့ခြေထောက်နှင့်မြေကြီးထိမှ ထိပါလေစဟု မိုးသီးထင်မိသည်။ လှရောမြင်းပါတစ်စ တစ်စမြင့်တက်လာသည်။ သည်တော့မှ မိုးသီးငုံ့ကြည့်မိသည်။

အကယ်ပင်ညီ့ခြေထောက်သည်မြေကြီးနှင့်မထိတော့၊ လှရောမြင်းပါ ကောင်းကင်တိမ်လွှာကြားတွင် ရောက်နေသည်။

မိုးသီးတစ်ချက် အောက်သို့ ငုံ့ကြည့်လိုက်သည်။

ချောင်းငယ်များ တောနှင့်တောင်များသည် လရောင်အောက်တွင် မွဲခြောက်စွာ ကျန်ရစ်ခဲ့သည်။ ခြောက်သွေ့သော လွင်ပြင်များကို တွေ့ရမှ လက်တွင်းရှိ ပုလင်းငယ်၏ အဖုံးကိုဖွင့် ရေကိုတစ်စက်ချင်းချ၊ လက်စနှင့် အဝကိုပြန်ပိတ်၊ ရေစက်တစ်စက်မျှ ပြန်ပိတ်။

ကြောက်ရွံ့အားငယ်စိတ် လုံးဝမရှိ။

လိုတရ မင်းသားတစ်ပါးနယ် မြင်းညီ့နှင့် ဝေဟင်ထဲ ခဲပျံလျက်၊

သည်လိုပုံနှင့်သာ ပုလင်းထဲက ရေစက်ကို တစ်စက်ချင်းချနေပါက တော်တော်နှင့်ပြီးမည်မဟုတ်၊

မြန်မြန်ကုန်ပါမှမြန်မြန်ရောက်၊ နတ်မိမယ်လေး၏မျက်နှာကိုအကြာကြီး ကြည့် စကားတွေ တစ်ဝကြီး ပြောချင်လာမိသည်။

အချစ်နတ်ဘုရားမလေးရှင်နောင်း၏မျက်နှာကို အမြန်ဆုံးမြင်တွေ့ချင်လာမိသည်။

ထို့ကြောင့် ပုလင်းလေးထဲရှိ ရေများကို တရဟော သွန်ချလိုက်တော့သည်။

နစ်ကြိမ် သုံးကြိမ်ခန့် သွန်ချလိုက်ပြီး ပုလင်းထဲ ကြည့်လိုက်သည်။



ပုလင်းထဲတွင် ရေတစ်စက်မှ မရှိတော့။

တောတောက ကြည်လင်နေသော ကောင်းကင်ပြာကြီးက မိုးမည်းတို့ တရိပ်ရိပ် တက်လာသည်၊ အမှုဒဏ်ထက် အအေးဓာတ်က လွှမ်းခြုံလာသည်။

ညီ့က မည်းမှောင်နေသော မိုးတိမ်လိပ်များပေါ်မှ ဖြတ်ကျော်နေသည်။

တစ်စထက်တစ်စ နိမ့်ဆင်းလာသော မိုးသီးနှင့်ညီ့ကိုပင် မိုးရေစက်တို့ စွတ်စိုလာသည်။

တောတောကခြောက်သွေ့နေသောနေရာတိုင်းတွင်မိုးကန့်လန့်ကာတို့က နေရာအနှံ့ လွှမ်းခြုံထားသည်။

ရေခမ်းခြောက်နေသော အင်းအိုင်ချောင်းမြောင်းတို့တွင် ရေတို့ တရဟော စီးဆင်းနေသည်၊ မျက်စိကျိန်းမတတ် ဝင်းလက်သည့်လျှပ်စီး၊ နားပွင့်မတတ် ပစ်ချသည့်မိုးကြိုးသံ၊ တဝေါဝေါတဝုန်းဝုန်းနှင့် သည်းထန်လှန်းသည့်မိုးနှင့်လေနှင့် မုန်တိုင်းနှင့်ကြားမှ မိုးသီးနှင့်ညီ့တို့ တဲဝသို့ပြန်လည် ရောက်ရှိလာကြပြီ။

=✤=

တဲဝတွင် စက်ထန်သော မျက်နှာနှင့်အဘိုးက စောင့်ကြိုနေသည်၊

နတ်မိမယ်လေးရှင်နောင်း၏ ပဝင်းသော မျက်နှာ၊ ငွေလ ရှင်ပျပျက ပြုံးတော့မည့်မိုး အဘိုးက စကားတစ်ခွန်းမှ မပြောတော့ဘဲ ညီ့ကို ဆွဲ၍ မြင်းဇောင်းဆီသို့ ထွက်သွားသည်၊ ရှင်နောင်းကလည်း တဲထဲ ပြန်ဝင်သွားသည်။

မိုးသီး ... ဘာလုပ်ရတော့မှန်းမသိ၊

အဘိုး ... နောက်လိုက်ရမည်လား၊ နတ်မိမယ်လေးနောက် လိုက်ရမည်လား မသိ၊ ဝေခွဲမရ၊

ထိုစဉ် အဘိုး ပြန်ရောက်လာပြီး သူ့မျက်နှာအား မကြည့်တော့ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com

"လူလေး ... အဘိုး စကား နားမထောင်ပဲကိုး" ဟု ပြောသည်။

"အို ... ပြီးတာတွေ ပြီးသွားပါပြီ၊ ပြန်ဖျက်လို့မှ မရတော့ပဲလေ၊ အဘိုးနဲ့ မြေးလေးတို့တော့ ဒဏ်ပေးခံရတော့မယ်၊ ရှင်နောင်း ... သမီး လူလေးကို အိပ်ရာခင်းပေးလိုက်ပါ။ လူလေး...အိပ်ပါစေတော့ကွယ်၊ အဘိုး...ခဏနေရင် ပြန်လာမယ်"

အဘိုးက ပြောပြောဆိုဆို ကုန်းဆင်းလမ်းအတိုင်း အောက်ဘက်ဆီ ဆင်းသွားသည်။

"အစ်ကို့ကြောင့် ... ရှင်နောင်းတို့ အပြစ်ပေးခံရတော့မယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ အစ်ကိုရယ်၊ ကံတရားပေါ့၊ ကံစီမံရာခံကြရတာပါပဲလေ"

အိပ်ရာခင်းပေးနေသော နတ်မိမယ်လေးက တတွတ်တွတ်။

"ဘယ်သူတွေက ရှင်နောင်းတို့ကို အပြစ်ပေးမှာလဲ ... အစ်ကို့ကြောင့် ဆိုရင် အစ်ကို ခံပါ့မယ်၊ ရှင်နောင်းတို့ မခံစေရပါဘူး"

"အစ်ကို ... ဘာမှ မသိပါဘူး။ အစ်ကို့မှာလည်း အပြစ်မရှိပါဘူးလေ၊ ဘယ်သူမပြု မိမိမှုပါ၊ ကံတရားကို လှည့်စားလို့ မရပါဘူးလေ"

နတ်မိမယ်လေးက စကားပြောပြီးအထ မိုးသီးက ရုတ်တရက် စိတ်ကို မထိန်းနိုင်တော့ပဲ ရှင်နောင်း၏ လက်တစ်ဖက်ကို ဆွဲလှည့်ကာ သွယ်လျသော ခါးလေးကို ဖက်လိုက်ပြီး နူးညံ့လှသည့် ပါးမို့မို့လေးအား အနမ်းမိုး ရွာချလိုက်တော့သည်။

မျက်စိထဲ မီးဝင်းဝင်းတောက်ကာ ဝုန်းခနဲ အသံကြီးကြီး ကြားလိုက်ရပြီး မိုးသီးဘာမှမသိတော့။

မိုးရေစက်များကြောင့် မိုးသီး ပြန်သတိရလာသည်၊ လဲနေရာမှအထ သူ့လက်ထဲတွင် အဘိုးပေးမည်ဆိုသော ကညာဂမုန်းတစ်ပင် ဆုပ်ကိုင်ထားကြောင်း သတိထားမိသည်။



တဲကလေး မြင်းကြီးညို အဘိုးနှင့် ရှင်နောင်းတို့ မည်သူမျှမရှိ၊ မရှိတော့။

တပေါင်းလပြည့်ကျော် (၁)ရက်နေ့ မိုးကားသဲသဲမဲမဲ၊ နေရာတိုင်းတွင် ရေတို့ဖွေးလျက်။

သူသည် ဆန်းကြယ်လှသော ဂမ္ဘီရအိပ်မက်ကို မြင်မက်ခဲ့သည်လား၊ ဖြစ်ရပ်မှန်လေလား။

သူ့လက်ထဲမှ ကညာဂမုန်းပင်ကမူ စိမ်းလန်းလျက်။

— ကျော်မင်းညွန့် (လှည်းကူး)

www.burmeseclassic.com

www.burmeseclassic.com

# ဘကျော် နှင့် ဒုဋ္ဌဝတီငါးရှေးကြီး

ဟိန်းထက်ဇော်



ဘကျော်နှင့် ဒုဋ္ဌဝတီငါးရှေးကြီး

ဟိန်းထက်ဇော်

ဒုဋ္ဌဝတီမြစ်၏ရေအလျဉ်မှာ ကမ်းနဖူးကို ဦးတိုက်လျက် စီးဆင်းလာရှိ၏၊ မြောက်ပြန်လေ့က မစိုမပို တိုက်ခတ်နေ၏၊ တစ်ခါတစ်ရံ မြစ်ပြင်ကို ဖြတ်သန်း၍ သစ်ဆိမ့်ကျောင်းကွေ့အနီးရှိ အဉ်ပျဉ်ရွာထဲသို့ တိုးဝင်သွားတတ်၏။

အဉ်ပျဉ်ရွာမှာ အိမ်ခြေတစ်ရာခန့်ရှိ၏၊ ရွာ၏မြောက်ရပ်၌ရှိသော သစ်ဆိမ့်ကျောင်းကွေ့ မြစ်ကမ်းနဖူးတွင် ရှေးဟောင်းသစ်ဆိမ့်စေတီတစ်ဆူ ရှိလေ၏၊ ရွာကျက်သရေဆောင်ဘုရားတစ်ဆူမို့ နှစ်တိုင်း တပို့တွဲလပြည့်နေ့တွင် ဘုရားပွဲ ကျင်းပလေ့ရှိ၏။

ဘုရား၏မြောက်အရပ်တွင် သစ်ဆိမ့်ကျောင်းကွေ့ဝဲကြီးရှိ၏၊ ထိုနယ်တစ်ကြောတွင် နာမည်ဆိုးနှင့် အလွန် ဂုဏ်သတင်းကြီးသည့် စုပ်ဝဲကြီးဖြစ်၏၊ ရှေးဟောင်းစေတီနှင့် အနီးစပ်ဆုံးတွင် ဘကျော်တို့ခြံ ရှိလေ၏၊

ထိုညက ဘကျော်မှာ အိပ်မပျော်သဖြင့် ခြံထဲဆင်းလာလေ၏၊ ခြံဝန်းထဲ အိမ်မျက်နှာစာရှေ့ရှိ မရန်းပင်ကြီးဆီသို့ လျှောက်လာ၏၊ သစ်ပင်ကို မှီ၍ ပြုလုပ်ထားသော ဝါးခင်းကွပ်ပျစ်တွင် ထိုင်လိုက်၏၊ သူ့စိတ်ထဲတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com

"အင်း…တပို့တွဲလ… တပို့တွဲလ၊ ဒီလရောက်ရင် ရွာသားတွေ ပျော်စရာ တစ်ဝက်နဲ့ စိတ်ညစ်စရာတစ်ဝက် ကြုံရဦးမှာပါလား" တွေးလျက် ရှိ၏။

ထိုစဉ်အနီးဝန်းကျင်မှ ပရစ်အော်သံတို့က သူ့နားထဲသို့ စူးဝင်လာ၏။

ရုတ်တရက် သူ့နှုတ်မှ တိုးတိုးညင်ညင် ရေရွတ်လိုက်မိ၏။

"ရွာဘုရားပွဲကျင်းပဖို့ နီးလာပြီပဲ၊ စုပ်ဝဲကြီးအော်သံ ကြားရတော့မယ်"

ဤသို့ဆိုစေ၊ သူ့အတွေးပုံရိပ်နှင့်အဖြစ်အပျက်တစ်ထပ်တည်းတူညီ သည်ဟု ဆိုရမလား… တိုက်ဆိုင်လွန်းသည်ဟု ပြောရမလား…။

သစ်ဆိမ့်ကျောင်းကွေ့စုပ်ဝဲကြီးဆီမှထိတ်လန့်ဖွယ်၊ကြောက်မက်ဖွယ် တုန်လှုပ်ချောက်ချားဖွယ် အသံနက်ကြီးကို သဲသဲကွဲကွဲ ကြားလိုက်ရ၏။

"ဝေါ…ဝေါ…ဝေါ…ဝေါ"

"ဟီး…ဟီး…ဟီး…ဟီး"

"ဝုန်း…ဝုန်း…ဝုန်း…ဝုန်း…"

ဘကျော်တစ်ကိုယ်လုံးကြက်သီးမွေးညင်းထလာ၏၊ ဆံပင်များလည်း ထိုးထိုးထောင်ထောင်ဖြစ်လာ၏။ အသက်ရှူသံ မမှန်ချင်တော့ချေ။ ည အချိန် အေးစိမ့်စိမ့်ရှိနေသော်လည်း ဇောချွေးများဖြင့် စိုထိုင်းနေ၏။

အဉ္ဇပျတစ်ရွာလုံးလည်း အိပ်မောကျနေရာမှ လန့်ဖျပ်နိုးကုန်၏။ မည် သူ တစ်စုံတစ်ယောက်မှ အိမ်ခြံပြင်ထွက်ပုံကြခြင်း မရှိချေ။

ကြောက်စိတ်ကြောင့် ခေါင်းမြီးခြုံသူခြုံ၊ နားနှစ်ဖက်ကို လက်ဝါးများ ဖြင့် ပိတ်သူပိတ်၊ ကလေးသူငယ်များမှာလည်း "အမေ…အမေ…ကြောက် တယ်…ကြောက်တယ်"၊ သက်ကြီးရွယ်လွန်များက "အင်း…သစ်ဆိမ့် ကျောင်းကွေ့စုပ်ဝဲကြီးကတော့ တစ်နှစ်တစ်ကြိမ် ဝတ္တရားမပျက် ကြုံးဝါး နေပြီ" ဆိုသည့် ညည်းတွားသံများကို နံနက်မိုးလင်းလျှင် ကြားရပေမည် ဖြစ်၏။ ယနေ့ညအဖြစ်အပျက်မျိုးကို လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ် ကတည်းက ဘကျော် ကြုံခဲ့ပေါင်း များနေပြီဖြစ်၏။

မှောင်ရိပ်ဖုံးလွှမ်းနေသောအိမ်ကြီးဆီသို့အမှတ်မထင်သမင်လည်ပြန် လှည့်ကြည့်လိုက်၏။ အိမ်ထဲမှ ဇနီးအေးပွင့်၏အသံကိုလည်း မကြားရချေ။ ကြောက်လန့်နေဟန် တူလေ၏။ ထို့ကြောင့် ဘကျော်က အိမ်ကြီးဆီသို့ လျှောက်လာလိုက်၏။ သူ့ရင်တွင်း၌ အတွေးတစ်ခု ဖြစ်ပေါ်နေ၏။



"အေးလေ… သတ္တဝါတစ်ခု၊ ကံတစ်ခုပဲပေါ့လေ… မနက်မိုးလင်းရင် တော့ သူတို့တစ်တွေ ရောက်လာကြမှာပဲ"

## ၁၀

စုပ်ဝဲကြီးအော်ဟစ်သောင်းကျန်းပြီးသည့်နောက်တစ်နေ့တွင်တင်ရွှေ နှင့် မြင့်သူတို့ ရောက်လာကြ၏။ သူတို့မျက်နှာမှာ တစ်စုံတစ်ခုအတွက် စိုးရိမ်ထိတ်လန့်နေကြ၏။ ခြံဝန်းအဝင်ဝတွင် ဆီးကြိုစောင့်မျှော်နေသော ဘကျော်က လှမ်းမေးလိုက်၏။

"အင်း… မင်းတို့တောင် ရောက်လာကြပြီပေါ့လေ"

"ဟုတ်တယ်ဗျာ…ဟုတ်တယ်၊ ငါတို့ မြစ်ကမ်းနဖူးဆီကို အမြန်ဆုံး ရောက်ဖို့ အရေးကြီးတယ်…၊ ဒါမှ စုပ်ဝဲကြီးကြောင့် အသက်ဘေးကြုံတွေ့ ကြမယ့်လူတွေကို ကယ်ဆယ်နိုင်မယ်မဟုတ်လား…၊ ဒီရွာမှာ ရေကူးကျွမ်း ကျင်ဆုံးလူက မင်းပဲလေ – ဘကျော်"

မြင့်သူက ပြောဆို၍ ရှေ့မှ ထွက်သွားလေ၏။ ဘကျော်က လုံချည်ကို ပြင်ဝတ်၍ သူတို့နောက်မှ လိုက်ခဲ့လေ၏။

မကြာမီ ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ ရှေးဟောင်းစေတီအနားသို့ ရောက် လာကြ၏။ စေတီရင်ပြင်တော်မှနေပြီး စုပ်ဝဲကြီးဘက်သို့ပြိုင်တူကြည့်လိုက် ကြ၏။ စုပ်ဝဲကြီးက ရောမဲကတော့ကြီး ထိုးလျက် ရှိ၏။ ထိုစဉ်တင်ရွှေက မြစ်အထက်ပိုင်းသို့ လက်ညှိုးညွှန်လျက် အလန့်တကြားအော်လိုက်၏။

"ဟို…ဟိုမှာ ကြည့်စမ်း၊ စက်ဘောက်တူဒလုတစ်စင်း ဒီဘက်ကို စုန်ဆင်းလာနေတယ်…၊ လှေပေါ်မှာ လူနှစ်ယောက်လည်းပါတယ်ဟ"

"အင်း… ဒီလူတွေတော့ အသက်အန္တရာယ်ဘေးနဲ့ ကြုံတွေ့တော့မှာပဲ၊ ငါတို့ရဲ့အထက်ရွာတွေဖြစ်တဲ့ မကွေးရာနဲ့ ကျွန်းဦးရွာကတော့ မဟုတ်ဘူး…၊ မြစ်ညာအထက်ပိုင်းကလှေပဲ ဖြစ်လိမ့်မယ်"

မြင့်သူက တင်ရွှေ၏စကားကို ထောက်ခံပြောဆိုလိုက်၏၊ ဘကျော်မှာ လုံချည်ကို ခပ်တင်းတင်း ပြင်ဝတ်လိုက်ပြီး ခါးတောင်းကျိုက်နေ၏၊ သူ့ မျက်လုံးများမှာ လှေပေါ်မှ လူများထံ ရောက်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

စုပ်ဝဲကြီးအနီးသို့ ခတ်သောက်တူလှေ ချဉ်းကပ်နေလေပြီ၊ စုပ်ဝဲကြီးအနီး ချဉ်းကပ်မိလေလေ၊ လှေဦးမှာ ယိမ်းထိုးနေလေလေရှိ၏။ ခပ်သောက်တူသမားလည်း လှေမမှောက်အောင်ထိန်းပြီး ခတ်နေရ၏။ အသံဗလံတို့လည်း ကျယ်လောင်လာ၏။

"ဝေါ...ဝေါ...ဝေါ...ဝေါ"

ထိုစဉ် ခတ်သောက်တူသမားမှာ လက်ပန်းကျနေပြီဖြစ်၏။ မည်သို့မှ မထိန်းနိုင်တော့ချေ။ စုပ်ဝဲကြီးအတွင်း အရှိန်ပြင်းစွာ ရောက်သွားလေ၏။ လှေပေါ်ရှိလူများလည်း ဝရုန်းသုန်းကား ဖြစ်ကုန်၏။ တင်ရွှေက လှမ်းအော်၍ သတိပေးလိုက်၏။

"ဟေ့လူတွေ... လှေမမှောက်အောင် ထိန်းပြီး ဝဲကြီးလွတ်အောင် ခပ်ကြဗျို့...မြန်မြန်လုပ်"

လှေထဲရေများ ဒရဟောဝင်လာ၏။ ထို့ကြောင့် ဘကျော်တစ်ယောက် စေတီရင်ပြင်မှ ပြေးဆင်းပြီး ရေထဲခုန်ဆင်းလိုက်၏။ လှေဆီသို့ လျင်မြန်စွာကူးခတ်သွားပြီး ကမ်းဘက်သို့ ပြန်ဆွဲလျက်ရှိလေ၏။ ထိုစဉ် စုပ်ဝဲအရှိန်ကြောင့် လှေတိမ်းမှောက်သွား၏။ လူများသည် ရေထဲသို့ ကစဉ့်ကလျားလွင့်စဉ်ကျကုန်၏။ လူများမှာ စုပ်ဝဲကြီးအရှိန်နှင့် ပတ်ချာလည်ပတ်နေပြီး ထို့နောက် ရေအောက်သို့ တဖြည်းဖြည်း မြုပ်သွားကြလေ၏။ ကုန်းပေါ်တွင် ကျန်ရစ်သော တင်ရွှေနှင့် မြင့်သူတို့မှာ ရင်တမမဖြစ်ကာ ရှိလေ၏။

ထိုအချိန်၌ ဘကျော်မှာ ရေပြင်ကိုထိမိပြီး ဝမ်းလျားမှောက်ဖြစ်နေရှာ၏။ မျက်လုံးများကို စေ့စေ့ကာမှိတ်ထား၏။ ထို့နောက် ဖြည်းဖြည်းချင်းဖွင့်ပြီး စူးစူးစိုက်စိုက်ကြည့်လိုက်၏။ အနီးဝန်းကျင်တွင် တွေ့လိုက်ရသော သွေးရောင်ကြောင့် စူးစူးစိုက်စိုက် ကြည့်လိုက်၏။ အနီးဝန်းကျင်တွင် တွေ့လိုက်ရသော သွေးရောင်ကြောင့် သံသယဝင်လာ၏။ သွေးရောင်တန်းက တစ်နေရာသို့ စီးမျောလျက်ရှိလေ၏။

ဘကျော် မည်သို့မျှ မစဉ်းစားတော့ချေ။ သွေးရောင်တန်း စီးမျောရာနောက်သို့ တကောက်ကောက် မျော၍လိုက်ခဲ့၏။ မကြာမီ ကမ်းခြေတစ်နေရာသို့ မျောပါနေကြောင်း သိလိုက်၏။ သူ့စိတ်ထဲတွင်လည်း...



"အင်း...သွေးစီးကြောင်းဟာ ရေအောက်လိုဏ်ဂူကြီးဆီကို ဦးတည်သွားနေပါလား"

သူ့အတွေးမဆုံးမီ ရှေးဟောင်းစေတီအောက်တည့်တည့် ဂူကြီးအနီးသို့ ရောက်ရှိလာ၏။ သံသယစိတ်တွေကြောင့် သတိထားဝင်လာလေ၏။ ဂူကြီးမှာ ပေငါးဆယ်ခန့် ကျယ်ဝန်း၏။ အလင်းတန်းတစ်ခုကြောင့် အတွင်းပိုင်းရောက်လေလေ၊ သဲသဲကွဲကွဲ မြင်တွေ့ရလေလေရှိ၏။ ကျောက်စွယ်ကျောက်တန်းများကလည်း ဂူကြီးဘေးနံရံအနီးတွင် ပြွမ်းတီးလျက် ရှိလေ၏။

လိုဏ်ဂူကြီးထဲသို့ဝင်ရောက်ခဲ့သောအကြိမ်ပေါင်းများလှချေပြီဖြစ်၏၊ ယခုတစ်ခေါက်ကဲ့သို့ ကြောက်ရွံ့စိတ် ဖြစ်ပေါ်ခဲ့ခြင်းမျိုး မခံစားရချေ။ အန္တရာယ်အငွေ့အသက်တစ်ခုခု မျက်နှာချင်းဆိုင်မှ လာနေကြောင်း သိလိုက်၏။ ဂူကြီးအတွင်းမှ လိမ့်ဆင်းလာသည့် ရေစီးအားလည်း မြန်ဆန်လာ၏၊ တစ်မုဟုတ်ချင်းအနီးရှိ ကျောက်တန်းများကြားထဲသို့ ဝင်ပုန်းလိုက်လေ၏။

ပြင်းထန်သောရေစီးအားနှင့်အတူ အလွန်ကြီးမားသော ငါးရွှေငါးကြီးတစ်ကောင်ကို တွေ့လိုက်ရ၏။ ဘကျော့နှုတ်မှ အလန့်တကြား အော်သံထွက်သွား၏။

"စုပ်ဝဲကြီးထဲရောက်လာတဲ့လူတွေကို ဝါးမျိုစားသောက်လိုက်လို့ သွေး ကွက်ကြီး ဖြစ်တာပဲ၊ ငါနဲ့ ဒီဂူကြီးထဲမှာ တစ်ကြိမ်တစ်ခါမှ မကြုံဘူးလို့ တော်သေးတယ်"

ထိုစဉ် ငါးကြီးမှာ ဘကျော် ပုန်းအောင်နေသော ကျောက်စွယ်အနီးတွင် ခိုကပ်လိုက်၏။ ထို့ကြောင့် ရေလုံးကြီးက ဘကျော် တစ်ကိုယ်လုံးကို ဝုန်းခနဲ ရိုက်ခတ်သွား၏။ သူ့မျက်လုံးများ ကျိန်းစက်သွားသော်လည်း တုတ်တုတ်မှ မလှုပ်ဝံ့ချေ၊ အတန်ကြာသည်အထိ ငြိမ်ချက်သား ကောင်းနေသော ငါးရွှေငါးကြီး ဂူပြင်သို့ လျှောခနဲ ထွက်သွား၏။

သူ ဂူကြီးအတွင်းပိုင်းသို့ ဝင်ခဲ့၏။ ပေသုံးရာခန့် ရောက်ရှိသောအခါ ကျောက်ကလပ်ကြီးတစ်ခုဆီသို့ ရောက်လာ၏။ ကျောက်သားကြမ်းပြင်ကလည်း နစ်လံသာသာခန့်ကျယ်၏။ ကျောက်ကလပ်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ပတ္တမြားကြီးတစ်လုံး ရှိသည်။ ကျောက်ကလပ်ပေါ်ရှိ ရဲရဲတောက်ပတ္တမြား ဆီသို့ သွားလိုက်၏။ ပတ္တမြားကြီးအား တစိမ့်စိမ့်ကြည့်ပြီး အတွေး ဝင် လာ၏။

"ငါးရွေးငါးကြီးက ဒီပတ္တမြားကြီးရဲ့အစောင့်ပဲဖြစ်လိမ့်မယ်"

ဖအဆ

နောက်တစ်နေ့ ဆွမ်းခံပြန်ချိန်၌ ဘကျော်တစ်ယောက် ခြံဝန်းထဲရှိ ဝါးကွပ်ပျစ်တွင် ထိုင်လျက် ရှိလေ၏။ ထိုစဉ် အဘိုးအိုတစ်ဦး တစ်လှမ်းချင်း လှမ်း၍ဝင်လာသည်ကို တွေ့ရ၏။ ပိတ်ဖြူစင်ကြယ်ဝတ်ထားသောအဘိုးအို သျှောင်တစ်စောင်းနှင့်၊ ဆွတ်ဆွတ်ဖြူနေသောမုတ်ဆိတ်မွေးက လက် လေးသစ်ခန့်၊ ညာဘက်တွင်လည်း ဝါးတောင်ဝှေးရှည်တစ်ချောင်းကို ကိုင်ထားလျက် မြန်မာဆန်သော ဥပဓိရုပ်လက္ခဏာနှင့် အလွန်တည်ကြည် ခန့်ညား ၏။ ထိုအဘိုးအိုကို တစ်ကြိမ်မှလည်း တွေ့ဖူး မြင်ဖူးခြင်း မရှိပေ။ အဘယ် ကြောင့် သူ့ထံ လာရသနည်း။

ဘကျော်၏အနီး ရောက်လာသောအခါ ဝါးကွပ်ပျစ်တွင် အဘိုးအိုက ဝင်ထိုင်လေ၏။ အဘိုးအို၏ ခန္ဓာကိုယ်မှ မွှေးရနံ့ တစ်မျိုး ထွက်နေကြောင်း ခံစားရ၏။ ထိုရနံ့ကြောင့် ဘကျော်၏စိတ်သည်လည်း လန်းဆန်းလာ၏။ ထိုစဉ် အဘိုးအိုက တည်ကြည်လေးနက်သောလေသံဖြင့် ပြောလေ၏။

"လူကလေး... ဂူကြီးထဲက ပတ္တမြားဟာ မင်းနဲ့ ပတ်သက်မှုရှိနေတယ်၊ ရန်သူလက်တွင်းပတ္တမြားမကျရောက်အောင် စောင့်ရှောက်ရမယ်၊ နောက်ပြီး ငါးရွေးငါးကြီးနဲ့ လူကလေးတို့လည်း သူစိမ်းတစ်ရံတွေ မဟုတ်ဘူး၊ ဝဋ္ဋာန်းဆက် ရှိခဲ့ကြတယ်ကွဲ့"

အဘိုးအို၏စကားကို လက်သင့်ခံရန် ဘကျော် ခက်ခဲနေ၏။ သူ နားမလည်တော့ပေ။ မှားသည် မှန်သည်ကိုပင် ဝေခွဲမရ ခက်လှ၏။ ဝေဝေဝါဝါဖြစ်နေရှာသော ဘကျော်ကို အကဲခတ်မိသောကြောင့် အဘိုးအိုက ကရုဏာသက်စွာ ရှင်းပြပေး၏။

"အဘပြောတာ လူကလေး မယုံကြည်ဘူးမဟုတ်လား၊ လက်တွေ့မှ ယုံကြည်ချင်ကြသကိုးကွဲ့၊ ဆန့်ကျင်ဘက်အကြောင်းတရားနှစ်ခုဟာ ဒွန်တွဲနေလေရဲ့၊ မယုံကြည်ခြင်းရဲ့နောက်ကွယ်မှာ ယုံကြည်မှုဆိုတဲ့ သဘောကို လက်တွေ့ကျကျ သိချင်ရင် ငါးရွေးငါးကြီးနဲ့ ထိပ်တိုက်တွေ့ဆုံ ကြည့်ပေါ့ကွာ"

အဘိုးအို ထိုမျှသာပြောဆိုပြီး ဆတ်ခနဲ ထရပ်လိုက်၏။ ဘကျော်၏ ပခုံးအား ညင်သာစွာကိုင်လျက် စကားတစ်ခွန်းကို အလေးအနက်ထား၍ ပြောဆိုထွက်ခွာသွားလေ၏။

"လူကလေး - လက်တွေ့ကြုံလာတဲ့အခါငါးရွေးငါးကြီးအပေါ် သံယော ဇဉ်ဖြစ်လာလိမ့်မယ်"

ဖအဆ

အရှင်ဘုရား...
ငါးရွေးငါးကြီးနဲ့ တပည့်တော်တို့
တစ်ဦးအပေါ်တစ်ဦး
ခင်မင်ကြင်နာမှုတွေ
ရှိကြမယ်ဆိုရင် ပတ္တမြားကြီးကို
နှောင့်ယှက်ဖျက်ဆီးမယ့်ရန်သူအား
အသက်နဲ့ရင်း၍ ကာကွယ်သွားပါမယ်လို့
ကတိသစ္စာပြုပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဘကျော် အတွေးနယ်ချဲ့လာခဲ့၏၊ မနေ့က သူ့ထံရောက်လာခဲ့သော အဘိုးအိုကသူ့စိတ်အားစိုးမိုးထား၏၊ အဘိုးအိုမှာမည်သည့်နေရာမှလာပြီး မည်သည့်နေရာသို့သွားသနည်း၊ ပတ္တမြားကြီးနှင့် ငါးရွှေငါးကြီးအကြောင်းကို မည်သည့်အတွက်ကြောင့် သိနေသနည်း၊ ကြာကြာတွေးလေလေ၊ အဖြေမှန်က ဝေးကွာလေလေရှိ၏၊

သို့ဖြင့် ရေးဟောင်းသစ်ဆိမ့်စေတီတွင် အဘိုးအိုအား တွေ့ရလိမ့်နိုးနိုးဖြင့် လျှောက်လာလေ၏၊ စေတီသို့ရောက်သောအခါ စေတီတစ်ပတ်လှည့်၍ ရှာမိ၏၊ မည်သည့်နေရာတွင်ရှာရှာ မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ ကြာသပတေးဂြိုဟ်တိုင်ထောင့်တွင် ထိုင်လိုက်၏၊ ထို့နောက် လက်အုပ်ချီကာ ဆုတောင်းလိုက်၏၊

"အရှင်ဘုရား... ငါးရွှေငါးကြီးနဲ့တပည့်တော်တို့ တစ်ဦးအပေါ်တစ်ဦး ခင်မင်ကြင်နာမှုတွေရှိကြမယ်ဆိုရင် ပတ္တမြားကြီးကို နှောင့်ယှက်ဖျက်ဆီးမယ့်ရန်သူအား အသက်နဲ့ရင်း၍ ကာကွယ်သွားပါမယ်လို့ ကတိသစ္စာပြုပါတယ်"

ထိုဆုတောင်းပြည့်ဝသည်ဟု ဆိုရမည်လားမသိ၊ ဘကျော် တစ်ကိုယ်လုံး အေးစိမ့်လာ၏၊ ကြေကွဲလွမ်းဆွတ်မှုများလည်း ခံစားနေလေ၏၊ ရင်နှင့်အမျှ ခံစားနေခြင်းကို တိုးတိုးဖွင့်အန်ထုတ်မိ၏၊

"ငါးရွှေငါးကြီးရေ...နင့်နဲ့တွေ့ရအောင် ငါလာပြီဟေ့"

ရေစပ်သို့ ဒူးခေါင်းမြုပ်သည်အထိ သူဆင်းလိုက်၏၊ ထို့နောက် ဖျံတစ်ကောင်ပမာ ရေအောက်သို့ စွတ်ခနဲ ငုပ်လျှိုးလိုက်၏၊ ပုစွန်ဖောင်းကလေးများ ပလုံစီတက်လာ၏၊ ဘကျော်မှာ ရေအောက်လိုဏ်ဂူဆီသို့ ကူးခတ်၍ သွားလျက်ရှိ၏၊ တကယ့်တကယ်တမ်းတွေ့ရမည်ဆိုတော့...၊ သူ့စိတ်ထဲက တထင့်ထင့်...၊ စိုးရိမ်ပူပန်ကာ ရှိလေ၏၊

မကြာမီ လိုဏ်ဂူဝသို့ရောက်လာ၏၊ ဂူဝတွင်အခြေအနေကိုအကဲခတ်လိုက်၏၊ မည်သည့်ထူးခြားမှုမှ မတွေ့ရသဖြင့် ဂူကြီးအတွင်းသို့ ဝင်လိုက်လေ၏၊ ဂူထဲရှိကျောက်ကလပ်ဆီသို့သွားနေ၏၊ အနီးသို့ရောက်သောအခါ တစိမ့်စိမ့် ငေးမောကာ အတွေးရေယာဉ်ကြော မျောနေမိ၏၊



"ငါးရွှေငါးကြီးနဲ့လူကလေးတို့တစ်တွေ - သူစိမ်းတစ်ရံဆံတွေမဟုတ်ဘူး"

ဘကျော် ထိုသို့ စဉ်းစားမိသဖြင့် မတုန်မလှုပ် ရပ်တန့်နေမိ၏၊ ငါးရွှေငါးကြီးကလည်း တရွေ့ရွေ့နှင့် ဘကျော်အနီးသို့ တိုးကပ်လာ၏၊ ရန်သတ္တုရှိမည့်ပုံမရှိပေ၊ ခင်မင်ရင်းနှီးနေသလိုမျိုးခံစားနေမိ၏၊ ကွဲကွာနေရသူအား ပြန်တွေ့ရသဖြင့် ဝမ်းသာနေခြင်းမျိုးဖြင့်လာ၏၊

ထိုစဉ် ငါးရွှေငါးကြီးက ကျောက်ကလပ်အစွန်းတွင် ဖြည်းညင်းစွာ မေးတင်လိုက်၏၊ ဘကျော်အား စိုက်ကြည့်ကာရှိလေ၏၊ မျက်လုံးအိမ်အတွင်းမှလည်း မျက်ရည်များ တလိမ့်လိမ့် စီးဆင်းနေသည်ဟု ခံစားမိသည်၊

ဘကျော် သတိလက်လွတ်ဖြစ်နေရာမှ အသက်ဝင်လာ၏၊ ငါးရွှေငါးကြီးအနီးသို့ တိုးကပ်သွား၏၊ ဦးခေါင်းတစ်ခုလုံး ကြင်နာစွာ ပွတ်သပ်ပေးမိ၏၊ သံယောဇဉ်မီးတောက်က ရင်တွင်းတွင် စို့တက်လာ၏၊ သူညည်းညူမိလိုက်၏၊ ငါးကြီးကလည်း ငြိမ်သက်နေသည်၊

"သစ်ဆိမ့်ကျောင်းစေတီမှာ သစ္စာပြုခဲ့တဲ့အတိုင်း မင်းနဲ့ ပတ္တမြားကြီးကို အသက်နဲ့ရင်းပြီး စောင့်ရှောက်ပါမယ်ကွာ"

"ဝေါ...ဝေါ...ဝေါ...ဝေါ..."

လိုဏ်ဂူကြီးတစ်ခုလုံး ဟိန်းထွက်သွား၏၊ ဘကျော် ကြက်သီးတဖြန်းဖြန်း ထလာ၏၊ ငါးရွှေငါးကြီးသည် တရွေ့ရွေ့ နောက်ဆုတ်၍ ပြန်လည်ထွက်ခွာသွား၏၊ ဘကျော်ကလည်း ထက်ကြပ်မကွာ လိုက်ပါလာ၏၊ ဘကျော် ကုန်းပေါ်ပြန်တက်လာပြီး သစ်ဆိမ့်စေတီဆီသို့ လျှောက်သွားလေ၏၊ သာယာဖော့ဆည်းလည်းသံကြောင့် သူ့တစ်ကိုယ်လုံးလည်း ပေါ့ပါးလန်းဆန်းနေလျက် ကြည်နူးဝမ်းသာ ဖြစ်နေရှာ၏၊

ထိုသို့ ဖြစ်ပျက်တစ်ပတ်ခန့်ကြာသော် တင်ရွှေနှင့်မြင့်သူတို့ ဘကျော်ထံသို့ အူယားဖားယားရောက်လာ၏၊ ဘကျော်နှင့် မရန်းပင်အောက်တွင် ဆုံမိကြလေ၏၊ တင်ရွှေက ခရီးရောက်မဆိုက်ပင် ပြောပြလေ၏၊



www.burmeseclassic.com

www.burmeseclassic.com

"ရွာထဲမှာ တဘောင်စကားတစ်ခု ထွက်ပေါ်နေတယ်…၊ သစ်ဆိမ့်ကျောင်းဘုရားဘေး၊ ငါးရွှေးနဲ့စုပ်ဝဲကြီး၊ ဒုဋ္ဌဝတီမြစ်မင်းအောက်၊ လိုက်ဖောက်ပတ္တမြားတည်တဲ့…၊ အဲဒါမင်းရဲ့အမြင် ပြောစမ်းပါဦး"

ထိုစကား ကြားလိုက်ရသောကြောင့် ဘကျော်မှာ မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏၊ ဘကျော်၏ဖြစ်အင်ကို မြင်လိုက်ရသောမြင့်သူက လှမ်းမေးလိုက်လေ၏၊

"စုပ်ဝဲကြီးထဲရောက်ရှိသွားတဲ့လူတိုင်းဟာ အသက်အန္တရာယ်ဘေးနဲ့ ကြုံတွေ့ကြပေမယ့် မင်းကတော့ အရှိန်မရွေးသွားလာနိုင်ခဲ့တယ်၊ အဲဒီတော့ ဘကျော်၊ တဘောင်စကားနဲ့ပတ်သက်ပြီး ဘယ်လိုအကြောင်းတွေ သိထားသလဲ၊ ငါတို့ကိုတော့ လျှို့ဝှက်မထားသင့်ဘူး"

"ဘာကွ…ငါက ဘယ်လိုအကြောင်းတွေများ သိထားလို့လဲ၊ အခု မင်းတို့ပြောလို့သိရတဲ့ကိစ္စပဲ"

ဘကျော်လေသံ အနည်းငယ်မာကြောမာကြောဖြစ်သွားသောကြောင့် တင်ရွှေတို့မှာ ဆက်လက်မေးမြန်းရန် ဆွံ့အအ ဖြစ်သွားလေ၏၊ တဒင်္ဂ အတွေးပုံရိပ်များနှင့်တိတ်ဆိတ်နေကြလေ၏၊ ထိုသို့တိတ်ဆိတ်နေခြင်းကို မအောင့်နိုင်ဘဲ မြင့်သူက မေးလိုက်၏၊

"မင်းက ဒါလေးမေးကြည့်တာနဲ့ ဘာဖြစ်နေသလဲ၊ ဘကျော် ငါတို့ကြားရတဲ့အတိုင်း လာပြောပြတာပဲ၊ သိရင်သိတယ်၊ မသိရင်မသိဘူးပေ့ါ၊ အခုတော့ကွာ…ငါတို့အပေါ်တစ်မျိုးထင်နေလေရဲ့"

ထိုအခါ တင်ရွှေက ရှင့်ရှင့်ရှိန်ရှိန်နှင့် ပြောလိုက်လေ၏၊

"အင်း… ဒီအကြောင်းတွေသာ အမှန်တကယ်ရှိနေတယ်ဆိုရင်တော့ လောဘရမ္မက်ဖောကပ်တဲ့ရန်သူတွေကို အထူးသတိထားရမယ်"

"အေးပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် တင်ရွှေပြောသလို သတိဆိုတာ ပိုတယ်လို့မရှိဘူး"

ဘကျော်က လေပြေထိုးပြီး ပြောလိုက်၏၊ တင်ရွှေတို့လည်း စနိုးစနောင့်စိတ်ဖွေ ထပြန်သွားလေ၏၊



သို့ဖြင့် တပို့တွဲလပြည့် သစ်ဆိမ့်စေတီဘုရားပွဲ နီးကပ်လာပြီဖြစ်၏၊ ထို့ကြောင့်ဆယ့်နှစ်လရာသီဈေးပွဲသမားများလည်းရောက်လာကြလေ၏၊ မျက်လှည့်၊ ဆပ်ကပ်၊ အငြိမ့်၊ ဇာတ်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များအပြင် လူသုံးကုန်အရောင်းဆိုင်များ စုံလင်စွာရှိလေ၏၊ ပွဲဈေးတန်းကြီးက စည်ကားလွန်း၏၊

တဖြည်းဖြည်းနှင့် ဘုရားပွဲကျင်းပရန် နှစ်ရက်ခန့်သာ လိုတော့၏၊ ထိုညက ဘကျော်မှာ အိပ်ရာထဲ စောစောဝင်ခဲ့၏၊ တင်ရွှေတို့ပြောဆိုပြီးသည့်နောက်ပိုင်း အိပ်မပျော်ခဲ့ခြင်းဖြစ်လေ၏၊ နိမိတ်တဘောင်စကားကို တွေးမိလေတိုင်း စိုးရိမ်ပူပန်နေမိ၏၊ သူ့ခေါင်းတွင် အိပ်ပျော်နေသော ဖနီးအေးပွင့်မှာ တခေါ်ခေါ်နှင့် ဟောက်လျက်ရှိလေ၏၊

ဘကျော်တစ်ယောက် မျက်လုံးကို မှိတ်ထားလေလေ၊ အိပ်မပျော်နိုင်လေလေ ဖြစ်နေရှာ၏၊ သူ၏မသိစိတ်က ရေအောက်လိုဏ်ဂူကြီးဆီသို့ ရောက်နေ၏၊ ထိုစဉ် အသံတစ်သံ သူ့နားသို့ စူးစူးနစ်နစ်ဖြင့် ကြားလိုက်ရ၏၊ ဘယ်ကအသံပါလိမ့်…၊ တစ်ယောက်ယောက် နီးနီးကပ်ကပ် ပြောနေသလိုထင်ရသည်၊

"လူကလေး… လောဘသားကောင်တွေ… မင်းတို့ရွာရောက်နေပြီ…၊ ပတ္တမြားကြီးကို ယူကြလိမ့်မယ်… သတိထားနေပေတော့ကွဲ့"

ထို့ကြောင့် ဘကျော်မျက်လုံး ဖွင့်ကြည့်လိုက်လေ၏၊ အဘိုးအို သူ့ခြံဝန်းထဲရောက်လာခဲ့သောအဘိုးအိုပါလား…၊ ထိုအခါဘကျော်ကအလျင်စလို ပြန်မေးလိုက်၏၊

"အဘိုး… ကျွန်တော်မှ အဲဒီလူတွေကို မသိတာ၊ ဘယ်လိုလုပ် ဖြေရှင်းရပါ့မလဲဟင်"

"ဒါက မင်းကိစ္စပဲ…၊ ဖြစ်လာမယ့်ပြဿနာကြိုမြင်လို့ ငါကတော့ အကျိုးအကြောင်း ပြောပြပြီးပြီပဲ…၊ လူဆိုတာ အရေးကြုံရင် သက်လုံကောင်းရတယ်ကွဲ့"

အဘိုးအိုက ပြောဆိုပြီး ရှာခနဲ လှည့်ထွက်သွားလေ၏၊ အိမ်ရှေ့တံခါးပေါက်မှ ဆင်းသွားခြင်းဖြစ်လေ၏၊ ဘကျော် စဉ်းစားရကြပ်နေ၏၊ ထို



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အိမ်ရာမှ ကမန်းကတန်းထ၍ လိုက်ခဲ့၏။ အဘိုးအိုမှာ ခြေလှမ်းသွက်လွန်းနေ၏။ သူ့အနေနဲ့ အပြေးတစ်ပိုင်း လိုက်နေရ၏။

အတန်ကြာသွားနေရင်းမှ သစ်ဆိမ့်စေတီဆီသို့သွားနေကြောင်း သတိထားမိလိုက်၏။ စေတီအနီးသို့ ရောက်ရှိနေပြီဖြစ်၏။ ထိုစဉ် အဘိုးအိုမှောင်ရိပ်ထဲသို့ လှမ်းဝင်မည့်ဆဲဆဲအချိန်တွင် ဘကျော်က အော်လိုက်လေ၏။

"အဘိုး...အဘိုး...အဘိုး..."

သူ့ကိုယ်လုံးအား ပုတ်၍ ပြောနေသော ဇနီးအေးပွင့်၏အသံကို ကြားလိုက်ရ၏။

"ရှင် - ကယောင်ချောက်ချားနဲ့ ဘာတွေအော်ခေါ်နေသလဲ"

ဇနီးသည်ထံ မေးမြန်းခြင်းကို မည်သို့မျှ ပြန်မဖြေပေ၊ ရက်ရှုံ့စိတ်ကြောင့် သူ့ကိုယ်သူ မရိုတင်ကဲ ပြုံးနေမိ၏။ အဘိုးအိုမှာ သစ်ဆိမ့်စေတီနှင့်ပတ်သက်နေကြောင်း သူသိရှိလိုက်လေပြီ၊ အဘိုးအိုပြောသွားသောစကားကို ပြန်လည်စဉ်းစားလျက် မိုးစင်စင်လင်းလာ၏။

(၁၁)

ထွမ်းခံပြန်ရိုန် ရောက်ရှိနေပြီဖြစ်၏။ တင်ရွှေတို့အလာကို စောင့်မျှော်နေရသည်မှာ လည်တဆန့်ဆန့်ဖြစ်နေရှာ၏။ ဇနီးအေးပွင့်က ဘကျော်အားကြည့်၍ မျက်စောင်းထိုးသွားလေ၏။ ဘကျော်က မမြင်ချင်ယောင် ဆောင်နေလိုက်၏။

သူစိတ်မရှည်နိုင်တော့ပေ၊ အိမ်ပေါ်မှကောက်ကာငင်ကာဆင်းလာပြီး တင်ရွှေအိမ် ထွက်ခဲ့၏။ လမ်းပေါ်တွင်တွေ့ရသော ကလေး၊ လူကြီးများက ဘကျော်အားကြည့်ပြီး ပြုံးတုံ့တုံ့ ဖြစ်သွားကြ၏။ သို့ဖြင့် သူကြီးအိမ်အလွန်၊ တင်ရွှေအိမ်မရောက်မီ နစ်ခြံကျော်တွင် နောက်ဘက်မှ မိန်းကလေး အသံတစ်သံ ကြားလိုက်ရ၏။



"ဦးဘကျော်ကြီး...ဘာတွေအာရုံများနေသလဲ၊ တစ်လမ်းလုံးဘယ်သူကိုမှ နှုတ်ဆက်စကားမပြောဘူး။ ဦးခေါင်းအောက်စိုက်ပြီး နှုတ်က တတွတ်တွတ်နဲ့..."

ထိုအခါကျမှ ဘကျော် စိတ်နဲ့ကိုယ် ပြန်လည်ကပ်ငြိသွားလေ၏၊ သူလှမ်းကြည့်လိုက်သောအခါ လှထွေးအိမ်ရောက်နေကြောင်း သတိထားမိ၏၊ အိမ်ထဲမှ စကားပြောသံကြားလိုက်ရ၏။

"သူကြီးနဲ့တိုင်ပင်ပြီးပြီ၊ လပြည့်နေ့ရောက်ရင် ဆရာကြီးရဲ့အစီအစဉ်အတိုင်း လုပ်ပေတော့...၊ ရေအောက်လိုဏ်ဂူကြီးထဲက ပတ္တမြားကြီးသာ ယူလို့ရခဲ့ရင် ကျွန်တော်တို့တစ်တွေ ချမ်းသာမှာအမှန်ပဲ"

အိမ်ဦးခန်းတွင် လူစိမ်းသုံးယောက်နှင့်လှထွေး ခေါင်းချင်းဆိုင် တိုင်ပင်နေကြ၏။ အသက်ငါးဆယ်ကျော်အမျိုးသားတစ်ဦးက နှုတ်ခမ်းမွေး သပ်နေ၏၊ ကျန်လူရွယ်နှစ်ဦးက ဦးခေါင်းတဆတ်ဆတ် လုပ်လျက်ရှိ၏။

ထိုသို့ မသင်္ကာဖွယ်လူတစ်စုကြောင့် ဘကျော် ရင်ခုန်သံ မြန်လာ၏။ အဘိုးအိုပြောသွားသောလူစုမှာ သူတို့ပါလားဟု မှတ်ချက်ပြုမိလိုက်၏။ တင်ရွှေ ခြံသို့ သုတ်ခြေတင်လှမ်းလာလိုက်၏။ သူတို့နှစ်ဦး ခြံဝန်းဝတွင် ပက်ပင်းတိုးကြ၏။ တင်ရွှေက ဘကျော်အား စူးရှသောမျက်လုံးဖြင့်ကြည့်ကာ မေးလေ၏။

"ဗျာယီးဗျာယာနဲ့ ဘယ်လိုဖြစ်လာသလဲ၊ ငါလည်း မင်းနဲ့ အရေးတကြီး တိုင်ပင်စရာရှိလို့...မြင့်သူ့ဝင်ခေါ်ပြီး လာခဲ့ဖို့ပဲ"

"ဒါဆို သွားကြစို့ကွာ"

တစ်လမ်းလုံး စကားမပြောကြဘဲ အတွေးကိုယ်စီနှင့် လျှောက်လာကြ၏။ ရွာလမ်းမကို ရှောင်ကွင်း၍ ရွာပြင်လယ်ကွင်းဆီမှ လာခဲ့ကြ၏၊ သို့ဖြင့် မြင့်သူနေထိုင်ရာ အရှေ့ပိုင်းသို့ ရောက်လာ၏၊ မြင့်သူ ခြံရှေ့ရောက်သောအခါ သူ့အိမ်မှအထွက်နှင့် ဆုံကြပြန်၏၊ သူတို့သုံးဦး၏ ခြေလှမ်းများမှာ သစ်ဆိမ့်စေတီဆီသို့ ဦးတည်လာခဲ့ကြ၏။ ဆယ့်နှစ်လရာသီ ပွဲဈေးတန်းဘေးမှ လာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

စေတီရင်ပြင်တော်၏ မြစ်ကမ်းဘက် လူသူရှင်းသောနေရာတွင် ထိုင်လိုက်ကြ၏။ တင်ရွှေက စိုးရိမ်တကြီးဖြင့် စတင်ရှင်းပြလေ၏။

"နိမိတ်တဘောင်စကားဟာ တကယ်မှန်နေပြီပဲ၊ ရေအောက်လိုဏ်ဂူကြီးထဲမှာပတ္တမြားတစ်လုံးရှိတယ်တဲ့ကွ၊ လှထွေးအိမ်ရောက်နေတဲ့လူစုကို ငါတော့ မသင်္ကာဘူး...၊ အဲဒါ ငါတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"တင်ရွှေပြောတဲ့သတင်းကို ငါလည်းကြားခဲ့တယ်၊ အဲဒါကြောင့် မင်းတို့ဆီ ပြောရအောင် ထွက်လာတာပဲ...ဘကျော်၊ ငါတို့နဲ့ တွေ့ချင်ရတဲ့အကြောင်းကို ပြောပါဦး"

မြင့်သူက ကြားဖြတ်၍ ပြောဆိုမေးမြန်းလိုက်၏။ ထိုအချိန်မှ ဘကျော်က သစ်ဆိမ့်စေတီစေတီအောက်တွင် ကျောက်သားလိုဏ်ဂူကြီးတစ်ခုရှိ ကြောင်း၊ ရေမငါးရွှေငါးကြီးတစ်ကောင်လည်း စောင့်ရှောက်နေထိုင်ကြောင်း၊ လိုဏ်ဂူအတွင်းရှိ ကျောက်ကလပ်ကြီးပေါ်၌ တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားကြီး တစ်လုံးလည်း ရှိကြောင်း၊ သူနှင့် ငါးရွှေကြီးမှာ သံယောဇဉ်ဖြစ်နေကြကြောင်း စသည်ဖြင့် သူသိသမျှ အကြောင်းများကို ရှင်းပြပေးလေ၏။ ထို့နောက် သုံးဦး ခေါင်းချင်းဆိုင် တိုင်ပင်၍ လူစုခွဲလိုက်ကြလေ၏။

နောက်တစ်နေ့တွင် လူကြီးဦးဆောင်၍ ဘုရားပွဲတော်ကို အစီအစဉ်အတိုင်း ကျင်းပကြလေ၏။ တနင်္ဂနွေထောင့်ရှေ့တွင် စံတန်းရှည်တစ်ခုခဲထား၏။ အဝတ်ဖြူတစ်ထည် ခင်းထား၏။ ထိုအပေါ်၌ အုန်းငှက်ပျော၊ ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့် ကန်တော့ပွဲသုံးပွဲ ပြင်ဆင်ထား၏။

လှထွေးအိမ်မှ ဧည့်စိမ်းသုံးဦးနှင့် သူကြီးတို့မှာ အလုပ်ရှုပ်နေကြ၏။ ဘကျော်တို့က လူအုပ်ကြားမှနေပြီး အကဲခတ်လေ့လာလျက်ရှိ၏။ ထိုစဉ် သူတို့အထဲမှ အသက်ငါးဆယ်ခန့် အမျိုးသားကြီးက ကျယ်လောင်စွာ အော်ဟစ်၍ ပြောလေ၏။

"ဒီစေတီရဲ့အစောင့်အရှောက်တွေအတွက်ရည်စူးထားတဲ့အလယ်က ကန်တော့ပွဲကို ချန်ထားမယ်၊ ဘေးက ကန်တော့ပွဲနှစ်ပွဲဟာ စုပ်ဝဲကြီးနဲ့ ရေအောက်လိုဏ်ဂူကြီးထဲမှာရှိတဲ့ ပတ္တမြားကြီးရဲ့ အစောင့်အရှောက်တွေအတွက်ပေါ့"



"ဟာ"

"ဟင်"

"အို"

ထိုစကားကြောင့် လူအုပ်ကြီးထံမှ အံ့သြသံများ ထွက်ပေါ်လာလေ၏။ ထိုအမျိုးသားကြီးက သူ့တပည့်နှစ်ဦးအား ကန်တော့ပွဲတစ်ပွဲစီ ရွက်ခိုင်း၏။ သူက ဦးဆောင်၍ ဒူးခေါင်းမြုပ်သည်အထိ ရေစပ်သို့ ဆင်းသွားလေ၏။ သူ့နှုတ်မှလည်း တတွတ်တွတ်ရွတ်ဖတ် သရဇ္ဈာယ်ကာရှိလေ၏။ သူကြီးနှင့် လူအုပ်ကြီးသည်လည်း အုတ်အုတ်ကျက်ကျက်နှင့် လိုက်ပါလာကြ၏။

ထိုစဉ် ဘကျော်က တင်ရွှေနှင့် မြင့်သူတို့အား ဆက်လက်မလိုက်ရန် ခေါင်းဆတ်၍အချက်ပြလေ၏။ လူအုပ်ကြီးလွန်သွားသောအခါ ဘကျော်က လေသံတိုးတိုးဖြင့် ပြောလေ၏။

"ငါတို့ပြောဆိုထားတဲ့အတိုင်း ဆောင်ရွက်ကြမယ်နော်...၊ အမှားအယွင်း မဖြစ်စေကြနဲ့"

တင်ရွှေနှင့် မြင့်သူတို့က လူအုပ်ကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေ၏။ ဘကျော်မှာ စေတီ၏အထက်မြစ်ညာဘက်ဆီသို့ လျှောက်သွား၏။ ဝါးတစ်ပြန်သာသာ လျှောက်လာပြီးနောက် ပွဲတော်ဘက်ဆီသို့ အသံဗလံများကို နားစွင့်လိုက်၏။ စကားသဲ့သဲ့သာ ကြားရလေ၏။

ရေစပ်သို့ဆင်းလိုက်ပြီးသော စုပ်ဝဲကြီးဆီသို့ လှမ်းကြည့်မိ၏။ စုပ်ဝဲကြီးက ထူးထူးခြားခြား ငြိမ်ရျက်သား ကောင်းလျက်တွေ့ရ၏။ လူသားများ၏ အတ္တစိတ်၊ မာနစိတ်၊ လောဘစိတ်တို့ကို သိရှိဟန် မတူချေ။ ဘကျော်ရှည်ရှည်ဝေးဝေး မစဉ်းစားထဲတော့ဘဲ ရေထဲသို့ ထိုးဆင်းလိုက်၏။ ရေအောက်လိုဏ်ဂူကြီးဆီသို့ အလွန်လျင်မြန်စွာ ကူးခတ်သွားလေ၏။

ထိုအချိန်၌ ကန်တော့ပွဲကိုယ်စီ ရွက်လာကြသော လူစိမ်းနှစ်ဦးမှာ ရေနက်ပိုင်းသို့ တရွေ့ရွေ့ ဆင်းနေကြ၏။ လည်ရင်းအထိ ရေမြုပ်နေလေပြီဖြစ်၏။ သူတို့ဆရာကြီးက လေသံထန်ထန်မာမာနှင့် အော်ပြောလေ၏။

"ယောကောင်တွေ... ရေထဲငုပ်ပြီး စုပ်ဝဲကြီး မြစ်အောက်ကြမ်းခင်းနဲ့ လိုဏ်ဂူကြီးအတွင်းထဲ ကန်တော့ပွဲတွေကို ပို့လိုက်ကြတော့လေ"



www.burmeseclassic.com

www.burmeseclassic.com

လူစိမ်းနှစ်ဦးမှာ ရေအောက်သို့ ကန်တော့ပွဲများနှင့်အတူ ငုပ်လျှိုးသွားကြ၏။ လူမြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ ကန်တော့ပွဲများကို လွှင့်ပစ်လိုက်၏။

ထို့နောက် စုံစမ်းလေ့လာထားသည့်အတိုင်း လိုဏ်ဂူကြီးဆီသို့ သွားကြ၏။ လိုဏ်ဂူဝရောက်သောအခါ မကြောက်မရွံ့ဝင်ကြ၏။ အထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်တည်း အုံးခြံဖွယ် လင်းထိန်နေကြောင်း တွေ့ရ၏။ တစ်ယောက်က အလင်းရောင်ဖြာထွက်နေပုံကို သတိထားမိပြီး ကောက်ချက်ချလေ၏။

"ဟေ့ကောင်… ဒီလိုဏ်ဂူကြီးထဲမှာ အဖိုးတန်ပတ္တမြားရှိတယ်ဆိုတာ အမှန်ပဲ…။ ဂူကြီးတစ်ခုလုံး ဖြာထွက်နေတဲ့အလင်းရောင်ကို ကြည့်လိုက်တယ်"

"ဒါဆို… ငါတို့ဆရာကြီးရရှိခဲ့တဲ့ပုရပိုက်ထဲက နိမိတ်တဘောင်ဟာ မှန်ကန်တယ်ပေါ့၊ ဟား…ဟား…ဟား…"

ထိုလူ၏ ရယ်မောသံကြောင့် လိုဏ်ဂူကြီးတစ်ခုလုံး ဟိန်းထွက်နေ၏။ ကျောက်စွယ်ကြားတွင် ပုန်းနေသော ဘကျော်မှာ ထိုအသံကြောင့် အံတကြိတ်ကြိတ် ဖြစ်နေ၏။ အသားများ တဆတ်ဆတ် တုန်ရင်လာ၏။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်လျက်၊ တိုက်ခိုက်ရန် အသင့်ပြင်ထားလေ၏။

လောဘသားကောင်တို့ကလည်း ပတ္တမြားကြီးအနီးသို့ အမြန်ဆုံး လာကြ၏။ ကျောက်ကလပ်ကြမ်းခင်းပေါ် ပြိုင်တူတက်ကြ၏။ ပတ္တမြားကြီးကို မျက်မြင်ဒိဋ္ဌ တွေ့လိုက်ရသောအခါ အငမ်းမရ ဖြစ်ကုန်ကြ၏။ ထိုစဉ် တစ်ယောက်က ပတ္တမြားကြီးကို ကတုန်ကယင်နှင့် လှမ်းယူ၍ကြုံးဝါးလိုက်၏။

"ဟား…ဟား… ငါတို့တော့ သူဌေးဖြစ်ပြီ၊ သူဌေးဖြစ်ပြီကွ"

ထိုစဉ် လိုဏ်ဂူကြီးတစ်ခုလုံး မိုးချုပ်သကဲ့သို့ အသံတစ်သံ ဟိန်းထွက်လာ၏။

"ဟေ့ကောင်… ပတ္တမြားကြီးကို နေရာတကျ ပြန်ထားလိုက်စမ်းကွာ"

ထိုကဲ့သို့ အသံကြားလိုက်ရသဖြင့် လောဘသားနှစ်ယောက်မှာ ဓားမြှောင်ကိုကိုင်၍ အထိတ်တလန့် ရန်သူနှင့် ရင်ဆိုင်လိုက်၏။ မှင်တက်မိနေသော ရန်သူအနားသို့ တစ်ဟုန်ထိုးသွားပြီး ပတ္တမြားကို လှမ်း၍ လုလိုက်၏။ ထိုသူကလည်း အလွန် လျင်မြန်ပါးနပ်၏။ သူ့လက်ကို ဖျတ်ခနဲ ရုတ်သိမ်း၍ရှောင်လိုက်လေ၏။ ဘေးမှ ရန်သူကလည်း လက်ထဲမှဓားမြှောင်နှင့် လှမ်းတွက်၏။

ဘကျော်မှာ ရန်သူနှစ်ဦး ညှပ်၍ တိုက်ခိုက်နေခြင်းကို သတိထားပြီး ရှောင်တိမ်းနေရ၏။ သူ့စိတ်ထဲတွင်လည်း ငါးရွေးငါးကြီး မည်သည့်နေရာ ရောက်နေသနည်း။ အမြန်ဆုံးရောက်လာလျှင် ကောင်းမည်ဟု ကြိတ်ပြီး ဆုတောင်းနေ၏။ ဓားမြှောင်ကိုယ်စီနှင့် ရန်သူနှစ်ဦးမှာ ဒေါကြမ်း တိုက်ခိုက်လျက်ရှိ၏။

ထိုအတွက်ကြောင့် ဘကျော်မှာ တဖြည်းဖြည်း နောက်ဆုတ်နေရ၏။ အထူးသတိထားပြီး အလွတ်မပေးဝံ့ချေ။ ထိုစဉ် သူနှင့် အနီးဆုံးရန်သူ၏ မျက်နှာအား လှမ်း၍ ကန့်လန့်ဖြတ် တွက်ချလိုက်လေ၏။ မျက်နှာနား ပွတ်ကာသီကာ လွတ်သွားသော်လည်း လက်မောင်းတစ်ဖက်အား ထိမိသွားလေ၏။

လူဆိုး၏လက်မောင်းမှ သွေးများ တစ်စက်ချင်းကျနေ၏။ ကျောက်ကလပ် ကြမ်းခင်းပေါ်နှင့် ရေထဲသို့ ကျလျက်ရှိလေ၏။ ရေစီးနှင့်အတူ သွေးများ မျောပါလျက်ရှိ၏။ ဘကျော်က ဒဏ်ရာရရှိသူအား တိုက်ခိုက်ရန် ပိုမြှင့်လိုက်လေ၏။

ထိုစဉ် ကျန်သောရန်သူက ဘကျော်အား အလစ်ဝင်တိုက်၏။ နောက်ဆုတ်၍ ရှောင်တိမ်းလိုက်ရာ ကျောက်ကလပ်ကြမ်းခင်မှ ရေထဲသို့ ပြုတ်ကျသွား၏။ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ လိုဏ်ဂူဝသို့ ရန်သူနှစ်ဦးက ပြေးထွက်သွားကြ၏။

ရန်သူတို့နောက်မှ ဘကျော်ကလည်း ထက်ကြပ်မကွာ လိုက်ပါလာ၏။ ဂူဝအပြင်သို့ ရောက်ကုန်ကြလေပြီဖြစ်၏။ ထိုအချိန်၌ သွေးညှီနံ့ကြောင့် ငါးရွေးငါးကြီးရောက်လာ၏။ ငါးရွေးငါးကြီးကရန်သူတစ်ယောက်၏နောက်သို့လိုက်လံတိုက်ခိုက်လျက်ရှိလေ၏။ ရန်သူကလည်းပြန်လည်ခုခံလိုက်ရာ ငါးရွေးငါးကြီး ဒဏ်ရာအကြီးအကျယ် ရရှိသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာရရှိသွားသောကြောင့် ငါးရွှေငါးကြီး ဒေါသထွက်သွားလေ၏။ ထိုရန်သူအား အလွတ်မပေးတော့ဘဲ သဲကြီးမဲကြီး တိုက်ခိုက်နေတော့၏။ ဘကျော်က ပတ္တမြားယူသွားသော ရန်သူနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်လျက် ရှိလေ၏။

ထိုရန်သူမှာ ပခုံးတွင် ဓားမြှောင်စိုက်မိသွား၏။ အခြေအနေမဟန်မှန်း ရိပ်စားမိသဖြင့် ကမ်းခြေဘက်သို့ အသည်းအသန် ကူးခတ်၍ပြေး၏။

ဘကျော်ကလည်း ထက်ကြပ်မကွာ လိုက်ခဲ့၏။ ကမ်းခြေသို့ ဘကျော်တို့ ရောက်ရှိသောအခါ ငါးရွှေငါးကြီးက သူ့ရန်သူအား လက်တစ်ဖက် ကိုက်ဖြတ်လိုက်၏။ ထိုအချိန်၌ ဘကျော်တို့နှစ်ဦး ရေပေါ်သို့တက်လာကြ၏။ ကမ်းဘက်သို့ ကူးခတ်လာ၏။ ဘကျော်က ကမ်းပေါ်ရှိလူများအား အော်ဟစ်ပြောလေ၏၊

"အဲ့ဒီလူကို ဖမ်းထားကြပေ့ာ၊ သူ့ဆီမှာ ပတ္တမြားပါသွားတယ်"

ထို့ကြောင့် ကမ်းစပ်ရောက်နေသော လူဆိုးအား မြင့်သူနှင့် တင်ရွှေတို့ ဦးဆောင်၍ဝိုင်းဖမ်းထားကြ၏။ သူကြီးနှင့်သူတို့ဆရာကြီးမှာ လူအုပ်ကြားမှ လစ်ထွက်သွား၏။ လောဘသားရန်သူတို့၏အကြောင်းကို လူအုပ်ကြီးအား ရှင်းပြလေ၏။ ထို့နောက် ပတ္တမြားကြီးကို ကိုင်၍ မြှောက်ပြလျက် ပရိသတ်အား အော်ပြောလိုက်၏။

"ဒီပတ္တမြားကြီးဟာ သစ်ဆိမ့်စေတီအစောင့်အရှောက်တွေရဲ့ ပစ္စည်းဖြစ်တယ်။ နေရာမှန် ပြန်ထားရမယ်"

ဘကျော်က ပြောဆိုပြီး ရေထဲပြန်ဆင်းသွားလေ၏။ ထိုအချိန် ငါးရွှေငါးကြီး ရေပေါ်သို့ ဘွားခနဲပေါ်တက်လာ၏။ ဘကျော်က ငါးရွှေငါးကြီး၏ ကျောကုန်းပေါ် ညင်သာစွာ တက်စီး၍ ရေအောက်သို့ ငုပ်လျှိုးသွားလေတော့၏။

➡ပါဂိန်းထက်ဇော်





www.burmeseclassic.com

www.burmeseclassic.com

# ခါးပတ်ကြိုး

**ရွှေဘုန်းဏီ**

ဒီအဖြစ်အပျက်က ကြာတော့ ကြာပါပြီ၊ အဲ ... ကြာပြီဆိုတာကလည်း ပြောရရင် ဆယ်စုနှစ် တစ်စုကျော်လေးတင်ပါ။ အမှန်တော့ ဆယ်နှစ်ကျော်ဆိုတဲ့ အချိန်ကာလက ခု ပြန်တွေး၊ ခုချရေး ပြန်ပေါ်တဲ့ မနေ့တစ်နေ့ကလို မှုမှုနေ့းနေ့းပါ။ သူတို့မိသားစု ဇာတိချက်မြှုပ်ဖြစ်တဲ့ တောင်ဥက္ကလာပကနေ မြို့သစ်လို့ခေါ်ကြတဲ့ဒဂုံမြို့သစ်မြောက်ပိုင်း (၄၉)ရပ်ကွက်ထဲကို စတင်ပြောင်းရွှေ့လာကြတဲ့အချိန်ကာလပါ။ ဟင့်အင်း ... တရေးဆရာမို့လို့မြေကွက်ရလို့ ပြောင်းခဲ့တာမဟုတ်ပါဘူး။ သူတို့မိသားစုက ရှေးတောင်ဥက္ကလာပမြို့သစ်တွေ စတည်ကတည်းက ယသသဝတီလမ်းမှာ အိမ်ကြီးရခိုင်နဲ့ နေခဲ့ကြတာပါ။ သူ စာတွေကဗျာတွေ ဝါသနာထုံစ၊ စရေးတဲ့အချိန် တစ်ထောင့်ကိုးရာရှစ် ဆယ်ဝန်းကျင်မှာ မိဘတွေ စီးပွားပျက်၊ အခြေပျက်ပြီး လိုင်စင်ရုံးဆိုတဲ့ သယ်န်းကျွန်းမြို့နယ်နဲ့ တောင်ဥက္ကလာပမြို့နယ်စပ်မှာ အိမ်ငှားဘဝနဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲနေနေရတဲ့ အချိန်၊ သူကလည်း ကဗျာဆရာဘဝကို စွန့်လွှတ်ပြီး ရုပ်ပြလက်ရေးသမား၊ ဝတ္ထုဇာတ်ညွှန်းသမားဘဝနဲ့ ရုန်းကန်လှုပ်ရှားနေရတဲ့အချိန်၊ သူ့ရဲ့ညီအငယ်ဆုံးက သူ့ရွှေ့နဲ့တာနဲ့ မြေကွက်လေးတစ်ကွက် ဖဲ့ခြမ်းပြီး ဝယ်လိုက်လို့ ပြောင်းရွှေ့ခဲ့ကြတာပါ။



အဲဒီတုန်းက ဒဂုံမြို့သစ်ရဲ့အိမ်ဈေးတွေက ဘာရှိဦးမှာလဲ၊ ခုလို အိမ်ဈေးမြေဈေးတွေ၊ သိန်းဆယ်ဂဏန်းလို့၊ ရာဂဏန်းတို့ မဖြစ်သေးဘူး။ ဘတ်စ်ကားစတောင်မှ ဘယ်မှတ်တိုင်စီးစီး ငါးကျပ်ပဲ ပေးရသေးတဲ့ခေတ်၊ ကားတွေကလည်း ခုလို ဘယ်စီးစီးနှစ်ရာ၊ တွန်းချ၊ ဆွဲတင်၊ အလုအယက်၊ ကျော်တက်စွမောင်း မဖြစ်သေးဘူး၊ လူတွေကလည်း အယုတ္တ၊ အနတ္တ၊ ဖရုသဝါစာတွေ၊ သမ္ဖပ္ပလာပဝါစာတွေ မရိုင်းပျသေးဘူး။ စိတ်အဆင့်အတန်း သိပ်အောက်မကျသေးဘူး၊ ငါးပါးသီလထဲမှာ လေးပါးလောက် လုံခြုံနေတုန်းရယ်၊ ခုလို တစ်ပါးမကျန် ယိုယွင်းပျက်စီးနေတဲ့ခေတ်မဟုတ်ဘူး။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား(ခါတစ်ရံ အစိမ်းလိုက်တောင်ဝါးစားပစ်တဲ့ ဇုတ်ပြိတ္တာ၊ တစ္ဆေသရဲတွေက လူယောင်ဆောင်ပြီး မြို့ထဲ၊ ရပ်ကွက်ထဲ သိပ်လမ်းမသလားကြသေးဘူး)၊ ဘာရယ် မဟုတ်ပါဘူး၊ စကားကြုံတုန်း လေပုကြုံစီးလိုက်တဲ့သဘောပါ။

◆

ပြန်ပြောရရင် ခု ဒီအဖြစ်အပျက်က အဲသည့်ရပ်ကွက်၊ အဲသည့် လမ်းထဲ ပြောင်းရွှေ့လာပြီး ကြုံတွေ့ရတဲ့အဖြစ်ပါပဲ။ သူတို့ပြောင်းလာတဲ့ ရပ်ကွက်က စက်မှုချည်မျှင်ရပ်ကွက်ပါ၊ အဘိုးကြီး၊ အဘွားကြီး အငြိမ်းစားလင်မယားရဲ့ နံဘေး မြေပိုမြေလွှတ်တစ်ခြမ်းကို ဖဲ့ဝယ်လိုက်တာပါ။ သူတို့ ရောက်စတုန်းက ခုလိုမျိုး လမ်းမကြီး လမ်းမသွယ်တွေက ကွန်ကရစ်ခင်းလမ်းတွေ ဘယ်ဟုတ်ရဦးမှာလဲ၊ မြို့သစ်တွေတည်ခါစ၊ အကွက်ရိုက်ပြီး နေခါစဆိုတော့ မြို့သစ်တွေရဲ့ထုံးစံအတိုင်း လမ်းမတွေက ဂဝံတစ်ဝက်၊ မြေသားတစ်ဝက်၊ ဒူးလောက်နက်တဲ့ ချိုင့်ခွက်ကျင်းတွေ၊ ချိုင့်တွေရယ်၊ လမ်းသွယ်တွေဆို ပိုဆိုးပေါ့၊ သူတို့က လမ်းမကြီးနဲ့ ကပ်လျက် လမ်းသွယ်ထဲမှာ ဖဲ့ခြမ်းပြီး ဝယ်လိုက်တာပါ။ ဟိုကဆွဲ၊ ဒီကဈေးနဲ့ တောသစ်တွေနဲ့ မော်လမြိုင်အိမ်ပုံစံလေး ဆောက်တာပါ၊ မိသားစုတွေ နေဖြစ်ရုံပေါ့လေ။

နောက်မှ သူတို့သိရတာက ဒီနေရာ၊ ဒီဝန်းကျင် ရပ်ကွက်တွေဟာ ရှေးက ထားဝယ်ချောင်ရွာကြီးတဲ့၊ သူ ကြားတော့ ကြားဖူးနေပါတယ်၊ ဘာလို့ဆို သူက တောင်ဥက္ကလာပချက်မြှုပ်ဆိုတော့ ငမိုးရိပ်ချောင်းမကြီးပါ



www.burmeseclassic.com

www.burmeseclassic.com

ခြားတဲ့ တိုးကြောင်ကြီး၊ တိုးကြောင်ကလေးတို့ သိမ်ချောင်းတို့၊ ထားဝယ်ချောင်တို့ဆိုတာ အကြားနဲ့ယဉ်ပါးနေပေမယ့် ရေးကာ လယ်ကွင်းတွေ၊ သစ်ပင်ကြီးတွေ၊ ဝါးရုံတောတွေ၊ အုပ်ဆိုင်းနေတဲ့ ရွာကြီးတွေဆိုတော့ သိပ်အကူးအသန်းမရှိကြဘူး၊ မိတ်ဆွေအပေါင်းအသင်းကလည်း ရှိမှမရှိပဲကိုး။ အဲ ... တိုးကြောင်ကလေးရွာဆိုတာတောင် အဲသည်တုန်းက ကျောင်းပြေးပြီး သယံန်းကျွန်းငိုးရိပ်ဘုတာကနေ ရထားစီးစီး၊ ငှက်လျှောက်ပစ်ဖူးလို့ တစ်ခါနှစ်ခါလားပဲ ရောက်ဖူးတာ၊ လူပျိုပေါက် ကျောင်းသားဘဝပေါ့။

နောက် - သူလူပျိုပေါက်အရွယ်၊ ရှစ်တန်းနှစ်မှာ သစ်ဆန်းတို့၊ ပြည်သူ့ဇလင်တို့၊ တံခွန်တို့၊ ယုဝတီ၊ တိုင်းရင်းမေ အစရှိတဲ့ ဂျာနယ်၊ တစောင်လေးတွေမှာ စာတိုကဗျာစလေးတွေ ရေးနေတော့ တိုးကြောင်ကြီးရွာကို သုံးလေးကြိမ်လား ရောက်ဖူးပါတယ်၊ အဲသည်တုန်းက တိုးကြောင်ကြီးဆိုတဲ့ရွာမှာ အစ်ကိုလို ခင်ရတဲ့ ကဗျာဆရာ မောင်နီပြည့်ကနေတော့ ထန်းရည်သွားသောက်ကြရင်း ရောက်ဖူးတာပါ၊ အဲသည်တုန်းက စ - ထင်ရှားနေတဲ့ တိုင်တစ်ရာကျောင်းကြီးက အဲသည်တုန်းက တောချုံမြက်ရိုင်းအတိရယ်၊

ကိုနီပြည့်က အဲဒီကျောင်းအနီးမှာ နေတာကိုး။ အဲဒီမှာ တိုးကြောင်ကြီးရွာနဲ့ ထားဝယ်ချောင်၊ ဗဒရွာ၊ စစ်ပင်ရွာတွေဆိုတာ ငိုးရိပ်ချောင်းမကြီးနဲ့ဘေး ရေးကတည်းက တည်ရှိနေတဲ့ ရွာကြီးတွေမှန်း သိရတာ၊ အဲသည်တုန်းက ကဗျာဆရာပေါက်စတွေဆိုတော့ ကဗျာအကြောင်းကလွဲလို့ စုလိုမျိုးဘာသာရေးတို့၊ ဂမ္ဘီရလောကီဝိဇ္ဇာရေလုပ်ငန်းတွေ၊ ဂန္ဓာရီတွေဆိုတာ ဘာသိမှာလဲ၊ ဘယ်လာစိတ်ဝင်စား နားလည်ဦးမှာလဲ၊ သံသရာတို့၊ ဆုတောင်းသစ္စာပန္နက်တို့ဆိုတာ ဝေလာဝေး၊ အဖြူလိုလို အနီလိုလို တောမရောက်၊ တောင်မရောက်၊ ထောင်မကြောက်၊ တန်းမကြောက်တွေရယ်၊ ဖြစ်ချင်တာဖြစ် မောင်ဘချစ်ပဲ၊ ကိုယ့်ရဲ့ရင်ဘတ်အပြင် ကိုယ့်နောက်ကျောက အရိပ်ကိုမှ ကိုယ်ပြန်ပြီး မကြည့်တတ်သေးဘူးရယ်၊ သူ့အသက်သုံးဆယ်ဝန်းကျင်လောက်မှာမှ ဘဝတစ်လျှောက်ကြုံတွေ့လာခဲ့ရတဲ့ အဖြစ်တွေကို ဂမ္ဘီရဆန်မှန်း တဖြည်းဖြည်း ရိပ်စားနားလည်လာခဲ့တာ၊

ထားဝယ်ချောင်ရွာကြီးကနေ ဒဂုံမြို့သစ်မြောက်ပိုင်းဖြစ်သွားတဲ့ ဒီရပ်ကွက်၊ ဒီလမ်းထဲ ပြောင်းရွှေ့ရောက်ရှိလာချိန်မှာ သူက ဒါတွေ စိတ်ဝင်စားစပြုနေပြီ၊ ဟိုဘုရား၊ ဒီစေတီမှာ အဓိဋ္ဌာန်တွေဝင်၊ ပုတီးတွေစိပ်၊ ဂါထာမန္တန်တွေရွတ်စပြုနေပြီ၊ ဒီရွာကြီးကလည်း ဘယ်လောက် ရှေးထဲက ဂမ္ဘီရဆန်တဲ့ လျှို့ဝှက်နက်နဲမှုတွေ ရှိနေသလဲဆိုတာ တချို့ရပ်ကွက်ထဲက ရွာခံတွေကဆိုရိုးစကားပြောပြတယ်၊ အဲဒါက ချောင်သုံးချောင်ရှောင်၊ အိုတောင်မဆင်းရဲဘူးဆိုတဲ့ စကားပဲ၊ ဘာပြုလို့လဲဆိုတော့ ရှေးရွာကြီးတွေဖြစ်သလို ကွင်းတွေ၊ လယ်တွေကကြမ်းသလိုအစောင့်အရှောက်တွေပေါများတယ်၊ နောက်ဘုမ္မိယသိုက်တွေကလည်း ပေါမှပေါသလို့၊ အမှားအယွင်း အတိမ်းအစောင်းလည်း မခံကြလို့ နာမည်ကျော်သိုက်ဆရာတွေတောင် ချောင်သုံးချောင်လို့ သမုတ်ခဲ့ကြ၊ ရှေးကြတဲ့ နေရာလို့ ဆိုကြတာ၊

စုချိန်ထိလည်း သူတို့နေတဲ့ ရပ်ကွက်နဲ့ ကပ်လျက် ထွန်းပြန်ကုန်းဆိုတဲ့ ဘုရားကုန်းကြီးကလည်း အထင်ကရ၊ မြက်ရိုင်းဆူးချုံတွေနဲ့ အထင်ကရရယ်၊ အဲသည်တုန်းက စုလို ထင်ရှားပွင့်လင်းပွင့်တဲ့ သာသနိက အဆောက်အဦတွေ၊ စေတီဘုရား၊ သိမ်တွေ ဘယ်ရှိဦးမှာလဲ၊ စုချိန်ထိတောင် ဂမ္ဘီရဆန်တဲ့ အဖြစ်အပျက်တွေ ကိုယ်တိုင်ကြုံတွေ့ဖူးသူတွေ ရှိနေကြတုန်းရယ်၊ သူက ဒါတွေကို အကြောင်းမဲ့ လျှာစလုတ်တိုက်ပြီး ပြောပြနေတာ မဟုတ်ပါဘူး။ သံသရာရဲ့ကိစ္စရယ်၊ လောကကြီးမှာ သူတို့ဉာဏ်မမီတဲ့ မသိမမြင်နိုင်တဲ့ ဆန်းကြယ်နက်ရှိုင်းတဲ့ ဂမ္ဘီရအဖြစ်တွေက ရှေးကနေ စုထိတည်ရှိနေတာကို ပြောပြချင်လို့ပါ၊ တချို့က ကိုယ်တွေ့မှ ယုံချင်ကြတာကိုး။

စုပြောမယ့် ခါးပတ်ကြီး အကြောင်းလည်း သိပ်ဂမ္ဘီရဆန်တယ်၊ ထူးဆန်းတယ်၊

သူ ... ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့အဖြစ်၊

စုန ပြောခဲ့သလိုပဲ၊ သူတို့ဖွဲ့ခြမ်းပြီး ဝယ်လိုက်တဲ့ခြံက အဘိုးကြီး လင်မယားရယ်၊ မြေးနှစ်ယောက်ရယ် နေကြတာပါ၊ ဖိုးကံနဲ့ မိပိုင်းတဲ့၊ အဘိုးကြီးလင်မယားက ဟိုတုန်းက ချည်မျှင်အထည်စက်က ဝန်ထမ်းပါ၊ အငြိမ်းစားတွေဆိုတော့ နှစ်ထပ်အိမ်ဆောက်ပြီး လူအေးကြီးတွေပီပီ မသေခင် လှူဒါန်းရအောင်လို့ မြေပိုလေးကို ဖဲ့ရောင်းတာပါ၊ အဲ ... အဘွားကြီးက ကြောင်တွေ ခွေးတွေကို ချစ်တတ်သလို သူ့ခြံထဲမှာ မွေးထားလေရဲ့၊ ကြောင့်က သုံးကောင်၊ ခွေးက တစ်ကောင်ပါ၊ ခွေးကြီးရဲ့နာမည်က ကျားကြီးတဲ့၊

◆





www.burmeseclassic.com

www.burmeseclassic.com

ပညတ်သွားရာ ဓာတ်သက်ပါတယ်ပဲ ပြောမလား၊ ခွေးကြီးရဲ့ မူလဗီဇကပဲ ဆိုးလို့လား မသိဘူး၊ သူတို့ပြောင်းလာပြီးမှ သိရတာက ကျားကြီးဆိုတဲ့ ခွေး အကိုက်မခံရဘူးတဲ့ သူဆိုတော့ ရပ်ကွက်ထဲ၊ လမ်းထဲ ကလေးက အစ လူကြီးအဆုံး မလွတ်ဘူး ဆိုတာပဲ၊ သူတို့မိသားစုကိုလည်း လူသစ်တွေဆိုတော့ နံဘေးနားက အိမ်တွေက သတိပေးကြတာပေါ့လေ၊ တချို့ကလည်း အဘွားကြီးက ကျားကြီးငယ်ငယ်ထဲက ကျားရိုးတိုက်ပြီး မွေးခဲ့တာလို့တော့ တီတိုးပြောကြတယ်၊

ဟုတ်မဟုတ်တော့ သူလည်း မသိပါဘူး၊ အဘွားကြီးလင်မယားက အိမ်ရှေ့သစ်သားခြံတံခါးပေါက်လေးကို အမြဲစေ့ပိတ်ထားပေမယ့် ခွေးဆိုတာ ထွက်ချင်တဲ့အပေါက်က ထွက်တာပဲ၊ လစ်ရင် လစ်သလို လမ်းထဲ ဖြတ်သွားဖြတ်လာတွေကို လိုက်ဆွဲတာပဲ၊ သူတို့မိသားစုမှာ မိဘနှစ်ပါးနဲ့ တူ၊ တူမတွေရှိတော့ ကျားကြီးကို သတိထားဖို့ အမြဲသတိပေးရတယ်၊ အိမ်ချင်းက တစ်ခြံထဲ၊ အလယ်မှာ စည်းရိုးမရှိတော့ ကျားကြီးက ဒီဘက်အိမ်လည်း လာတာပဲ၊ အဲ ... ထူးဆန်းတာက တစ်အိမ်ထဲ၊ တစ်ခြံထဲမို့လို့လား မသိဘူး၊ ကျား ကြီးက သူ့မိသားစုကိုတော့ အန္တရာယ်မပြုပါဘူး၊

ကျားကြီးရဲ့ အကျင့်ဆိုးက သူကိုက်ချင်ပြီဆို ဘာသံမှ မပေးဘဲ တိတ်တဆိတ် အနားကပ်ပြီး ဆွဲကိုက်လိုက်တာပဲ၊ အဲဒါကြောင့်လည်း ရပ်ကွက်ထဲက လူတွေ၊ လမ်းထဲက လူတွေ သူတို့ခြံရှေ့နား တော်ရုံတန်ရုံ မဖြတ်ရဲကြဘူး၊ တိစ္စရှိလို့ သာရေးနာရေးရှိလို့ ဖြတ်ရင်တောင် ကျားကြီးရဲ့ အခြေအနေကို အကဲခတ်၊ လက်က တုတ်၊ လက်နက် တစ်ခုခုပါမှ လမ်းထဲ ဖြတ်ရဲကြတယ်၊ လူတွေမပြောနဲ့ ရပ်ကွက်ထဲ ဗိုလ်ကျစိုးမိုးနေတဲ့ ခွေးလေခွေးလွင့် တစ်ကောင် တစ်မြီးမှတောင် သူတို့ လမ်းထဲဖြတ်မသွားရဲဘူး၊ အဲဒီခွေးတွေ ကျားကြီးနဲ့ မတော်တဆ တွေ့ကြုံရတောင် ဘယ်ခွေးမဆို အမြီးကုပ်၊ ဖင်သီပြီး တအီအီနဲ့ ဝေးရာပြေးရောပဲ၊ ခွေးခွေးချင်း နယ်လုရင်တောင် အဲဒီခွေး ဒဏ်ရာဝလပွ၊ သွေးသံရဲရဲနဲ့ အမြီးကုပ်ပြီး တန်းပြေးရော၊ ကျားကြီးကို ဒီရပ်ကွက်ထဲက ဘယ်ခွေးလေခွေးလွင့်တစ် ကောင်မှ မယှဉ်နိုင်ဘူးဆိုတာ ပြောတာပါ၊



နောက်တော့ သူတို့သိရတာက ကျားကြီးကြောင့် အဘွားကြီးလည်း အိုကြီးအိုမနဲ့ ရပ်ကွက်ရုံးအကြိမ်ကြိမ်သွားရ၊ ဆေးဖိုးဝါးခ၊ လက်သိပ်ထိုးပေးရနဲ့ မနည်းလှဘူးတဲ့၊ ဒါပေမဲ့ - အိမ်ရှင်အဘွားကြီး ဒေါ်မြက ကျားကြီးကို ငယ်ငယ်ထဲက သူ့ဇာတိ ဘုန်းကြီးကျောင်းကနေ နို့စို့ရွယ်လေး တောင်းယူခဲ့ပြီး တကယ့်သားသမီးလို တယုတယနဲ့ သွေးသားလို သားသမီးလို သံယောဇဉ်တွယ်ပြီး သိပ်ချစ်တာလို့ သိရတယ်၊

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ကျားကြီးရဲ့
နီညိုရောင်
အမွေးအမှင်တွေအကြားက
ခါးလောက်မှာ
လက်တစ်ဝါးခွာလောက်ကြီးမားတဲ့
အဖြူရောင်အမွေးမှင်ကြီးက
ခါးပတ်ကြီးလို ပတ်ပြီး ရှိနေတာပဲ။
ဆိုရရင် ...
ခါးပတ်လိုလို
ခလွယ်လိုလိုကြီးရယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ပဲ ပြဿနာတွေ အေးအောင် ကျားကြီးကိုဖမ်း ဂုန်နီအိတ်ထဲ ထည့်၊ သူ့မြေးဖိုးညက်ကိုယ်တိုင် ငွေကုန်ကြေးကျခံပြီး ဝေးလံတဲ့ရပ်ကွက်၊ ဘုန်းကြီးကျောင်း၊ ဘုရားတွေ အစါခါသွားပို့တာပဲ၊ ဒါပေမဲ့ - ထူးဆန်းတာက သွားပို့တဲ့သူက အိမ်ပြန်မရောက်သေးဘူး၊ ကျားကြီးက အိမ်ပြန်ရောက်နေပြီ၊ တွေးသာကြည့်ပေတော့၊ နောက်ဆုံး ကုန်ကုန်ပြောရရင် ကားတစ်တန်၊ ရထားတစ်စင်းနဲ့ အရမ်းဝေးပြီး ပြန်မလာဘူးထင်တဲ့ ရွာသာကြီးထိ ဂုန်နီအိတ်ထဲ ဖမ်းထည့်ပြီးသွားပို့ဖူးတယ်၊ နောက်တစ်ရက် အိမ်ပြန်ရောက်နေတာပဲ၊ ပဌာန်းဆက်ပဲလား၊ မမြင်ရတဲ့ အစွမ်းပဲလားတော့ ဘယ်သူမှ မသိကြဘူး၊ နောက်ဆုံး လက်လျှော့လိုက်ကြတယ်၊ ကျားကြီးကတော့ သူ့ဗီဇအတိုင်း လစ်ရင်လစ်သလို ကိုက်မြဲပဲ၊ အဲသည့်အချိန်မှာ ဒီခြံထဲ သူတို့မိသားစု ရောက်ခဲ့ရတာပဲ၊

တစ်ခုတော့ရှိတယ်၊

အဲဒါ သူက - ငယ်စဉ်ထဲက ဘာသာရေးဝါသနာထုံပြီး ပုတီးတွေစိပ်၊ အမိဌာန်တွေဝင်၊ သက်သတ်လွတ်တွေ ဘာတွေ စားနေသလို - ဟိုဘုရား၊ ဒီဘုရားကစလို့ ဟိုတော၊ ဒီတော စခန်းတွေ ခရီးတိုရှည်တွေသွားလာနေပြီ၊ တောတွေ၊ တောင်တွေထဲမှာ ကြုံတွေ့ခဲ့ရတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းတွေ၊ ဂမ္ဘီရဝတ္ထုတွေ ၊ စာတွေ ရေးနေပြီ၊ အဲဒီမှာ ထူးခြားချက်ကို သူ သတိပြုမိတယ် ၊ အဲဒါက သူ့မိသားစုရော၊ ရပ်ကွက်ထဲ၊ လမ်းထဲက လူတွေမသိတဲ့ ထူးခြားမှုပါ၊ အဲဒါက ကျားကြီးရဲ့နီညိုရောင်အမွေးအမှင်တွေအကြားက ခါးလောက်မှာ လက်တစ်ဝါးစာလောက် ကြီးမားတဲ့ အဖြူရောင် အမွေးမှင်ကြီးက ခါးပတ်ကြီးလို ပတ်ပြီး ရှိနေတာပဲ၊ ဆိုရရင် ခါးပတ်လိုလို စလွယ်လိုလိုကြီးရယ်၊ ဒါပေမဲ့ - အဲဒီ ထူးခြားမှုကို သူ မိသားစုကိုရော၊ ဘယ်သူ့ကိုမှ မပြောမပြပါဘူး၊ စကားတစ်ခွန်း ဆိုတာ ပြောလို့ ယုံကြည်ရင်ကောင်းတယ်၊ မယုံသလိုလို၊ မသင်္ကာသလိုလိုဆိုရင် ကိုယ့်ကို ဦးနှောက် ကျပ်မပြည့်သလို ထင်လာရင် ကိုယ်ပဲ စိတ်ဆင်းရဲရမယ်၊ လောကမှာ ဘယ်အရာမဆို သဘာဝသဘ္ဘာကမှသာကပဲ၊ စေတနာဆိုတာ လူတိုင်းနဲ့ထိုက်တန်တဲ့အရာမဟုတ်သလို အပြောမတတ်ရင်လည်း စေတနာကနေ ဝေဒနာဖြစ်ရတာတွေ သူက ဘဝမှာ ကြုံတွေ့ခဲ့ရတာများလို့ အရေခွံ ထူနေပြီ၊ အတ္တပရလောက



မှ အရေးမှာ သူမသိ၊ ကိုယ်မသိတွေကဒရကြွမ်းမို့ သူက လျှာကို ခေါက်သိမ်းထားတာကြာပြီ၊ ဘာပြုလို့လည်း ဆိုတော့ စကားတစ်ခွန်း ပြောရင် မျက်နှာပေါ်က အကြောပါပဲ၊

အကျိုးမဲ့ အရှည်းနီး အချိန်ကုန် ၊ လေကုန်မခံချင်တာလည်းပါတယ်၊ သူက အရပ်ပုပြတ်ပြတ်၊ တုတ်ထိုးအိုးပေါက်၊ တုံးတိသမား၊ မိတ္တဗလရှိကာတွေ၊ ပီမိုးနင်းကျမ်းတွေ အရည်ကျိုသောက်ထားတဲ့ သူမဟုတ်ဘူး၊ လိုရင်းပြောတယ်၊ မလိုရင်ဖယ်ထားတယ်၊ သဘောရော၊ ကျောရော၊ အပေါက်တွေ မှနေပြီ၊ ဆိုရရင် ထုံနေပြီ၊ ငယ်ငယ်ထဲက သူက - အနေအေး ခပ်ကုပ်ကုပ်ရယ်၊ သူနဲ့ ပတ်သက်ဆက်နွယ်တဲ့သူတွေကိုလည်း -

လူတွေက စက်တယ်၊ တွင်းမြင်တိုင်း၊ ရေကြည်မြင်တိုင်း၊ ကဏန်းတွင်းရှည်း မှတ်တယ်၊

ကဏန်းဆိုရင် ဖုတ်စားမယ်၊ ကင်စားမယ်ရှည်း၊ တွင်းမြင်တိုင်း ခွတ်မနှိုက်နဲ့၊ ကျွန်တော်က ကဏန်းတွင်း အမှတ်နဲ့ တွင်းမှားနှိုက်လို့ သေတဲ့ မသာတွေ အများကြီး တွေ့ဖူးတယ်၊ လောကမှာ တွင်းမှားနှိုက်ရင်လည်း သေတတ်တယ်၊ တချို့မြွေတွေက တွင်းထဲ ခွေနေတတ်တာ၊ သူက အဲသလို တုံးတိဆိုတတ်တဲ့သူ၊ စကားစပ်မိလို့ သူ့ထက် အသက်ထက်ဝက်ငယ်တဲ့ သူ့ချစ်ဇနီး တောသူနဲ့ အိမ်ထောင်ကျတော့မှ သူ့ကို စာရေးဆရာမှန်း သိရာတယ်၊ ဇနီးသည်က သူနဲ့ ခြံချင်း ကပ်လျက် သုံးလေးနှစ် နေလာခဲ့တဲ့ သူပါ၊

"ခစ် - ငယ်က ကိုကြီးကို ဒီအသက်ရွယ်ကြီးနဲ့ မိဘလုပ်စာ ပေါ်ကြော့ထိုင်စားပြီ၊ လက်ဖက်ရည်ဆိုင် ထွက်ထိုင်လိုက်၊ စာအုပ်တွေပဲ ထိုင်ဖတ်လိုက်နဲ့ ဘယ်လိုလူကြီးလည်း မသိဘူးလို့ ထင်နေခဲ့တာ... အဟင်း - သူက ငယ်စဉ်ထဲက မလိုရင် အပိုဘာမှ မလုပ်တဲ့သူ သူ - နှစ်ပေါင်းများစွာ စာပေရေးသားခြင်းတစ်ခုထဲနဲ့ မိဘနှစ်ပါးနဲ့ တူ၊ တူမတွေကို ထောက်ပံ့ရှာကျွေးနေခဲ့တာ သူနဲ့ သူ့မိသားစုပဲ သိတယ်၊ လမ်းထဲ၊ ရပ်ကွက်ထဲကတောင် သူ့ကို အလုပ်မရှိ၊ အကိုင်မရှိ၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လို့ ထင်နေကြရှာတယ်၊ ဘာရယ် မဟုတ်ပါဘူး၊ စကားစပ်မိရင် သူ့ရင်ဘတ်ကို နည်းနည်းဖွင့်ပြတဲ့ သဘောပါ၊ တွင်းတွေ့တိုင်း အာသာငမ်းငမ်းနဲ့ ကဏန်းရှိပြီထင်ပြီး ခွတ်မနှိုက်ဖို့ ပြောပြတာပါ၊



www.burmeseclassic.com

www.burmeseclassic.com

သူ - စုနပြောခဲ့သလို ဂမ္ဘီရသမားဆိုတော့ တောတောင်တွေနဲ့ မကင်းသူပေါ့လေ၊ သူက - ခရီးထွက်တာလည်း ဝါသနာပါတယ်၊ တောတွေ၊ တောင်တွေဆိုတာမြို့လို့ရပ်ကွက်လို့ မဟုတ်ဘူး၊ ဆန်းကြယ်တဲ့ပရလောက နာမ်လောကတွေ ဒုနဲ့ဒေး၊ အဲဒီလိုပဲ ဂမ္ဘီရဆန်လွန်းတဲ့ အသိရခက်ခဲတဲ့ ဖြစ်ရပ်တွေ ဆိုတာလည်းရေတွက်လို့ကိုမနိုင်ဘူး၊ သူနဲ့ တွေ့ကြုံဆုံစည်းဖူးတဲ့ ဂမ္ဘီရသမားတွေ၊ ဂန္ဓာရီပုဂ္ဂိုလ်တွေ ဆီကရော - ထူးခြားဆန်းကြယ်တဲ့ မမြင်နိုင်တဲ့ ဂမ္ဘီရစွမ်းအားတွေ စိမ့်ဝင်နေတဲ့ ပရလောက၊ နာမ်လောကနဲ့ ပတ်သက်တဲ့ ပစ္စည်းထူး၊ ပစ္စည်းဆန်းတွေ ဆိုတာလည်း သူမမြင်ဘူးတာ မရှိသလောက်ပဲ၊ သိဒ္ဓိဝင်၊ ဆင်မာန်စွယ်၊ ဝက်မာန်စွယ်၊ ကျောက်လက်ဝါး သစ်လက်ဝါးကစလို့ဂမုန်းဆန်းတွေ၊ သစ်ပျံ၊ ဝါးပျံ၊ သစ်ဖောက်၊ ဝါးဖောက်က စလို့ သစ်ဘီလူး၊ သစ်တံခါး၊ နွယ်ဝင်ကွင်းထိုး၊ သစ်ပင်၊ ကျောက်လိပ်၊ ကျောက်ဖား၊ ကျောက်နွား၊ ကျောက်ဘီလူး၊ ကျောက်ခလောက်၊ ကျောက်မောင်းတွေကအစ သူကိုယ်တိုင် တွေ့မြင်ဖူးတယ်၊

အဲသလိုပဲ အမြုတေ ပစ္စည်းဆန်းတွေနဲ့ ဝက်ခါးပတ်ဆိုတာလည်း နှစ်ခါလား ကြုံခဲ့ရဖူးတယ်၊ သူများပြောတာ မယုံလို့ တောထဲ မုဆိုးမဟုတ်ပါဘဲ ပုတီးတစ်ကုံးနဲ့ နှစ်ညအိပ် လိုက်ကြည့်ဖူးတယ်၊ စွမ်းတယ်ဆိုတာကို၊ တစ်ကယ်လည်း ခါးပတ်ကြီးက ဖွေးဖွေးဖြူနေတာကို၊ တစ်တောမှာ တစ်ကောင်ရှိခဲ့တယ်၊ ဘယ်မုဆိုးမှ ပစ်မရ၊ သတ်မရဘူး၊ ထောင်ချောက်မျိုးစုံ ဆင်ဖမ်းလည်း'မမိဘူး၊ ဝက်တောင်းကြီးပါ၊ သီးခြားတစ်ကောင်တည်း နေလေ့ရှိတယ်၊ သူ့မှုလဗီဇကိုက သဘာဝတရားကြီးရဲ့ မမြင်ရတဲ့ စွမ်းအင်ထူး ရှိတာ သေချာတယ်၊ ပစ်ရင် ကျည်အတယ်၊ မြားလွဲတယ်၊ အဲ့သလို ခါးပတ်ကြီးနဲ့၊ လောကမှာ ကိုယ့်ဉာဏ် တစ်ထွာတစ်မိုက်နဲ့ မသိမမြင်နိုင်တဲ့ ဂမ္ဘီရဖြစ်ရပ်တွေ ပြောတာပါ၊ ဆိုရရင် ဝက်မှာတောင် ဝက်ခါးပတ်ရှိရင် သေချာတာက ကျားကြီးဟာ ခွေးခါးပတ်ကြီးပဲ၊ သူပြောရင် ဘယ်သူကမှ ယုံမှာမဟုတ်ဘူး၊ ဒါပေမဲ့ လက်တွေ့အဲသည့်အကြောင်း ရ ပြောပြတော့မှာ သူက ခွေးအိပ်စပတ်တော့ မဟုတ်ဘူး၊

♦



ဒါပေမဲ့ ခွေးသန်လျက်ကိုတော့ ကိုယ့်တိုင်ကြုံဖူးတယ်၊ သန်လျက်လျှာလို့လည်း ခေါ်ကြတယ်၊ အဲဒါက ခွေးဆိုတာမျိုးက လျှာရှားလုံးဝန်းတယ်၊ ကိုယ့်အိမ်မှာ မွေးတဲ့ခွေးများ အခြားခွေးတွေနဲ့မတူဘဲလျှာက သုံးမြှောင့်သဏ္ဍာန် ချွန်ပြီး ပါလာတယ်ဆို သန်လျက်လျှာပဲ၊ ခွေးသန်လျက်ပဲ၊ အဲဒီလိုမျိုး ခွေးကလည်း တစ်ထောင်မှာ တစ်သောင်းပါခဲတယ်၊ တောလိုက်သမားတွေ၊ တောနဲ့မကင်းတဲ့မုဆိုးတွေ သိပ်လိုချင်တယ်၊ တချို့ ဈေးကြီးပေးပြီးဝယ်တောင်ဝယ်တယ်၊ ဘာပြုလို့လည်းဆိုတော့တောကောင်ခွေးမို့ပဲ၊ တောကောင်းတယ်ဆိုတာက ချေ၊ သမင်ကစလို့ ယုန်၊ ဖွတ်၊ ပုတက်၊ တောကြောင်က စလို့ အဲဒီသန်လျက်လျှာနဲ့တွေ့ရင် မလွတ်ဘူး၊ သတ္တိရှိတယ်၊ ရဲရင့်တယ်၊ ပါးရည်နပ်ရည်ရှိတယ်၊ တာဝန်သိတယ်၊ ဆိုရရင် တောလိုက်ကောင်း အမဲလိုက်ကောင်းတဲ့ခွေး၊ အခြားသင်ပေးထားတဲ့ အိမ်ခွေး တောလိုက်ခွေးထက် အဆတစ်ရာသာတယ်၊ တချို့မုဆိုးတွေဆို ဖြင်ထောင်နဲ့တောင် သိပ်ကြတယ်၊ အဲသလောက် စွမ်းတဲ့ခွေး၊ မယုံမရှိနဲ့၊ ကာယသိဒ္ဓိပြီးတယ်၊ တော်ရုံတန်ရုံ ရိုက်နက်လို့ ဘာမှမဖြစ်ဘူး၊ တောကြီး မြွေဟောက်လိုကောင်နဲ့ တွေ့ရင်တောင် တစ်ချက်နှစ်ချက် ခဲပြီး ခါပစ်လိုက်တာပဲ၊ ကိုယ်တွေ့ပါ၊ ခု...ကျားကြီးကလည်း အဲသလိုခွေးမျိုး၊

ဘာဖြစ်လို့လည်းဆိုတော့ ကျားကြီးရဲ့သတင်းက ရပ်ကွက်ထဲ လမ်းထဲ ရောဝန်းကျင်တစ်ဝိုက်ပါဒီလောက်သတင်းကြီးနေတာ၊ ကျားကြီးရဲ့ကိုက်ခဲမှု၊ ဆိုးသွမ်းမှုကို အကြိမ်ကြိမ်ခံစားနေရတဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက ဘယ်ငြိမ်နေလိမ့်မတုံး၊ ကျားကြီးကို နည်းမျိုးစုံနဲ့ တုတ်၊ ဓား၊ လက်နက်မျိုးစုံနဲ့ အမျိုးမျိုးကြံစည်တယ်၊ ထိုးနက်ရိုက်နက်တယ်၊ ဒါပေမဲ့ - ကျားကြီးက မဖြုံရေးချ မဖြုံထဲကပဲ၊ နောက်ဆုံး လမ်းထဲက ရပ်ကွက်ထဲက လက်လျှော့ထားလိုက်ရတဲ့အဖြစ်၊ အဲဒါ သူတို့ မရောက်ခင်ကရော၊ ရောက်ပြီးမှရော အဖြစ်တွေပါ၊ ကျားကြီးကိုခွေးသရဲ၊ ခွေးဘီလူးလို့ကင်ပွန်းတပ်ထားကြတာ၊ လစ်ရင် လစ်သလို တွယ်မယ်သူတွေချည်းပဲ၊

အဲသည့်နေ့က သူမြို့ထဲသွားပြီး စာမူအပ်တာ၊ ညနေမှောင်ရီပျိုးစ၊ သူပြန်လာချိန်မှာ ထူးခြားတာက သူ့အိမ်ရှေ့နဲ့ ခြံနားတစ်ဝိုက်၊ ရပ်ကွက်ထဲက လူငယ်လူရွယ်တချို့ရစ်သီရစ်ဝဲနဲ့ ကျားကြီးရှိရာခြံဘက် စောင့်ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com

တာပဲ၊ အိမ်ပေါ်ရောက်မှ သူသိရတာက နေ့လယ်က ကျားကြီးက ဟိုဘက် နောက်လမ်းမှာနေတဲ့အပျိုပေါက်ကောင်မလေးမြရွှေဖြတ်အသွားမှာနောက် ကနေ အသံတိတ် ထွက်ဆွဲတာဆိုပဲ၊ ဒဏ်ရာကကြီးတယ်၊ အဘွားကြီးက မျက်ကလဲ ဆန်ပျာ ခယတောင်းပန်ပြီး ဆေးဖိုးပေးတာတောင် မယူဘူး။ ခါးခါးသီးသီးပဲ၊ မိဘမောင်ဘွားတွေက ဘယ်အခဲကြေ ကျေနပ်နိုင်ပါ့မလဲ၊ ရုံးတွေ၊ လူကြီးတွေလည်း မတိုင်ဘူး၊ သူတို့စကားအရ ကျားကြီးကို အပြတ် ရှင်းဖို့ပဲ၊ သူ သက်ပြင်းချမိတယ်၊ ဘယ်တတ်နိုင်မလဲ၊ သတ္တဝါတစ်ခုကံတစ်ခု ပဲ၊ ဘယ်သတ္တဝါမဆို ကိုယ်ပြုလုပ်တဲ့အလုပ် ကိုယ်ပဲတာဝန်ယူရတာမဟုတ် လား၊ ကိုယ့်ကြမ္မာ ကိုယ်တိုင်ဖန်တီးသူတွေချည်း၊

ထူးတာက အဲသည့်နေ့ကစပြီး ခွေးအကိုက်ခံရတဲ့ကောင်မလေးရဲ့မိဘ၊ မောင်ဘွားတွေ၊ ရပ်ကွက်ထဲက ပတ်သက်ရာ လူငယ်အချို့ သူ့ ခြံရှေ့နားနဲ့ တစ်ဖက်ခြံထောင့်မှာ နေ့ရောညပါ ရစ်သီရစ်ဝဲ လက်နက်မျိုးစုံနဲ့ ကျားကြီးကို တစ်ပြန်တစ်လှည့် ကျားချောင်း ချောင်းနေကြတာပဲ၊ သူက ဘာတတ်နိုင်မှာ လည်း၊ ငယ်စဉ် ခွေးပေါက်စဘဝထဲက ဘုန်းကြီးကျောင်းကနေ တကူးတက ယူလာပြီး ပိုးမွေးသလို မွေးခဲ့တဲ့ အဘွားကြီးကိုယ်တိုင် ကျားကြီးကို ကမ္ဘ သကာလုပ်ပြီကိုး၊ အဲ...ညနေဆိုရင် လူငယ်လူရွယ်တွေ သူတို့ခြံနား ရောက် လာကြတော့တာပဲ၊ ကျားကြီးကလည်း သဘာဝအသိထူးနဲ့ ချွတ်ခနဲ မြင် ရိပ်ခနဲ တွေ့တာနဲ့ ကိုယ်ရောင်ဖျောက်လိုက်တာပဲ၊ အဲဒါနဲ့ တစ်ပတ်လောက် ကြာသွားရဲ့၊ သူကလည်း တပေတိုက်ကိစ္စ၊ စာမူကိစ္စတွေနဲ့ မြို့ထဲ ရက်ခြား လောက်ထွက်နေရတော့ ညနေ အိမ်ပြန်ရောက်တိုင်း ကျားကြီးနဲ့ ကျား ချောင်းတဲ့လူတွေရဲ့သတင်း၊ နားစွင့်မေးမြန်းနေရတယ်၊ သူက ကျားကြီးတို့ ဇာတ်လမ်းကို ဂမ္ဘီရစာရေးဆရာပီပီ စိတ်ဝင်စားနေမိတာကိုး၊ ဘာမှ မထူးခြားပါဘူး၊ နောက်ဆယ့်လေးငါးရက်လောက်ကြာတော့ သူလည်း ကျားကြီးကိုရော ကျားချောင်း ချောင်းနေကြတဲ့ လမ်းထဲက၊ ရပ်ကွက် ထဲက လူတွေကိုရော မေ့သွားတယ်၊ သူ့အလုပ်နဲ့သူမှ မအားပဲကိုး၊ လူ တွေရဲ့ဒေါသတွေ၊ ခံပြင်းနာကြည်းမှုတွေ၊ မကျေမနပ်စိတ်တွေ လျော့ပါး သွားပြီထင်တာကိုး၊ ကျားကြီးကိုလည်း ရိပ်ခနဲရိပ်ခနဲ မြင်နေရတာကိုး၊ အဲ - သိပ်မကြာပါဘူး၊



ကျားကြီးရဲ့အရိပ်အယောင်ပျောက်သွားတယ်၊ ဒါကလည်း အဘွားကြီး က တကြော်ကြော်ခေါ်၊ မျက်ရည်စမ်းစမ်းနဲ့ လိုက်ရှာတော့မှ သူလည်း သတိ ထားမိသွားတာပါ၊ ကျားကြီးတစ်ကောင် အဲသည့်နေ့ကစလို့ခြံကိုပြန်မလာ တော့ဘူး၊ ကျားကြီး ဘယ်တော၊ ဘယ်တောင် ရောက်သွားမှန်း ဘယ်သူမှ တိတိကျကျ မသိကြဘူး၊ ထင်ကြေးတွေကတော့ အမျိုးမျိုးပေါ့လေ၊ တချို့ ကလည်း ဒီတစ်ခါတော့ ကျားကြီး သူ့ကို ကျားချောင်း၊ ငါးရှဉ့်ချောင်း၊ ကြွက် ချောင်း ချောင်းနေကြတဲ့ သူတွေရဲ့လက်က မဟာန်မှန်းသိလို့ ရပ်စွန့်ရွာစွန့် ထွက်ပြေးသွားပြီလားပေါ့လေ၊ ဆိုချင်တာက အဲသည့်ရက်ကစလို့ ဘာ သတင်း ဘာအနံ့မှ မရဘဲ ကျားကြီး ခေါင်းရင်းခြံကနေ ပျောက်ချင်းမလှ ပျောက်သွားခဲ့တာပဲ၊ နောက်တော့ တဖြည်းဖြည်းနဲ့ သူလည်း ကျားကြီးကို မေ့ပျောက်သွားတယ်၊ တခြားသူတွေလိုပေါ့၊

အဲ..ကျားကြီး လမ်းထဲကနေ ပျောက်ခြင်းမလှ အရိပ်အခြည်မတွေ့ ပျောက်သွားပြီး တစ်လကျော်လောက်အကြာမှ သူလက်ဖက်ရည်ဆိုင်မှာ မမျှော်လင့်ဘဲ မျက်မှန်းတန်းမိနေတဲ့ အနောက်ဘက်လမ်းထဲက လူငယ် တစ်ယောက်နဲ့အတူ ထိုင်ဖြစ်ပါတယ်၊ ကောင်လေးရဲ့နာမည်က မြင့်ဇော်ပါ၊ အဲသည့်လူငယ်လေးက အရင်က ကျားကြီးကိုညတိုင်းလာချောင်းတဲ့လူငယ် တွေထဲမှာသူလည်းပါတဲ့သူ၊ အဲသည်မှာမမျှော်လင့်ဘဲသူ့အမှတ်မထင်သတိ ရလိုက်ပြီး ကျားကြီး ပျောက်ခြင်းမလှ ပျောက်သွားတာကို စကားစပ်မိတယ်၊ အဲဒီတော့မှ မြင့်ဇော်က မျက်လုံးပြူး၊ မျက်ဆံပြူးပြီး အထိတ်တလန့်ပုံစံ၊ လေ သံတိုးတိုးလေးနဲ့...

"ဟာ၊ အဲဒီ အကြောင်းပဲတော့ မပြောပါနဲ့ - အစ်ကိုရာ၊ ကျွန်တော်ဖြင့် စုထိ၊ပြန်တွေးမိတိုင်း သွေးပျက်မတတ် လန့်နေတုန်းပဲ၊ အစ်ကိုသိတဲ့အတိုင်း ကျွန်တော်တို့လည်း ဒီကောင်ကြီးနဲ့ ပတ်သက်လို့ ခံရတာ၊ ဒုက္ခရောက်ရ တာ များနေလို့ ဒီကောင်ကိုညတိုင်း အခဲမကြေဘဲ အိပ်ရေးပျက်ခံ၊ ခြင်ကိုက် ဖြုတ်ကိုက်ခံပြီး နည်းမျိုးစုံနဲ့ ကျားချောင်းချောင်းတာ၊ နောက်ဆုံး ကျွန်တော် တို့ လမ်းထဲက ခွေးမတစ်ကောင်ဆီ ရစ်သီရစ်သီ လာလုပ်နေတုန်း အမိဖမ်း လိုက်တာ မီတော့ အရင်ဆုံး မအော်အောင်၊ မကိုက်အောင် ပါးစပ်ကို လျှော်ကြိုးနဲ့ တုပ်ပြီးမှ ဆန်အိတ်ထဲထည့်၊ ရဲစခန်းဘေးက ထွန်ပြန်ကုန်း ကွင်းကြီးထဲ၊ ခေါ်သွား ထမ်းသွားတာ၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်အပါအဝင်မောင်ကြီးရယ်၊ရဲလေးရယ်၊တရုတ်မနဲ့ ကိုတာတီး လည်း ပါတယ်၊ အဲဒီညက - ကျွန်တော်တို့လည်း မူးနေကြတာ၊ ဘာပြော ကောင်းမလဲ၊ ထွန်ပြန်ကုန်း ကွင်းစပ်မှာ သူ့ ကို အိတ်ထဲကထုတ်၊ ပါလာတဲ့ အုတ်ခဲတွေနဲ့ ဝါးဆစ်ပိတ်နဲ့ ရိုက်တာ ထုတာ၊ အံ့ဩစရာကြီးဗျာ၊ ကျွန်တော် တို့က တစ်ယောက်တစ်လဲ ထုလိုက်၊သူက ကုန်းရုန်းထလိုက်နဲ့ ဗာဇွေသရဲ တွေ ကွင်းပိုင်တွေစီးနေသလားမှတ်ရတယ်၊ဒီလောက်ဒဏ်ရာအလိမ်းလိမ်း သွေးသံတရဲရဲနဲ့ ဖြစ်နေတာတောင် မသေဘူး၊ ကုန်းထနေတုန်းပဲ - ကျွန် တော်ဖြင့် သွေးတောင် ပျက်တယ်၊ မကြုံဖူးဘူး၊ ကိုတာတီးဆို ခွေးသတ်၊ ခွေးဖျက်နေကျ သူတောင် လက်တွန့်ပြီး အံ့ဩတယ်၊ တစ်ချက် ဂိန်ခနဲ မအော်ဘဲ ထချည်း ပြေးနေလို့ နောက်ဆုံး ကိုတာတီးပေးတဲ့ အကြံနဲ့မှ သင်း တစ်ချီတည်း ပွဲသိမ်းသွားတာ၊ လသာသာ ကွင်းထဲမှာ တကယ့်ကို မျက်လုံးကြီးက စိမ်းပြာပြီး အပမှီနေသလိုလို၊ ကွင်းစီးနေသလိုလို ဘီလူး သဘက်ကြီး လိုပဲဗျာ"

"တာတီးက ဘယ်လိုအကြံပေးလို့လဲ"

"ကိုတာတီးကတိုက်တိုက်ဆိုင်ဆိုင် သူ့အမေကလည်းမီးဖွားနေတုန်းမို့ သူ့အိမ်က မီးနေသည် သုံးတဲ့ ထမီဟောင်းတစ်ထည်ကို သူကိုယ်တိုင် ပြန် ပြေးယူပြီး အဲဒီ ထမီးကြီးနဲ့ ကျားကြီးကိုအုပ်၊ သင်းရဲ့ငယ်ပါကို ကြားဖူး နားဝရှိတဲ့အတိုင်း အုတ်နီခဲနဲ့ ထုမှပဲ၊ သင်း -ငြိမ်ကျသွားတာ၊ ကျွန်တော် တို့ အုပ်စု မူးလည်းမူး၊ ရွှေးတွေကလည်းပြန်၊ ကြောက်ကလည်း ကြောက်၊ ခု ပြောနေတုန်း မျက်လုံးထဲ သွေးပျက်စရာ ပြန်တောင်မြင်မိတယ်၊ တစ်သက်မှာ တစ်ခါပဲ ကြုံဖူးတယ်၊ အဲဒါ အမှန်ပဲ မယုံမရှိနဲ့ အစ်ကို၊ နောက်မှ ဒီထွန်ပြန်ကုန်းကွင်းစပ် ချောင်းနံဘေး ခနီတောစပ်မှာနေတဲ့ အသက်ရှစ်ဆယ်ကျော်တဲ့ ဘကြီး သာချော့က ပြောပြတယ်၊ သူလည်း ငယ်ငယ်က ကြုံဖူးတယ်တဲ့၊ ခွေးထဲမှာ ခါးပတ်ပါတဲ့ ခွေးဆိုရင် သတိ ထားတဲ့၊ ဘယ်လို သတ်သတ် မသေဘူးတဲ့၊ မွေးရာပါ အစွမ်းသတ္တိထူး တွေ ရှိတယ်၊ ပြီးတော့ ကျားကြီးက ခွေးခါးပတ်ကြီးဗျ... အစ်ကိုရ"

➡ ရှေ့ဘာနီးကိ

# ထူးဆန်းသောခွက်ပေါက်ဆီ

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသောခွက်ပေါက်ဆီ

အောင်သာကျော်

အုတ်ဖိုရွာ မြသိန်းတန်ကျောင်းမြောက်ဘက် လယ်ကွင်းထဲတွင် သုသာန်ရှိသည်၊ သုသာန်ထဲတွင် သာလာယံဇရပ်တစ်ဆောင်ရှိပြီး ကြို့ပင်၊ ပေါက်ပင်နှင့် ကုက္ကိုပင်များ အုံ့ဆိုင်းမှုန်မှိုင်းနေသဖြင့် ချောက်ချားစရာကောင်းလွန်းနေသည်၊ လူသူကင်းမဲ့လှသည့် နေရာဖြစ်နေသဖြင့် ညအခါမဆိုထားဘိ၊ နေ့ခင်းကြောင်တောင်ကြီးမှပင်လာ၀့်၊ ဖြတ်သန်းသွားဝံ့သူမရှိလောက်အောင် ဖြစ်နေခဲ့သည်၊ ပတ်ဝန်းကျင်ရှိ အုတ်ဖိုရွာ၊ ဘုံရှည်ကုန်းရွာတို့တွင် နေထိုင်သူအားလုံး သိနေမိကြသည်က တစ္ဆေခြောက်လွန်းလှသည့်ကွင်း တစ်ကွင်းဟုပင် အဆိုရှိသည်၊

ကျွန်ုပ်သိချင်နေမိသည်က ပရလောကသား တစ္ဆေတကယ် ရှိမရှိဟူသည့် အချက်ဖြစ်နေရာ အဖော်ကောင်းရှာ၍ ကွင်းဆင်းလေ့လာချင် စိတ်ပြင်းပြလို့ နေခဲ့သည်၊ ကျွန်ုပ်ဆန္ဒ မကြာမီပြည့်ဝတော့မည်ဆိုသည်ကို မနက်က သိခွင့်ရလိုက်သည်၊ ကျွန်ုပ် သူငယ်ချင်းအေးဆောင်က ...

"ဟေ့ကောင် - ထွန်းညို - ရွာထိပ်က အဘကျော်မြင့်အိမ်မှာ ယောနယ်က ဆင်းလာတဲ့ ဆရာကြီး မဟိန္ဒဆိုတာ ရောက်နေတယ်၊ သုသာန်မြောက်ဘက် မှာရှိတဲ့ ကွင်းထဲက ချောင်ပင်ကြီးအနားမှာ ခွက်ပေါက်ဆီမန်း စီရင်ဖို့ သွားကြမလို့တဲ့..."

ဟု ပတ်ဝန်းကျင်ကို ဟိုကြည့် သည်ကြည့် အကဲခတ်ရင်းက တိုးတိုးလေး ပြောသည်၊ အေးဆောင် စကားဆုံးသည်နှင့် ကျွန်ုပ်သုတ်ခြေတင်ကာ ရွာထိပ်က အဘကျော်မြင့်အိမ်သို့ သွားဖြစ်တော့သည်၊ ထိုအချိန်တွင် -

အဘကျော်မြင့် ပက်လက်ကုလားထိုင်ပေါ်မှထကာ

"လာလာ - မောင်ထွန်းညို မင်းကတော့ သရဲအကြောင်း ဇောဇောမေးတယ်၊ အဘကလည်း ကိုယ်တွေ့ကြုံမထားဘူးတော့ ပြောမပြတတ်ဘူး၊ နဲ့တော့ အတော်ပဲ၊ အိမ်ပေါ်က ဘုရားခန်းမှာ ယောနယ်က ပြန်လာတဲ့ ဆရာကြီး မဟိန္ဒရောက်နေတယ်၊ သူ့လုပ်ငန်းအတွက် ကူဖော်လောင်ဖက် အဖော်လိုချင်နေတာ၊ သွားသွား - အိမ်ပေါ်တက်သွားလိုက်"

ဟုပြောကာ အိမ်ပေါ်တက်ရန် လမ်းညွှန်နေသဖြင့် အိမ်ပေါ်သို့ တက်သွားခဲ့ရာ နှုတ်ခမ်းမွေးကားကား မျက်ခုံးထူထူ၊ အသားနီစပ်စပ် မျက်နှာပိုင်ရှင်ကို မျက်နှာချင်းဆိုင် ရင်ဆိုင်မိသည်၊ ထိုပုဂ္ဂိုလ်က ဖြူဖွေးသော သွားများ ပေါ်အောင် ပြုံးလိုက်ရင်း...

"လာကွ - မောင်ထွန်းညိုဆိုတာ မောင်ရင်လား - မောင်အေးဆောင်ကတော့နောက်တန်းလုံအောင်ထိန်းပေးမယ်၊ အဘနဲ့အတူလိုက်ရမယ့်သူလေးယောက်ထဲမှာ တစ္ဆေရှိမရှိ လေ့လာချင်တဲ့ မောင်ထွန်းညိုကို ရအောင်သာ ခေါ်လို့ဆိုလို့ မောင်ရင့်ကို တွေ့ချင်နေတာ"

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ရေငတ်သူ့ရေတွင်းထဲကျဆိုသလို ဖြစ်နေမိရာ က -

"ဟုတ်ကဲ့ပါ ဆရာကြီး - ကျွန်တော်က တစ္ဆေ တကယ်ရှိမရှိ သိချင်နေတဲ့လူဆိုတော့ လိုက်ချင်ပါတယ်၊ ဒါပေမဲ့... ဆရာကြီးစိတ်မဆိုးဘူးဆိုရင် ကျွန်တော် တစ်ခုတော့ မေးပါရစေ၊ အဖြေသိခွင့်ရလို့ အခြေအနေ ကောင်းမယ်လို့ ယူဆနိုင်မယ်ဆိုရင်တော့ လိုက်မှာပေါ့"

ဟု ပြောသောအခါ ဆရာကြီး မဟိန္ဒက ပြုံးပြုံးကြီးလုပ်ရင်း မေးပါဆိုသည့် သဘောဖြင့် ခေါင်းဆတ်၍ပြောသည်၊





www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးခင်ဗျာ - ကျွန်တော်က တစ္ဆေ တကယ်ရှိမရှိကိုသာ လက်တွေ့ သိချင်တာဆိုပေမယ့် တစ်ပါးသူ ဒုက္ခရောက်စေမယ့် အောက်လမ်းနည်းပညာအသုံးချကိုစွမ်းအတွက်ဆိုရင်တော့ လိုက်လိုတဲ့ဆန္ဒ မရှိပါဘူး ခင်ဗျာ၊ ဆရာကြီးက ခွက်ပေါက်ဆီမန်းဖို့ကိစ္စဆိုတာ ဆောင်ရွက်မလို့ ဆိုတော့ ဘာနည်းလမ်းလည်း မသိရတဲ့အတွက်ပါ"

ဆရာကြီး မဟိန္ဒ ဟက်ဟက်ပက်ပက် ရယ်ရင်းက...

"အေး - မောင်ထွန်းညို့မေးသင့်တဲ့ မေးခွန်းပါ၊ ဆရာတို့ အခု သွားလုပ်မှာက အောက်လမ်းနည်း မဟုတ်ပါဘူး၊ ခက်တာက ဆရာတို့လို တောက ပြန်လာတဲ့ လူတွေကို အောက်လမ်းပညာ စုန်းပညာ၊ ကဝေပညာတွေ လေ့လာလိုက်စားခဲ့ကြတဲ့သူတွေလို တချို့တလေက ထင်မှတ်နေတတ်ကြတယ်၊ အခုသွားပြီး အစီရင်လုပ်မယ့် ခွက်ပေါက်ဆီမန်းဆိုတာက တကယ်အစွမ်းထက်ပြီး တကယ်အသုံးဝင်တဲ့ ဆေးဆီတစ်မျိုးပါ"

ဟု အစချီကာ ခွက်ပေါက်ဆီမန်းနှင့် ပတ်သက်သမျှကို ရှင်းပြတော့သည်၊ ဖလုံတစ်ခုတည်းတွင် လက်ဖက်ရည်ပန်းကန် သုံးလုံးထပ်ပြီး ဆီထည့်မန်းလျှင် လက်ဖက်ရည် ပန်းကန်သုံးလုံးကို ထွင်းဖောက်ဆင်းသွားပြီး ဆီများအောက်ခံဖလုံအတွင်းသို့ ကျရောက်သွားသည်၊ ထို အစီအစဉ်မှာ တစ္ဆေအနှောင့်အယှက် အလွန်များလှသည်ဟု ဆိုကြလေ့ရှိသည်၊ အစီအရင်ပြုလုပ်နေစဉ်အတွင်း ကြောက်စရာ ကောင်းလောက်အောင် အနှောက်အယှက် များလွန်းလှသည်၊ ကွင်းထီးထီးတွင်တည်ရှိကာ လူသူဝေးသောအရပ်၌ ပေါက်သည့် ညောင်ပင်အနီးတွင် ပြုလုပ်ပါမှ ပိုမိုအစွမ်းထက်သည့် ခွက်ပေါက်ဆီမန်းကို ရနိုင်သည်ဟုပင် ထွန်းညို့ အိမ်ပေါ်မှ ပြန်ဆင်းခါနီးတွင် ဆရာကြီး မဟိန္ဒက -

"နက်ဖြန် တော်သတင်းလဆန်း ၁၁ ရက်ဆိုတော့ အိမ်ကနေ ည ကိုးနာရီ လေးဆယ့်ငါးမိနစ်မှာ စထွက်မယ်၊ အိမ်ကိုတော့ နေမဝင်ခင်တည်းက အရောက်လာခဲ့နော်၊ ဒီမှာ စီစဉ်စရာတွေ၊ ပြောထားစရာတွေ ရှိသေးတယ်"

ဟု လှမ်းပြောလိုက်ပါသည်၊



မနက်မိုးလင်းကတည်းက အစားအသောက်ကို သတိထား၍ စားနေမိဖြစ်သည်၊ မနေ့ကဆရာ မဟိန္ဒမှာသည့် အထဲတွင် ဆီမန်းသွားမန်းမည့်နေ့တွင်လိုက်ပါကြမည့်သူတိုင်းသက်သတ်လွတ်စားကာအရပ်ဂုဏ်တော်ကို ဖင့် ပုတီးစိပ်ရမည်ဟု ပါရှိနေသောကြောင့်ပင်၊ သက်သတ်လွတ်စားမထားဘဲ လိုက်သွားမိပါက တစ္ဆေပြိတ္တာပစ်သော ခဲများ မှန်တတ်သည်ဆိုသည်ကို စိတ်ဝင်စားမိသလို စိုးထိတ်ကြောက်ရွံ့နေမှုများကလည်း လွှမ်းမိုးလို့ နေသည်၊

အရပ်ဂုဏ်တော်ကိုလည်း မနက်အရုဏ်တက်က တစ်ကြိမ်၊ နံနက် (၉)နာရီက တစ်ကြိမ်၊ နေ့လယ် (၁၂)နာရီက တစ်ကြိမ်၊ တစ်ကြိမ်လျှင် ကိုးပတ်နှုန်းဖြင့် နစ်ဆယ့်ခုနစ်ပတ်တိတိပွားများပြီးဖြစ်နေသဖြင့် ဆရာကြီး မဟိန္ဒရောက်နေသည့် ရွာထိပ်ရှိ ဦးကျော်မြင့် အိမ်သို့ အမြန် ရောက်သွားလိုသည့် စိတ်များ ကျွန်ုပ်ကိုယ်ကို လွှမ်းခြုံရစ်သိုင်းလို့ နေသည်၊

အချိန်ကို ခန့်မှန်းကြည့်လိုက်မိတော့ နေပင် အတော်စောင်းနေပြီဖြစ်သည်၊ အနောက်ဘက်မှ ထိုးဖောက်ထွန်းလင်းနေသည့် နေ၏လက်တံများ သည်ပင်လျှင် မိုရာသစ်ပင်အရွက်များမှ ခေါင်မိုးအစွန်းများကို လှမ်းဆွဲဖက်တွယ် ထားလျက် ရှိနေကြပြီ၊ အမှောင်သည် အပြောက်အကြားလေးများအဖြစ် ဝင်ရောက်နေရာယူထားလျက် ရှိနေချေပြီ၊ ကျွန်ုပ်မနေသာတော့ပဲ ရွာထိပ်ဘက်သို့ ခြေလှမ်းစပ် သွက်သွက်ဖြင့် လျှောက်နေမိတော့သည်၊

* * *

ကျွန်ုပ်ကိုယ်ကျွန်ုပ်ဖွဲ့ကောင်းလှပြီဟုထင်နေမိသည်၊ သို့သော်အထင်တို့သည် အထင်သာဖြစ်ပါသည်၊ လက်တွေ့ အခြေအနေနှင့် ကိုက်ညီမှုရနိုင်သည့် အထင်တို့ကား ရှားလှပါသည်၊ မရှိဟု မဆိုလိုပါ၊ အမှန်တကယ် သမာဓိအားကောင်းသော ပုဂ္ဂိုလ်တို့တွင်ကား အထင်နှင့် လက်တွေ့အခြေအနေ ကိုက်ညီမှုရနိုင်ပါသည်၊ ကျွန်ုပ် ဦးကျော်မြင့်အိမ်ပေါ် ရောက်သွားသည်တွင် အံ့အားသင့်စရာ မြင်ကွင်းကို မြင်တွေ့ လိုက်ရသည်၊ ဘုရားခန်းတွင် သတ္တုဖလုံဖြင့် ပွဲတစ်ပွဲပြင်ထားသည်၊



www.burmeseclassic.com

www.burmeseclassic.com

ငှက်ပျောသီးငါးဖီး၊ အုန်းသီးတစ်လုံးဖြင့်ပွဲထိုးထားပြီးပွဲတွင်ထီးဖြူများ တံခွန်ကုက္ကားမုလေးပွားများစိုက်ထူထားသည်။ ထိုပွဲကိုဝါဆိုဖယောင်းတိုင် အလတ်အရွယ်အစား ကိုးတိုင်ကို မီးထွန်းညှိကာ အပ်ချည်ဖြူကြိုးဖြင့် ပတ် ဝိုင်းထားသည်။ ထိုကြိုးဝိုင်းလေးအတွင်း လူခုနစ်ဦးစာမျှ ဝင်ထိုင်နိုင်လောက် သည့်နေရာအနေအထား ခင်းကျင်းထားသည်။ ကျွန်ုပ်ထက် ပိုဖွဲ့ကောင်းနေ ကြသည့်မောင်အေးဆောင်၊ မောင်ခင်မောင်အေး၊ မောင်မြစိုး၊ မောင်စိုးသိမ်း နှင့် မောင်ချမ်းမြေ့တို့ ရောက်နှင့်နေကြသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်ဝင်လာသည်ကိုမြင်တွေ့လိုက်သည့် ဆရာကြီး မဟိန္ဒက ကျွန်ုပ် အား လက်ညှိုးထိုးလိုက်ရင်း...

"လာ... လာ မောင်ထွန်းညို - ဒီနေ့သက်သတ်လွတ်စားထားရဲ့လား။ တော်ကြာ မင်းက တစ္ဆေတကယ်ရှိမရှိ သိပ်သိချင်နေတဲ့သူဆိုတော့ တစ္ဆေ တွေက မင်းကို စိတ်ဝင်တစားနဲ့ ဒီကောင် စပ်စုတဲ့ကောင်ကွာဆိုပြီး ခဲနဲ့ ပိုထု နေမှာ စိုးရတယ်"

"တစ္ဆေဆိုတာ စိတ်ပါကွာ... ထကယ်မရှိပါဘူး"

ဟု ပြောလိုက်ရာ ရောက်နှင့်နေကြသူများက အားပါးတရ ဝိုင်းရယ် မောနေကြသည်။ ခွက်ပေါက်ဆီမန်း အစီအရင်အတွက်သွားရန် ပြစ်ဆင် သည့်အခါ ဆရာတပည့်အားလုံး ကန်တော့ပွဲ ပေးမီးထွန်း၍ သွားရမည့် အချိန်ကို အထက်ပုဂ္ဂိုလ်များထံ အခွင့်တောင်းရသည်။ ပေးလာသည့် အဖြေသံကိုမူ တစ်ခါတစ်ရံ ဆရာသာ ကြားသိခွင့်ရပြီး တစ်ခါတစ်ရံ တပည့်များပါ ကြားသိရသည်။ ကျွန်ုပ်လည်း ဆရာကြီးမဟိန္ဒ ယူလာခိုင်း ထားသည့် ဆန်နှီဆီဘူးတစ်လုံးကို ပွဲရှေ့တွင်ချထားသည့် ဇလုံထဲသို့ ထည့်လိုက်သည်။ ဇလုံထဲတွင်ကား ဆန်ငါးလုံးသာသာခန့် ရှိနေပြီဖြစ် သည်။ ထိုစဉ်မှာပင် ဆရာကြီးမဟိန္ဒက ဆပ်ပြာဖြင့် ရေစင်အောင် ဆေး ထားသည့် ကျောက်စရစ်ခဲသန့်သန့်များကို ဇလုံအတွင်းရှိ ဆန်များထဲသို့ ထည့်နေသည်ကို ကျွန်ုပ်တွေ့လိုက်ရသည်။

ကျွန်ုပ် အံ့အားတသင့် လျှောက်ကြည့်နေမိစဉ်မှာပင်...

"လာကြ... လာကြ စည်းဝိုင်းထဲမှာ အားလုံးဝင်ထိုင်၊ စကားလုံးဝမပြော ကြနဲ့ ငြိမ်ငြိမ်လေးနေကြ"


ဆိုသည့် ဆရာကြီး မဟိန္ဒ၏ ဩဇာသံပါသော စကားလုံးများကြောင့် စည်းဝိုင်းအတွင်း ဝင်သွားကာ ကန်တော့ပွဲအနီး တိုးသွားမိခဲ့သည်။ ဆရာ ကြီး မဟိန္ဒက အထက်ပုဂ္ဂိုလ်များထံ သွားရမည့်အချိန်ကို အမိန့်ရပါရန် ခွင့် တောင်းနေရာ တစ်အိမ်လုံး တိတ်ဆိတ်မှုက လွှမ်းခြုံလို့ နေသည်။ ထိုစဉ် အိမ်မြှောင်စုတ်ထိုးသံများ ပေါ်လာသဖြင့် ကျွန်ုပ်နားစွင့်လိုက်သည်။ အိမ် မြှောင်စုတ်ထိုးသံများ ရပ်သွားချိန်အသံတစ်သံပေါ်လာသည်က

"ည ၁၁ နာရီ တိတိမှာ ဆောင်ရွက်ရမယ်"

ဟုပြောရင်း ဆရာကြီးမဟိန္ဒ မျက်နှာဝင်းလက်သွားသည်။ ကျန်လူများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ အံ့သြမှု အသွင်ပြင် မျက်နှာများစိုးစည်းမှုဖြစ်ပေါ်နေဆဲမှာပင် ဆရာကြီးမဟိန္ဒသည် ဇလုံအတွင်း ရှိသည့် ဆန်များနှင့် ကျောက်စရစ်ခဲများကို မန်းမှုတ်လို့ နေပြီဖြစ်သည်။ နှုတ် မှ တတွတ်တွတ်ရွတ်ဖတ်လျက်ရှိသည်။

* * *

ကဲ... ကဲ အားလုံး
နားထောင်ကြ။
ဒီကနေ့
ခွက်ပေါက်ဆီမန်းအစီအရင်
ထွက်လုပ်တဲ့ နေရာမှာ
အရေးကြီးတာကတော့
ဟောဒီ ကန်တော့ပွဲမှာ
မီးမငြိမ်းရအောင်
ဖယောင်းတိုင်ထွန်းရင်
ဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကို
ခဉ်ဆက်မပြတ်ပွားများပေးနေရမယ့်သူက
အရေးကြီးတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဓောအကြာ မန်းမှုတ်ပြီးသွားသည့် ဆန်များ ကျောက်စရစ်ခဲများကို လွယ်အိတ်ထဲထည့်သူထည့်၊ ခါးပိုက်ထဲ ထည့်သူထည့်နှင့် အလုပ်ရှုပ်နေကြတော့သည်၊ အလုပ်များနေသည့်ကြားမှာပင် ဆရာကြီး မဟိန္ဒက –

“ကဲ…ကဲ အားလုံး နားထောင်ကြ ဒီကနေ့ ခွက်ပေါက်ဆီမန်း အစီအရင် ထွက်လုပ်တဲ့ နေရာမှာ အရေးကြီးတာကတော့ ပေဟာဒီ ကန်တော့ပွဲမှာ မီးမငြိမ်းရအောင် ဖယောင်းတိုင်ထွန်းရင် ဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကို စဉ်ဆက်မပြတ် ပွားများပေးနေရမယ့်သူက အရေးကြီးတယ်၊ အမိက ကျတယ်၊ အလိုလို မီးငြိမ်းသွားမယ်၊ ဖယောင်းတိုင်တွေ ပျောက်သွားမယ်ဆိုရင် သွားတဲ့ အဖွဲ့ ဒုက္ခတစ်မျိုးမျိုးနဲ့ ရင်ဆိုင် နေရပြီလို့ နားလည်ထားရမယ်၊ တစ်ချပ်ဆိုင်ရင် မှောက်မှားရောက်ချားလို့ မြေပြင်ကို ရေထင်ပြီး ကူးရတတ်တဲ့ အဖြစ်မျိုး ကြုံတတ်ပါတယ်၊ အဲဒီအခါမျိုးမှာ နောက်က အကူအညီ လိုက်လာဖို့ လိုအပ်တယ်၊ အခု ဆရာတို့ အနေကတော့ ပူစရာမလိုပါဘူး၊ မောင်မေအားဆောင်က နောက်ကနေ အတွင်းစည်းကို ထိန်းပေးမယ်ဆိုတော့ စိတ်ချရပါတယ်”

ဟု အစရှိကာ ခွက်ပေါက်ဆီမန်း အစွမ်းထက်ခြင်းများကို ပြောပြမြန်ပါသည်၊ အပွင့်ကောင်းသည်၊ ရောဂါဘယများပျောက်ကင်းစေသည်၊ အဆိပ်အတောက်ကိုနိုင်စေသည်၊ စသည်တို့ကိုကျွန်ုပ်စိတ်မဝင်စားမိသော်လည်း ပယောဂအနောက်အယှက် ပူးကပ်လျှင် လက်ကို ဆီသုတ်၍ ဦးခေါင်းကို ပုတ်ရိုက်ပေးလိုက်ရုံမျှဖြင့် ပယောဂထွက်သွားနိုင်သည်ဆိုသည်ကိုတော့ အထူးတလည် စိတ်ဝင်စားသွားမိခဲ့သည်၊

အချိန်က ည ၉ နာရီ ၄၅မိနစ်၊

ကျွန်ုပ်တို့ ရွာလမ်းအတိုင်း ပြန်ထွက်လာခဲ့မိကြရာ ရွာမြောက်ဖျားတွင် တည်ရှိသည့် မြသိန်းတန်ကျောင်းဝင်းကို ကျော်မိသည်တွင်…

* * *



“ဝု – အု – အု – အုး”

အသံက ပြတ်ပြတ်ထင်ထင် ထွက်ပေါ်လာသည်၊ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သောအသံဆိုသည်ကို သိလိုက်ကြရသည်၊ ကျွန်ုပ်ဟိုသည် လျှောက်ကြည့်ရင်း အူနေသော ခွေးရှိရာနေရာကို ရှာနေမိသည်၊ သို့သော် ခွေးတစ်ကောင်တလေမျှပင် မတွေ့ရ၊

ဆယ့်မိနစ်ခန့် ဆက်လျှောက်မိကြသည်တွင် သုသာန်ထီးထီးမားမား တည်ရှိနေသည့် သာလာယံဇရပ်ကြီးကို မြင်တွေ့လိုက်ကြရသည်၊ ကျွန်ုပ်တွေ့လိုသည့်တစ္ဆေကို ကျွန်ုပ် လေ့လာလိုမိသည်က တစ္ဆေ အမှန်တကယ် ရှိမရှိကိုပင် သုသာန်တွင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်၊ ပိုးကောင်ငယ်များ အော်သံစူးစူးရှရှလေးများက တစ်ခါတစ်ရံ ပေါ်ထွက်လာကာ တိတ်ဆိတ်ငြိမ်သက်မှုများကို ဖျက်ဆီးပစ်လျက် ရှိကြသည်၊

သုသာန်ကွင်းလွန်လာသည်နှင့်ကွင်းပြင်ကျယ်လွင်ပြင်ကြီးကမှုန်ပျပျ လရောင်အောက်တွင် အထင်းသား၊ ဆရာကြီး မဟိန္ဒက –

“ကဲ – အားလုံး ငါစီစဉ်ပေးထားတဲ့အတိုင်း တစ်ယောက်နောက်ကို တစ်ယောက် ထက်ကြပ်မကွာ လိုက်ခဲ့ကြ၊ ခုချိန်ကစပြီး ဘာကောင်ကိုတွေ့တွေ့ စကားမပြောရဘူး၊ အချင်းချင်းလည်း စကားမပြောရဘူး၊ ဦးကျော်မြင့်အိမ် ပြန်ရောက်မှ ပြောချင်တာတွေ မြင်ခဲ့တာတွေ ကြိုက်သလောက် ပြန်ပြောကြပေတော့”

ဟုဆိုကာ လွယ်အိတ်ထဲမှ စိပ်ပုတီးကို ထုတ်ကာ လည်ပင်းတွင် ချိတ်ဆွဲလိုက်သည်၊ ဆရာကြီးမဟိန္ဒ ဦးဆောင်သွားနေရာသို့ နောက်ပါးမှ ထက်ကြပ်မကွာ လိုက်နေမိကြသည့် အထဲက ကျွန်ုပ်က တတိယနေရာသို့ လိုက်ပါလျက်ရှိနေခဲ့ရာ ကျွန်ုပ်နောက်တွင် လူနှစ်ဦးရှိနေသေးသည် ဟူသည့် အသိက ကျွန်ုပ်တွင် ပေါ်လာနိုင်စေမည့်၊ ကြောက်စိတ်တွေကို ဟန့်တားလျက်သား ရှိနေသည်၊ သတ္တိစိတ်ကို ဖြစ်ပေါ်နေစေသည်၊

လှုငါးယောက် ကွင်းထီးထီးတွင် လှုပ်လှုပ်လှုပ်လှုပ် လျှောက်လာခဲ့မိသည်မှာ မိနစ်နှစ်ဆယ်သာသာခန့် ကြာခဲ့ပြီဖြစ်သည်၊ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားအုံ့ဆိုင်းနေသည့် အပင်ကြီးတစ်ပင်နီးကပ်လို့လာသည်။ လရောင်အောက်တွင် ထီးထီးမားမား ရပ်နေသည့် ကြောက်စရာသတ္တဝါကြီးတစ်ကောင်အလား ထင်မှတ်မှားရသည်။ ရောမလူကြီးတစ်ဦး ရပ်နေသည့် အသွင်ပေါ်နေသည့် အပင်ကြီးမှာ ညောင်ပင်အိုကြီးတစ်ပင်ဖြစ်နေမှန်း အနီးအနားရောက်သွားတော့မှ သိလိုက်ကြရသည်။

ထိုနေရာသို့ရောက်သည်နှင့်ဆရာကြီးမဟိန္ဒနှုတ်မှတတွတ်တွတ်ဖြင့် ရွတ်ဆိုတော့သည်။ ဆီမန်းအစီအရင်အတွက် မြေကွက်တစ်နေရာ ခွင့်ပြုပါရန် ဆိုင်ရာပိုင်ရာများအား တောင်းပန်နေခြင်းပင်ဖြစ်သည်။ ဆရာကြီး နှုတ်မှ တတွတ်တွတ် ရွတ်ဆိုနေချိန်တွင် ကျွန်ုပ်နှင့်အတူ နောက်လိုက်အဖြစ်လိုက်ပါလာကြသူများအားလုံး အရဟံဂုဏ်တော် ပွားများနေမိကြသည်။ သိပ်မကြာလိုက်ရပါ။ ကျွန်ုပ် ကြက်သီးများ တဖြန်းဖြန်း ထလာခဲ့ရလေသည်။ ကျွန်ုပ်တို့ ခေါင်းအပေါ်တည့်တည့်ရှိ ခြောက်လက်မ ပတ်လည်စန်း ညောင်ကိုင်းကြီးမှာ လေမတိုက်ပါဘဲလျက် ဘယ်ညာ ယိမ်းခါ၍ နေသည်။ လေလုံးဝငြိမ်သက်နေသော်လည်း ညောင်ကိုင်းကြီးမှာ အလိုအလျောက် ယမ်းခါ၍နေခြင်း ဖြစ်သည်။ ညောင်ကိုင်း ကျိုးပဲ့ကျလာခဲ့လျှင် ကျွန်ုပ်တို့ သက်သာလိမ့်မည် မဟုတ်ဟူသည့် စိုးရိမ်စိတ်က ပေါ်လာသည်။

* * *

ညောင်ကိုင်းလှုပ်ခတ်မှုက တစ်စထက်တစ်စ ကြမ်းလာသည်။ ကျွန်ုပ်အပင်အောက်မှ ရှောင်ထွက်ပြေးရကောင်းလေမလားဆိုသည့်အတွေး ဝင်လာမိစဉ်မှာပင် ဆရာကြီး မဟိန္ဒက ညောင်ပင်ရိပ်လွတ်ရာ ညောင်ပင်၏ အနောက်တောင်ထောင့်ရှိ မြေကွက်လပ်ဘက်သို့ လျှောက်သွားသဖြင့် ကျွန်ုပ်လည်း ညောင်ရိပ်လွတ်ရာ လျှောက်သွားရလေတော့သည်။

သက်သောင့်သက်သာ ရှိမည်ကြံမိသေး ကျွန်ုပ်အနီးသို့ မြေကြီးခဲများ တစ်ဖြုန်းဖြုန်း ကျလာသည်၊ အသံကြားရသည်၊ ဆတ်ခနဲ မြင်ရသည်၊ မြေပေါ်တွင် ခဲတစ်ခဲမျှ မတွေ့ရချေ။ ဆရာကြီး မဟိန္ဒစည်း ချနေစဉ်ပင် ရှိပါ



သေးသည်၊ ပရလောကသားတို့က ခဲဖြင့် လက်စွမ်းစပြနေပြီလား၊ တစ္ဆေကို မမြင်ရသော်လည်း ခဲနှင့် ဝိုင်းပစ်သည့်အသွင်သဏ္ဌာန်ကို မှန်းဆကြည့်ခြင်း စန့်မှန်းမိလိုက်သည်၊ ကြောက်စိတ်ဝင်လာမိသော်လည်း အဖော်များပါလာသည်၊ ဆရာကြီးပါလာသည်ဆိုသော အသိက –

ထိုအချိန်တိုလေးအတွင်းမှာပင် ဆရာကြီး မဟိန္ဒက ဇလုံအတွင်း လက်ဖက်ရည်ပန်းကန် သုံးလုံးထပ်လိုက်ပြီး အပေါ်ဆုံး အလုံးတွင် ဆီဖြည့်ကာ ခွက်ပေါက်ဆီမန်းမန်းရန် ပြင်ဆင်ထားပြီးနေပြီ ဖြစ်သည်၊ အောက်နှစ်လုံးတွင် ဆီမထည့်ထားပေ၊ မည်သည့်အရာမှ မရှိပါ။

ဇလုံအနီးတွင် နီးရောဖြင့် ရက်ထားသည့် တောင်းတစ်တောင်းရှိထားသည့် တောင်းထဲတွင်ကား ဂမုန်းဥများ ထည့်ထားသည်ကို တွေ့ရသည်။

အညိုရောင်အဝတ်ထည် ဝတ်ဆင်ထားသည့် ဆရာကြီး မဟိန္ဒသည် ခေါင်းတွင် ပတ်ထားသည့် ယောဂီပုဝါးကို ချွတ်လိုက်ကာ ညာလက်ဖြင့် ဆုပ်ကိုင်ထားလိုက်ပြီး –

"ဥုံ... ဇမ္ဗူဒီပါ သရဲပြာပတ်ကုံး ကျွန်းလုံးနှံ့မျှ စောင့်ကြကုန်သည့် ယက္ခ ယက္ခာ၊ နတ်ဒေဝါအပေါင်းတို့..."

ရွတ်ဆိုနေသည့် အသံက ဩဇာသံ ပါလွန်းလှသည်၊ ကျွန်ုပ်လည်း ဆရာကြီး မဟိန္ဒအသက်သွင်းနေသည့် ခွက်ပေါက်ဆီမန်းဂါထာကို စိတ်ထဲမှာလိုက်မှတ်နေမိသည်၊ ကြည့်နေစဉ်မှာပင် အပေါ်ဆုံးပန်းကန်ထဲမှ ဆီများသူ့အလို အလျောက် အောက်မှ ပန်းကန်များအတွင်း ပန်းကန်ပေါက်ကာ တစ်ဆင့်ချင်း လျှောဆင်းလို့ နေသည်မှာ ခွက်ပေါက်ဆီမန်း အောင်မြင်လုလုဖြစ်လို့လာနေပြီဖြစ်သည်၊ ထိုအချိန်တွင် ညောင်ပင်နှင့်မလှမ်းမကမ်းတွင် ရှိနေသည့် သစ်ပင်တွေ လေတိုက်ခတ်မှု မရှိပါဘဲလျက် ဘယ်ယိမ်းလိုက် ညာယိမ်းလိုက်၊ ခပ်ကြမ်းကြမ်း လှုပ်ယမ်းလို့လာသည်၊ ခဲလုံးကြီးများ သယ်ဆောင်လာသံ၊ ခဲများ ခွဲသံကြားရပြီးသည်နှင့် ခဲများနှင့် ပစ်ကြသည့် အတွက်စည်းဝိုင်းအပြင်ပတ်လည်သို့ခဲများတဖွဲဖွဲကျသံများကြားနေသည်၊ သို့သော် ဆန်မန်းများနှင့် ပတ်လည်ဝိုင်းထားသည့် စည်းဝိုင်းအတွင်း ခဲများ ဝင်မလာနိုင်သည်ကတော့ အံ့သြစရာပင်ကောင်းလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် မီးပန်းကဲ့သို့ အမွှေးတိုင်မီးကဲ့သို့ လေများ တန်းတန်းမတ်မတ်နှင့် လွင့်ပျံ့လာပြီး ညောင်ပင်ကြီးအနီးကျလာသည်။ အောက်ရောက်သည်နှင့် ဓာတ်ဆီ မီးလောင်သလို ဝုန်းခနဲ ထတောက်ပြီး စည်းဝိုင်းအပြင်ဘက်မှ မီးပွင့်များ တဖျတ်ဖျတ် လှည့်ပတ်ပြီး ဝိုင်းနေသည်၊ ဆန်မန်းနှင့် ပေါက်လိုက်မှ ပြန်ဆုတ်သွားသည်၊ ထိုသို့ အကြိမ်ကြိမ်ဖြစ်နေခဲ့သည်၊ ဆရာကြီး မဟိန္ဒက -

"သတိထားကြ၊ သတိထားကြ"ဟု သတိပေးစကားဆိုသည်၊ သတိပေးလို့မှ မကြာသေးခင် ဝက်ကလေးတစ်ကောင်ပြေးလာသည်၊ ဆရာကြီးမဟိန္ဒက "မြင်သလား၊ မြင်သလား" ဟု မေးသဖြင့် -

"မြင်တယ်... မြင်တယ်"ဟု ဖြေမိရင်း ကြည့်နေမိသည်၊ ဝက်ကလေးသည် စည်းဝိုင်းအနီးရှိ ချုံပုတ်သေးသေးလေးဆီ ပြေးဝင်လာခြင်းဖြစ်သည်၊ ချုံပုတ်လေးမှာ စကောဝိုင်းလောက် ကျယ်၍ တစ်ပေလောက်မြင့်သည်၊ ဝက်ငယ်တစ်ကောင်ဝင်၍ ပျောက်သွားနိုင်လောက်အောင်မရှိ၊ သို့သော် ပျောက်ခြင်းမလှ-ပျောက်သွားခဲ့သည်၊ ချုံပုတ်ငယ်အလယ်တွင် တစ်ပင်တည်း မြင့်တက်ပေါက်နေသော အပင်ငယ်တစ်ပင် ရှိနေသည်၊

ထန်းပင်ပုံစံမျိုးဖြစ်၍ အရိုးတံမှာ ရှည်တက်ပြီး အပေါ်ပိုင်းတွင်သာ အရွက်ဝိုင်းများရှိနေသည်၊ အပင်ငယ်သည် ဘယ်ညာယိမ်းလှုပ်လာသည်၊ ပို၍ သွက်သွက်ခါအောင် လှုပ်လာရင်း ရုတ်ခြည်းပြောင်းလဲသွားကာ စည်းချထားသော တိုင်ငုတ်ကို ပြောင်းခနဲ မြည်အောင် တွန်းချိုးပစ်နေလေသည်၊ ထိုအချိန်မှာပင် ဆီအားလုံး ဖလုံထဲသို့ ရောက်နေပြီဖြစ်ရာ ဆရာကြီး မဟိန္ဒက မေတ္တာပို့ခြင်း အမျှဝေခြင်းများ ပြုလုပ်တော့သည်၊

အုံ့ဩစရာကောင်းသည်ကား ဆူညံကြမ်းရမ်းနေသော ကွင်းကြီးသည် အသက်မဲ့သကဲ့သို့ ဆိတ်ငြိမ်သက်သွားခြင်းပင် ဖြစ်သည်၊ ဤသို့ ငြိမ်သက်သွားခြင်းကလည်း တစ်မျိုး ချောက်ချားစရာ ဖြစ်လို့နေသည်၊ စည်းကိုဖျက်သိမ်းလိုက်ကာ ဆရာကြီး မဟိန္ဒက ရှေ့ဆုံးမှ ဦးဆောင်၍ ထွက်သည်၊ အောင်မြင်မှုရလာသော ခွက်ပေါက်ဆီမန်းများပါသည့် ဖလုံကို ပိုက်ကာ ကျွန်ုပ်က ဆရာကြီး မဟိန္ဒနောက်နားက ကပ်လိုက်ပြီး ကျန်သုံးယောက်က ကျွန်ုပ်ကို ဝိုင်းဝန်းကာ လာရာလမ်းသို့ ပြန်ခဲ့ကြသည်၊ ကျွန်ုပ်ကို ဝိုင်းဝန်းကာထားကြရသည်မှာ ပရလောကသားများက ခွက်ပေါက်ဆီမန်းကို နောက်ယှက်လုယူကြမည်စိုးသောကြောင့်ပင် ဖြစ်ပါသည်၊

ကျွန်ုပ်သိချင်နေမိသည်က တစ္ဆေတကယ်ရှိမရှိဟူသည့် အချက်ပင်ဖြစ်ပါသည်၊ ဆရာကြီးမဟိန္ဒ၏ခွက်ပေါက်ဆီမန်းအစီအရင်ဆောင်ရွက်ရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကြုံတွေ့ခဲ့ရပါသည်၊ ခွက်ပေါက်ဆီမန်းနှင့် ပတ်သက်၍ ပြောရန် တစ်ခုကျန်ခဲ့သည်မှာကျွန်ုပ်လက်တွင် ကိုင်ကာ သယ်လာသည့် ခွက်ပေါက်ဆီများသည် ရွာအဝင် ကုတ္တိုပင်အောက် အရောက်တွင် ဖလုံထဲမှ အရောင်များ တဖျပ်ဖျပ်လက်ကာ ပြန့်လွင့်သွားပြီး တစ်စက်မကျန် ပျောက်ကွယ်သွားခဲ့ရပါသည့်အကြောင်းပင် ဖြစ်ပါသည်၊ အံ့ဩစရာကောင်းလှပေသည်၊ ကျွန်ုပ်တို့ ဝမ်းနည်းစိတ်မကောင်းစွာ ဖြစ်ခဲ့ကြရပါသည်၊ ကံမထိုက်ကြ၍လော မပြောတတ်ပါ၊ ခွက်ပေါက်ဆီမန်းသည် အမှန်တကယ် အစွမ်းထက်သည်ကိုမူ ဆရာကြီး မဟိန္ဒနှင့် ဒုတိယအကြိမ် ဆုံတွေ့ခွင့်ရစဉ်က ပေးသွားသည့်ဆီမန်း (ခွက်ပေါက်ဆီ) ပင်နီစလင်တစ်လုံးစာကို သုံးကြည့်မိတော့မှ သိခွင့်ရခဲ့ခြင်းပင် ဖြစ်ပါတော့သည်၊ လောကတွင် ကျွန်ုပ်တို့ထောက်လှမ်းမမီနိုင်သည့် သိပ္ပံဖြင့် မတိုင်းတာနိုင်သည့် အံ့ဩဖွယ်ရာတွေ ပြည့်နက်နေသည်မဟုတ်ပါလား။

➡ အောင်သာကျော်

မှတ်ချက်

ဖြစ်ရပ်မှန်ကို အခြေခံတာ ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်၊ ခွက်ပေါက်ဆီမန်းဂါထာနှင့် စီရင်ပုံအပြည့်အစုံကို လိုချင်ပါက အင်းစိန်မြို့နယ် ဘို့တုန်းရပ်ရှိ မဟာသုခသာရ ဘုရားကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ ပထမကျော် B.Sc(Maths)အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သွားရောက်လျှောက်ထား လေ့လာနိုင်ကြပါသည်၊



www.burmeseclassic.com

www.burmeseclassic.com





ကြိုင်းမှ မင်းကွန်းသို့သွားရာ

လမ်းကလေးတစ်လျှောက်တွင်

ကော်၊ အာလောင်၊

ဆိုးဆယ်၊ ကြက်ထောင့်၊ ထန်းတော၊

ကောင်ရှောင်းပေါက်၊ လက်ပံ၊

မြင့် (ထမြင့်) စသည့်

ကလေးများမှာ

ဘိမြစ်အနောက်ဘက်ကမ်းဦးတွင်

ကလေး၏၊





www.burmeseclassic.com

www.burmeseclassic.com

ထိုရွာကလေးများအကြား စစ်ကိုင်းတောင်ခြေတွင် မြန်မာနိုင်ငံ ကုန်းဘောင်ခေတ်က နာမည်ကြီးဆရာတော်ကြီးများဖြစ်သော သင်္ဂဇာဆရာတော်၊ ဇန်းမော်ဆရာတော်ဘုရားကြီးများ သီတင်းသုံးခဲ့ရာ သင်္ဂဇာရွာ၊ ဇန်းမော်ကျောင်းစသည်တို့က ကုန်းဘောင်ခေတ်ကို တမ်းတစရာ အထင်ကရ ဆိုင်းဘုတ်ကလေးများဖြင့် ကြို့ဆိုလျက်ရှိလေသည်။

ယခင်က ထိုရွာ၊ ထိုရွာများကို မန္တလေးမြို့ကြီးပြကြီးမှ မော်တော်ဘုတ်များဖြင့် သွားနိုင်သော်လည်း ထိုရွာကလေးများမှ စစ်ကိုင်းသို့ ကုန်းကြောင်းမှ လှည်းဖြင့်သာ သွားရ၏။ ယခုခေတ်တွင်မူ ထိုရေကြောင်းသာမက စစ်ကိုင်းမှ မင်းကွန်းသို့ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ ကျေးဇူးတော်ကြောင့် ကတ္တရာလမ်းဖြစ်ပြောက်ကာ အရှိန်မရွေး မင်းကွန်းသို့ ကုန်းလမ်းခရီးဖြင့် သွားနိုင်ပေပြီ၊ ထိုလမ်းထိုဒေသကို ကျွန်ုပ်ရောက်ဖူးသည့်အခါတွင် ဆရာတော်ဘုရားကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် သတင်းကျော်စောမှုတို့ကို ရည်မြော်ကာ ရင်တွင်းမှ ဝမ်းသာပီတိအပြည့်ဖြင့် အကြိမ်ကြိမ် ဦးထိပ်ထားမိပါသည်၊

═✡═

ထို့အပြင် မန္တလေးမြို့တော်စည်ပင်၏ စီစဉ်မှုဖြင့် မန္တလေးမင်းကွန်း ပြေးဆွဲနေသည့် ကူးတို့ရေယာဉ်များကလည်း အဆင့်အတန်းမြင့်လေရာ မင်းကွန်းစေတီတော်ကြီးနှင့်မင်းကွန်းခေါင်းလောင်းကြီးဆီသို့အလွယ်တကူ သွားရောက် ဖူးမြော်နိုင်သဖြင့် မန္တလေးမြို့တော်ဝန်နှင့်တကွ စည်ပင်အဖွဲ့တစ်ဖွဲ့လုံးကို ကျေးဇူးတင်ရပါသည်၊

ထိုလမ်း၊ ထိုစခန်း၊ ထိုဘုရားကျောင်းကန်၊ စေတီ၊ ခေါင်းလောင်းနှင့် ရွာင်တို့မှာ မြန်မာနိုင်ငံ၏ အထင်ကရနေရာများတွင် ပါဝင်သည်ဟု ကျွန်ုပ်ဆိုခြင်းအံ့ - အဘယ်သူ ကန့်ကွက်နိုင်ပါမည်နည်း။ ဒါတွင်မက ထိုဒေသ၏



ရာသီဥတုက မိုးနည်းရေရှားဟု ဆိုစေကာမူ တောင်တန်းနှင်းတော၊ ဧရာဝတီနှင့် ကျွန်းများ၊ စိုက်ခင်းနှင့် ဥယျာဉ်ခြံများကြောင့် ရာသီဥတုက သိပ်မပူပြင်းပဲ နေ၍ ကောင်းလေသည်၊

ထိုအရပ်မှ နိုတောင်ရွာင်းပေါက်ဆိုသည့်ရွာကလေးမှာ အမည်တွဲ၍ ခေါ်သော်လည်း အမှန်တကယ်ရွာ (၂)ရွာဖြစ်လေသည်။ နိုတောင်မှာ ရွာင်း၏မြောက်ဘက်မှ ရွာဖြစ်၍ ရွာင်းပေါက်မှာ ရွာင်း၏တောင်ဘက်မှ ဖြစ်လေသည်၊ သို့သော် မိုးရာသီရွာင်းရေကျချိန်မှသာရွာ (၂)ရွာ၊ ရွာင်းခြားနေသော်လည်း ရွာင်းရေပြတ်လျှင်ရွာ (၂)ရွာတစ်ဆက်တည်းဖြစ်လေသည်၊ ရွာင်းကို ကားလမ်းတစ်ဖက်တစ်ချက်အား တံတားဖြင့် ဆက်သွယ်ထားသဖြင့်လည်း ရွာ (၂)ရွာတစ်ရွာ ဖြစ်နေလေရာ အုပ်ချုပ်ရေးပိုင်းတွင် တစ်ရွာတည်းသာဖြစ်၏၊

ထိုရွာကလေးမှာ မြောက်မှတောင်သို့ လားလျှင်လည်းကောင်း၊ တောင်မှမြောက်သို့လားလျှင်လည်းကောင်း တောင်ကြား(၂)ခုအကြားတွင် ရှိုင့်ဝှမ်းကလေးဖြစ်နေပေရာ အခြားနေရာများတွင် အပူရှိန်ပြင်းသော်လည်း ထိုရွာမှာ အပူရှိန်မမြင့်ပဲ အေးချမ်းလျက်ရှိလေ၏၊

ထိုရွာတွင် သရက်၊ ပိန္နဲ၊ မာလကာ၊ ဒန့်သလွန်၊ စသည့်သီးပင် စားပင်များဖြစ်ထွန်းအောင်မြင်ပြီး ရေကိုလည်းအလွယ်တကူ တူးဖော်နိုင်၍လည်းကောင်း၊ ဧရာဝတီမြစ်ရေကိုတင်၍ လည်းကောင်း ရရှိနိုင်၏၊ ထိုရွာ၏ အနောက်ဘက် မလှမ်းမကမ်းတွင် စိမ်းပြာရေ ညို ထုတ်လုပ်သည့်စက်ရုံပင်တည်ထားကာ ဆေးဝါးများကိုဂျာမဏီနည်းပညာနှင့်ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိနေပေသည်၊ ထို့ကြောင့် ထိုဒေသကလေးမှာ ဖွံ့ဖြိုးမှုက အခြားဒေသများထက် နောက်မကျပေ၊ မန္တလေးမြို့ပေါ်ဈေးနေရာများတွင်ရရှိစားသောက်နိုင်သည့် နာမည်ကြီးဦးအောင်မုန့်တီမှာလည်း ထိုအရပ်မှပင် ထွက်လေသည်၊

ဤအချက်အလက်များကို ခြုံငုံသုံးသပ်မိသော ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ထွန်း သစ်တောညွှန်မှူး (ငြိမ်း)က ထိုရွာအနောက်ဘက်ကပ်လျက်



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြားကလေးတွင် မြေ ၂၆ ဧကကို ဝယ်ယူပြီးပြင်ကာ လူကြိုက်များ၍ ဈေးကွက်အားကောင်းသော သရက်မျိုးကောင်းမျိုးသန့် စိန်တစ်လုံး၊ မြကျောက်၊ ပတ္တမြားမောက်၊ လေရှူးစသည်များကို စိုက်ပျိုးကာ ထုတ်လုပ်ရောင်းချလျက်ရှိ၏။

ထိုဒေသကလေးကို သူ၏ကျေးဇူးဖြင့် ကျွန်ုပ်ရောက်ရှိကာ သူ၏ မိတ်ဆက်ပေးမှုကြောင့် ဒေသနှင့်လည်းကောင်း၊ ဒေသခံလူများဖြင့်လည်းကောင်း သိရှိကျွမ်းဝင်ကာ တစ်နှစ်လျှင် တစ်ခေါက်နှစ်ခေါက် ရောက်ရှိခဲ့ဖူးခြင်းဖြစ်ပြီး၊ ယခုကဲ့သို့ မှတ်တမ်းတင်ရေးဖွဲ့နိုင်ခြင်းဖြစ်၏။

ထိုအရပ်ဒေသသို့ နိုဝင်ဘာလကုန်ပိုင်းတွင် ရောက်ရှိနေသော ကျွန်ုပ်ကာ နံနက်ပိုင်းအချမ်းအအေးအရသာကို စံရင်းခြံအတွင်းဘန်ဂလိုလေး အရှေ့တွင်ကြိမ်ဆက်တီကလေးဖြင့် ထိုင်လျက်ရှိ၏။ အင်း - ရန်ကုန်လိုနေရာမျိုးတွင် အချမ်းအအေး အရသာကို မခံစားခဲ့ရသည်မှာ ကြာမြင့်ခဲ့ပါပကော၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု(climate change)က ရန်ကုန်နှင့်အောက်ပြည်အောက်ရွာအကြေအရပ်ကိုအအေးဓာတ်မပေးနိုင်သည်မှာ နှစ်အတော်ပင်ရှိခဲ့လေပြီ၊ ယခုစစ်ကိုင်းသို့ရောက်မှပင် ဤအရသာကို ခံစားရခြင်း ဖြစ်၏။ ကမ္ဘာကြီးက ရွာကြီးတစ်ရွာ အဖြစ်သို့ပင် ပြောင်းလဲလာသောခေတ်တွင် အရာရာတိုးတက်နေသော်လည်း ရာသီဥတု ဖောက်ပြန်မှုက လူသားတို့အတွက် စိမ်ခေါ်မှုတစ်ရပ်ပင် မဟုတ်ပါလားဟု တွေးတောမိရင်း မန္တလေးမြို့မှ ရောက်လာမည့် သူငယ်ချင်း တရားလွှတ်တော်ချုပ်ရှေ့နေကြီး ဦးမောင်မောင်လှသောင်းအား စောင့်နေမိ၏။

တယ်လီဖုန်းဆက်သွယ်မှုအရတစ်နာရီခွဲအတွင်းအရောက်လာမည်ဆိုသောကြောင့် -

"တီ - တီ - တီ - တီ - တီ"

စဉ်းစားတွေးတောနေစဉ်မှာပင် မော်တော်ဆိုင်ကယ် ဟွန်းသံကြားသဖြင့် ခြံဝသို့ ကြည့်လိုက်ရာ ခြံတံခါးဝတွင် ဦးမောင်မောင်လှသောင်း၏



ဆိုင်ကယ်က ရောက်ရှိနေသဖြင့် ခြံမန်နေဂျာ ကိုသိန်းဆွေကိုခြံတံခါးဖွင့်ပေးရန် ပြောလိုက်ရ၏။ ထို့ကြောင့် သူငယ်ချင်းခြံတွင်း ဝင်ရောက်လာသောအခါ ဆက်တီတွင် နေရာပေးထိုင်နိုင်းပြီး ကော်ဖီဖြင့် ဧည့်ခံရင်း စကားစရလေ၏။ သူ၏တပည့်တစ်ဦးလည်းပါလာလေရာ သူကာ စိတ်ဝင်တစားနားထောင်လေ၏။

"သူငယ်ချင်း မင်းကော မိသားစု နေကောင်းရဲ့မဟုတ်လား၊ စီးပွားရေးကော ဘယ်လိုလဲ"

"အေး - နေကောင်းပါတယ် သူငယ်ချင်းရာ စီးပွားရေးတော့ မှန်မှန်ပါပဲ၊ ကိုယ့်ဂုဏ်သိက္ခာနဲ့ ကိုယ်လုပ်ကိုင် ရှေ့နေလိုက်ရတာဆိုတော့"

"အေးကွာ၊ သဘောပေါက်ပါတယ်၊ ငါတို့လည်း ရန်ကုန်နဲ့ နေပြည်တော်မှာ ဒီလိုပါပဲ"

"ဒါနဲ့ မင်းဘယ်တုံးက ရောက်တာလဲ ဘာလို့ စုမှ ဖုန်းဆက်တာလဲ"

"ငါ ရောက်နေတာ တစ်ပတ်လောက်တောင်ကျော်ပြီကွ၊ တောကတောင်ပြန်ခဲ့ပြီ"

"ဟုတ်လား၊ ဘယ်ဘက်ကို သွားတာလဲ၊ ဘာတွေကာ ရခဲ့သလဲ"

"တန့်ဆည်ဘက်ကနေ မဟာမြိုင်တောကြီးစပ်ကို တက်တာကွ၊ ရှေကလေး၊ ဆတ်ကလေးတော့ရပါရဲ့၊ ဒါပေမဲ့ - ခရီးဝေးတော့ တော်တော်ပင်ပန်းတယ်"

ကျွန်ုပ်ငယ်စဉ်က တောပစ်သည်ကို သိနေသောကြောင့် သူငယ်ချင်း၏အမေးကို အလွယ်ပင် ဖြေမိ၏။ ထိုအခါ အစ်ကိုကြီးဦးစိန်ထွန်းက ရောက်လာ၍ - "ပင်ပန်းရုံတင် ဘယ်ကမလဲ ခင်ဗျား သူငယ်ချင်း ဒီတစ်ခေါက်တော့ အတွေ့အကြုံ ထူးထူးဆန်းဆန်း တွေ့ခဲ့တယ်"

ဦးစိန်ထွန်းမှာ နံနက်ခြံအတွင်း အလုပ်သမားများ၏ လုပ်ကိုင်ပုံကို လိုက်လံကြပ်မတ်ရာမှ ပြန်ရောက်လာကာ ပြောခြင်းဖြစ်၏။

"ဩော် - အစ်ကိုကြီး နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်မောင်လှသောင်းက ယခင် သိရှိပြီးဖြစ်၍ နှုတ်ဆက်လေ၏၊ "ဒီလို ပေါ့ဗျာ" အသက်ရလာတော့ နေကောင်းတယ်ရယ် မဟုတ်ဘူး၊ ကောင်း အောင် နေရတာပေါ့၊ အသက် (၇၀)ကျော်နေပြီဆိုတော့လေ၊

"ဒါထက် အစ်ကိုကြီး၊ အစုန ဘာပြောလိုက်တာလဲ၊ ကျွန်တော့် သူငယ်ချင်းစာရေးဆရာကအတွေ့အကြုံထူးထူးဆန်းဆန်းတွေရလာခဲ့တယ် ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပ – ခင်ဗျား ကိုယ်တိုင်သာ မေးကြည့်ပေတော့"

သူ့စကားကြောင့် သူငယ်ချင်းက ကျွန်ုပ်အား –

"ကဲ – သူငယ်ချင်း အတွေ့အကြုံကလေးကို ပြောပါဦး"

"ပြောတာပေါ့ကွာ – ဒါပေမဲ့ – မပြောခင် မင်းကို ခေါ်ရတဲ့အကြောင်း ရင်းလေး အရင်ပြောချင်တယ်"

"အေး – ပြောလေကွာ"

"ဒီလို ကွ၊ ဒို့ဥပဒေဌာနက–ဆရာကြီးဆရာမကြီးတွေကို ဆရာ ကန်တော့ပွဲ လုပ်မလို့ စီစဉ်ထားတယ်"

ဟုအစချီကာအစီအစဉ်နှင့်သူငယ်ချင်းညွှန်ချုပ်၊ညွှန်မှူး၊ဘက်ဥက္ကဋ္ဌ များ ဥပဒေအရာရှိများ နှင့်တိုင်ပင်ထားပုံ အသေးစိတ် အစီအစဉ်ကို ပြောပြ ရလေ၏၊

ပြောပြီးသောအခါ ဦးမောင်မောင်လှသောင်းက –

"ဒါနဲ့ မင်း စုန ပြောတဲ့အတွေ့အကြုံ အထူးအဆန်းကို ပြောပါဦး"

"အေး – အေး – ပြောရမှာပေါ့ကွာ၊ ဒီအဖြစ်အပျက်ကလေးက ဒါတင် မဟုတ်ဘူးကွ၊ အစ်ကိုကြီးကော၊ သစ်တောဝန်ထမ်းတွေကော ကြုံခဲ့ရတာ တန့်ဆည်မြို့နယ် မဟာမြိုင်တောကြီးအစပ်က "တောရှည်" ဆိုတဲ့စခန်းလေး မှာရှိတဲ့ သစ်တောရုံးဘန်ဂလိုကလေးမှာပေါ့"

ကျွန်ုပ်အစချီလိုက်ရာ အစ်ကိုကြီးမောင်မောင်လှသောင်းသာမက ခြံမန်နေဂျာကိုသိန်းရွှေ၊ ခြံတာဝန်ခံဒေါ်ချစ်ချစ်နှင့် ခြံအလုပ်သမားများပါ လာရောက်နားထောင်ကြလေ၏၊



ကျွန်ုပ်ပြန်ပြောပြသည့်အတိုင်း ရေးသားပါက ပုံပြောပြသကဲ့သို့ဖြစ် မည်စိုး၍ ဝတ္ထုသဏ္ဍာန် ဖြစ်ရပ်မှန်ကလေးကို တင်ပြ ရေးသားလိုက်ပါသည်၊

═✡═

"အိုးဝေ … အိုးဝေ"

"အိုးဝေ"

လယ်ကွင်းများ၏ အနောက်ဘက်တောင်ကြောဆီမှ ကွန့်မြူးလိုက် သော ဒေါင်းဖိုကြီးတစ်ကောင်၏တွန်သံက လယ်ကွင်းများကိုဖြတ်၍ တစ်မိုင် အကွာအထိ ကြားနေရသည်၊

ဟော –

အာမေဍိတ်သံဖြင့် အစ်ကိုကြီးဦးစိန်ထွန်းအား ကျွန်ုပ်ကြည့်လိုက်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌဖြစ်သူက ကျွန်ုပ်အား –

"ဒေါင်းတွန်သံလေ" ဟု ပြောလာလေ၏၊ ကျွန်ုပ်က –

"ဒေါင်းတွန်သံ မကြားဘူးတာ အနှစ် ၂၀ လောက်တောင်ရှိရောပေါ့မယ်၊ အစ်ကိုကြီးရေ"

"ဟုတ်ပ၊ ညီလေးရာ အစ်ကိုကြီးလည်း မကြားဘူးတာကြာပြီ"

"ဟုတ်တယ် အရင်တုန်းက တောင်တွင်းကြီးနယ်၊ ကုက္ကိုကုန်းဘက်၊ ဆလိုင်းချောင်း (မြေပြန့်ချောင်း)တွေနဲ့ တောပစ်သွားရင် အမြဲကြားရတယ်၊ နောက်တော့ အဆိပ်ဆေးတွေနဲ့ အစာချပြီး၊ ဖမ်းကြတာ ဒေါင်းမျိုးတောင်တုံး သလောက်ရှိသွားပြီထင်တယ်၊ တော်တော်ဆိုးတဲ့ လူသားတွေ၊ အစာနဲ့ဆို တော့ ဘယ်ခံနိုင်ပါ့မလဲ"

ကျွန်ုပ်က အတွေ့အကြုံကို ပြောမိရာ ဦးစိန်ထွန်းက –

"အမှန်တော့ ဒီလိုလုပ်လို့ မရဘူး၊ ဥပဒေကလည်း ခွင့်မပြုဘူး၊ အရေးယူမယ်ဆိုရင်ယူလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့ အစ်ကိုကြီးရယ်၊ အရေးယူရန် ထောင်ကျနိုင်တယ်"

ကျွန်ုပ်က ဖြည့်စွက်ပြောလေရာ -

"ဟုတ်တယ် - ဆရာနဲ့အဘတို့"

ဟု တောရချုပ်မှ ဒုရဲအုပ်ဖြစ်သူ စိန်လှမြင့်ကဝင်၍ ထောက်ခံသကဲ့သို့ တန်ဆည်သစ်တောဦးစီးမှူးဦးဇော်မျိုးထွန်းကလည်း ထောက်ခံလေ၏။

"အိုးဝေ၊ အိုးဝေ"

"သာယာလိုက်တဲ့အသံ ဆရာတို့ရယ်"

"ဒါနဲ့ဥက္ကဌခင်ဗျားတို့ဆီမှာကော အစာနဲ့အဆိပ်ရှိတာတွေထောင်ချနဲ့ ထောင်တာတွေ မရှိဘူးလား"

ကျွန်ုပ်က မေးကြည့်၏။

"ဒီမှာတော့ အလေ့အထ မရှိပါဘူးဆရာ၊ လူစိုက်တဲ့ စပါး၊ ပဲအမျိုးမျိုး နှမ်းတွေကအထွက်ကောင်းတော့ တော်ရုံတိရစ္ဆာန်တွေကို သိပ်ဂရုမစိုက်တော့ဘူး။ ပြီးတော့ ထောင်ချောက်တွေ ဘာတွေလည်း ဆင်တတ်တဲ့သူ မရှိဘူး"

"ဟုတ်လား၊ ကောင်းပါလေရဲ့ဗျာ၊ ဒါမှတောရိုင်းတိရစ္ဆာန်တွေမျိုးမတုံးမှာ၊ ဥက္ကဌရေ၊ ဒီအလေ့အထလေးတော့ ဆက်ထိန်းထားပါဗျာ"

ကျွန်ုပ်မှာ တစ်ခါတစ်ရံ တောပစ်နေသော်လည်း၊ သားကောင်းတုံးမည်ကို လုံးဝမလိုလားပါ။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကိုလည်း မလိုလားပါ။

ဥက္ကဌကဆက်၍ -

"ဒါပေမဲ့ - ဒီနှစ်တော့ ဘယ်လိုက ဘယ်လိုတောဝက်နဲ့ကြွက်ပေါလာတယ် မသိဘူး၊ ဝက်တွေအုပ်နဲ့သင်းနဲ့ဆင်းလာပြီး လယ်တွေ တော်တော်ဝင်စားတယ်၊ ဒါကြောင့် ခုလို စပါးဖုံးတုံးလုံးတုံးအချိန်မှာ လယ်ရှင်တွေက လင့်စင်ဆောက်၊ ညအိပ်ပြီး ဝက်ခြောက်ရတယ်၊ ဒါကြောင့် ဆရာကြီးတို့ ရောက်နေတယ်၊ သတင်းကြားတာနဲ့ တောရချုပ်ကို လာအကူအညီတောင်းပြီး ဗိုလ်လေး (ဒု - ရဲအုပ်ကို ခေါ်ခြင်း)တို့ပါ တောခြောက်ရအောင် ခေါ်ရတာ"

ဟု ရှင်းပြပါသည်။



ရောက်ရှိနေသည့်နေရာမှာ ရေဦး၊ ကလေးဝကားလမ်း၊ တန်ဆည်မြို့နယ်မှ မိုင် (၃၀) ခန့်ဝေးကွာရာ တောရချုပ်စခန်း၊ ထိုစခန်းမှ အရှေ့ဘက် (၄) မိုင်ခန့်အကွာ ယမုံတောင်ရွာနှင့် တွင်းဒီရွာကြား၊ တောင်ကြားတွင်းလယ်တောဖြစ်၏။ တောင်များဝန်းပတ်ထားသည့် မြေပြန့်ကလေး၊ တောမောင်းမည့်သူများကို စောင့်နေရင်း အုပ်စု ဥက္ကဌ၏ ယာတော တောင်ခြေတဲစခန်းကလေးတွင် ဖြစ်ပေသည်။

═══✡═══

အချိန်မှာ နေ့လယ် ၁း၃၀ နာရီခန့်၊ နေ့လယ်ဖြစ်သော်လည်း မဟာမြိုင်တောကြီးအစပ်၊ အထက်အရပ်ဖြစ်၍လည်းကောင်း၊ နိဝင်ဘာလ လယ် ဆောင်းဝင်စဖြစ်၍လည်းကောင်း အပူရှိန်က မပြင်းမားလှ၊ နေထိုင်ကောင်း လမ်းလျှောက်ကောင်းရုံသာ -

စပါးဖျက်တောဝက်အုပ်ကို နှိမ်နင်းရန် ရောက်ရှိနေကြရာ သေနတ်သမားများမှာ ကျွန်ုပ်ဦးစိန်ထွန်း၊ ဗိုလ်လေး၊ မန္တလေးသားကျော်ကျော်တို့ဖြစ်ပြီး တောမောင်းသူများတွင် အုပ်စု ဥက္ကဌခေါင်းဆောင်သည့် ရွာသားများ သစ်တောဝန်ထမ်းများ၊ ကျွန်ုပ်၏အဖော်အဖြစ် တောအုပ်စန်းမြင့်ဦးနှင့်ဦးစိန်ထွန်း၏ အဖော်အဖြစ်ဦးစီးမှူးဦးဇော်မျိုးထွန်း တောမောင်းမည့်နေရာမှာ လယ်ကွင်းများအဆုံး တောင်ခြေဖုန်းဆိုးတွင် ကပ်မည့်ဝက်အုပ်ကို လူအားဖြင့် ခြောက်ထုတ်ပစ်ရန် ဖြစ်လေသည်။

ကျွန်ုပ်က တောင်ခြေအထက်ပေ (၂၀၀) ခန့်အမြင့်၏ကုန်းထိပ်လက်ဝဲဘက်မှာ နေရာယူပြီး အတွင်းတွင် ကျော်ကျော်၊ ဗိုလ်လေး၊ ဦးစိန်ထွန်းတို့က ကျွန်ုပ်၏မြောက်ဘက်တွင်ကိုက် ၃၀ မှ ၅၀ စီခြားကာအစဉ်လိုက်နေရာယူထားကြလေ၏။

တောစည်းချစဉ်ကပင်အချိန် ၄၀ ပိဿာမျှ ရှိမည့်ဝက်တောင်း (ဝက်ထီး)ကြီး၏ခြေရာကိုတွေ့ထားလေရာထိုအကောင်ကြီးသာထွက်ပါစေဟု ဆုတောင်းမိ၏။ ကျွန်ုပ်ကိုင်ဆောင်ထားသည့် ဒဿမ ၃၀၃ စင်သုံးရိုင်ဖယ်က ထိုဝက်လို အကောင်မျိုးကို ချက်ပိုင်ပါက တုံးခနဲ လဲစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်လေးက ၃၀၃ ရိုင်ဖယ်၊ ကျော့ကျော့က နှစ်လုံးပြူး။ ဦးစိန်ထွန်းက ဖွိုင်တူးတူးတို့ဖြင့် နေရာယူထား၏၊ တောဝက်ထွက်ပါက ဖုန်းဆိုးတောမှ အင်တိုင်းကုန်းတောရှင်းရာကို အဖြတ်တွင် ပစ်ကွင်းယူစောင့်ကြခြင်း ဖြစ်ပေသည်၊ နေရာယူပြီး ၁၅မိနစ်မျှအကြာတွင် ကျွန်ုပ်က စောင့်နေရာ ရှေ့တွင် ပွင့်နေသော ရှဉ့်မတက်ပွင့်ကလေး၏ အလှကို ကြည့်ရှုခံစားနေစဉ် -

"ပေါး - ပေါး"

"တုတ် - တုတ်"

"ဒေါက် - ဒေါက်"

တောခြောက်သံများထွက်လာသဖြင့်သေနတ်ကိုအသင့်ကိုင်၊ မျက်စိ ကိုလျှင်လျှင်ထားကာ ကြည့်နေမိ၏၊

"လာလိမ့်မယ်နော် - ဝက်အိပ်ထားတဲ့အိပ်ရာလတ်လတ်ဆတ်ဆတ် တွေ့တယ်ဟေ့"

တောခြောက်သမားတစ်ဦး၏ သတိပေးသံနှင့်အတူ -

"ပေါး - ပေါး - ထွက်ဟာ၊ ထွက်ဟာ"

"ဝု - ဘိ"

"လာပြီဟေ့ - သေနတ်ဆီကိုဝက်လာပြီ၊ လာပြီ၊ ဝက်တောင်းကြီးကွ" ဆိုသည့်အသံအဆုံးတွင်

"ဒိုင်း ..."

ရိုင်ဖယ်သံတစ်ချက် ထွက်လာပြီးနောက် ၅ - စက္ကန့်မျှအကြာ -

"ဒိုင်း"

ဒုတိယသေနတ်သံ...။

"လာဟေ့ - လဲပြီ - လဲပြီ"

ဗိုလ်လေးဆီမှ အော်လိုက်သည့်အသံ၊

"မြန်မြန်သို လာလိုးပေါး၊ တော်ကြာ နံလို့ စားမရပဲ နေဦးမယ်"

ဝက်တောင်းလိုအကောင်မျိုးက ယခုလို မိတ်လိုက်ရာသီတွင် သိုးနံ့ နံ၏၊ အကောင်သေသေချင်းသိုကိုအမြန်လှီးမှသာ အသားတွင်းအနံ့မဝင်နိုင်



တော့၊ သို့မဟုတ်ပါက စား၍ပင်ရမည်မဟုတ်ပေ၊ ဒါကိုသိသော ဗိုလ်လေးက သိုလှီးရန် တောမောင်းများကို ဆင့်ခေါ်ခြင်းဖြစ်ပေသည်၊

တောဝက်မှာ အသားချိန် ၄၅ ပိဿာမျှ ထွက်မည့် ဝက်တောင်းကြီး ဖြစ်တော့၏၊ အစွယ်မှာ အောက်မေးရိုးမှအပြင်သို့ ၃လက်မခန့် ထွက်၍ နေပေပြီ၊

==✡==

တောဝက်ကိုရပြီးနောက် ယာတဲသို့သယ်ကာ အောင်ပွဲခံကြ၏၊ အချိန်မှာညနေ (၄)နာရီခန့်ရှိပြီ၊ ဦးစီးမှူးက သူ၏လွယ်အိတ်အတွင်းထည့်၍ ယူလာသော (Johnie walker (Red Label) ပုလင်းကိုထုတ်ပေးသော အခါ ဥက္ကဋ္ဌ၏သားက -

"အဘတို့ အမြည်းယူကြမလား"

ဟု မဝံ့မရဲမေးလာ၏၊

ကျွန်ုပ်က "အေး - အရက်ဆိုတာအမြည်းနဲ့မှ အဆင်ပြေတာ ပေါ့ငါ့တူရာ" ဟု ပြောလိုက်ရာ -

"ဟုတ်ကဲ့ - ဒါပေမဲ့ - ဒါပေမဲ့"

စကားကမဆက် -

"ဒါပေမဲ့ - ဘာဖြစ်သလည်း ပြောလေကွာ"

ဦးစိန်ထွန်းက စကားထောက်၏၊ ဦးစီးမှူးက ကျွန်ုပ်နှင့်ဦးစိန်ထွန်း အတွက် အရက်ငှဲ့ပေးရင်း -

"အမြည်းဆို မြန်မြန်ယူခဲ့လေကွာ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့ - အမြည်းကမွေ့သားမို့ပါ"

"ထိုအခါကျွန်ုပ်က -

"ဘာ မွေ့သားလဲဟေ့"

သူက တုံ့ဆိုင်းဆိုင်းဖြင့် -

"င - င - ငန်းစောင်းမွေ့သားမို့လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့"

ကျွန်ပ်နှင့် ဦးစိန်ထွန်းမှာ ပြုံးတူပောလိုက်မိတော့၏။

ထို့နောက် ကျွန်ုပ်က စေ့ငုမိ၏။

"ဒီငန်းစောင်းက ဘယ်လိုရတာလည်း ပြောပါဦး"

ထိုအခါ ဥက္ကဌ၏သားက -

အဘတို့တစ်တွေ တောမောင်းသွားနေတုန်း တဲရှေ့က ဟာကွက်ကို ကျွန်တော်ဆောင်းပဲ စိုက်ဖို့ ထယ်ထိုးနေတယ်၊ နေကပြင်းလာတော့ ထယ်နဲ့ နွားကို လှန်ထားပြီး တဲပေါ်မှာနားရင်း ရေနွေးသောက်နေတုန်း အိမ်မှာ မွေးထားတဲ့ ကြက်တွေက ကတော်ကတော်နဲ့ ဆူညံနေပြီ။ တောထဲမှာ အစာရှာနေတဲ့ ကြက်တွေက လန့်ပြီး ကွင်းထဲကို ပျံလာတာတွေ့ရတယ်၊

ကျွန်တော်လည်း ဘာလို့ကြက်တွေလန့်တာလည်းဆိုပြီး ကြက်တွေ ပျံထွက်လာတဲ့ တောစပ်ကို လှမ်းကြည့်လိုက်တော့ လား - လား၊ ဒီငန်းစောင်းက ကြက်တစ်ကောင်နောက်ကို အတင်းလိုက်နေတာ တွေ့ရတယ်၊ ဒါပေမဲ့ ကြက်ပျံပြေးတာက ထယ်ထိုးတဲ့ ထယ်စာကွက်ထဲဆိုတော့ မြေကချက်ချင်း မပိနိုင်ဘူးလေ၊ အဲဒီမှာတင် ကျွန်တော်လည်း တဲဘေးမှာ ထောင်ထားတဲ့ (၇) တောင်လောက်ရှည်တဲ့ ဝါးကိုဆွဲပြီး လိုက်ရိုက်ရတာ"

"ဟာ - တယ်သတ္တိကောင်းပါလား၊ ဘယ်ကိုရိုက်လိုက်တာလဲ"

ကျွန်ုပ်က အန္တရာယ်ရှိနိုင်သည့်အကောင်မို့ ရိုက်ပုံကို မေးရလေ၏။

"အဲ ... ဒါပြောရဦးမယ်၊ ကျွန်တော်က မီးရာကိုရိုက်ရတာ ခါးကိုရိုက်မိသွားတယ်"

"ဘာမှ အန္တရာယ် ပြန်မပေးနိုင်ဘူးလား"

"ဘယ်နေပါမလဲအဘရယ်၊ ခါးကိုလည်းထိမိရော ကျွန်တော့ဘက်ကို ဘေးစောင်းပေါက်ထည့်လိုက်တာ၊ ကံကောင်းလို့"

"ဘယ်လိုကံကောင်းတာလဲ"

"ဝါးကလည်းရှည်၊ သူနဲ့ကျွန်တော်နဲ့လည်း နည်းနည်းလှမ်းနေတော့ တာရယ်၊ ခါးကိုသေသေချာချာရိုက်မိထားတဲ့အရှိန်နဲ့ရယ်၊ သူ့ဘေးတိုက်လှမ်းပေါက်တာ၊ ကျွန်တော့်ဆီကို မရောက်နိုင်လို့ ကံကောင်းတာ၊ ရောက်များ ရောက်လာရင် မလွယ်လောက်ဘူး"



"အေး - ဟုတ်တယ်၊ နောက်ဆိုရင် မှတ်ထား ငန်းစောင်းကိုဘေးက နေမရိုက်ရဘူး၊ နောက်တည့်တည့်ကနေ ခေါင်းကိုမိအောင် ရိုက်ရတယ်၊ ဘေးကရိုက်ရင် ငန်းစောင်းကစောင်းပြီး ပေါက်တတ်တော့ လူကို မလွတ်နိုင်ဘူး၊ မင်းကံကောင်းတယ်လို့ ဆိုရမယ်"

ကျွန်ုပ်က သိသမျှ ပြောပြရ၏။

ခါးထားတဲ့သူတွေက
အနုံ့ကျန်ပြီး
အိပ်ပျော်နေမယ်ဆိုရင်
ငန်းမြွေအကိုက်ခံရတတ်တယ်၊
တစ်ခါတလေမှာ အိပ်နေတုန်း
ငန်းမြွေကိုက်ခံရပြီး သေနေတာ
မနက်ကျမှ သိတယ်၊
သိတော့လည်း
လေဖြတ်သလိုလို၊
နှလုံးရောဂါနဲ့
သေသလိုလို
ထင်တတ်ကြတယ်





www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့မင်းဒီနေ့စောင်းကိုဖျက်တော့ဝမ်းဗိုက်ထဲမှာညှိနိုင်တွေတွေ့သေးလား"၊

"မတွေ့ပါဘူး"

"ဒါဆိုရင် အထီးဖြစ်ဖို့များတယ်"

ကျွန်ုပ်က မှတ်ချက်ပေးပြီးနောက် သူလာချပေးသည့်ငန်းမြွေသားဟင်းခွက်ကိုကြည့်မိ၏၊ အရေပြားမဆုတ်ဘဲ အကြေးခြစ်၍ ချက်ထားသော ငန်းမြွေအရေပြားမှာ အနက်ပေါ်တွင် အဝါပြောက်များပါသောငန်းစောင်းသားများ ဖြစ်ကြောင်းသိရတော့၏။

ကျွန်ုပ်ကမူ မြွေဆိုးသားဖြစ်သည်က တစ်ကြောင်း၊ အရေပြားမဆုတ်ထား၍ တစ်ကြောင်း၊ ချက်ထားပုံမှာ ဆီပြန်မဟုတ်ဘဲ အရေနှင့်မှိုအနံ့ရှိ၍ တစ်ကြောင်းမစားဖြစ်ခဲ့ပါ၊ ကျွန်ုပ်မစားသည့်အတွက် ဦးစိန်ထွန်းလည်း မစားပါ၊ သို့သော် နောက်လိုက်တောအုပ်များနှင့် ဦးဖော်မျိုးထွန်းကတော့ အရက်နှင့်မြည်းကြလေ၏၊

စားသောက်ပြီးသောအခါ မှောင်၍ပင်လာလေပြီ၊ ထိုအခါကျွန်ုပ်က သတိပေးရ၏၊

"ဥက္ကဋ္ဌ ဒီအိမ်မှာရှိတဲ့ကလေး (၂) ယောက်နဲ့ ခင်ပျားချွေးမကို ရွာမှာပြန်အိပ်ခိုင်းလိုက်ရင် ကောင်းမယ်၊ ပြီးတော့ ငန်းမြွေသား ကျန်တာတွေကို ဝေးဝေးမှာ သွားသွန်ခိုင်းပြီးတော့ အိုးခွက်ပန်းကန်တွေကို သေသေချာချာ အနံ့ပျောက်အောင်ဆေးပြီး ရွာကိုပြန်ယူသွားခိုင်းလိုက်ပါ"

ဥက္ကဋ္ဌမှာ ကျွန်ုပ်၏စကားကြောင့် အူကြောင်ကြောင်ဖြစ်သွားပုံရ၏၊ ထို့နောက်မေးလာ၏၊

"ဘာဖြစ်လို့လဲဆရာ"

"ဒီငန်းမြွေမျိုးတွေက တစ်ကောင်တည်း ဘယ်တော့မနေဘူး၊ အထီးအမစုံတွဲနေတတ်ကြတယ်၊ အထီးသေသေ၊ အမသေသေ ကျန်တဲ့အကောင်က အနံ့ခံပြီး လိုက်ရာတတ်တယ်၊ အနံ့ရရင် လိုက်တတ်ပြီး ရန်လိုတတ်တယ်၊ ဒီတော့ စားထားတဲ့သူတွေက အနံ့ကျန်ပြီး၊ အိပ်ပျော်၊ နေမယ်ဆိုရင် ငန်းမြွေ



အကိုက်ခံရတတ်တယ်၊ တစ်ခါတလေမှာ အိပ်နေတုန်း ငန်းမြွေကိုက်ခံရပြီး သေနေတာ၊ မနက်ကျမှ သိတယ်၊ သိတော့လည်း လေဖြတ်သလိုလို၊ နလုံးရောဂါနဲ့ သေသလိုလို ထင်တတ်ကြတယ်"

"ဟုတ်လားဆရာ"

"ဟုတ်ပါတယ် မယုံမရှိပါနဲ့၊ ကျွန်တော်တောလည်သွားရင်း သာယာဝတီနယ်က ဇားရွှေကျော်ရွာအရှေ့တောနဲ့ ကွင်းစပ်မှာ ဒီလိုအဖြစ်မျိုးဖြစ်တာ တွေ့ဖူးတယ်၊ တစ်ယောက်တောင်မကဘူး တစ်အုပ်စုလုံး သေခဲ့ကြတာ (ထိုအကြောင်းကို အလျဉ်းသင့်က ဝတ္ထုတစ်ပုဒ်ရေးသားရန် ဆန္ဒရှိပါသည်၊) ထိုအခါ ဦးစိန်ထွန်းက ဝင်၍ -

"အေး - ဒါမျိုးတွေဖြစ်တတ်တယ်၊ ဒီတော့ ကိုစိုးပြောသ

ဟု ဆိုလေ၏၊

အားလုံးလုပ်ကိုင်ပြီးသောအခါ ဦးစိန်ထွန်း၊ ဦးဖော်မျိုးထ

သည် မော်တော်ဆိုင်ကယ်များဖြင့် ယမုံတောင်ရွာသို့ပြန်၍ ဧ

ဥက္ကဋ္ဌ၊ ကျွန်ုပ်နှင့်တောအုပ်စန်းမြင့် ဦးကျော်သူလင်းတို့သာ

ဥက္ကဋ္ဌသားချွေးမနှင့် မြေး (၂) ယောက်မှာလည်း လှည်းကာ၍ ရွာ

လေသည်၊

═✡═

လမိုက်ည တောင်ကြားတွင် ယာတဲပတ်ပတ်လည်၌ နှင်းများက စောင်ဖြူကြီးတစ်ထည် ဖုံးအုပ်ထားသလိုရှိ၏၊ တောင်များပတ်ခြာဝိုင်းနေသဖြင့် ဒယ်အိုးကြီးတစ်လုံးနှင့်ပင်တူသော ထိုအရပ်၏အအေးမှန်သမျှက တောင်ယာနှင့်စပါးခင်းများကို စုပြုံကျရောက်နေသည်ထင့်၊ အေးလိုက်သည့်အအေး၊ စိုလိုက်သည့်နှင်းက ကျွန်ုပ်ဝတ်ထားသည့်ဘောင်းဘီ (၂) ထပ်အကျီနှင့်အနွေးထည် (၄) ထပ်ကိုပင် ထိုးဖောက်ဝင်ရောက်နေသည်မှာ မေးဖျားရိုက်၊ သွားချင်းကိုက်မိလျက်ပင်ရှိ၏၊ ထုံလိုက်သည့်လက်၊ ကျဉ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည့်မြေ တက်လိုက်သည့်ကြွက်ကလည်း ကော ကော၊ မထူးပါဘူး၊ တစ်မိုင်လောက်ဝေးသည့် စပါးခင်းအစပ်မှ လင့်စင်သို့သွား၍ ဝက်စောင့်တာကပင် တော်လိမ့်မည်ဟု ဆုံးဖြတ်မိ၏။ ထို့ကြောင့် ဥက္ကဌ၊ ကျွန်ုပ်နှင့်စန်းမြင့်ဦး၊ ကျော်သူလင်းတို့(၄)ယောက်အနက်၊ ဥက္ကဌနှင့်စန်းမြင့်ဦးတို့ယမုံတောင်ရွာသို့ပြန်၍ ဦးစိန်ထွန်းအဖွဲ့အားခေါ်ပြီး တောချဉ်သစ်တောမိုလ်တဲသို့ပြန်ရန် ပြောဆိုလွှတ်လိုက်ရ၏။ ကျွန်ုပ်နှင့်တောအုပ်ကျော်သူလင်းက စပါးခင်းတွင် ဝက်စောင့်၍ကျန်ခဲ့မည်၊ နောက်မှမော်တော်ဆိုင်ကယ်ဖြင့် တောချဉ်သို့ပြန်မည်ဟု စီစဉ်ရလေ၏။

ဥက္ကဌနှင့်စန်းမြင့်ဦး ထွက်သွားသောအခါတစ်မိုင်မျှဝေးရာ စပါးခင်းသို့(၂)ဦးသား လာခဲ့ကြ၏။ စပါးခင်းကိုဖြတ်ရသောကြောင့်ပေါင်နှင့်အောက်ပိုင်း တစ်ခုလုံး ရွှဲရွှဲစိုခဲ့၏။ စပါးခင်းအဆုံးတောစပ်တွင် (၄)တိုင် စင်ဆောက်ခါအမြင့်ဝဝပေမျှတွင်လင့်လုပ်ထားသောလင့်ပေါ်သို့နှစ်ဦးသားရောက်သောသည့် ၁၁.၀၀နာရီခန့်ရှိလေပြီ၊ ထုံကျဉ်နေသော မြေထောက်ကို ဘာသာ နှိပ်နယ်၍အပူတာတ်ပေးရလေသည်၊

တစ်ဦးနှင့်တစ်ဦး ကျောချင်းကပ်ကာ အပူတာတ်ရအောင်လည်း နေရ၏။ ကျွန်ုပ်၏ပေါင်ပေါ်တွင်မတော့ ဒသမ ၃၀၃ ရိုင်ဖယ်ဘာတွင် ယမ်းတောင့်ထိုးကာ မောင်းလျှော့ထား၏။ သားကောင်လာပါက ဗို့တုံးနောက်မှ ကျည်ရိုက်တံအား (၂)ချက် ဆွဲတင်လိုက်လျှင် ပစ်ရန် အသင့်ဖြစ်ပေမည်၊ ထိုစပါးခင်းမှာ ဝက်အုပ်ဆင်းစားထားကြောင်း သတင်းရထားသည်သာမက ကျွန်ုပ်တို့ရောက်စဉ် စပါးခင်းအား ဓာတ်မီးထိုးကြည့်ရာ ဝက်အုပ်မွှေထားသဖြင့် စပါးခင်းအစပ်မှ စပါးပင်များ ကျိုးတိုးကျဲတဲ လဲပြို၍ နေ၏။ ဒီဝက်အုပ်ဒီည စပါးခင်းထဲ ဝင်ပါစေဟုသာ ဆုတောင်းရင်း အအေးဒဏ်ကို ရင်ဆိုင်နေမိလေသည်၊

══✡══



"ဝု - ဝု - ဖျော - ဖျော"

မြောက်ဘက်တောင်တန်းဆီမှ ဝက်အုပ်ဆင်းလာသံကို ကြားလျှင်ကြားချင်း ကျွန်ုပ်က ကျော်သူလင်းအား တံတောင်နှင့်တွက်၍ အချက်ပေးလိုက်ခါ တိုးတိုးပြောရ၏။

"ဝက်ကွင်းထဲရောက်ရင် မီးကို ကောင်းကင်အရင်ထိုးပြီး တဖြည်းဖြည်း ဝက်ဆီကိုချ"

"ဟုတ်ကဲ့ဆရာ"

သတိပေးပြီး ၅မိနစ်မျှအကြာ -

"ဝု - ဝု - ဖျော - ဖျော"

"ဗရော - ဗရော - ကွီကွီ"

ဝက်အုပ်မှာ (၄၊၅)ကောင်ရှိမည်ထင်သည်၊ ဝက်အစွယ်သံမကြားရသဖြင့် ဝက်ဗျဉ်းအုပ် (အရွယ်ရောက်စ ဝက်ငယ်အုပ်) ဟု ထင်ရ၏။

ထိုဝက်ငယ်များမှာ အသားချိန် ၂၀ ပိဿာပတ်ဝန်းကျင် ရှိတတ်လေရာစား၍လည်း ကောင်းသောအရွယ်များဖြစ်၏။ ထိုအရွယ်မျိုးကိုသာ ကျွန်ုပ်က ပစ်လိုပါသည်၊ ချက်၍ အလွယ်နူးကာ အခေါက်က ထူးခြားစွာစား၍ ကောင်း၏။ ဝက်သိုပ်ကြီးပါက ဝက်ငယ်လောက် စား၍ မကောင်း၊ ချက်၍မနူး၊ အမွေးကြမ်းကလည်း ထူနေတတ်လေသည်၊

ဝက်အုပ်စပါးခင်းဆင်းလျှင် ဘာသံကိုမှ မကြောက်၊ ဘာသံမှသူတို့မကြား၊ သူတို့အသံနှင့်သူတို့ ဆူညံနေတတ်၏။ သို့သော် စပါးခင်းထဲရောက်လျှင် အငြိမ်မနေ ၊ဟိုတိုး ဒီလှဲ အပင်များလှဲကာ တပျပ်ပျပ် စားတတ်၏၊ အလျှင်အမြန် မှဆိုးက ပစ်တတ်ဖို့ အရေးကြီးလေသည်၊

"ကွီ၊ ကွီ၊ ကွီ"

"ဝု - ဝု - ဝု"

ဝက်အုပ်ကတောစပ်မှအထွက် ဆူညံလာလေရာ တောစပ်ကန်သင်းကို ကျော်၍စပါးခင်းကိုဝင်လျှင် ကျွန်ုပ်က လေသံဖြင့် မီးထိုးရန် ခိုင်းရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကန်သင်းပေါ်ကို မီးထိုးလိုက်"

ကျွန်ုပ်မှာထားသည့်အတိုင်းဓာတ်မီးရောင်က ကောင်းကင်တွင် လင်းလက်သွားပြီး တဖြည်းဖြည်းကန်သင်းပေါ်သို့ ကျရိုန် ကျွန်ုပ်က (၁၀၃) ရိုင်ဖယ်၏ နောက်ဆိုက် (အပေါက်)အတွင်းမှ ရှေ့ပြောင်းဖျားရှိန်သီးကို စင်တာယူကာထိုးအချိန်၊ ဝက်တစ်ကောင်က ကန်သင်းကိုဖြတ်ရန်အတက်၊ မည်းမည်းလုံးလုံး ဝက်တစ်ကောင်၏ လက်နောက်ကိုမှန်းကာ ခလုတ်ကို ဖြုတ်ချလိုက်ရာ...

"ဒိုင်း"

(၁၀၃) ရိုင်ဖယ်သံက ညဥ့်၏ တိတ်ဆိတ်မှုကို ချိုးဖြတ်ကာ အသံ ကျယ်လောင်စွာ ပေါ်လာလေပြီ၊

"ဝု -ဖြူး -ဖျော -ဖျော -ဝရှန်း -ဝုန်း"

"သိတယ်ဆရာ"

"အေးဟုတ်ပါကယ်၊ထိလို့ဟိုတိုက်၊ဒီတိုက်ပြေးသွားတာ၊ဘယ်ဘက် ကို ပြေးသလဲ"

"စပါးခင်းအလယ်ကိုပြေးတာဆရာ –ကျွန်တော့်အကောင်တွေကတော ဘက်ကို ပြေးတယ်"

"အေး –ဒါဆိုရင် လင့်က ဆင်းပြီးပြန်ရအောင် –အေးလှပြီကွ"

လင့်ပေါ်မှဆင်းပြီး နောက်ပစ်သည့် ကန်သင်းဆီသွားကြည့်ခဲ့ရာ ကန်သင်း၏ဘေးဝက်တိုးသွားသည့်ဘက်တွင်သွေးများအိုင်ထွန်း၍တောက် လျှောက်ပါသွားသည်ကို တွေ့ရ၏၊

"ကျော်သူလင်းရေ –မနက်မှရှာရအောင်၊ငါပစ်တာအပေါ်နည်းနည်း ပါသွားတယ် ထင်တယ်၊ နလုံးကို မထိဘူး အသည်းကို ထိတာဖြစ်မယ်၊ ဒီကောင် ဝေးဝေးမပြေးနိုင်ဘူး၊ စပါးခင်းထဲမှာ လဲမယ်ထင်တယ်၊ ခုတော့ တိုးလိုက်ရင် ဝက်မသေသေးရင် အန္တရာယ် ရှိတယ်၊ ဒီလောက် အေးတာ ဒီကောင်ဝပ်တဲ့ နေရာမှာ လဲသေမှာပါ"



ကျွန်ုပ်က ရှင်းပြပြီးနောက် မနက်မှ ရှာရန် ဆုံးဖြတ်ကာ လှည်းလမ်း တွင်ရပ်ထားသော မော်တော်ဆိုင်ကယ်ဖြင့် တောချဉ်သို့ပြန်ခဲ့လေ၏၊ တော ချဉ်သို့ဖြတ်လမ်းမှ ယမုံတောင်ကို မဝင်ပဲ ဖြတ်ခဲ့ရာတွင် (၄)မိုင်မျှမောင်းပြီး နောက်၊ တောချဉ်ပိုလ်တဲသို့ရောက်လေသည်၊ ပိုလ်တဲတွင် အိပ်ခန်း ၂ခန်းရှိ ရာ ဦးစိန်ထွန်းအားအပြင်ခန်း၊ ကျွန်ုပ်ကအတွင်းခန်းတွင် အိပ်ရန် ကုတင်နှင့် အိပ်ရာပြင်ပေးထားလေ၏၊ ဦးဇော်မျိုးထွန်းတို့အဖွဲ့မှာ ဘုရားကျောင်းဆောင် အောက်တွင် စု၍ အိပ်ကြ၏၊ ကျွန်ုပ်မှာ ဘောင်းဘီရှုတ်၊ အနွေးထည် ဘောင်းဘီဝတ်ကာ ကုတင်ပေါ်တွင် စောင် (၂)ထပ်ကို ခေါင်းမြီးခြုံကာ ကွေး၍ အိပ်ရလေသည်၊ အချိန်မှာ နံနက် ၂း၃၀နာရီခန့်၊ ဦးစိန်ထွန်းလည်း အိပ်နှင့်လေပြီ၊

═══✡═══

ကျွန်ုပ်၏ကုတင်မှာရှေ့နောက်လှုပ်၍သွားသည်ဟုထင်သည်၊ ကျွန်ုပ် အိပ်ပျော်လုဆဲဆဲတွင် ဖြစ်၏၊ အိပ်မက်မက်နေသည်လား မဟုတ်၊ ဟော – လှုပ်ပြန်ပြီ၊ ရှေ့နောက်တစ်ဖန် လှုပ်ပြန်၏၊ တောင်နှင့်မြောက်၊ ကျွန်ုပ်ခေါင်းမြီး ခြုံထားရာမှ စောင်ကို လှပ်လိုက်၏၊ လှုပ်နေပြန်ချေပြီ၊

အော်သိပြီ –ငလျင်လှုပ်တာဖြစ်မည်၊ ငလျင်လှုပ်လျှင်ပိုလ်တဲပါလှုပ်ရ မည်၊ ယခုတော့ ပိုလ်တဲက မလှုပ်၊ ကုတင်သာလှုပ်နေ၏၊

"လှုပ်ကွာ – လှုပ် –ဘာလှုပ်လှုပ် –ဂရုမစိုက်ဘူး"

ဟု စိတ်တွင်းမှပြောကာ ခေါင်းမြီးပြန်ခြုံလိုက်၏၊

ပို၍ လှုပ်လေပြီ၊

"ဗုဒ္ဓေါ –ဘာလဲဟ၊ ဘာကောင်လဲ"

ညိတ်ခနဲ ညိတ်ခနဲ လှုပ်ပြန်၏ ၊ ပိုလ်တဲကြီးပါ ရှေ့နောက်တောင် မြောက် လှုပ်ပြန်၏၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မနေသာတော့၊ ထိုကြောင့် တစ်စုံတစ်ရ ဆုံးဖြတ်ကာ -

"အစ်ကိုကြီး - အစ်ကိုကြီး"

ကျွန်ုပ်ကဦးစိန်ထွန်းအား ခေါ်ကြည့်၏၊ ချက်ချင်းပင် -

"ဟေ - ညီလေး" တစ်ဖက်ခန်းမှထူး၏၊

"ဘာမှ မထူးဘူးလား"

"ကုတင်ကော၊ ဗိုလ်တဲကော - လှုပ်တာပြောတာလား ညီလေး"

"ဟုတ်တယ်လေ"

"ညီလေး မလာခင်ကထဲက တလှုပ်လှုပ်ဖြစ်နေတာ"

"ဟုတ်လား ...အစ်ကိုကြီးသိတယ်လား"

"သိတယ်၊ ညီလေးတို့ပြန်လာတာလဲ - သိတယ်၊ ချမ်းလို့ကွေးနေတာ ဖော်မျိုးထွန်းတို့တော့ ချမ်းချမ်းနဲ့ ဝီစကီသောက်ပြီး အိပ်ကြတာ၊ အစ်ကိုကြီးက အိပ်မပျော်သေးဘူး"

"ဟုတ်လား ...ဘာလှုပ်ထားလည်း မသိဘူး၊ လျှောင်လား"

"လျှောင် မဟုတ်ဘူးထင်တယ်"

"ဟော - လှုပ်ပြန်ပြီ၊ ထို သို့ လှုပ်နေသည်မှာ နာရီဝက်ခန့်ကြာလေသည်၊ ဘာမှမတတ်နိုင်၊ ဘယ်သူမှမတတ်နိုင်၊ ဗိုလ်တဲစောင့်နှင့်ဝန်ထမ်းများမှာ သစ်ထုတ်လုပ်ရေးဗိုလ်တဲသို့ သွားအိပ်သည်ဟု နောက်မှသိရ၏၊

မတတ်နိုင်တော့ -

"ကဲ - အစ်ကိုကြီး လှုပ်ချင်တဲ့ကောင်လှုပ်ပလေ့စေတော့၊ ကျွန်တော်တို့လည်း တောထဲမှာ ပုခက်နဲ့လင့်စောင့်လာတဲ့သူတွေပဲ၊ လှုပ်လည်း အိပ်တတ်ပါတယ်၊ လှုပ်ပလေ့စေတော့"

ကျွန်ုပ်က အစ်ကိုကြီးအား လှမ်းပြောရင်း -

"ကဲ ...လှုပ်ကြကွာ၊ ငါတို့လည်း ရအောင်အိပ်မယ်"

ဟု - ပြောကာ စောင်နှစ်ထပ်ကို ခေါင်းမြီးခြုံလိုက်လေ၏၊

သို့သော် ကုတင်ကိုလှုပ်ဆဲပါ၊



ဘယ်အချိန်ဘယ်လို အိပ်ပျော်သွားသည် မသိ၊ ကျွန်ုပ်နိုးလာသော အခါ နံနက် ၈း၀၀ နာရီရှိပေပြီ၊ ရေနွေးလုပ်ပေးသဖြင့် မျက်နှာသစ်ပြီးသော အခါ ဘုရားကျောင်းဆောင်အောက် စားပွဲရှည်တွင် မုန့်တီ၊ ပဲပလာတာများ အဆင့်သင့်ဖြစ်နေကာ ဦးစီးမှူးဦးဖော်မျိုးထွန်းလည်း ထိုင်နေလေပြီ၊ ထို့ကြောင့် ကျွန်ုပ်နှင့် အစ်ကိုကြီးတို့လည်း နံနက်စောစောစားရန် ထိုင်မိ၏၊ စားစရာများကို ဝင်းရှေ့တစ်ဖက် လက်ဖက်ရည်ဆိုင်မှ မှာထားသည်ဟု သိရ၏၊

"ဆရာတို့ ညက ဘာများထူးသေးလဲ"

"ဘာဖြစ်လို့လဲ၊ ဘာလို့ မေးတာလဲ"

"ဩော် ... ထူးတာ ဆန်းတာများရှိလားလို့ပါ"

ထိုအခါဦးစိန်ထွန်းက -

"ညက ကုတင်ကိုရော တဲကြီးတစ်ခုလုံးကိုပါလား၊ လှုပ်တယ် ဘာဖြစ်တာလဲတော့ မသိဘူး"

ထိုအခါ ဦးဖော်မျိုးထွန်းက ပြုံး၍နေပြီး

ဒါတော်သွားသေးတာ ဆရာ၊ ဘုန်းကြီးပင့် ပရိတ်ရွတ် ကမ္မဝါပါညှပ်ထားလို့၊ ဒါပေမဲ့ - ဝန်ထမ်းနဲ့ တောခေါင်းတွေက မအိပ်ရဲလို့ ဟိုဘက်က သစ်ထုတ်ဗိုလ်တဲမှာ သွားအိပ်ကြရတယ်၊ ဆရာတို့လာလို့ ဆရာတို့နဲ့ ကျွန်တော်ရယ် အဖော် (၂)ယောက်ရယ် ဒီမှာ အိပ်ကြတာ၊

"ဟုတ်လား ...ဘာဖြစ်လို့ ပရိတ်ရွတ် ကမ္မဝါညှပ်ရတာလည်း ပြောပါဦး" ဟု ကျွန်ုပ်က စေ့ငုမိ၏၊

"ပြောရရင်တော့ ဘုန်းကြီးရဲ့ဒုက္ခသာရဲ"

"ဘယ်လို ... ဘယ်လို"

═✡═



www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းကြီးဒကာဆရာ - ဒီလိုဒီလိုဟု ဆိုကာ ပြောမည်အလုပ်တွင် -

"ဟာ - ကျော်သူလင်းတို့ တောဝက်ရလာပြီ"

ဦးစီးအပြောကြောင့်ကြည့်လိုက်ရာ ကျော်သူလင်းက သူ၏ဆိုင်ကယ် ကယ်ရီယာတွင် အရှိန် ၂၀ မျှထွက်မည့်ဝက်ငယ်တစ်ကောင်ကို ကြိုးဖြင့် တုပ်ကာ သယ်လာပြီး အဖော်အဖြစ် ဆန်းမြင့်ဦးနှင့်အခြားတစ်ဦးက ဆိုင်ကယ် တစ်စီးဖြင့်ပါလာ၏။

ဆိုင်ကယ်ကို ဘန်ဂလိုရှေ့တွင် ရပ်လိုက်ပြီးနောက် ကျော်သူလင်းက ညက ဆရာပစ်ထားတဲ့ဝက်ကို ကျွန်တော်မနက်အစောကြီး ဆန်းမြင့်ဦးတို့ကို ခေါ်ပြီး သွားရှာတာ တွေ့ခဲ့တယ်ဆရာ"

"ဟုတ်လား ဘယ်လောက်ဝေးဝေးမှာလဲ"

"သိပ်မဝေးဘူးဆရာ - ကိုက် ၂၀ - လောက် စပါးခင်းထဲမှာပဲ စပါးပင် တွေကမြင့်တော့ သူ့စွပ်ကြောင်းအတိုင်း လိုက်ကြည့်တာပဲ - သေနေပြီ"

"အေး...တောဝက်သား စားရတာပေါ့ကွာ။ မင်းတို့ချက်ပြီးဝမ်းတွင်း သားဆီပြန်ချက်ကြကွာ" အစ်ကိုကြီးဦးစိန်ထွန်းက ညွှန်ကြားလေ၏။

ကျွန်ုပ်ကဝက်၏အက်ရာကိုကြည့်ရာ လက်နောက်အထက်နားကျကျ တွင် (၃၀၃)၏ (၂၁၅) ဂရိမ်ထိပ်ပူးက တစ်ဖက်မှတစ်ဖက်သို့ဖြတ်၍ ထွက်ခဲ့ ကြောင်း တွေ့ရလေ၏။

ဖားပွဲသို့ပြန်ထိုင်မိသည့်အခါ -

"ကဲ...ဦးဖော်မျိုးထွန်းဘုရားဒကာ ဆက်ပါဦး"

"ဒီလိုဆရာ...ပြီးခဲ့တဲ့မိုးဦးတုန်းက ဘုရားဒကာကြီးတစ်ယောက် မဟာမြိုင်တောကြီးမှာ သစ်လာတိုက်တယ်၊ ကျောင်းဆောက်ဖို့ဆိုပြီး ၁၀ဘီးကားနဲ့ပေါ့။ သစ်တင်ပြီးအပြန်မှာ နတ်စင်ရှိတဲ့ တောင်အဆင်းမှာ ကားချောက်ထဲကျတယ် အဲ့ဒီဘုရားဒကာ သေသွားတယ်လေ"

"ဒီကနေ ဘယ်လောက်ဝေးလဲ"

"ဒီကနေ ၁၀ မိုင်လောက်ဝေးတယ်"





မဟုတ်ဘူးဆရာ၊
သေတဲ့အလောင်းက
ကားခေါင်းထဲမှာ။
ထူးတာက
သူ့ရဲ့အရူတွေ
အသည်းတွေက
တောင်အောက်ရောက်နေတယ်။
ဗိုက်ကလည်း ဟက်တက်ကွဲနေတယ်။
တောင်အောက်နဲ့ကားနဲ့က
နေရာတော်တော်လှမ်းနေတယ်လေ...

.................................

"နတ်စင်က ဘာနတ်စင်လဲ"

"ပန်ထွာမယ်တော်ကြီး၊ နတ်စင်တောင်လို့လဲခေါ်တယ်"

"ဆက်ပါဦး - သေတာ မဆန်းပါဘူး။ ကားမှောက်တာကိုး"

"ဆန်းတာရှိတယ်ဆရာ"

"ဘယ်လို"

"အဲဒီ့လူ ဘုရားဒကာ သေဆုံးတာက ကားခေါင်းခန်းထဲ"

"ခေါင်းခန်းထဲမှာလည်း - သေနိုင်တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူးဆရာ၊ သေတဲ့အလောင်းကကားခေါင်းထဲမှာ၊ ထူးတာက သူ့ရဲ့အုတွေအသည်းတွေကတောင်အောက်ရောက်နေတယ်၊ ဗိုက်ကလည်း ဟက်တက်ကွဲနေတယ်၊ တောင်အောက်နဲ့ကားနဲ့က နေရာတော်တော်လှမ်းနေတယ်လေ..."

"ဟုတ်လား...ကားဒရိုင်ဘာ စပါယ်ယာကောသေသလား"

"မသေဘူး ဆရာ - ဘာမှလည်း မဖြစ်ကြဘူး၊ အံ့ဩစရာပဲနော်"

"ဟင်...ဟုတ်လား"

"ကားဒရိုင်ဘာနဲ့ စပယ်ယာပြောပြတာကတော့ဘယ်လိုပြောလဲ"

"ကျွန်တော်တို့ ဒီနယ်မှာ ပန်ထွာမယ်တော် နတ်စင်ရှိတဲ့ နတ်စင်တောင်ကို တက်တက်ဆင်းဆင်း ကားသမားတွေက နတ်စင်ကို ဦးတိုက်ကြတယ်၊ ဘုန်းကြီး ရဟန်းတွေပါရင် မေတ္တာပို့အမျှဝေကြတယ်၊ ဘာအန္တရာယ်မှမပေးကြဘူး၊ လောကမှာ မမြင်နိုင်တဲ့ ဆန်းကြယ်မှုတွေရှိတယ်၊ ထူးဆန်းမှုတွေအများကြီးပဲ" –

ဒါပေမဲ့ – အဲဒီဘုရားဒကာကကားပေါ်ကလည်းမဆင်းဘူး၊ မယ်တော်နတ်စင်ကိုလည်း မလေးမခန့်ပြောတယ်တဲ့၊ ဒါ – နတ် မဟုတ်ဘူး၊ ပြိတ္တာတွေ၊ ဘာညာပေါ့၊ ဒီပန်ထွာမယ်တော်က စစ်ရှုံး၊ အသိမ်းပိုက်ခံရပြီး ဒီမဟာမြိုင်တောကို ပြေးလာခဲ့ရတာ၊ သူ စစ်ရှုံးတာကလည်း မင်းဆရာလုပ်သူက သစ္စာဖောက်လို့ဆိုတာ ကြားဖူးတယ်၊ ဒီမှာတင် ရေဦး – ကလေးကားလမ်းက တန့်ဆည်မြို့နယ်နဲ့ ကလေးမြို့နယ်ကြား မဟာမြိုင်တောကြီးမှာ ပုန်းအောင်းရင်း ကွယ်လွန်ခဲ့တာ၊ ကွယ်လွန်တော့လည်း ဒီအရပ်က နတ်စင်ဆောက်ပြီး ပူဇော်ပသကြတယ်၊ ဒီမှာ သတင်းသုံးတဲ့ မဟာမြိုင်ဆရာတော်ကြီးတောင် သူ့ကို မေတ္တာပို့ အမျှပေးဝေတယ်၊ အဲဒါကို သေတဲ့ ဘုရားဒကာက မလေးမခန့်လုပ်လို့ – လို့ ပြောကြတယ်"

"ဟုတ်ပါပြီ – ကားမှောက်တာနဲ့ ဒီဗိုလ်တဲနဲ့ ဘယ်လို ပတ်သက်တာလဲ"

"ဒီလိုဆရာ"



ထိုစဉ်ဝန်ထမ်းများကော်ဖီလာချပေးသဖြင့်စကားခေတ္တပြတ်၍သွားလေ၏၊ ဦးဖော်မျိုးထွန်း ဝန်ထမ်းများအား –

"ဟေ့...ဝက်ဖျက်ပြီးရင်အသည်းနဲ့အူနုကိုနည်းနည်းကြော်ထားကွာ၊ နေ့လယ်ကျရင် အမြည်းလုပ်ရအောင်" ဟု ဆိုလေ၏၊

"ဗိုလ်တဲနဲ့ပတ်သက်တာက ဒီလို ဆရာ – ဘုရားဒကာချလာတဲ့ သစ်တွေက ပါမစ်မရှိဘူး၊ ဒီတော့ ကျွန်တော်တို့ သစ်တောက သိမ်းရတယ်၊ သိမ်းပြီးတော့ သစ်တွေကို ဒီဗိုလ်တဲဝင်းထဲမှာ ပုံထားရတယ်"

"အဲဒီကစပြီး ပြဿနာတက်တော့တာပဲ"

"ညက ကျွန်တော်တို့ဖြစ်သလိုလား"

"ဒါက တော်သေးတယ်၊ သစ်တွေရောက်ပြီးကတည်းက ဝန်ထမ်းတွေဒီမှာအိပ်လို့ကိုမရဘူး၊ ကုတင်ပေါ်က ဆွဲချတယ်၊ ဗိုလ်တဲကိုတအုန်းအုန်းတဘုန်းဘုန်း ထုတယ် ဆွဲခေါ်တယ်၊

ဒါနဲ့ ကျွန်တော့်ဆီ ရောက်တော့ အထက်ကိုတင်ပြပြီး ဒီသစ်တွေကို ပုံစံ(ခ)နဲ့ လေလံပစ်ရတယ်၊ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်၊ ကမ္မဝါဉာဏ်လုပ်ရလို့ ဒီလောက် သက်သာသွားတာဆရာ၊ ဒါပေမဲ့ – ဝန်ထမ်းတွေတော့ ဒီမှာမအိပ်ကြဘူး၊ ဆရာတို့လာလို့ ဆရာတို့နဲ့ ကျွန်တော်တို့နဲ့ အိပ်ကြတာ၊ ထင်တဲ့အတိုင်းညက ဆရာတို့ကို နှောင့်ယှက်တာပဲ၊ ကျွန်တော်ကတော့ တမင်မူးအောင်သောက်ပြီး အိပ်လိုက်တာ ဘာမှကို မသိတော့ဘူး"

"ဒါနဲ့ သစ်ပုံခဲ့တဲ့ နေရာက ဘယ်မှာလဲ"

ကျွန်ုပ်သိချင်သည့် အချက်ကို မေးမိ၏၊

"ဆရာတို့ဗိုလ်တဲပေါ်ကမျက်နှာသစ်ရတဲ့အပြင်အောက်ကနေရာမှာလေ – ဟိုနေရာပေါ့"

သူပြသည့်နေရာတွင်(၄)ပတ်လည်သစ်တိုင်များနှင့်(၄×၂)(၃×၂) သစ်သားအချို့က ရှိနေပေသည်၊ ထိုသစ်များမှာ ထိုကားမှ ကျန်ခဲ့သည့်သစ်များပေလား (သို့) လေလံပစ်ရာတွင် ပါမသွားသေးသည့် ဘုရားဒကာကြီး၏



www.burmeseclassic.com


www.burmeseclassic.com

သစ်များပေလား (သို့) တစ်ချောင်းတလေများ ယူသုံးမိသေး၍ ပေလား၊ မပြောတတ်၊ ပစ္စည်းဥစ္စာစွဲလမ်းမှုဖြင့် မကျွတ်မလွတ်တစ္ဆေဖြစ်နေတာလား၊ မပြောတတ်၊

ကျွန်ုပ်ကတော့ မမေးတော့ပါ၊ ကျွန်ုပ်၏ အမဲပစ်ခရီးတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့မှုကိုသာ စာရှုသူများ ခံစားနိုင်ရန် တင်ပြလိုက်ရပေသည်၊ ကဲ…ယုံကြမှာလား ကျွန်ုပ်ကြုံခဲ့ရတာများ၊

တကြွင်း - ဖြစ်ရပ် နေရာနှင့် အမည်မှန်များဖြစ်ပါသည်၊ စာရှုသူများ မဟာမြိုင်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ရင်း ပန်ထွာမယ်တော်ကြီးနတ်စင်ကို ဝင်ရောက် လေ့လာနိုင်ပါသည်၊

➡ကျော်စိုးမိုးပ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ခုတင်က ခြောက်၊ သစ်က နောက်

**အာဂ်ရောဏ**

ကျွန်ုပ် အိပ်ရာမှ ဖျတ်ခနဲ နိုးလာသည်။ ဒါကလည်း အလေ့အကျင့်တစ်ခုဖြစ်သည်။ ယင်းသို့ နိုးလာလျှင် ကျွန်ုပ် ရေအိမ်သို့ သွားရမည်။ ရေအိမ်သွားရန် ထ.လိုက်သည့်အခါ ကျွန်ုပ်သိလိုက်ပြီ။ သည်နေရာက ကျွန်ုပ်၏နေအိမ် မဟုတ်ချေ။ တရားစခန်းအဆောင် ဖြစ်သည်။ ရေအိမ်မှာ အဆောင်၏အပြင်တွင်ရှိ၍အပြင်သို့ထွက်ရမည်။ အဆောင်၏အလယ်တွင်မီးချောင်းတစ်ချောင်း ထွန်းထား၍ အဆောင်တစ်ခုလုံး မြင်ရသည်။ ကျွန်ုပ်၏ လှုပ်ရှားမှုကို အတတ်နိုင်ဆုံး ညင်ညင်သာသာ ပြုရသည်။ ကျွန်ုပ် နိုးထချိန်တွင် လူ(၂၄)ယောက်က အိပ်ပျော်နေကြသည်။ အိပ်ပျော်နေသမှ နှစ်နှစ်ခြိုက်ခြိုက်ပင်၊ အချို့ဟောက်များပင် ဟောက်နေသေးသည်။

အဆောင်က ခန်းမဖြစ်သည်။ ကျွန်ုပ်တို့ဘက်တွင် ခုတင်(၁၀)လုံး အခြားတစ်ဘက်တွင် ခုတင် (၁၅)လုံး ရှိသည်။ ကျွန်ုပ်တို့က အပြင်တန်း (တံခါးပေါက်များဘက်)ဖြစ်၍ တံခါးငါးပေါက်ကြားတွင် ခုတင် (၂)လုံး ပူးထားခြင်း ဖြစ်သည်။ ကျွန်ုပ် ခုတင်ပေါ်မှ ညင်သာစွာ ဆင်းပြီး ကပ်လျက်ခုတင်မှ မိတ်ဆွေကြီး ကိုအုန်းဖေကို တစ်ချက်ကြည့်လိုက်သည်။ သူလည်း အိပ်မောကျနေသည်ပင်။

ကျွန်ုပ်ခြေကို ဖွဖွနင်းကာ အပြင်ထွက်ပေါက်တံခါးကြီးသို့ သွားသည်။ ထိုးထားသော တံခါးမင်းတုပ်ကို အသာအယာ ဖြုတ်သည်။ တံခါးရွက်တစ်ဖုံကို ဖွဖွလေးဟပြီး မင်းတုပ်ကိုလှည့်တော့ အသံမမြည်ဘဲ တံခါးပွင့်သွားသည်။ အဆောင်တွင်းမှာ အိုက်စပ်စပ်ဖြစ်ပေမဲ့ အပြင်ရောက်တော့ လေပြည်အေးလေး တိုးဝေ့တိုက်ခတ်လိုက်တာ စံစားရသည်။ နွေရာသီ မတ်လဆိုတော့ နေ့လယ်နေ့ခင်းမှာ အပူဒဏ်က ကဲလေသည်။ ရေအိမ်ဝင်ကာ အပေါ့စွန့်ပြီး ရေနှင့်သန့်စင်ခဲ့သည်။ လက်မှ နာရီကို ကြည့်လိုက်တော့ ညသန်းခေါင်ကျော် (၂)နာရီ။

"ဥသြ-ဥသြ-ဥသြ"

အလွန်စွဲမက်ဖွယ်၊ လွမ်းမောဖွယ်ကောင်းသောအသံကို ကြားလိုက်ရသည်။ ဥသြငှက်လေး ဘယ်ဆီကနေ တွန်ကျူးနေပါလိမ့်။

ဥသြငှက် အော်မြည်သံကို ကျွန်ုပ် အလွန်နှစ်သက်သည်။ အသံသည် ဆွဲဆွဲငင်ငင်ရှိသည်။ လေးလေးပင်ပင် ရှိသည်။ ပြီးတော့ အလွန်နွဲ့ပြီးပဲ့တင်သံ ထပ်သည်။ ကျေးငှက်တို့၏ အော်မြည်တွန်ကျူးသံများတွင် ကရဝိက်နှင့်ကြိုးကြာသံသည် အလွန်သာယာသည်ဟု စာပေတွင်ဖတ်ရသည်။ သို့သော် ယင်းတို့၏တွန်ကျူးမြည်သံကို ကျွန်ုပ် မကြားဖူးပါ။

ကျွန်ုပ်သည် ငယ်စဉ်က ကျေးလက်တောရွာမှာနေခဲ့သည်။ ကျေးငှက်မျိုးစုံတို့၏ မြည်သံ၊ တွန်သံများကို ကြားဖူးခဲ့သည်။ ယခုလည်း ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင်နေသဖြင့် ကျေးငှက်သာရကာ မြည်ကျူးသံ မျိုးစုံကြားရသည်။ မိုးလင်းသည်နှင့်အိမ်ဝန်းကျင်သစ်ပင်များမှငှက်ကလေးများ၏တေးဆိုသံမျိုးစုံကြားရသည်။ ကျီကျီကျာကျာမြည်သံများလည်းနားဆင်ရသည်။ တီတီတာတာ ချွဲသံ နွဲ့သံလေးများလည်း နားဝင်ပီယံ ဖြစ်ရသည်။ ငှက်မြည်





www.burmeseclassic.com

www.burmeseclassic.com

သံကလေးတွေမှာကြည်နူးစရာ၊ ဝီတီဖြစ်စရာပင်၊ ကြားရသည့်ငှက်မြည်သံများမှ မှတ်မှတ်ထင်ထင်ဖြစ်ရသည့် ငှက်မြည်သံမှာ –

"ရွှေပြည်စိုး – ရွှေပြည်စိုး"

ဟု မြည်ကျူးသော ရွှေပြည်စိုးငှက်မြည်သံတလေးပင်၊ ငှက်ကလေး၏ မြည်သံမှာ ဂရုစိုက်နားထောင်လေ၊ "ရွှေပြည်စိုး" ဟု ပီပီသသကြားရလေ ဖြစ်သည်၊ နောက်ငှက်သံလေးတစ်သံမှတ်မိနေတာရှိသေးသည်၊ ဘာငှက်ရယ်ဟုတော့ မသိပါ၊ သူမြည်ကြွေးပုံအသံက –

"ရှီး – ရှီး – ရှီး – ရှီး – ကျိုလိလိ"

ဟု ဖြစ်သည်၊ ထပ်ခါ ထပ်ခါ မြည်တတ်သည်၊ မိုးလင်းသည်နှင့် မြည်ကြွေးတတ်သော ငှက်ကလေးဖြစ်သည်၊ ထိုငှက်ကလေးကို "လေရှုန်ငှက်" ဟု ခေါ်ကြသည်၊ နောက် ကျွန်ုပ် နှစ်သက်သော ငှက်မြည်သံတစ်သံ ရှိပါသေးသည်၊ တဖတ်သူများလည်း သည်ငှက်ကလေး၏ တွန်ကျူးသံကို ကြားကြ၊ သိကြ၊ နှစ်သက်ကြမည် ထင်ပါသည်၊

"တကူကူး – ကူး – တကူကူး – ကူး"

ချိုးငှက်ကလေး၏ တွန်ကျူးသံ ဖြစ်ပါသည်၊ ယင်းအသံကို ချိုးကူသံ ဟု ဆိုကြသည်၊ ချိုးကူသံသည် ချွဲပါသည်၊ နွဲ့ပါသည်၊ နှစ်သက်ဖွယ်ကောင်းပါသည်၊ သို့သော် ဥဩတွန်သံလောက် လွမ်းမောဖွယ် မကောင်းပါ၊ စွဲမက်ဖွယ် မကောင်းပါ၊ ယခုလို မတ်လ(နွေရာသီ)မှာ ချိုးနှင့် ဥဩတို့ သီချင်းဆိုပြိုင်သောအခါဖြစ်သည်၊

ဥဩသည် ကျွန်ုပ်ကို ဆွဲဆောင်လိုက်သဖြင့် ကျွန်ုပ်၏ ခြေလှမ်းသည် အဆောင်ဘက်သို့ မရောက်တော့ဘဲ အဆောင်ရှေ့သို့ ထွက်လာခဲ့မိတော့သည်၊ စင်စစ်အားဖြင့် အဆောင်သည် ဗျာနဆိုင်ရာ မွှာရုံတစ်ခု ဖြစ်သည်၊ ပုံမှန်တရားရိပ်သာ မဟုတ်ပါ၊ ထိုဗျာနမှ ဝန်ကြီးက သူ၏အဘိဓမ္မာဆရာနှင့် ပေါင်းကာ (၇)ရက်တရားစခန်း ဖွင့်ခြင်း ဖြစ်သည်၊ ကျွန်ုပ်မှာ ထိုဝန်ကြီးနှင့် တစ်နှယ်ငင် တစ်စင်ပါ တရားစခန်း ဝင်ခဲ့ခြင်း ဖြစ်သည်၊ အမျိုးသား (၂၅)ဦး နှင့် အမျိုးသမီး (၃၅)ဦး၊ စုစုပေါင်း တရားစခန်းဝင်သူ (၆၀)ဦး ဖြစ်သည်၊

မွှာရုံ တည်နေရာမှာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်၊ အာဇာနည်ဗိမာန်လမ်းဘေးတွင် ဖြစ်သည်၊ ကျွန်ုပ် အဆောင်ရှေ့ ထွက်လိုက်တော့ အာဇာနည်ဗိမာန်လမ်းက အောက်ဘက်တွင် ငြိမ်သက်တိတ်ဆိတ်နေသည်၊ ကားအသွားအလာ လုံးဝမရှိတော့၊ တပေါင်းလပြည့် ကျော်ပြီးဖြစ်သဖြင့် လရောင်မှာလင်းပျပျ သာလျက်ရှိသည်၊ အဆောင် တည်ရှိရာသည်သိင်္ဂုတ္တရကုန်းတော်၏တောင်စောင်းမှာဖြစ်၍ကားလမ်းက အောက်ဘက်အနားတွင် တည်ရှိသည်၊ ရှေ့ဘက်တူရူတွင် သွေးဆေးကန် ရေပြင်က ပကတိငြိမ်သက်နေသည်၊ လရောင်ဆမ်းသော ငွေလွှာပြင်ကို ရှုမောရသည်မှာ ရင်ဝယ် အေးမြလှသည်၊

ရေလွှာပြင်၏ ဟိုဘက်တွင် မူလ ကမ္ဘာအေးစေတီနှင့် ပတ်ဝန်းကျင် သာသနိကအဆောက်အအုံများကို မြင်ရသည်၊ (မူလ ကမ္ဘာအေးစေတီဆိုရာ၌ ခရစ်နှစ် ၁၉၅၆–ခုနှစ်က သာသနာ (၂၅၀၀)ပြည့် အထိမ်းအမှတ် အဖြစ် တည်ခဲ့သော ကမ္ဘာအေးစေတီ ပေါ်လာသောကြောင့် ယခင်ရှိနှင့်သော ကမ္ဘာအေးစေတီလေးကို မူလတပ်၍ ခေါ်ကြခြင်း ဖြစ်သည်၊)

ကမ္ဘာအေးစေတီလေး၏ ဟိုဘက် အနည်းငယ်မြင့်သော တောင်ကုန်းလေးပေါ်တွင် မင်္ဂလာတောင်တော်ဦးစေတီကိုလည်း ဖူးတွေ့ရသည်၊ လက်ဝဲဘက်မြင်ကွင်းမှာတော့ အာဇာနည်ဗိမာန်ကို သစ်ပင်များကြားမှာ မှိန်းပျပျ မြင်ရသည်၊

"ဥဩ – ဥဩ – ဥဩ"

သည်အသံကြားလျှင် ကျွန်ုပ်ရင်မှာ တသိမ့်သိမ့်ခံစားရသည်၊ စင်စစ် ဥဩသံကား ရင်ကို ထိခိုက်စေသည် မဟုတ်ပါလော၊ ဥဩမြည်သံက နီးနီးက၊ ဝေးဝေးက လှည့်ပတ်ကြားနေရသည်၊ ကျွန်ုပ် ရန်ကုန်တက္ကသိုလ်တက်





www.burmeseclassic.com

www.burmeseclassic.com

ခဲ့စဉ်က သည်အချိန်ဆို တက္ကသိုလ် ပရိဝုဏ်တစ်ခွင်လုံး ဥဩသံ လွှမ်းနေပြီဖြစ်သည်။ အဓိပတိလမ်းတစ်လျှောက် ကံ့ကော်တွေ ပွင့်ချိန်။ ကံ့ကော်ပန်းရနံ့တွေ မွှေးပျံ့သင်းကြိုင်နေချိန် ဖြစ်သည်။

ဥဩဆိုသည့်အကောင်ကလည်း အသံသာ ကြားရပြီး အကောင်ကို မတွေ့ရသောသတ္တဝါ ဖြစ်သည်။ တက္ကသိုလ်ထဲမှာဆိုတော့ သစ်ပင်တွေများသဖြင့် ဥဩကို ရှာရဖို့ ခက်သည်။ သစ်ပုပ်ပင်ဆီကလား။ ဘွဲ့နှင်းသဘင်နောက်ကလား။ အာစီဘေးကလား။ စာကြည့်တိုက်ဘက်ကလား။ တောင်ငူဆောင်ရှေ့ ကညင်ပင်ဆီကလား။ ဂျပ်ဆင်ဟောလ်ဘက်ကလား မှန်းဆရခက်လေသည်။

ဥဩသံ၏အာရုံတွင် နစ်မျောသွားရာမှ နာရီကြည့်လိုက်တော့ (၂)နာရီ ထိုးတော့မည်။ (၇)ရက်စခန်းက သည်နေ့မှ စခြင်းဖြစ်သည်။ အိပ်တော့မှ ဖြစ်မည်။ အိပ်ရေးမဝလျှင် တရားထိုင်ရင်း အိပ်ငိုက်နေဦးမည်။ ကျွန်ုပ် အဆောင်ထဲ ပြန်ဝင်သည်။ စေ့ထားခဲ့သော တံခါးကို အသာဖွင့်၍ အသံမမြည်အောင် မင်းတုပ်ကို ထိုးရသည်။ ခြေကို ဖွဖွနင်းကာ အိပ်ရာထဲ ဝင်လှဲလိုက်သည်။ ဘေးခုတင်မှ ကိုအုန်းဖေကတော့ အိပ်မောကျနေဆဲပင်။


ခဏမျှဘယ်ဘက်စောင်း။ ညာဘက်စောင်းလူးလိမ့်အိပ်လိုက်ရာ အိပ်ပျော်သွားသည်။

"အယ့် - အယ့် - အယ့်"

အသံတစ်မျိုး ကြားလိုက်ရသည်။ ထိုအသံကြောင့်ပင် ကျွန်ုပ် နိုးလာရခြင်း ဖြစ်သည်။ အိပ်ရာမှ မထဘဲ လဲလျောင်းရက်ကပင် အသံကို အာရုံစိုက် နားစွင့်လိုက်သည်။

"အယ့် - အယ့် - အယ့်"





စာရှုသူများ
ကျေးလက်တောရွာတွင်နေဖူးပါက
မိုးတွင်းကာလ
လယ်ထဲယာထဲ ရေခပ်ခပ်ထဲမှ
ညအခါ ခါးဖားကြီးတွေ အော်သံကို
ကြားဖူးကြပါလိမ့်မည်။
အသံကကြီးကြီး၊ ဩဩဖြစ်သည်။
လူ၏လည်ချောင်းမှ ထွက်သော
အသံမျိုးမဟုတ်နိုင်။
ဘာသံလဲ။ ဘယ်ကမြည်နေတာလဲ။
ကျွန်ုပ်စိတ်များ ချောက်ချားသွားပါသည်။

ငိုသံတော့ မဟုတ်၊ သို့သော် တော်တော်ကျက်သရေမရှိသောအသံမျိုး ဖြစ်သည်။ ဆိုရသော် တော်တော်ရင်တုန်ဖွယ်ရာကောင်းသောအသံ၊ ကြက်သီးထဖွယ်ကောင်းသောအသံမျိုး ဖြစ်သည်။



www.burmeseclassic.com

စာရှုသူများ ကျေးလက်တောရွာတွင် နေဖူးပါက မိုးတွင်းကာလ လယ်ထဲ ယာထဲ ရေစပ်စပ်ထဲမှ ညအခါ စားဖားကြီးတွေ အော်သံကို ကြားဖူးကြပါလိမ့်မည်။ အသံကကြီးကြီး၊ ဩဩဖြစ်သည်။ လူ၏လည်ချောင်းမှ ထွက်သော အသံမျိုး မဟုတ်နိုင်။ ဘာသံလဲ။ ဘယ်ကမြည်နေတာလဲ။ ကျွန်ုပ်စိတ်များ ချောက်ချားသွားပါသည်။

စိတ်ကို တင်း၍ အသာထ,ထိုင်လိုက်သည်။ အသံက အမြဲမြည်နေသည် မဟုတ်ပါ။ တစ်ခါမြည်ပြီး ရပ်သွားသည်။ ခဏကြာတော့ တစ်ခါ မြည်ပြန်သည်။ ကျွန်ုပ် ထ,ထိုင်ပြီး အာရုံစူးစိုက်နားထောင်သည်။ အသံမမြည်ပါ။

"ဥဩ - ဥဩ - ဥဩ"

မြည်လာသည်က ဥဩအသံ။ သည်ဥဩကောင် တစ်ညလုံး မအိပ်ဘဲ လျှောက်အော်နေသည်လား။ ခုခါတွင် ဥဩသံကို ကျွန်ုပ် မခံစားနိုင်တော့ပါ။ ဘာမှန်းမသိသော မြည်သံကြီးသည် ကျွန်ုပ်စိတ်ကို ချောက်ချားနေစေပါသည်။ ဥဩသံ တဖြည်းဖြည်းဝေးသွားသည်။

"အယ့် - အယ့် - အယ့်"

ကျွန်ုပ် ခေါင်းနားပန်းကြီးသွားသည်။ ကြားရပါပြီ၊ လူ့သံမဟုတ်သည်မှာ သေချာပြီ။ အပြင်ကအသံ မဟုတ်သည်မှာလည်း သေချာပြီ။ အဆောင်ထဲက အသံဖြစ်သည်။ ပြီးတော့ ကျွန်ုပ်နှင့် တော်တော်နီးသည်။ အသံက ခေါင်းရင်းဘက်က လာတာဖြစ်သည်။ ကျွန်ုပ် ထိုင်နေရာခုတင်ပေါ်က ဆင်းလိုက်သည်။ ခေါင်းရင်းတွင် ပြတင်းပေါက် ရှိသည်။ ပြတင်းပေါက်တွင် တံခါးရွက် (၂) ချပ်နှင့် ကျည်းပေါင် ရှိသည်။

မှော်ရုံက အုတ်တိုက် အဆောက်အအုံအသစ် ဖြစ်သည်။ RC အုတ်တိုက်ဖြစ်၍သစ်သားဆို၍ပြတင်းပေါက်ပေါင်နှင့်ကျည်းပေါင်သာပါသည်။ ကျွန်ုပ် ကျည်းပေါင်သစ်သားနားတွင် ရပ်၍ အာရုံစူးစိုက်ထားလိုက်သည်။ စိတ်ကို ငြိမ်အောင်ထားသည်။ ကျွန်ုပ် တစ်ခုတွေးထင်ထားတာ ရှိသည်။ ထိုအတွေးကြောင့်ပင် စိတ်ချောက်ချားခြင်းများ ပြေပျောက်သွားသည်။



ကျွန်ုပ်မှာ ညကြီးသန်းခေါင် အိပ်ရာမှ ထ,ကာ ပြတင်းပေါက်နား ရပ်နေသည်မှာ တစ်ယောက်ယောက် နိုးလာ၍ တွေ့သွားက တော်တော်ပြောရခက်လိမ့်မည်။

"ဥဩ - ဥဩ - ဥဩ"

ခက်ပြီ၊ ကိုရွှေဥဩက တစ်ညလုံး မအိပ်တော့ဘူး ထင်ပါရဲ့။ ဥဩသံကို အာရုံမှဖယ်ထုတ်လိုက်သည်။ အာရုံစူးစိုက်ရမှာက တံခါးပေါက်ကျည်းပေါင်သစ်သား။ ကျွန်ုပ် စိတ်ရှည်ရှည်ထားပြီး စောင့်သည်။

"အယ့် - အယ့် - အယ့်"

မြည်သံကြီး ထွက်ပေါ်လာသည်။ ကျွန်ုပ်ထင်သည့်အတိုင်း ကျည်းပေါင်ဆီကပင် ဖြစ်သည်။ ပို၍ သေချာအောင် ကျွန်ုပ် ကျည်းပေါင်ကို နားနှင့် ကပ်လိုက်သည်။

"အယ့် - အယ့် - အယ့်"

သေချာပါပြီ၊ ကျည်းပေါင်ကမြည်တဲ့အသံ သေချာပါပြီ၊ ကျည်းပေါင်က ဘယ်လိုအသံမြည်နိုင်သလဲ၊ ဘာကြောင့်မြည်တာလဲ။ ဒါက သစ်သားမြည်တဲ့အသံ ဖြစ်သည်။ ဒါကို "သစ်ကြွိတ်" ဟု ခေါ်သည်။ ကျွန်ုပ်ကြောက်စိတ်များ ပြေပါပြီ၊ စိတ်လည်း ငြိမ်သွားပါပြီ၊ ခုတင်ပေါ်ပြန်တက်ပြီး ကိုအုန်းဖေကို ကြည့်လိုက်သည်။ သူ့ကို ပြောရကောင်းမလား၊ သူက အိပ်ပျော်နေဆဲဖြစ်သည်။ ရှိစေတော့၊ ခုအိပ်လိုက်ဦးမည်။ စည်းကမ်းအရ ဝစီပိတ် (တစ်ဦးနှင့်တစ်ဦး စကားမပြောရ) ဖြစ်ပေမဲ့ မနက်မိုးလင်းမှ ကိုအုန်းဖေကို လက်တို့ပြီး မှိုးပြောရမည်။

(အေး)

မနက် (၃) နာရီထိုးပြီ၊ အဖြေရှာ၍ရသဖြင့် ကြောက်စိတ်ပြေပြီး တည်ငြိမ်သွားကာ ခေါင်းနှင့် ခေါင်းအုံးတွေ့စဉ်ကမှာပင် အိပ်ပျော်သွားခဲ့သည်။ အသံကပဲ မမြည်တော့တာလား၊ ကျွန်ုပ်က အိပ်မောကျလေသလားမသိ။

www.burmeseclassic.com

မနက် (၅)နာရီ အများ နီးမှန်းလာသည်၊ ညက အိပ်ရေးပျက်ထားတော့ မျက်လုံးများက ဖန်တွတ်တွတ်ဖြစ်နေသည်၊

ခေါးစုတင်မှာ ကိုအုန်းဖေ မရှိ၊ ကိုယ်လက်သုတ်သင်ဖို့ ထွက်သွားပြီ ထင်သည်၊ ဟုတ်သည်၊ ရေချိုးခန်းဘက်ရောက်တော့ ကိုအုန်းဖေ မျက်နှာ သစ်နေသည်ကို တွေ့ရသည်၊ ကျွန်ုပ်လည်း ပြုဗွယ်ကိစ္စများကိုပြုပြီး အဆောင်ထဲ ပြန်ဝင်သည်၊ ကိုအုန်းဖေ အဝတ်လဲနေသည်၊

ကျွန်ုပ် ညကကိစ္စ ပြောချင်နေသည်မှာ လျှာက ယားနေပြီ၊ စည်းကမ်းကလည်း "စကားမပြောရ"၊ မတတ်နိုင်၊ စည်းကမ်းဖောက်ရပေတော့မည်၊ ကျွန်ုပ် သူ့ကို လက်တို့ခေါ်ကာ ခေါင်းရင်းဝရန်တာဘက် ထွက်လိုက်သည်၊

"ရှူး - ကိုအုန်းဖေ"

"ပြော - ကိုစိန်လှ"

ကျွန်ုပ်က လေသံနင့်ပြောတော့ သူကလည်း လေသံနင့်ပင် တုံ့ပြန်သည်၊ ကျွန်ုပ် သူ့ကို အကျဉ်းချုံး အတိုဆုံး ပြောပြလိုက်မိသည်၊

"ဗျာ - သစ်ကြိုတ် - ဟုတ်လား"

သူက တအံ့တဩ ပြောသည်၊

"ဟုတ်တယ် - ကိုအုန်းဖေ၊ သစ်ကြိုတ်တဲ့၊ သစ်ခြောက်တဲ့ ရှိတယ်ဗျာ၊ ညကျရင် ကျုပ်လက်တို့မယ်၊ ထသာ နားထောင်ပေတော့"

ကျွန်ုပ်တို့နှစ်ယောက် စကားပြောနေကြသည်ကို သိကြမည်မဟုတ်၊ နှစ်ယောက်သား ဝရန်တာတွင်ရပ်ကာ အပြင်သို့ ကြည့်နေကြသည်ဟုသာ ထင်ကြပေမည်၊

သည်နေ့က စခန်းဝင်ပြီး ဒုတိယနေ့ ဖြစ်သည်၊ တစ်မြန်နေ့ ညနေက စခန်းဝင် ယောဂီများ ရောက်ကြသည်၊ သတင်းပို့ကြ၊ နေရာယူကြ၊ ပြင်ကြ ဆင်ကြနင့် နေရာချပြီးတော့ အပေါ်ထပ်ခန်းမတွင် အဘိဓမ္မာဆရာစံက စခန်းဝင်သူယောဂီများကို ဩဝါဒပေးသည်၊ ထိုည အိပ်ကြတော့ ကျွန်ုပ်သည်စုတင်မှာပင်အိပ်သည်၊ ဘာသံမှုမကြားရ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်



သည်၊ ဒုတိယညတွင်မှ ဦးဩက မအိပ်ချင်အောင်အသံဖြင့် ဆွဲဆောင်သည်၊ ပြီးတော့ သစ်သားကျည်းပေါင်က ကျွန်ုပ်ကို အသံဖြင့် ခြောက်သည်၊

မနက်(၅း၃၀)မှစ၍အချိန်ဇယားအတိုင်းလှုပ်ရှားလုပ်ဆောင်ရသည်၊ (၁၁)နာရီတွင် နံနက်စာ သုံးဆောင်ရ၍ (၁၂း၃၀)အထိ နားချိန်ရသည်၊ ထမင်းစားပြီးကျွန်ုပ်စုတင်တွင်ခေတ္တလဲလျောင်းသည်၊ကိုအုန်းဖေကဝရန်တာတွင် လမ်းလျှောက်နေသည်၊ ကျွန်ုပ်မှာ တရားသဘောကို နလုံးမသွင်းနိုင်၊ တကယ်ဆိုလျှင် ဆရာစံ ပြောထားသည့်အတိုင်း ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုတ် သုံးမျိုးစလုံးတွင် မည်သည့် ဣရိယာပုတ်မှာပင်ဖြစ်စေ တရား သဘောကို နလုံးသွင်းရမည် ဖြစ်သည်၊ ကျွန်ုပ်၏ စိတ်အာရုံတွင် တရား သဘောမရှိ၊ သစ်၏ ခြောက်ခြားမှုသာ ဝင်စားနေသည်၊

"ငါတို့ရဲ့ - ဘကြီးက သစ်တောဌာနမှာလည်း တောခေါင်းလုပ်ဖူးတော့ သစ်ပင် ဝါးပင်တွေနဲ့ တော်တော်နီးနီးစပ်စပ်နေရတာကလား၊ ခု ငါတို့ တွေ့ ရတာက သစ်ခြောက်လို့ ခေါ်တယ်"

ကျွန်ုပ်ငယ်စဉ်ကရွာမှာအသက်(၁၅)နှစ်အထိနေခဲ့ရသည်၊ဘုန်းကြီး ကျောင်းသား ကျောင်းအိပ်ကျောင်းစားအဖြစ် နေရသည်၊ ကျောင်းကြီးမှာ ရှေးဟောင်းသစ်သားကျောင်းကြီးဖြစ်၍ အဆောင် (၇)ဆောင်၊ တိုင်ပေါင်း (၁၁၁)လုံး ရှိသည်၊ အားလုံးကျွန်းသားဖြစ်၍ တိုင်များမှာ ရစ်လက်မပတ် လည် ကျွန်းတိုင်များ ဖြစ်သည်၊ ခြေတံရှည်ကျောင်းကြီးဖြစ်၍ ကျောင်း အောက်တွင်လူလက်ခုပ်တစ်ဖောင်ခန့်မြင့်သည်၊အမိုးမှာဘုံဆင့်ပြာသာဒ် (၂)ဆောင် ရှိသည်၊ ကျောင်းမကြီး အလယ်ဗဟိုဆောင်မှာ ဘုံ(၉)ဆင့် ပြာသာဒ်ရှိသည်၊ ဘုရားဆောင်မှာ ဘုံ(၇)ဆင့် ပြာသာဒ်ရှိသည်၊ ဗဟို ကျောင်းဆောင်ကြီးကိုတွဲ၍ အဆောင်များ ဆောက်လုပ်ထားခြင်း ဖြစ် သည်၊

ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းသားများ ဆွမ်းစားဆောင်၏ ထောင့်တစ် နေရာတွင် စုအိပ်ကြသည်၊ ဆွမ်းစားဆောင်သည် ကျောင်းကြီး၏ နောက်



www.burmeseclassic.com

www.burmeseclassic.com

ဘက်အစွန်တွင် ရှိ၍ ထောင့်တိုင်ကြီးတစ်လုံးမှာ ဖျိုးဖျိုးဖျစ်ဖျစ် မြည်တတ်သည်၊ မြည်သည့်အချိန်ကလည်း ညဥ့်နက်ပိုင်း ဖြစ်သည်၊ ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းသားများမှာ ကြောက်ရကောင်းမှန်း မသိပါ၊ တိုင်ကြီးက မြည်ပြီဆိုလျှင် တိုင်ကြီးကို ကြည့်၍ အသံကို ပိုင်းနားထောင်ကြသည်၊

မြည်သံက ဖျိုးဖျိုးဖျစ်ဖျစ်ဆိုရာတွင် စာရွှဘုများ သစ်ပင်သစ်ကိုင်းများ စုတ်ချသည့်အခါ ကျိုးသွားပြီး ဖျစ်ဖျစ်အသံမြည်တာကို ကြားဖူးမည် ထင်ပါသည်၊ ထိုမြည်သံမှာ သစ်ကိုင်းများ ကျိုးသည့်အခါ မြည်သည့် ဖျစ်ဖျစ်မြည်သံ ဖြစ်ပါသည်၊ ကျွန်ုပ်တို့ထဲမှာ နီတွတ်ဆိုသည့်ကောင်က တော်တော်ကဲသည်၊

"ဟေ့ကောင် - တိတ်စမ်း၊၊ တို့အိပ်လို့မရဘူး"

ဆိုကာ တိုင်ကို လက်ဝါးဖြင့် ပုတ်ကာ ပြောသည်၊ နီတွတ်ထက် ပိုဆိုးသည်က ဝတုတ်၊ လူကပုပုနဲ့ တော်တော် စိတ်တိုသည့်အကောင်ဖြစ်သည်၊

"ဟေ့ကောင် - တိတ်နော်၊ ဒီတစ်ခါအော်ရင် ငါ ဓားနဲ့ ခုတ်မှာ"

ဟုဆိုကာမီးဖိုဆောင်သို့သွားမည်ပြုသည်၊ ကျော်ကြီးကခြေမြန်လက်မြန် ဝတုတ်ကို ဖမ်းဆွဲ၍ -

"မလုပ်နဲ့ - ကိုယ့်လူ၊ မင်းဓားနဲ့ခုတ်တော့ တိုင်ကြီးပဲ့ကုန်မှာပေါ့၊ ဘုန်းကြီးကြိမ်လုံးအကြောင်း မင်းသိတယ် မဟုတ်လား"

ဟု ပြောလိုက်သည်၊ သို့သော် ထိုကိစ္စ ပြေလည်သွားပါသည်၊ ကျွန်ုပ်တို့၏ သစ်ခြောက်ကိစ္စ၊ ဘကြီးက ဆက်ပြောသည်၊

"အဲ - သစ်သားတွေမှာလေးမျိုးရှိတယ်ကွ၊ ခုငါတို့ရဲ့တိုင်ကမြည်သံဟာ "သစ်ခြောက်" ခေါ်တယ်၊ နောက်တစ်မျိုးက "သစ်တောက်" တဲ့၊ နောက် "သစ်ကြိတ်" ဆိုတာ ရှိသေးတယ်၊ နောက် "သစ်စုန်း" ဆိုတာပဲ"

"ရှင်းပြပါဦး - ဘကြီး"

"သစ်ခြောက်ကိုတော့ ငါတို့ ကြုံရပြီ မဟုတ်လား၊ သူက သစ်ကိုင်းကျိုးတဲ့အသံမျိုး မြည်တတ်တာပါပဲ၊ တောတွေ တောင်တွေထဲမှာ သစ်ပင်



တွေစုတ်၊ သစ်ကိုင်းတွေ ကျိုးကျ၊ သစ်ပင်တွေ လဲတော့ လဲကျတဲ့အသံတွေဟာ သစ်လုံး သစ်ကိုင်းတွေမှာ ပါလာတတ်တာမျိုးပဲကွ"

"သစ်ကြိတ်ဆိုတာ ပြောပြ - ဦးဘကြီး"

"ဒါကတော့ တောတောင်သစ်တောတွေမှာ လေတိုက်တဲ့အခါ သစ်ကိုင်းချင်း ယှက်ပြီး ထပ်နေတဲ့နေရာက သစ်ကိုင်းအချင်းချင်း ပွတ်မိကြမိတယ်လေ၊ အဲဒီမှာ အိအိ အယ့်အယ့်အသံတွေ မြည်တာပေါ့ကွာ၊ နွေရာသီ သိပ်ပူပြင်းတဲ့အခါ သစ်ကိုင်းကလည်း ခြောက်နေမယ်ဆိုရင် သစ်ကိုင်းချင်း ပွတ်တာကြိတ်တာဟာ မီးပွင့်တယ်တဲ့၊ တောမီးလောင်တာ အဲဒီမီးပွားတွေက အောက်က ခြောက်နေတဲ့မြက်ခင်းပေါ်ကျ၊ မြက်ခင်း မီးစွဲရာက လောင်တာမျိုး၊ အဲဒီအကိုင်းချင်းကြိတ်တဲ့သစ်ကိုင်းမှာကြိတ်တဲ့အသံတွေ ပါလာတာဟာ သစ်ကြိတ်ဆိုတာပါပဲ - ငါ့တူရာ"

"သစ်တောက်ကကော၊ ဘယ်လိုဖြစ်တာတုံး - ဘကြီးရဲ့"

"ငါတို့ သစ်တောက်ငှက်ကို သိတယ်နော်"

"ဟုတ်ကဲ့ - သိပါတယ်"

"နှုတ်သီးအင်မတန်မာတဲ့ငှက်ကလေးပေါ့ကွာ၊ အဲဒီသစ်တောက်ငှက်ရဲ့ အစာရှာမှုက ထူးခြားတယ်၊ မြေပြင်မှာ အစာမရှာဘူး၊ တောတွေထဲမှာ အပင်အရှိုဟာ သေပြီး တစ်ပင်လုံး ခြောက်နေတာရှိတယ်၊ တချို့အကိုင်းတစ်ကိုင်း ခြောက်နေတာရှိတယ်၊ အပင်အကိုင်းခြောက်တော့ အခေါက်အမွှေးလည်း ခြောက်တာပေါ့၊ အဲဒီအခေါက်တွေ အမွှေးတွေကြားမှာ ပိုးကောင်၊ မွှားကောင်လေးတွေ ခိုနေကြတယ်၊ အဲဒီပိုးကောင်လေးတွေက လောက်တွေလို ဖြူဖြူနုနုလေးတွေ၊ အဲဒီအကောင်လေးတွေကို စားဖို့ သစ်တောက်ငှက်က သစ်ခေါက်ကို နှုတ်သီးနဲ့ ပေါက်တာ၊ သစ်တောက်ငှက်နှုတ်သီးနဲ့ သစ်ပင်ကို ပေါက်တာ တော်တော်ကျယ်ကျယ်ကြားရတယ်၊ သစ်တောက်ဆိုတာ အဲဒီအသံတွေ သစ်ပင်တစ်ကိုင်းမှာ ပါလာပြီး "တောက် - တောက်" မြည်သံပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"သစ်စုန်းဆိုတာကော - ဘကြီး"

"အေး - သူကလည်း တောတောင်ထဲက သစ်ပင်တွေမှာ သဘာဝ တရားအရ အလင်းဓာတ်တွေ ဝင်နေတာ၊ အဲဒီသစ်မျိုးတွေ လေ့၊ သမ္မန်၊ မော်တော်စပ်တဲ့နေရာမှာ ပါသွားရင်လည်း ဖြစ်တတ်တယ်၊ နောက်တစ်မျိုး က လှေ၊ မော်တော်တွေရဲ့သစ်သားမှာ ပင်လယ်မီးစုန်းဓာတ်က တွယ်ကပ် နေပြီ၊ ညမှောင်တဲ့အခါ လှေကာ၊ မော်တော်က မီးရောင် ဖျတ်ခနဲ လင်းတတ် တာမျိုး ဖြစ်တယ်၊ အဲဒီသစ်စုန်းက တောက်တဲ့အရောင်ဟာ ဘာအရောင်နဲ့ မှ မတူဘူးတဲ့၊ သိပ်ပြီး စူးစူးရှရှ လင်းသတဲ့"

ဘကြီးက ရှင်းပြပြီး ဆက်ပြောသည်၊

"ငါ့တူတို့ကိစ္စ ဘကြီးလုပ်ပေးမယ်၊ နောက်ဆို အသံမကြားရတော့ပါ ဘူး၊ ညကျရင် ဘကြီး ကျောင်းကို လာခဲ့မယ်"

ညကျတော့ ဘကြီး ကျောင်းသို့ ရောက်လာသည်၊ ဆရာတော်ကို ဝတ်ပြုစကားပြောပြီး ကျွန်တော်တို့ဆီ လာသည်၊

"မင်းတို့သစ်ခြောက်က ဘယ်တိုင်လဲ ပြပါဦး"

ကျွန်ုပ်တို့က တိုင်ကို ပြလိုက်သည်၊

"ကဲ - နီတွတ်လည်း တိုင်ကို ပွတ်မနေနဲ့တော့၊ လက်နာတယ်၊ ဝတ္တ လည်း စားနဲ့ မနုတ်ရတော့ဘူး၊ ဘကြီးလုပ်ပေးမယ်၊ ဒါ သစ်မင်းလို့ခေါ်တယ်"

ဘကြီးက သစ်စအရှောင်းလေးတစ်ခုကို ပြသည်၊

"ဒီသစ်မင်း အစလေးဟာ ဘယ်ရှလာက်မာတဲ့အသားဖြစ်ဖြစ် သစ် သားသာ ဖြစ်ပါစေ၊ ရိုက်သွင်းရင် ဝင်သွားတာပဲ - ကြည့်"

ဘကြီးသည် သူ့ခါးကြားတွင် ထိုးလာသော တူကလေးကိုယူကာ သစ်စ လေးကို အသာရိုက်သွင်းလိုက်ရာ အဆုံးထိ မြှုပ်ဝင်သွားလေသည်၊

"ကဲ - ငါ့တူကို ကောင်းကောင်းအိပ်ရပါပြီ၊ သည်တိုင်က မြည်မှာ မဟုတ်တော့ဘူး"



ဟုတ်ပါသည်၊ ထိုတိုင်မှ နောက်ပိုင်း ဘာသံမျှ မကြားရတော့ပါ၊ ကျွန်ုပ် မှာ အတွေးများ ဖြာဝေနေစိုက်အချိန် ကျသဖြင့် လှူးလဲထကာ တရားဆောင် သို့ ပြေးရသည်၊

ထိုညက သန်းခေါင်ကျော်လောက်တွင် သစ်ကြိတ်မြည်သံ ကြားရ သဖြင့် ကျွန်ုပ် ထ,ထိုင်လိုက်သည်၊ တစ်ဖက် ခုတင်မှ ကိုအုန်းဖေကို လက် တို့၍ -

"ကိုအုန်းဖေ"

"ဗျာ"

"အသံမြည်ပြီ - ထ - ထ"

သူ ထ,လာပြီး တံခါးကျည်းပေါင်နား သွားကြသည်၊

"အိ - အိ - အယ့် - အယ့် - အယ့်"

"ဟုတ်တယ် - ကျွန်တော် ကြားတယ်"

"ဒါပဲ - ကိုအုန်းဖေ၊ ပြန်အိပ်တော့"

သည်သစ်ကြိတ်ကိစ္စ အရေးမကြီးတော့၊ ဘာလုပ်ရမည် ကျွန်ုပ် သိပြီ၊ သည်ကိစ္စ တစ်ယောက်ကို ပြောရဦးမည်၊ ကျွန်ုပ်တို့မိတ်ဆွေ သုံးယောက် တရားစခန်းဝင်ကြတာ၊ သူက ဓာတုဗေဒ ဒေါက်တာ၊ သူ့ကို ပြောတော့ -

"ဟုတ်ရဲ့လားဗျာ၊ အဲဒီသစ်သားပေါင်ထဲမှာ ပိုးကောင်တွေ၊ ဘာတွေ ဝင်နေတာလားဗျာ၊ ဥပမာ ပိတုန်းလို၊ နကျယ်လိုအကောင်မျိုးပေါ့၊ သူတို့က သစ်သားကို ဖောက်ဝင်နိုင်တယ်၊ ကျည်းပေါင်သားက အပွကြီးလားဗျာ"

သူပြောသဖြင့် ကိုအုန်းဖေနှင့် ကျွန်ုပ်တို့ ထမင်းစားပြီး နားချိန်တွင် ကျည်းပေါင်ကို သေသေချာချာ စစ်ဆေးသည်၊ ဘာအပေါက်မျှ မတွေ့ပါ၊ မရှိပါ၊ သစ်သားကို လက်နှင့် တောက်ကြည့်၊ ခေါက်ကြည့်သည်၊ ခေါင်းပွ မဟုတ်၊ ပကတိ အမာသား၊ ပျဉ်းကတိုးအသား ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုညက ကိုအုန်းဖေနှင့်အတူ ပြန်အိပ်ကြသည်။ သစ်သားအတွက် စိတ်တွင် အနှောင့်အယှက် မဖြစ်တော့ပါ။ စိတ်အေး တည်ငြိမ်စွာ အိပ်ပျော်သွားပါသည်။

(၁၈)

ကျွန်ုပ် ဖျတ်ခနဲ နိုးလာပြန်သည်။ ဖျတ်ခနဲ ထ,ထိုင်လိုက်သည်။ ကျွန်ုပ်၏ခြေထောက်ကိုလက်အေးကြီးတစ်စုံက လာကိုင်သည်ကိုကျွန်ုပ်သိလိုက်သည်။ ကျွန်ုပ် မိမိခြေထောက်ကို စမ်းကြည့်သည်။ တစ်ဆောင်လုံး အိပ်မောကျရှိန် ည(၁)နာရီ။ ဒါဘာလဲ။ ဘာဖြစ်တာလဲ။ ခြေထောက်ကို အကိုင်ခံရတာ သေချာသည်။ သည်ကိစ္စ ကိုအုန်းဖေကို မပြောတော့ပါ။

အိပ်ရာမှာ ပြန်လှဲသည်။ စိတ်တော့ နည်းနည်းချောက်ချားသွားသည်။ အိပ်၍မရတော့။ အိပ်မပျော့ တပျော် ခပ်မှေးမှေး ဖြစ်နေရှိန်တွင် ခြေများကို လက်အေးကြီး လာကိုင်ပြန်သည်။ ဓာတ်တော့က အိပ်ပျော်နေစဉ် လာထိကိုင်သဖြင့် နိုးတာ။ ခုဟာက အိပ်မပျော်ခင် ဖြစ်တာဆိုတော့ သေချာပါပြီ။ ကျွန်ုပ် မိုးလင်းသည်အထိ အိပ်မပျော်တော့။ (၅)နာရီ ထ,ရသည်။

မနက် အရုဏ်စာစားပြီးတော့ ဆရာစံကို တွေ့ရသည်။ မတတ်နိုင်တော့။ အကျိုးအကြောင်း ပြောပြပြီး

"ဒီတော့ - ဆရာရယ်၊ တရားထိုင်ရင်း ကျွန်တော် အိပ်ငိုက်ရင် ခွင့်လွှတ်ပါ - ဆရာ၊ ကျွန်တော် တတ်နိုင်သမျှ သတိထားပါ့မယ်"

"အေးဗျာ - စိတ်ကို ငြိမ်ငြိမ်ထား၊ တရားသာ ဂရုစိုက်မှတ်၊ အဆင်ပြေသွားမှာပါ"

ဆရာစံကတော့ ဒါလောက်ပဲ ပြောသည်။ မိမိမှာသာ ရတင်က ဖောက်၊ သစ်က ခြောက်နှင့် နောက်ညများ ဘယ်လို စခန်းသွားရမည် မသိ ဖြစ်နေသည်။



စိတ်ကို တင်းရသည်။ ဖြေရသည်။ တရားကိုသာ နှလုံးသွင်းရတော့သည်။ သစ်ကြိုတ်ကိစ္စ သိပ်အရေးမပါတော့။ သည်လက်အေးကြီးက ညတိုင်း လာကိုင်နေမှာလား။

ကျွန်ုပ် အချိန်ရသလောက် ရတင်မှာ ထိုင်ပြီး ပရိတ်တွေ၊ ပဌာန်းတွေ ရွတ်ဖတ်သည်။ အသံတော့ ထွက်လို့မရပါ။ လေသံနှင့် ရွတ်ဖတ်ရသည်။

ကျွန်ုပ်၏ အခက်အခဲ ပြေလည်သွားပုံက ထူးဆန်းလှသည်။ ကျည်းပေါင်က သစ်ကြိုတ်ကို ကျွန်ုပ် ပျောက်အောင် မလုပ်နိုင်သေးပါ။ လက်အေးကြီးကိစ္စလည်း ပရိတ်ရွတ်ဆဲပင်။ ည လာကိုင်၊ မကိုင် မသိနိုင်ပါ။ ပြေလည်သွားပုံက ထူးပါသည်။

စခန်းဝင်သည့်အထဲတွင် လူငယ်သဘော်သားတစ်ဦး ပါသည်။ သဘော်သားထုံးစံ တစ်ခေါက်ပြန်လာပြီး နားနေခိုက် စခန်းဝင်လာခြင်း ဖြစ်သည်။ နောက်နေ့တွင် စခန်းဝင် သဘော်သား မောင်ဘုန်းဝင်းအတွက် ဖုန်းဝင်လာသည်။ သဘော်ထွက်ရက်ချိန်းသည့် ဖုန်းဖြစ်၍ မောင်ဘုန်းဝင်း ဆရာထံ ခွင့်ပန်တိုင်ကြားပြီး စခန်းမှ ထွက်သွားသည်။

ဤတွင် ကျွန်ုပ်ကိစ္စ ပြေလည်သွားတော့သည်။ ကိစ္စလည်း တော်တော်သိနေပြီဖြစ်၍ ကျွန်ုပ် မောင်ဘုန်းဝင်း ရတင်သို့ ပြောင်းရွှေ့လိုက်သည်။ ခြောက်သောသစ်သား၊ခြောက်သောရတင်တို့နှင့် လွတ်ကင်းသွား၍ ကောင်းကောင်းအိပ်ရသည်၊ တရားအလုပ်ကောင်းစွာလုပ်နိုင်သည်၊ တရားစခန်း ခုနစ်ရက် ပြည့်မြောက်ခဲ့သည်။

စခန်းထွက်သည့်နေ့က ကျွန်ုပ်နှင့် ကိုအုန်းဖေ မှော်ရုံစောင့်ကြီးကို ခေါ်၍ ခြောက်သော ကျည်းပေါင်ကိုပြကာ -

"ဆရာကြီး - ဒီတံခါးကျည်းပေါင်ကို သစ်မင်းစ,လေး ရှာပြီး ရိုက်ထည့်လိုက်ပါ"

ဟု အကျိုးအကြောင်း ပြောပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်မှော်ရုံက ဆောက်ပြီးတာ မကြာသေးပါ၊ တရားစခန်းလည်း မဟုတ်ပါ၊ ဝန်ကြီးက နေတ္တတရားစခန်းလုပ်ခြင်းသာ ဖြစ်သည်၊ မှော်ရုံစောင့်ကို မေးကြည့်သည်၊

"ဒီမှာ ရုတင်တွေက ဒီမှာ ရှိတာတွေလား၊ အဟောင်းတွေ ထင်တာပဲ"

"ဒီမှာ ရုတင်တွေ မရှိပါဘူး၊ မင်္ဂလာဒုံတပ်ထဲက ယူလာတာတွေ၊ တပ်တန်းလျားက၊ ဆေးရုံက ရုတင်တွေ၊ ဒါတွေ ပြန်ပို့ရမှာ"

ကျွန်ုပ်သိလိုက်ပြီ၊ ဝန်ကြီးကဗိုလ်မှူးကြီးဖြစ်သည်၊ တပ်တန်းလျားက၊ ဆေးရုံက ရုတင်တွေ နေတ္တယူလာတာဖြစ်သည်၊ သည်တွင် ရုတင်တစ်ခုက လူသေဖူးတာဖြစ်ပြီး သေသူဝိညာဉ်ဖွဲ့ကာ ထိုရုတင်ကို ကျွန်ုပ်က အိပ်ရခြင်း ဖြစ်သည်၊

ထိုမှလွဲ၍ အခြားမဖြစ်နိုင်ပါ၊

→ အခြားစာ

# ကြည်ပြာရောင်ဝတ်စုံလေး

အောသင်ဖာသက်ဝေ





www.burmeseclassic.com

www.burmeseclassic.com

# ကြည်ပြာရောင်ဝတ်စုံလေး

**အောင်သင်းကသက်ဝေ**

တစ်နေ့သ၌ စာရေးသူနှင့်မိခင်သည် မရောက်ဖြစ်တာကြာပြီဖြစ်သည့်အတွက် စာရေးသူ၏အဒေါ်(မိခင်၏ညီမ)ဖြစ်သူနေထိုင်ရာကျောက်မြောင်း ဒဂုံသီရိလမ်းသို့ သွားရောက် လည်ပတ်ကြလေသည်၊ စာရေးသူ၏ အဒေါ်သည် စာရေးသူတို့ သားအမိနှစ်ယောက်ကို တွေ့သည်နှင့် ဝမ်းသာအားရ ကြိုဆိုလေသည်၊

"လာကြ ... မမနဲ့ တူမလေးရေ... မျှော်နေတာကြာပြီ၊ လာလည်ဖို့မှာနေတာတောင် မလာကြဘူး၊ တကတဲ" ဟု တိုက်ခန်းဝတွင် တံခါးဖွင့်ပေးရင်းဆီး၍ ပြောလေရာ စာရေးသူက -

"စိတ်မဆိုးပါနဲ့အန်တီလေးရယ် - အမေကလည်းသွေးတိုးတိုးနေတယ်၊ သမီးကလည်း စာရေးနေတာကတစ်ဖက်၊ကျောင်းစာတွေကလည်းတစ်ဖက်နဲ့မို့လို့ မအားလို့ပါနော်၊ အခု - ရောက်လာပြီပဲ" ထိုအခါ အန်တီလေးက -

"အေးပါဟယ် - တူမလေးကို အန်တီလေးက ထူးဆန်းတဲ့အိပ်မက်အကြောင်း ပြောပြမလို့ပါ၊ တူမလေး စာရေးလို့ရအောင်လေ" ဟုပြောလေရာ စာရေးသူက -



"ဟာ ... အရမ်း စိတ်ဝင်စားသွားပြီ၊ အန်တီလေးရေ - သမီးအတွက် ကုန်ကြမ်းတစ်ခု ရတာပေါ့ အခု ပြောပြနော်"

ထိုအခါ စာရေးသူ၏ မိခင်သည် သူ၏ မိခင်ဖြစ်သူ စာရေးသူ၏ အဘွား နှင့် အားရပါးရ စကားတွေ ဖောင်ဖွဲ့နေရာမှ -

"သမီးကလည်း ဒီမှာ အဘွားကိုလည်း လာနှုတ်ဆက်ပါဦး၊ ပြီးမှ အန်တီလေးကို ပြောပြခိုင်းလေ၊ ခရီးရောက်မဆိုက် လာ - လာ - အဘွားကို နှုတ်ဆက်လိုက်ဦး" ဟု လှမ်း၍ သတိပေးမှပဲ စာရေးသူသည် အသက် (၈၀) ကျော်နေပြီဖြစ်သော အဘွားဆီသို့ ပါးပြင်နှစ်ဖက်အား မွှေးမွှေးပေး၍ နှုတ်ဆက်လိုက်လေသည်၊ ဒါက စာရေးသူငယ်ကလေးဘဝထဲက အဘွားကို တွေ့လျှင် နှုတ်ဆက်နေကျဖြစ်လေသည်၊

ဒါဆိုရင် အဘွားချစ်လှစွာသော မြေးမလေးကို အလွမ်းပြေသွားပြီ၊ အဘွားနှင့် အနည်းငယ် စကားပြောပြီးသည်နှင့် စာရေးရသည်ကို ဝါသနာထုံသူ ဖြစ်ရကား အန်တီလေးရဲ့ ထူးဆန်းသော အိပ်မက်အကြောင်းအား နားထောင်လိုသည့် စာရေးသူသည် အန်တီလေးအား အမြန်ပြောပြရန် ဂျီတိုက်နေလေတော့သည်၊ အန်တီလေး ချက်ပြုတ် ကျွေးမွေးစည်စံသော မနက်စာကို သားအမိတွေ အားရပါးရ စားသောက်ပြီးသော အခါ အန်တီလေးကပင် စတင်ပြီး -

"ကဲ ... ဟော့ - စာရေးဆရာမ သိပ်ဖြစ်ချင်တဲ့ တူမလေးရေ... သေချာနားထောင်" ဟု အစချီကာ ပြောပြလေတော့သည်၊

ဒေါ်ယမင်းသည်ငယ်စဉ်တောင်ကျေးကလေးဘဝကပင်ဘာသာတရားကိုင်းရှိုင်း၍အပြောအဆိုယဉ်ကျေး သိမ်မွေ့ကာ အလှအပနှင့် အမွှေးအကြိုင်များကို အလွန် ကြိုက်နှစ်သက်လေသည်၊ မွေးချင်း (၅)ယောက်အနက် အငယ်ဆုံး ညီမလေးဖြစ်သည့်ဒေါ်ယမင်းအား ချစ်ခင်၍ အလိုလိုက်ကြလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ယမင်း အိမ်ထောင်ပြုမည်ဆိုသောအခါမိဘနှစ်ပါးနှင့်တကွ အစ်ကို အစ်မတို့က မလိုလားကြသော်လည်း ဒေါ်ယမင်း၏ချစ်သူဦးအောင်စိုးသည် ငွေကြေး မချမ်းသာသော်လည်း ရိုးသားကြိုးစားသူ ဖြစ်ရကား သဘောမတူ စရာ မရှိသဖြင့် မိဘစုံရာနှင့် လာစေ့စပ် လမ်းကြောင်းပေးပြီး အကျဉ်းချုံး၍ ထိမ်းမြားပေးလိုက်ကြလေသည်။

ဦးအောင်စိုးသည် ငယ်စဉ်တောင်ကျေးကလေးဘဝကပင် မိဘနှစ်ပါး၏ အဆုံးအမကောင်းသည့်အတွက် ဘာသာတရား ကိုင်းရှိုင်း နားလည်သူ ဖြစ်သည်၊ ဘုရားတရားမြဲပြီး စီးတဲ့ရေဆည်တဲ့ကန်သင်း ဖြစ်သည့်အတွက် သူ၏ဘဝတွင် ဘာလုပ်လုပ် အဆင်ပြေ ချောမွေ့နေလေသည်။

ဒေါ်ယမင်းအိမ်ထောင်သက်တမ်း (၁၅)နှစ်ကျော်အတွင်း သား တစ်ယောက်နှင့်သမီးတစ်ယောက် ထွန်းကားလာလေသည်၊ သားအကြီးမှာ (၁၀)နှစ်ရှိပြီး သမီးငယ်စောယွန်းမှာ (၇)နှစ်ရှိပြီ ဖြစ်သည်၊ သားအကြီး မွေးဖွားစဉ်က ထူးခြားမှု မရှိလှသော်လည်း သမီးငယ်စောယွန်း မွေးဖွားလာ သောအခါ ဒေါ်ယမင်းတို့၏ စီးပွားရေးမှာ ဒီရေအလား တိုးတက်လာလေ သည်။

တိုက်ပြီးတော့ကား၊ ဆိုင်ခန်း၊ ရွှေငွေ၊ ဥစ္စာ၊ ရတနာတို့မှာ ဆုတောင်းစရာ မလိုဘဲ တစ်စထက်တစ်စ ပွားများလာပြီး လူ့နိုင်ငံ‌နိုင်အပြင် ဆွေမျိုးမိတ် သဟာများ အလယ်တွင် ဝင့်ကြွားနိုင်ပြီ ဖြစ်သည်၊ အိမ်တွင်လည်း ကလေး ထိန်းမည့်သူ အဝတ်လျှော်၊ ထမင်းချက်စသည်ဖြင့် အခိုင်းအစေများဖြင့် အခြွေအရံ ပေါ်များလှပေသည်။

တစ်နေ့တွင် ဒေါ်ယမင်းသည် သူ၏ အိမ်တွင်ရှိသော အိမ်ဖော်မလေး မိစန်းနှင့်အတူ ဈေးဝယ်သွားလေသည်၊ ဈေးဝယ်သွားရင်း ကလေးအဝတ် အထည်များ ရောင်းချနေသော အထည်ဆိုင်သို့ဝင်ရင်း သားအတွက် လိုအပ် သည့် အထည်များနှင့် သမီးစောယွန်းအတွက် ကြည်ပြာရောင် အထက်အောက် တူညီဝတ်စုံလေးအား ဝယ်ယူလာခဲ့လေသည်။

အိမ်ပြန်ရောက်သောအခါ ဒေါ်ယမင်းက သူ၏သမီးစောယွန်းအား ဝယ်လာသော အထည်လေးအား ဝတ်ကြည့်ရန် ခေါ်ခေါ်လိုက်လေသည်။



"သမီးရေ ... မေမေ့ဆီ ခဏလာပါဦးကွယ်၊ ဒီမှာ သမီးအတွက် ဝမ်းဆက် တစ်စုံပါလာတယ်ဖေ့" ဟုခေါ်ခေါ်လိုက်ရာ စောယွန်းသည်အခန်းထဲတွင် အိပ်နေရာမှ -

"မေမေ ... သမီးမလာချင်ဘူး၊ ခေါင်းတွေ တအားမူးနေတယ်" ဟု သူမ ၏ မိခင်အား ပြောလိုက်လေသည်။

"ဟင် .... ဟုတ်လား သမီးရယ်၊ မနေ့တုန်းကတောင် အကောင်းကြီး"

ဟု ပြောပြီး စိုးရိမ်တကြီးဖြင့် သမီးစောယွန်း အိပ်နေရာ အိပ်ခန်းထဲသို့ ကပျာကယာပြေးဝင်သွားရာ စောယွန်းသည် စောင်ခြုံ၍ အိပ်နေသည်ကို တွေ့ရလေသည်။

ဒေါ်ယမင်းက စောယွန်း၏ နဖူးပြင်အား စမ်းသပ်ကြည့်လိုက်ရာ -

"ဟင် ... ကိုယ်တွေ ချစ်ချစ်တောက်ပူနေပါလား၊ မဖြစ်ပါဘူး ဆေးခန်း သွားပြဦးမှပါတဲ့၊ မိစန်း - ကလေးကို လာထူပါဦး - ဆေးခန်းသွားမယ်"

"ဟုတ်ကဲ့"

ကလေးကိုဆေးခန်းသွားပြ၍ပြန်လာပြီးလျှင် ဒေါ်ယမင်းလည်း ကလေး အား ပွေ့ဖက်ထားရင်း သူမပါ ကလေးနှင့်အတူ‌ရော၍ အိပ်ပျော်သွားလေ တော့သည်။

"ဟင် ... ငါ ဘယ်ရောက်နေပါလိမ့်"

ဒေါ်ယမင်းဂူကြီးတစ်ဂူထဲ ရောက်နေသလို ခံစားရသည်၊ အလင်းရောင် ငွေ့ငွေ့လေးသာရှိသော ဂူ တစ်ခုဖြစ်သည်ဟု ဒေါ်ယမင်း တွေးလိုက်သည်။

"ငါဒီအတိုင်း နေလို့မရဘူး၊ လမ်းကြောင်းအတိုင်း လိုက်ကြည့်ဦးမှ" ဟု ပြောပြီး တဖြည်းဖြည်း ဂူနံရံအား လက်နှင့်စမ်း၍ လျှောက်လာရာ တစ်နေရာ အကွေ့ကလေးတစ်ခုနားအရောက်တွင် လူသံကြား၍ ဆက်မသွားတော့ဘဲ နားစွင့်လိုက်ပြီး နံရံအကွယ်မှ ချောင်းကြည့်လိုက်ရာ အယောက် (၂၀)ထက် မနည်း မိန်းမ၊ ယောကျ်ားများ စုဝေး၍ အလုပ်ရှုပ်နေသည်ကို တွေ့ရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ စုဝေးနေကြသော နေရာမှာ အတော်ကျယ်ဝန်းလေသည်။ ဝှန်ရဲ အသီးသီး၌လည်း ထီးမီးခွက်စပ်ကြီးကြီးများကို လောင်စာဆီတစ်မျိုးထည့်၍ ထွန်းညှိထားကြလေသည်။ စဥ့်အိုးကြီးများကိုလည်း အစီအရီစုဝေးထားသည်ကို တွေ့ရသည်။

ထိုစဥ့်အိုးကြီးများသည် ရာဝင်အိုးလောက် မကြီးမားသော်လည်း လက်ကိုင်ကိုင်းများ တပ်ထားပြီး ရှေးဆန်သောလက်ရာဖြစ်သည့် အိုးများပင် ဖြစ်သည်။ နံရံထောင့်တစ်နေရာ၌လည်း ဝါးလုံးများအား စုပုံထားလေသည်။

ယောက်ျား မိန်းမကြီးငယ်လတ် အရွယ်စုံပင် တွေ့ရှိရပြီးလျှင် ရှေးဆန်သောထုံးဖွဲ့မှုနှင့်ဝတ်စားဆင်ယင်ထားသည်ကိုတွေ့ရလေသည်။ယောက်ျားများမှာ ဆံပင်ကို သျှောင်တွဲထုံးထားပြီးလျှင် အဝတ်မှာ ဇာတ်အဖွဲ့ထဲမှ ရှေးစစ်သားများ ဝတ်ဆင်ထားပုံနှင့် တူညီလေသည်။

တချို့မှာ ခါးတောင်းကျိုက်ထားပြီး ပေါင်တွင် ဆေးမင်ကြောင်များ ရေးထိုးလေသည်။ ၎င်းတို့သည် ထွားကျိုင်းလှပြီး အသားအရေမှာ မည်းပြောင်နေပြီး ရုပ်ရည်လက္ခဏာမှာ ပုဏ္ဏားလူမျိုးနှင့် ဆင်တူနေသည်။

အမျိုးသမီးကြီးများအားလုံး ဆံပင်များကို ထုံးဖွဲ့ထားကြသည်။ ထုံးဖွဲ့ထားကြပုံမှာ ဆံပင်ကို တစ်ပတ်လျှိုထုံးဖွဲ့၍ ဆံမြိတ်ရှည်ကြီးများကိုရှည်လျားစွာ ချထားကြလေသည်။ အမျိုးသမီးငယ်များမှာ ဆံပင်ကို စုထုံးထားပြီး ဆံတောက်ချ ဆံပင်ပုံစံဖြစ်သည်။ အရုပ်အမောင်းမြင့်မားကြသည်။

အဝတ်အစားများမှာ ချည်ထည်ရက်လုပ်ထားပြီး ရှေးကျလှသည့် ဝတ်စားများ ဆင်ယင်ထားကြလေသည်။ ဒေါ်ယမင်းသည် ရှေးရိုးဆန်လှသောထိုလူစုကို သေချာစွာ စိုက်ကြည့်နေရာမှ အမျိုးသမီးတစ်ယောက်သည် နံတစ်ခုနှင့်ထိုင်ပြီး ဩဇာအာဏာအသံအပြည့်ဖြင့် အားလုံးကို လှမ်းအော်လိုက်လေသည်။

"ဟေ့... အားလုံး နားထောင်ကြ - ငါတို့အားလုံး ညနေစောင်းတာနဲ့ နေရာပြောင်းကြမယ်။ ပစ္စည်းတွေ အကုန်လုံး သယ်မယ်။ လိုအပ်တာတွေ အဆင်သင့် လုပ်ထားကြ"



ထိုအခါ လူအုပ်ထဲမှ အားကောင်း မောင်းသံရှိပြီး အသားမည်းကြုတ်ကြုတ်နှင့်လူတစ်ဦးသည် အမျိုးသမီးအား လှမ်းမေးလိုက်လေသည်။

"ဒါဆိုရင် စောယွန်းကို ဘယ်လိုလုပ်မလဲ။ ကျွန်တော် သွားခေါ်လိုက်မယ်"

"မခေါ်နဲ့...ထားခဲ့တော့ - ခရီးက ဝေးကလည်းဝေး၊ကြမ်းကလည်းကြမ်းတယ်။ စောယွန်းက ငယ်သေးတော့ ပင်ပန်းမယ်။ မခေါ်သေးဘူး"

"ဘာဖြစ်လဲ ကျွန်တော်တို့ ရှိပိုးသွားမှာပဲ။ အစုတောင်ရှားအောင် ကျွန်တော်တို့ လုပ်ထားတာလေ... သွားခေါ်လိုက်မယ်အစ်မ" ဟု အတင်းအကျပ်ပြောလိုက်လေရာ ထိုအမျိုးသမီးကပင် -

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



ညနက်သန်းခေါင်တိုင်အောင်
ဒေါ်ယမင်း အိပ်၍မပျော်နိုင်ဘဲ
ထိုကြည်ပြာရောင်ဝတ်စုံလေး
ပျောက်ဆုံးသွားပုံ၊
သမီးလေး
လုံးဝနေကောင်းသွားပုံတို့ကို
အိပ်မရှေ့ဝရန်တာရှိ
ပက်လက်ကုလားထိုင်ပေါ်
ထိုင်ပြီး
ခဦးခါးခန်း ဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မဒေါ်နဲ့ဆိုမဒေါ်နဲ့၊ သူ့အမေက စိတ်ကောင်းမှာမဟုတ်ဘူး။ သူ့သမီးကို တအားချစ်တာ၊ တွေ့တယ် မဟုတ်လား။ သူ့သမီးလေး နေမကောင်းလို့ ဖက်အိပ်နေတာ အခုချက်ချင်း ခေါ်ရမှာ၊ ငါစိတ်မကောင်းဘူး – ထားခဲ့တော့" ဟု စပ်မာမာနှင့် ပြောလိုက်မှ ထိုလူလည်း ဆက်မပြောတော့ပေ။

ထိုအခါ ဒေါ်ယမင်းလည်း အစအဆုံး ပြောစကားများအား ကြားရသဖြင့် သူ၏ ချစ်သမီးလေးစောယွန်းအတွက် အရမ်းစိတ်ပူသွားပြီး ရှေ့သို့ ပြေးထွက်လိုက်ကာ –

"မခေါ်ကြပါနဲ့ မခေါ်ကြပါနဲ့ သမီး ... စောယွန်းကိုခေါ်ရင် ကျွန်မ ဘယ်လိုမှ ခံစားနိုင်မှာ မဟုတ်ဘူး။ ခေါ်မသွားကြပါနဲ့" ဟု ငိုယိုပြီး ထိုလူ့စုထဲဝင်၍ တားလိုက်လေရာ ထိုအသံရှင်အမျိုးသမီးသည် လေသံအေးအေးဖြင့်ပင် –

"အေး ... ငါတို့လည်း မခေါ်တော့ပါဘူး။ ဒါပေမဲ့ – စောယွန်းကို သေချာဂရုစိုက်ပေးပါ။ စောယွန်းကို အချိန်တန်ရင် လာခေါ်မယ်၊ ငါတို့ဌာနကလည်း ဒီညနေဆို ပြောင်းတော့မှာ ခရီးကဝေးတော့ ထားခဲ့မယ်၊ ဒါပေမဲ့ – စောယွန်းအတွက် ဝယ်လာတဲ့ကြည်ပြာရောင်ဝတ်စုံလေးကို ငါတို့အမှတ်တရ ယူသွားမယ်၊ ငါတို့ကို ပေးလိုက်စေချင်တယ်" ဟု ထိုအမျိုးသမီးက ပြောလိုက်ရာ –

ဒေါ်ယမင်းက ပျာပျာသလဲပင် –

"ယူသွားပါရှင် – ဒီဝတ်စုံလေးကို စောယွန်းကိုယ်စား ယူသွားရင်၊ စောယွန်း ဘာမှမဖြစ်ဘူးဆိုရင် ကျွန်မ ကျေနပ်ပါတယ်" ဟု ပြောလိုက်ရာ ထိုအမျိုးသမီးသည် နောက်သို့လှည့်ကာ –

"ဟေ့ ... မောင်ဒီပ – ကြည်ပြာရောင် ဝတ်စုံလေးကို သွားယူလာခဲ့" ဟု အမိန့်ပေးလိုက်လေသည်။

ဒေါ်ယမင်းလည်း အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာလေသည်။ တစ်ကိုယ်လုံး တုန်ယင်နေလေသည်။ လန့်နိုးလာသည်နှင့်တစ်ပြိုင်နက် အိပ်မက်မက်နေမှန်း သိလိုက်ရသည်။

"သမီးလေး – သမီးစောယွန်း – သမီးလေးရယ် – ကံကောင်းလို့" ဟု ပြောပြီး တင်းကျပ်စွာ ဖက်ထားလိုက်ရာ သမီးစောယွန်းလည်း အိပ်ရာမှ နိုးလာပြီး –



"မေမေ ... သမီး ဗိုက်ဆာတယ်၊ သမီးနေကောင်းသွားပြီ"

"ဟင် ... ဟုတ်လား"

ဒေါ်ယမင်းလည်း ဝမ်းသာအားရနှင့် သမီးစောယွန်း၏ နဖူးပြင်အား စမ်းသပ်ကြည့်လိုက်ရာ ထူးဆန်းစွာ အဖျားကျနေသည်ကို တွေ့ရလေသည်။

ဒေါ်ယမင်းလည်း သမီးလေးအား အစားအစာကျွေးရန် ဆွဲထူလိုက်ပြီး –

"ကဲ – သမီးလေးရေ...ထ – ထအစာစားပြီးရင် သမီးလေးအတွက် မေမေ ဈေးက ဝယ်လာတဲ့ကြည်ပြာရောင်ဝမ်းဆက်လေးက တအားလှတာ သမီးရဲ့ – ဝတ်ကြည့်နော်၊ မေမေ့ကို ဝတ်ပြ" ဟု ပြောလိုက်ပြီးလျှင် အိမ်ဖော်မလေး မိစန်းအား –

"မိစန်းရေ ...ငါ့သမီးအတွက် ဝယ်ထားတဲ့ကြည်ပြာရောင်ဝတ်စုံလေး ယူလာခဲ့ဟေ့"

"ဟုတ်ကဲ့ .... အန်တီယမင်း"

မိစန်းလည်း အပြေးအလွှား ကြည်ပြာရောင်ဝတ်စုံလေးကို ထည့်ထားသည့် အဝတ်ခြင်းထဲကို ကြည့်လိုက်လေရာ –

"ဟင် ... ဒီထဲ ထိုးထည့်လိုက်တာပါ၊ အခု ဘယ်ရောက်သွားပါလိမ့်၊ အန်တီ ယမင်းကို သွားမေးမှပဲ" ဟု ရေရွတ်ပြီး –

"အန်တီယမင်းရေ ... အဝတ်ခြင်းထဲ ထည့်ထားတဲ့ကြည်ပြာရောင် ဝတ်စုံလေးကို မတွေ့ဘူး။ အန်တီလေး နေရာပြောင်းလိုက်သေးလား"

"ဟဲ့ ... မိစန်း – နင်ပဲ သိမ်းမယ်ဆိုပြီး ယူသွားတာလေ"

"ဟုတ်တယ် ... ကျွန်မ ဒီခြင်းထဲမှာ ထိုးထည့်လိုက်တာ" ဟု ပြောပြီး မွှေနှောက် ရှာဖွေတော့သည်။

သို့သော် အချိန်သာ ကုန်သွားသော်လည်း ထိုကြည်ပြာရောင် ဝတ်စုံလေးသည် ထူးဆန်းလှစွာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီတကား။

ညနက်သန်းခေါင်တိုင်အောင် ဒေါ်ယမင်းအိပ်၍ မပျော်နိုင်ဘဲ ထိုကြည်ပြာရောင် ဝတ်စုံလေး ပျောက်ဆုံးသွားပုံ၊ သမီးလေး လုံးဝနေကောင်းသွားပုံတို့ကို အိမ်ရှေ့ရန်တာရှိပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး စဉ်းစားစန်းဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ စဉ်းစားနေစဉ် မေးခနဲ အိပ်ပျော်သွားပြီးလျှင် -

"ဟင် ... ဟို လူစုပါလား"

လူတန်းကြီးသည် လရောင်အောက်တွင် တရွေ့ရွေ့ထွက်ခွာနေလေသည်၊ မိန်းမကြီး၊ ယောကျ်ားကြီးများရှေ့မှ တန်းစီ စတင်ထွက်ခွာနေပြီး ယောကျ်ားပျိုများက စဥ့်အိုးကို ဝါးလုံးလျှိုပြီး ရှေ့နောက်တစ်ယောက်စီ ထမ်းပြီး တန်းပြီး သွားကြလေသည်၊ နောက်တွင် မိန်းမ၊ ယောကျ်ားဝယ်များ တန်းစီ၍ ပါသွားကြသည်၊


ဒေါ်ယမင်းကြည့်နေရာမှ ရှေ့ဆုံးမှ အမျိုးသမီးကြီးသည် ဒေါ်ယမင်းအား နှုတ်ဆက် လက်ပြလိုက်ပြီး သမီးလေးစေတယွန်းအတွက် ဝယ်ထားသော ကြည်ပြာရောင်ဝတ်စုံလေးကို ကိုင်ထားပြီး ဝေ့ယမ်းပြကာ ဒေါ်ယမင်းအား လှမ်း၍ လက်ထောင်ပြလိုက်လေတော့သည်၊

ဒေါ်ယမင်း အလွန်အမင်း အံ့ဩသွားပြီး အိပ်ပျော်သွားရာမှ လန့်နိုးသွားပြီးလျှင် စိတ်လှုပ်ရှားလွန်းစွာဖြင့် -

"ဘုရား ... ဘုရား အံ့ဩစရာကောင်းလိုက်တာ၊ ဒီဝတ်စုံလေးကို သူတို့က အိပ်မက်ထဲမှာ တောင်းလို့ ငါက အိပ်မက်ထဲမှာပဲ ပေးလိုက်တာ၊ သူတို့ လက်ထဲ တကယ်ရောက်သွားပြီး အပြင်မှာ တကယ်ပဲ ဒီဝတ်စုံလေးက ပျောက်ချင်းမလှ ပျောက်သွားပါလား၊ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လောက်အံ့ဩစရာကောင်းသလဲ၊ လောကကြီးက ဆန်းကြယ်လိုက်တာ၊ (၃၁) ဘုံထဲက လောကသားတွေပဲ ထူးဆန်းတဲ့ အိပ်မက်နဲ့ ဆက်စပ်နေတဲ့ တကယ့်ဖြစ်ရပ်မှန်ပဲဆိုတာ လူတွေကို ပြောလို့ ယုံပါမလား၊ ဒါ တကယ့်အဖြစ်အပျက်ပဲလေ" ဟု ဒေါ်ယမင်းတစ်ယောက်ထဲ အံ့အား သင့်စွာနှင့် ငေးမောရေရွတ်နေမိတော့သည်၊

သို့သော် ဒေါ်ယမင်း၏ စိတ်ထဲတွင် လေးလေးနက်နက် စိတ်ဆုံးဖြတ်လိုက်သည်မှာ ဒီတစ်သက်လုံး စေတယွန်းအား ဘယ်သောအခါမှ ကြည်ပြာရောင် အဝတ်အစားဆိုရင် ဘယ်တော့မှ ဝယ်မပေး၊ ဝေးဝေးက ရှောင်ဝေရမည်ဟုပင် ...၊ ၊

➡ အောင်ကာသက်ဝေ






www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေမောင်မှိုင်း

## ကောင်းသော်

မေတ္တာတရားရိပ်သာတွင် တရားစခန်းဝင်မှ တစ္ဆေမောင်မှိုင်းဆိုသူကို တွေ့ရသည်၊ မောင်မှိုင်းဟု ခေါ်နေကြသော်လည်း သူ၏အသက်မှာ (၈၅) နှစ်ရှိပြီ ဖြစ်သည်၊ မေတ္တာတရားရိပ်သာတွင် သက်တမ်းအရှည်ဆုံး တရားသမားဖြစ်သည်၊ မေတ္တာတရားစခန်းသည် ဘုန်းကြီးကျောင်းဝန်းအတွင်း၌ ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆရာတော်ကြီး ကိုယ်တိုင်ဦးစီး ကျင်းပနေခြင်းဖြစ်သည်၊ ဦးမှိုင်းမှာ ဆွေမျိုးသားချင်း မရှိဘဲ တစ်ကိုယ်တည်းဖြစ်၍ ဆရာတော်က ကျောင်းတွင် လက်ခံထား၍ နေရေး၊ စားရေးပါ တာဝန်ယူပြီး လက်ခံထားခဲ့သည်၊ တစ္ဆေမောင်မှိုင်းမှာ လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ကစ၍ တရားရိပ်သာတွင် တရားကျင့်ကြံခဲ့သဖြင့် တရားနှင့်ပြည့်ဝနေသော သူတော်စင်ကြီး ဖြစ်ပါသည်၊ အချိန်တိုင်းတရားနှင့် သာနေသဖြင့် မောင်မှိုင်းကို သောတာပန်မောင်မှိုင်း စသည်ဖြင့် ခေါ်သင့်ပါလျက် တစ္ဆေမောင်မှိုင်းဟု ခေါ်ဝေါ်နေကြခြင်းအပေါ်ထူးဆန်းနေသဖြင့်တစ္ဆေမောင်မှိုင်းဟုခေါ်တွင်ပုံကို မေးမိသည်၊



"တစ္ဆေဘဝကို ခဏတာ ရောက်ခဲ့ရလို့ တစ္ဆေမောင်မှိုင်းနာမည်တွင်ခဲ့တာပါ၊ မောင်ရင်တို့သိချင်ရင် တစ္ဆေမောင်မှိုင်းဖြစ်ပေါ်လာပုံကို အသေးစိတ်ပြောပြပါ့မယ်"

အဘဦးမှိုင်းက တစ္ဆေမောင်မှိုင်းအမည်ရခဲ့သည့်အကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းလင်း ပြောပြသဖြင့် အဘမှိုင်း ပြောပြသည်ကို ဇာတ်လမ်းဖွဲ့၍ တင်ပြလိုက်ပါသည်၊

✤

"ဂျော်နီရေ ... ငါတို့ အခု ဘယ်ရောက်နေတာလဲ"

"တို့ - တစ္ဆေဘဝရောက်နေတာ"

"လူစစ်စစ်က ဘာပြုလို့ တစ္ဆေဖြစ်ရမှာလဲ"

"ဒီမှာ - မောင်မှိုင်း - မင်းနဲ့ငါက လူဘဝက သေခဲ့ကြပြီကွ၊ ငါတို့အခု ဘဝတစ်ခုကို ရောက်နေတဲ့ တစ္ဆေတွေဖြစ်နေပြီ"

"ဒါဆို ... တို့ ဘာဆက်လုပ်မလဲ"

"တို့ ဘယ်ဘုံ ဘယ်ဘဝ ရောက်ရမယ်ဆိုတာ မကြာခင် သိရတော့မှာပါ"

မောင်မှိုင်းသည် သူကိုယ်သူ သေဆုံးမှန်းပင် မသိခဲ့ရပါ၊ ဂျော်နီ ပြောပြမှ သေပြီး တစ္ဆေဘဝရောက်နေကြောင်း သိရသည်၊ မောင်မှိုင်းသည် သူ့ဘဝဖြစ်စဉ်များကို ပြန်လည်တွေးကြည့်နေမိသည်၊ ကြွယ်ဝသော မိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်၍ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေခဲ့ရသည်၊ ဂျော်နီမှာလည်း အထက်တန်းလွှာကဖြစ်၍ သူနှင့်ပေါင်းဖော်မိခဲ့သည်၊ သူငယ်ချင်းနှစ်ယောက်မှာ မိဘများက ချမ်းသာသဖြင့် ထင်သလို သုံးခဲ့ ဖြုန်းခဲ့ကြသည်၊ ဆယ်တန်းနှစ်ကြိမ်ရှုံးသည်နှင့် ပညာရေးလောကမှ ထွက်ခဲ့ကြရသည်၊ ကျောင်းမတက်ကြတော့၍ ပိုမိုလွတ်လပ်၊ ပိုမိုပျော်ပါးကာ အရက်သောက်၊ လောင်းကစားအပြင် မူးယစ်ဆေးဝါးစွဲသည်အထိ ပျက်စီးခဲ့ကြသည်၊ ဆေးဖိုး



www.burmeseclassic.com

www.burmeseclassic.com

ပြတ်သည်နှင့် မိဘပစ္စည်းခိုးကြသည်၊ နောက်ဆုံးအိမ်က လက်မခံသည့် အဆင့်သို့ရောက်ပြီးအပြင်တွင် ဘဝတူများနှင့် နေထိုင်ခဲ့ကြသည်၊ အပေါင်းအသင်း မကောင်းသဖြင့် ခိုးဆိုး၊ လုယက်သူဘဝသို့တိုင် ရောက်ခဲ့ကြသည်၊ ဘတ်စ်ကားပေါ်တွင် မောင်မှိုင်းနှင့်ဂျော်နီ အိမ်ဖောက်ထွင်းမှုဖြင့် အဖမ်းခံရပြီး ထောင်ဒဏ် အသီးသီး ကျခံခဲ့ရသည်၊ ထောင်ကျသည်နှင့် မောင်မှိုင်းနှင့်ဂျော်နီ လူချင်းကွဲပြီး အဆက်အသွယ် ပြတ်တောက်သွားပါသည်၊

မောင်မှိုင်းသည် ထောင်ထဲတွင် သံချောင်းနှင့်တွေ့ဆုံ ရင်းနှီးခဲ့သည်၊ သံချောင်းမှာ လူကောင်းတစ်ဦးဖြစ်ပြီး သူငယ်ချင်းများ၏ရန်ပွဲတွင် ဝင်ရောက်ဖျန်ဖြေရာမှ လူငယ်တစ်ဦးသေဆုံးမှုနှင့်ငြိစွန်း၍ ထောင်ထဲသို့ရောက်ခဲ့သည်၊ တိုက်တိုက်ဆိုင်ဆိုင် မောင်မှိုင်းနှင့်သံချောင်းတို့ တစ်ချိန်တည်း ထောင်မှ လွတ်ခဲ့သည်၊ မောင်မှိုင်းမှာ သွားစရာမရှိ ဖြစ်နေချိန် သံချောင်း၏ အဘိုးက သံချောင်းကို လာရောက်ကြိုရင်း မောင်မှိုင်းကိုပါ ရွာသာယာသို့ လိုက်ရန် ခေါ်သဖြင့် မောင်မှိုင်းလိုက်ခဲ့ပါသည်၊ သံချောင်းမှာ မိဘမရှိသဖြင့် အဘိုးနှင့် အတူနေသူဖြစ်သည်၊ အဘိုးမှာ ဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်၍ ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့ရသည်၊

ကျောင်းသို့ရောက်ပြီး နောက်တစ်နေ့တွင် အဘိုးက မောင်မှိုင်းနှင့် သံချောင်းကို တောင်ပေါ်ကျောင်းသို့ ခေါ်သွားသည်၊ တောင်ပေါ်ကျောင်းတွင် မေတ္တာတရားရိပ်သာကို ဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေကြသည်၊ မွှာရုံ ဆောက်လုပ်ပြီးသော်လည်း လိုအပ်ချက်များ ရှိနေသေး၍ တရားစခန်း မဖွင့်နိုင်ခြင်း ဖြစ်ပါသည်၊ မွှာရုံသည် တောင်ပေါ်တွင်ရှိပြီး တောင်ခြေမှ တက်ရန် လမ်းမရှိသဖြင့် အဘိုးက တောင်ပေါ်တက်လမ်းကို ပေါက်တူးတစ်လက်ဖြင့် လှေခါးထစ် ပြုလုပ်ပါသည်၊ အဘိုးညွှန်ပြသည့်အတိုင်း မောင်မှိုင်းနှင့် သံချောင်းတို့က မြေပေါက်ကြသည်၊ မြေးအဘိုးသုံးယောက် မနားမနေ လမ်းဖောက်ခဲ့ရာ ဆယ်ရက်ခန့်အကြာတွင် တောင်ပေါ်တက်ရန် လှေခါးထစ်များ



ပြီးစီးခဲ့ပါသည်၊ အဘိုးသည် လပြည့်နေ့တွင် တရားစခန်း ဖွင့်လှစ်နိုင်ရေး အတွက် ဆရာတော်နှင့်တိုင်ပင်ပြီး အစီအစဉ် ပြုလုပ်နေစဉ် မောင်မှိုင်းနှင့် သံချောင်းတို့နှစ်ယောက်က သန့်ရှင်းရေးကိစ္စရပ်များကို မနားမနေ ဆောင်ရွက်ခဲ့ကြသည်၊ အားလုံး ပြင်ဆင်ပြီးအချိန် အဘိုးက ပြောပါသည်၊

"ငါ့မြေး ... မောင်မှိုင်းလည်း လပြည့်နေ့မှာ တရားစခန်းဝင်ရမယ်နော်"

"ဖြစ်ပါ့မလား အဘိုးရယ် တစ်ခါမှ မဝင်ဘူးခဲ့တာ"

"ဖြစ်ပါတယ် ဆယ်ရက်ဆိုတာ ဘာမှ မကြာဘူး၊ တရားထိုင်တယ်ဆိုတာ ပထမတစ်ရက်နှစ်ရက်သာ ပင်ပန်းတာ၊ နောက်ပိုင်းတရားသဘောကို သိလာရင် ဝမ်းသာရမှာပါ၊ ဝိပဿနာအလုပ်ဆိုတာ လူတိုင်းလုပ်ရမယ့် အလုပ်ပါ၊ ဝိပဿနာအားထုတ်တဲ့အလုပ်ဟာအမြတ်ဆုံးပဲ၊ အန္တရာယ်တစ်စုံ တစ်ရာတွေ့ရင် မိမိအားထုတ်ခဲ့တဲ့ ဝိပဿနာကုသိုလ်ကို သတိရလိုက်ရင် ဘေးအန္တရာယ်က လွတ်မြောက်နိုင်တယ်"

"ဟုတ်ကဲ့ပါအဘိုး ... ကျွန်တော် ကြိုးစားပါ့မယ်"

တရားစခန်းမစမီ တရားစခန်းဝင်သူများအတွက် လိုအပ်ချက်များကို မြေးအဘိုးသုံးဦး ဆောင်ရွက်ခဲ့ကြသည်၊ လပြည့်နေ့တရားစခန်းဝယ် မောင်မှိုင်း၊ ရော၊ သံချောင်းပါ အဘိုးနှင့်တကွ စခန်းဝင်ခဲ့ကြသည်၊ ပထမရက်များတွင် နာကျင်မှုဝေဒနာကို ကြိတ်မှိတ်ခံခဲ့ကြရသော်လည်း နောက်ရက်များတွင် သက်သာသွားပါသည်၊ နောက်ဆုံးရက်တွင် တရားမှတ်၍ အကောင်းဆုံး ဖြစ်ပါသည်၊ တရားစခန်း တစ်ကြိမ်ပြီးသွားသော်လည်း တရားကို ရေရေရာရာ မသိသေးခဲ့ပါ၊ နောက်တစ်ကြိမ်တွင် သိရမည်ဟု အားခဲကာ နောက်တစ်ကြိမ် ဝင်ခဲ့ပြန်သည်၊ တတိယအကြိမ်တရားစခန်းပြီးသည့်အခါ စိတ်နှလုံး ပါနုးညံ့ပျော့ပျောင်းလာသည်ကို သတိထားမိသည်၊ မကောင်းမှုပြုလုပ်ရမည်ကို ကြောက်လာသည်၊ မိမိလုပ်မည့်အလုပ်သည် အပြစ်ဖြစ်မှာကို စိုးရိမ်လာသည်၊ မိမိကိုယ်ကို အပြစ်မလုပ်မိစေရန် သတိထားပြီး နေတတ်လာသည်၊ ကုသိုလ်ရေး၊ ဘာသာရေးမှတစ်ပါး အခြားကိစ္စရပ်များကို မကြားချင် မလုပ်



www.burmeseclassic.com

www.burmeseclassic.com

ချင်တော့ပါ၊ မောင်မှိုင်း၏ ပြောင်းလဲမှုကို အကဲခတ်နေသော အဘိုးက ပြောပါသည်၊

"မောင်မှိုင်းမင်းဟာ ချက်ချင်းပြောင်းလဲတိုးတက်မှုရှိလာတယ်၊ အခုလို အချိန် မင်းရဲ့မိဘတွေ မင်းကိုတွေ့ရင် ဝမ်းသာကြမယ်"

"ဟုတ်တယ်အဘိုး … ကျွန်တော်လည်း မိဘတွေကို ပြန်တွေ့ရရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"ကောင်းတယ် … တစ်ခါလောက်ပြန်တွေ့ပြီးမင်းလုပ်နေတဲ့လုပ်ငန်းစဉ် အကြောင်းတွေကို ပြောပြလိုက်ပါ၊ အဘိုး လမ်းစရိတ် ပေးလိုက်ပါ့မယ်"

"ဒါဆို – မနက်ဖြန်သွားချင်တယ်အဘိုး"

"လပြည့်နေ့တော့ မမေ့နဲ့ … လပြည့်နေ့အမီပြန်လာခဲ့ပါ"

✤

နောက်နေ့တွင် မောင်မှိုင်းသည် မိဘများထံ ပြန်ခဲ့သည်၊ မိဘများမှာ မောင်မှိုင်းကိုတွေ့ရ၍ ဝမ်းသာကြသော်လည်း စိတ်မချနိုင်သေးသဖြင့် မောင်မှိုင်းကို စောင့်ကြည့်နေကြပါသည်၊ မောင်မှိုင်းသည် နံနက်စောစော ဘုရားတွင် ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပြီး ဘုရားရှိခိုး၊ တရားထိုင် အမျှဝေခြင်းကိုနေ့စဉ်ပြုသည်၊ နေ့စဉ်ရက်ဆက်ဝတ်မပျက်ဆောင်ရွက်နေသည်ကိုမြင်မှ မိဘများက ကျေနပ်ကြရသည်၊ လပြည့်နေ့တွင် ရွာသာယာသို့ပြန်၍ တရားစခန်းဝင်ရမည်ကိုလည်း မိဘများအား ပြောပြထားပြီးဖြစ်သည်၊ နေ့စဉ် ဘုရား၊ တရား၊ အလုပ်များနှင့်သာ အချိန်ကုန်နေရသဖြင့် အပြင်သို့ လုံးဝ မထွက်နိုင်ခဲ့ပါ၊ ရွာသာယာသို့ ပြန်ရန် တစ်ပတ်အလိုတွင် အဘိုးနှင့် သံချောင်းတို့အတွက် လက်ဆောင်ပစ္စည်းဝယ်ရန် လမ်းထိပ် ဈေးကလေး သို့ လျှောက်လှမ်းခဲ့သည်၊ မောင်မှိုင်းလမ်းလျှောက်လာစဉ် သေနားသို့ မော်တော်ဆိုင်ကယ်တစ်စီး ထိုး၍ ရပ်လိုက်သည်ကို သတိထားမိသည်၊

"ဟေ့ကောင် – မောင်မှိုင်း – မင်းဘယ်မှာ ပျောက်နေတာလဲ"




ရင်းနှီးသော အသံမှန်း သိလိုက်ရ၍ လှည့်ကြည့်လိုက်ရာ ဂျော်နီကို တွေ့ရသည်၊

"အော် – ဂျော်နီပါလား၊ ငါအခု ရွာသာယာမှာ ရောက်နေတယ်၊ ဒီမှာ နောက်လေးငါးရက်ကြာရင် ရွာသာယာကိုပြန်တော့မှာ"

"လာပါ … အခု ငါနဲ့လိုက်ခဲ့"

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



ကြောက်ခမန်းလိလိအသံများ
ထွက်ပေါ်လာပြီး
ကားကြီးမှာ
လမ်းဘေးတွင်
ရပ်လိုက်သည်။
ပတ်ဝန်းကျင်ကလူအများ
ထိတ်လန့်တကြား
ပြေးလာကြသည်။
ကားကြီးအောက်တွင်
ကျရောက်နေသော လူနှစ်ဦး၏
ကံကြမ္မာကို
မတွေးဝံ့အောင် ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မှာ လုပ်စရာတွေ ရှိသေးလို့ မလိုက်ပါရစေနဲ့ - ဂျော်နီရာ"

"မရဘူး ... လာ - ဆိုင်ကယ်အနောက်ကတက် သွားစရာရှိတယ်"

ဂျော်နီမှာ မူးနေသဖြင့် တောင်းပန်၍ ရမည့်ပုံမပေါ်ပါ။ ဂျော်နီကျေနပ်အောင် ဧကတော့ လိုက်ရတော့မည်။ ဂျော်နီကိုစည်းရုံး၍ တရားစခန်းသို့ ရောက်အောင် ခေါ်ရန် စိတ်ကူးလိုက်သည်။

"နောက်က တက်စမ်းပါကွာ"

ဂျော်နီမှာ စိတ်မရှည်နိုင်သဖြင့် အသံကျယ်နှင့်အော်သဖြင့် ဆိုင်ကယ်နောက်မှ တက်လိုက်ရသည်။ မောင်မှိုင်းဆိုင်ကယ်ပေါ် တက်မိသည်နှင့် ဂျော်နီက ဆိုင်ကယ်ကို မောင်းထွက်ခဲ့သည်။ ဂျော်နီဆိုင်ကယ်အစီးကြမ်းသည်ကို သိသော်လည်း သူမူးနေစဉ် သတိပေး၍မရနိုင်သဖြင့် ငြိမ်ငြိမ်ပြီး လိုက်ခဲ့ရသည်။ လမ်းတွင်ဂျော်နီက စကားစ,လာသည်။

"မောင်မှိုင်း ... အရက်သောက်မလား"

"ငါအရက်မသောက်တော့ဘူးကွ"

"မင်းနဲ့အရက်မသောက်ရတာကြာပြီ။ နည်းနည်းလောက်သောက်ပါ"

"မဖြစ်လို့ပါ။ မင်းသာသောက်ပါ။ ငါဘေးက စောင့်နေပါမယ်"

မောင်မှိုင်းအရက်မသောက်ဘူးဆိုသဖြင့် ဂျော်နီသည် အရက်အကြောင်းမပြောတော့ပဲ ဆိုင်ကယ်ကို ပိုမိုအရှိန်ဖြင့် မြှင့်ပြီး မောင်းခဲ့သည်။ ဂျော်နီ မောင်းပုံမှာ အန္တရာယ်ရှိနိုင်သဖြင့် ဂျော်နီကို ဖျောင်းဖျခဲ့ရသည်။

"ဂျော်နီ ... မင်းသိပ်မူးနေရင် ဆိုင်ကယ်ရပ်လိုက်၊ ငါ - မောင်းမယ်"

"ဘာလဲ ... မင်းက ငါ့ကို အထင်သေးတာလား - ဒီမှာကြည့်"

ဂျော်နီကို ပြောခါမှ ပို၍ ဆိုးလာသည်။ ဆိုင်ကယ်ကိုစက်ကုန်ဖွင့်ပြီး မောင်းပေတော့သည်။ နောက်ထပ်ဂျော်နီကိုမပြောရဲတော့သဖြင့် ဆိုင်ကယ်ပေါ်က လိမ့်မကျအောင် နိုင်မြဲအောင် ဆုပ်ကိုင်ထားရသည်။ မိမိတို့ ဆိုင်ကယ်ရှေ့တွင် ကုန်တင်ကားကြီးတစ်စီးက အရှိန်ဖြင့် မောင်းနေသည်။ ဂျော်နီက ထိုကားကြီးကိုမီအောင်လိုက်သည်။ ကားကြီးမှာ အင်ဂျင်အားကောင်းသဖြင့်



အလွန်မြန်သည်။ ထိုကားကြီးကို လိုက်၍မမီလေ၊ ဒေါသဖြစ်၍မီအောင်လိုက်လေဖြစ်သည်။ မောင်မှိုင်းမှာ ရင်ဖုန်နေရသော်လည်း တားမရသဖြင့် ငြိမ်၍လိုက်နေသည်။ ကားကြီးကို မီသည်နှင့် ထိုကားကြီးကို ကျော်တက်ရန်ကြိုးစားပြန်သည်။ မကြာမီကားကြီးနှင့်ယှဉ်လျက်အရှိန်ပြင်းစွာပြေးနေသည်။ ကားကြီးကလည်း ဆိုင်ကယ်ကိုလုံးဝကျော်တက်ခွင့်မပေးပဲ လမ်းတစ်ခြမ်းကိုကျော်၍ ယူထားသည်။ ဂျော်နီမှာ လမ်းမပေးသည့်ကားကိုရအောင် ကျော်လိုက်သည်။ ကားကြီးက ယှဉ်၍ မောင်းနေသဖြင့် အသည်းယားစရာကောင်းလှသည်။ ထိုစဉ်မမျှော်လင့်ပဲ ကျောက်ခဲကိုနင်းမိပြီး ဆိုင်ကယ်သည် ကားကြီးအောက်သို့ ရောက်သွားပါလေတော့သည်။

"ဝုန်း - ဒိုင်း - ဂျွန်း"

ကြောက်ခမန်းလိလိအသံများ ထွက်ပေါ်လာပြီး ကားကြီးမှာ လမ်းဘေးတွင် ရပ်လိုက်သည်။ ပတ်ဝန်းကျင်ကလူအများ ထိတ်လန့်တကြား ပြေးလာကြသည်။ ကားကြီးအောက်တွင် ကျရောက်နေသော လူနှစ်ဦး၏ကံကြမ္မာကို မတွေးဝံ့အောင် ရှိနေကြသည်။ ဆိုင်ကယ်နှင့်လူနှစ်ဦးကို ခဲရာခဲဆစ် ဆွဲထုတ်နေကြသည်။ မောင်မှိုင်းသည် အသိအာရုံများဝေဝါးကာ မှောင်အတိကျသွားပါတော့သည်။

✤

မောင်မှိုင်းသည် ဂျော်နီကိုလက်တွဲ၍ ထွက်ခဲ့သည်။ မရောက်ဘူးသောနေရာစိမ်းဖြစ်နေ၍ ဇဝေဇဝါဖြစ်နေသည်။ ဂျော်နီပြောမှ တစ္ဆေဘဝသို့ရောက်နေကြောင်း သိလိုက်ရသည်။ မောင်မှိုင်းမှာ ဂျော်နီနှင့်အတူ ဘဝသစ်သို့ရောက်နေကြောင်း သိရသော်လည်း ကောင်းမွန်သော ဘုံဘဝတော့ မဖြစ်နိုင်ဟု စဉ်းစားမိပါသည်။ ဂျော်နီမှာ မွေးဖွားသည်မှစ၍ မည်သည့်ကောင်းမှုမျိုးမှ လုပ်ခဲ့သူမဟုတ်သဖြင့် ဂျော်နီနှင့်သာ ဘဝချင်းတူပါက မိမိလည်းကောင်းမွန်သောဘဝကို ရရန်မလွယ်ပါ။ ဂျော်နီနှင့်နှိုင်းယှဉ်ပါက မိမိကမူ ဘုသိုလ်ရေးကိုစွဲဆောင်ရွက်ခဲ့ဖူးသည်ကို သတိရလာသည်။ အဘိုးမှာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည့်လပြည့်နေ့ကို အမှတ်ရသလို အဘိုး၏စကားများကိုလည်း ကြားယောင်နေမိပါသည်။

မိမိသည်လမ်းမှန်ကိုတွေ့ပါလျက်လျှောက်လှမ်းခွင့်မရခြင်းအတွက်ဝမ်းနည်းနေမိပါသည်။ ထိုစဉ်ဘေးမှ ဂျော်နီကလက်ကိုဆွဲ၍ ခေါ်လိုက်သည်။

"မောင်မှိုင်းတို့သွားပြီး သတင်းပို့ရမယ်"

"ဘာအတွက် ဘယ်ကိုသတင်းပို့ရမှာလဲ"

"တို့ဘယ်ဘုံဌာနကို ရောက်မယ်ဆိုတာ သတင်းပို့ရင် သိရလိမ့်မယ်။ သူတို့လွှတ်တဲ့ဘုံကို ရောက်ရမယ်"

✤

ဂျော်နီခေါ်ရာသို့သာ လိုက်ခဲ့ရသည်။ ဘယ်ဘဝရောက်၍ ဘာတွေဖြစ်နေမှန်းကို မသိပါ။ မိမိတစ္ဆေဘဝရောက်သည် ဆိုသည်မှာ ဟုတ်ရောဟုတ်ရဲ့လားမသိ။ ညောင်ပင်ကြီးတစ်ပင်အောက်တွင် စားပွဲခုံတစ်လုံးနှင့် အတူ ခန့်ညားသည့် လူကြီးတစ်ယောက်က စာအုပ်ကြီးတစ်အုပ်ကို လှန်၍ကြည့်နေသည်။ ဘေးတွင် အရပ်ရှည်ရှည်လူက စာရင်းစာရွက်ကို ကိုင်ရင်း လူဝကြီး၏ဘေးတွင် ရပ်နေသည်။ ထိုလူက စာရင်းတွင်ပါသော နာမည်ကို ခေါ်လိုက်ပါက နာမည်ကြားသူက ရှိပါကြောင်း ဖြေကြားပြီး မတ်တတ်ရပ်ပြရသည်။ မတ်တတ်ရပ်နေသူကို လူဝကြီးက သေချာစွာ ကြည့်ပြီး ဘယ်ကိုသွားဟု ချက်ချင်း အမိန့်ပေးသည်။ မိမိဘယ်ဘုံဌာနကို ရောက်ရသည်ကို ဆုံးဖြတ်ပေးခြင်းဖြစ်၍ လူတိုင်း ရင်စနစ်ကြရသည်။ ယခုအထိ နာမည်ခေါ်ခံရသူတိုင်း တစ်ဦးမှ ကောင်းသည့်ဘုံဌာနသို့ ရောက်သည်မရှိ၊ အပါယ်လေးဘုံသို့သာ ရောက်ကြပါသည်။ မိမိ ကုသိုလ်လုပ်ခဲ့သော်လည်း ကုသိုလ်အားနည်းသဖြင့်စိုးရိမ်နေမိပါသည်။ နာမည်များကို တစ်ဦးချင်းအဆက်မပြတ် ခေါ်နေပါသည်။

"အုန်းဟန်"

"ရှိပါတယ် ... ခင်ဗျာ"



လူဝကြီးက အဝီစိသို့သွားရန် လမ်းညွှန်လိုက်သဖြင့် အုန်းဟန်ဆိုသူမှာ ကြောက်ရွံ့ထိတ်လန့်ပြီး လူဝကြီးလမ်းညွှန်ရာသို့ သွားရသည်။

"ကျော်စိန်"

"ရှိပါတယ်"

လူဝကြီးက အဝီစိသို့ လမ်းညွှန်သဖြင့် ထိုလူမှာ မျက်နှာပျက်ပျက်နှင့် ထွက်သွားရသည်။ နောက်တစ်ဦးဆက်ခေါ်ပါသည်။

"ဂျော်နီ"

"ရှိပါတယ် ခင်ဗျား"

ဂျော်နီမှာ တုန်လှုပ်နေသလို မောင်မှိုင်းမှာလည်း ဂျော်နီ၏ အဖြေကို သိလိုသဖြင့် ရင်စနစ်နေပါသည်။ လူဝကြီးက အဝီစိသို့ လမ်းညွှန်လိုက်သည်။ ဂျော်နီသည်မောင်မှိုင်းကိုပင် နှုတ်မဆက်နိုင်ပဲ အားငယ်သည့်အမူအရာဖြင့် အဝီစိဟု သတ်မှတ်ရာဘက်သို့ သွားနေပါသည်။ ဂျော်နီပြီးပါက မိမိအလှည့်ဖြစ်၍ အထူး ရင်စနစ်နေပါသည်။ မိမိမှာလည်း အဝီစိမှလွဲ၍ အခြားသို့ ရောက်ဖွယ်ရာ မရှိဟု တွက်ဆနေမိသည်။ အဘိုးမှာလိုက်သည့်အတိုင်း အခက်အခဲ အန္တရာယ်တွေ့ပါက မိမိပြုလုပ်ခဲ့သည့်ကုသိုလ်ကို သတိရပါ၊ ဆိုသည့်စကားကို သတိရလာသည်။ မိမိလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှု အကြောင်း ပြောပြချင်သော်လည်း လူအများရှေ့တွင် ပြောခွင့်မသာပါ၊ သို့သော်မိမိပြုခဲ့သည့်ကုသိုလ်ကောင်းမှုအတွက် ပြောဖြစ်အောင်ပြောလိုက်မည်ဟု ဆုံးဖြတ်လိုက်ပြီး လူဝကြီးကို အာရုံသွင်းကာ စိတ်ထဲက ပြောလိုက်မိပါသည်။

"အရှင်ကြီး ... အကျွန်ုပ်သည် ရွာသာယာရွာ၊ မေတ္တာတရားစခန်းတွင် လပြည့်နေ့တွင် တရားဝင်ရမည် ဖြစ်ပါသည်။ ဝိပဿနာတရားကိုလည်း သုံးကြိမ်တရားဝင်ပြီး ဖြစ်ပါ၍ ယခုလပြည့်နေ့တွင် တရားဝင်ခွင့်ပြုပေးပါရန် တောင်းပန်ပါသည်။ ကျွန်ုပ်ကို သွားခွင့်ပြုပါ"

မိမိက လူဝကြီးကို ရည်စူးပြီး စိတ်ထဲမှ ဆုတောင်းအပြီးတွင် နာမည် ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်မှိုင်း"

"ရှိပါတယ်ခင်ဗျား"

ကျွန်ုပ်တစ်ကိုယ်လုံးမှာ တုန်ယင်နေပါသည်၊ လူဝကြီးအမိန့်ချမည့် စကားကို နားစွင့်ရင်း အသားများပါ ဆတ်ဆတ်တုန်လာပါသည်၊ လူဝကြီးက မည့်သည့် အမိန့်မျှ မချပဲ ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး မေးခွန်းတစ်ခု မေးပါသည်၊ မမျှော်လင့်သော မေးခွန်းဖြစ်၍ အလွန် အံ့သြမိပါသည်၊

"အသင် ... လပြည့်နေ့မှာ ဘာလုပ်ဖို့ရှိသလဲ"

"ကျွန် ... ကျွန်တော်မျိုး - လ - လပြည့်နေ့မှာ ရွာသာယာကို သွားဖို့ရှိပါတယ်၊ ဓမ္မာ့တာရားစခန်းမှာ တရားဝင်ရပ့်ါမယ်၊ အကျွန်ုပ်ကို သွားခွင့်ပြုပါခင်ဗျား - တောင်းပန်ပါတယ်"

ကြောက်ကြောက်နှင့်သာဖြေလိုက်ရသည်၊ မျှော်လင့်စရာမရှိမှန်း သိပါသည်၊အစီစီသို့လွှတ်မည်ဟုယုံကြည်နေသော်လည်း အခြားသူများကဲ့သို့ မဟုတ်ပဲ မိမိက စကားပြောခွင့် ရလိုက်သဖြင့် ကျေနပ်မိပါသည်၊ သို့သော် လူဝကြီးထံမှ မယုံကြည်နိုင်စရာ စကားကို ကြားလိုက်ရသည်၊

"ဒီတစ်ခါမင်းသွားရင် တရားကိုရအောင်ကြိုးစားပါ၊ တရားမရရင်ဒီကို နောက်တစ်ခေါက် ပြန်ရောက်လာလိမ့်မယ်၊ အသင် ဒီနေရာ ပြန်လာချင်သေးသလား"

"မလာချင်ပါဘူး"

မြန်မြန်ဆန်ဆန် ဖြေလိုက်သည်၊

"အေး ... မလာချင်နဲ့၊ ဒီနေရာကို မလာရအောင် ဝိပဿနာတရားကို ရအောင် ကြိုးစားအားထုတ်ပါ၊ ကဲ - သွားပေတော့"

ခွင့်ပြုချက် ရသည်နှင့်နောက်သို့ပင် လှည့်မကြည့်တော့ပဲ အမြန် ပြေးခဲ့ပါသည်၊ ထိုအချိန် ဆေးရုံတွင် သတိပြန်ရသည့် အချိန်လည်း ဖြစ်သည်၊ ဂျော်နီမှာမနက်ကပင်ကွယ်လွန်သွားကြောင်းသိရသည်၊ ဆေးရုံတွင်သုံးရက်



နေပြီးဒဏ်ရာသက်သာသည်နှင့်လပြည့်နေ့အမီပြန်ခဲ့သည်၊ တစ္ဆေဘဝသို့ ရောက်ခဲ့ရပုံကို ပြောပြရာမှ ကြားရသူတိုင်းက နာမည်သစ်တစ်ခု ပေးလိုက်ခြင်းဖြစ်သည်၊

"တစ္ဆေမောင်မှိုင်း" ဟူ၍...၊

➡ ကောင်းသော်

**မည်သူမဆို**

**ဝတ္ထုတို၊ ဝတ္ထုရှည်၊ အမျိုးဝတ္ထုစာမူများ**


ပေးပို့နိုင်ကြပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူမွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




# ဝိညာဉ်ဖော်တဲ့ လူသတ်ကောင်

**ဝင်းထွန်းအောင်(စစ်ဆေး)**

ဒုရဲအုပ် နိုင်ထွန်းတစ်ယောက် သူ့စားပွဲတွင်ထိုင်ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည်၊ မျက်မှောင်ကုတ်နေသည့်အနေအထား အရ သူ့ရင်ထဲတွင် မတင်မကျဖြစ်နေမှန်း သိသာသည်။

"ဗိုလ်လေး၊ ကျွန်တော်တို့ပြန်နားတော့မယ်"

နယ်ထိန်းတပ်ကြပ်စောဦး၏အသံကြောင့် သူခေါင်းမော့ကြည့်လိုက် ပြီး –

"အေး – အေး ..."

ဟုသာ ပြောလိုက်နိုင်သည်၊ တပ်ကြပ်စောဦးက သူ့ကို အဓိပ္ပာယ်တစ် မျိုးပါသည့်အကြည့်ဖြင့် ကြည့်သွားသည်၊ စောဦး၏အကြည့်ကို သူသိ သည်၊ "တို့ဗိုလ်လေး – စိတ်မှန့်သေးရဲ့လား" ဟူသည့် သဘောမျိုးဖြင့် ကြည့်သွားခြင်းဖြစ်၏၊

သူ နာရီကို ကြည့်လိုက်တော့ ည(၁)နာရီကျော်ပေပြီ၊ အိပ်ချင်စိတ် မရှိသေး၊ စောစောကဖြစ်ရပ်ကိုသာ အတွေးက ပြန်ရောက်သွားသည်၊ စောဦး သူ့ကို အရူးတစ်ယောက်လို ကြည့်သွားသည်ကိုလည်း အဆိုးမဆို သာ၊ သူကိုယ်တိုင်ပင် ထိုအဖြစ်အပျက်ကို ယခုထိ နားမလည်နိုင်သေး၊



www.burmeseclassic.com

www.burmeseclassic.com

ဘောင်းဘီအိတ်ထဲမှစီးကရက်ဘူးကိုထုတ်ကာစီးကရက်တစ်လိပ်ကို နှိုက်ယူ မီးညှိဖွာရှိုက်ရင်း ယခုဖြစ်စဉ်ဖြစ်ပွားရာအစ လွန်ခဲ့သည့် (၁၅)ရက်ခန့်သို့ စိတ်က ပြန်ရောက်သွားရ၏။

══✠══

"အင်း၊ ခြေရာ လက်ရာ အရဆိုရင်တော့ ဟိုကောင်ကျော်ကြီးပဲ ဖြစ်ရမယ်"

စခန်းမှူး ဦးတင်ဝင်းက ဖောက်ထွင်းခံရသည့် အိမ်အနေအထားကို လှည့်ပတ်ကြည့်ရှုရင်း မှတ်ချက်ချသည်၊ သူလည်း စခန်းမှူးနှင့်အတူ လိုက်ပါရင်းမှ စခန်းမှူးစကားကို ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်မိသည်၊

စခန်းမှူးပြောသည့် ကျော်ကြီးဆိုသူကို သူလည်း ကောင်းကောင်းသိသည်၊ သည်မြို့မှ နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာတစ်ဦး ဖြစ်၏၊ လွန်ခဲ့သည့် (၁)နှစ်ကျော်က ဖောက်ထွင်းမှုဖြင့် သူကိုယ်တိုင် ဖမ်းဆီးကာ ထောင်ထဲပို့ခဲ့သူဖြစ်၏၊ မကြာသေးခင်က ရဲဘက်စခန်းတစ်ခုမှ ထွက်ပြေးသွားကြောင်း သတင်းရထား၍ ရဲဘက်ပြေးစာရင်းဖိုင်တွင်ထည့်ကာ သူတို့ ထောက်လှမ်းနေသူလည်းဖြစ်၏၊

ကျော်ကြီး ထောင်ကျသွားစဉ်က ကျန်ခဲ့သည့် ၎င်း၏ဇနီးနှင့် ကလေးရှိရာ မြို့ပြင်ရှိ ကျူးကျော်ရပ်ကွက်မှ အိမ်ကလေးကို သူတို့အဖွဲ့ စောင့်ကြည့်ကြသော်လည်းမထူးခြားသဖြင့် ကျော်ကြီး ပြန်မလာဟုသာ သူတို့ ယူဆခဲ့ကြသည်၊ ယခုတော့ ကျော်ကြီး သူတို့ကို ဒုက္ခပေးပေပြီ၊

ဘယ်အချိန်က အလစ်ပြန်ဝင်လာခဲ့သည်မသိ၊ မြို့ထဲရှိ ရွှေဆိုင်ပိုင်ရှင်အိမ်တစ်အိမ်ကို ဖောက်ထွင်းကာ ငွေသားနှင့် ရွှေထည်များ မ,သွားချေပြီ၊

"ကဲ - နိုင်ထွန်း - မင်းမိတ်ဆွေဟောင်းကြီးကိုမင်းပဲတွေ့အောင်ရှာ၊ အဲဒီကောင်ကိုမှမမိရင် မင်းရောငါပါဆိုက်ကားသမားဘဝရောက်သွားလိမ့်မယ်"

စခန်းမှူးက အတည်လိုလို၊ အပြက်လိုလိုပြောရင်း ထွက်သွားသည်၊ သူ နယ်ထိန်းအဖွဲ့ကိုခေါ်ပြီး ကျော်ကြီးကို ဖမ်းဆီးရန် အစီအမံများ ရေးဆွဲရတော့သည်၊ မကြာပါချေ၊ ကျော်ကြီးနှင့်ပတ်သက်ပြီး သတင်းများ ရလာသည်၊



"ဗိုလ်လေး - ကျော်ကြီး - သူ့မိန်းမအိမ်ကို ညနက်ပိုင်း ရောက်ရောက်လာတတ်တယ်လို့ သတင်းရတယ်"

တပ်ကြပ်စောဦး၏သတင်းအရ ကျော်ကြီးမိန်းမအိမ်ကို သူတို့နှစ်ကြိမ်သုံးကြိမ်ခန့် ကင်းပုန်းဝပ် စောင့်ကြည့်ခဲ့၏၊ မည်သို့မျှ မထူးခြား၊ သတင်းများ မှားနေရော့သလားဟု သံသယဝင်မိသည်၊ သေချာစေရန် နယ်ထိန်းအဖွဲ့ကို ခေါ်ယူ၍ သူလိုချင်သည့်အချက်များကို ထပ်မံပြောပြပြီး တာဝန်ပေးရသည်၊

တစ်နေ့ နယ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးမှ လူတစ်ယောက်ကို သူ့ဆီခေါ်လာသည်၊

"ဗိုလ်လေး၊ ဒါ ကျွန်တော်တို့ရဲ့ သတင်းပေးပဲ၊ ကျော်ကြီးတို့အိမ်နဲ့ မလှမ်းမကမ်းမှာနေတယ်၊ ကဲ - မင်းက ဗိုလ်လေးကို မင်းသိသမျှ မြင်သမျှ အကုန်ပြောပြလိုက်"

"ဟုတ်ကဲ့ - ကျွန်တော်တို့အိမ်က ကိုကျော်ကြီးအိမ်နဲ့ သုံးအိမ်ပဲ ခြားပါတယ်၊ ကျွန်တော်က အရက်ပုန်းရောင်းပါတယ်၊ ကိုကျော်ကြီးရော - သူ့ညီ သန်းဦးရော ကျွန်တော့်ဖောက်သည်တွေပါ"

သတင်းပေး၏စကားကို နားထောင်ရင်းမှ သန်းဦးမျက်နှာကို သူ မြင်ယောင်လာသည်၊ သန်းဦးဆိုသူမှာ ကျော်ကြီးအိမ် ခြေရင်းဘက် အိမ်လေးမှ ဖြစ်၏၊ ကျော်ကြီးနှင့် သန်းဦး ညီအစ်ကိုနှစ်ဝမ်းကွဲတော်စပ်ကြောင်း ကျော်ကြီးအမှုဖြစ်စဉ်က သိရသည်၊

သန်းဦးလည်း ဒီပုတ်ထဲက ဒီပဲပင်၊ သို့သော် သန်းဦးက ကျော်ကြီးလို လိုင်းကြီးသမား မဟုတ်၊ ထဘီရုတ်၊ ဒန်အိုးဆွဲအဆင့်သာ ရှိသည်၊ အမှုကြီးကြီးမားမား မဖြစ်ဘူးခဲ့၊

"အဲ - လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပေါ့"

သတင်းပေး၏စကားသံကြောင့် သူ့အတွေးတို့ ပြတ်တောက်သွားပြီး ရှေ့ဆက်လာမည့်စကားတို့အပေါ် အာရုံပြန်ရောက်သွားရသည်၊

"ညနေခင်း အစောပိုင်းထဲက သန်းဦး ကျွန်တော့်ဆိုင် ရောက်လာပြီး ထုံးစံအတိုင်း အရက်သောက်နေတယ်၊ ည(၈)နာရီခွဲလောက် သူ့အရက်ကုန်ခါနီးမှာပဲ ကိုကျော်ကြီးမိန်းမ စန်းတင့်ရောက်လာပြီး ကိုသန်းဦးနဲ့ အေး



www.burmeseclassic.com

www.burmeseclassic.com

တိုးလေး စကားတွေ ပြောကြတယ်၊ တအောင့်နေတော့ သန်းဦးက တော အရက် တစ်ပုလင်းနဲ့ အမဲခြောက်ကြော် ပါဆယ်ထုပ်နိုင်းတယ်၊ ကျွန်တော် အံ့ဩသွားတာပေါ့"

ထိုနေရာတွင် သတင်းပေးစကား၏အဓိပ္ပာယ်ကို သူနားမလည်သဖြင့် -

"နေပါဦး - မင်းက ဘာကို အံ့ဩသွားရတာလဲ"

"ဒီလို ဗိုလ်လေးရဲ့ - သန်းဦးက တောအရက်ကို ဖျော့လို့ဆိုပြီး ဘယ်တော့မှ မသောက်ဘူး၊ ဘီအီးပဲ သောက်တယ်၊ အမြည်းဆိုလည်း နမ်းဖတ်ရှဉ့်လေးလိုလို၊ ပဲကြီးလှော်လေးလိုလိုပဲ မြည်းတတ်တာ၊ ကိုကျော်ကြီးကတော့ ဘီအီးက နံလို့ဆိုပြီး ဘယ်တော့မှ မသောက်ဘူး၊ အမြည်းဆိုလည်း အမဲကြော်ကို အကြိုက်ဆုံး၊ ဒါကြောင့်ပါ"

သတင်းပေးစကားကြောင့်တစ်စုံတစ်ရာ ထူးခြားနေပြီမှန်း သူသိလိုက်သည်၊

"နောက်နေ့မနက် ဝေလီဝေလင်းကျွန်တော်အပေါ့ထသွားရင်း ကိုကျော်ကြီးတို့အိမ်ဘက်က ခွေးဟောင်သံတွေကြားလို့ လှမ်းကြည့်တော့ ကျွန်တော့်အိမ်ရှေ့လမ်းအတိုင်း လူတစ်ယောက် ခပ်သုတ်သုတ် လမ်းမဘက်ကို ထွက်သွားတာ တွေ့ရတယ်၊ ပုံသဏ္ဌာန်ကတော့ ကိုကျော်ကြီးနဲ့ အတော်တူတယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက်အထိ သန်းဦး အရက်လာသောက်တိုင်း အပြန်မှာ တောအရက်နဲ့ အမဲကြော် ဝယ်သွားတယ်၊ သူ့အပြောကတော့ အိမ်ကျမှ အေးအေးထပ်သောက်ချင်လို့တဲ့၊ အဲဒီနေ့တိုင်းလည်း ကိုကျော်ကြီးအိမ်ကို လူတစ်ယောက် ညဉ့်နက်ပိုင်းလာ၊ မိုးမလင်းခင် ပြန်ပြန်သွားတတ်တာ တွေ့ရတယ်"

သေချာပေပြီ၊ ကျော်ကြီး သူ့မိန်းမအိမ်သို့ အဝင်အထွက် ရှိနေလောက်ပြီ၊ ကျော်ကြီးပဲ ကံကောင်းနေသည်လား၊ သူတို့ပဲ ကံဆိုးနေသေးသည်လား မသိ၊ သူတို့ ကင်းပုန်းဝပ်သည့်ညများနှင့် မတိုးသေး၊

ကျော်ကြီးကို ယနေ့ညမှစပြီး စောင့်ဖမ်းမည်ဟု ဆုံးဖြတ်လိုက်ပြီး အစီအစဉ်များ ရေးဆွဲလိုက်သည်၊ ညဉ့်နက်တော့ အစီအစဉ်အတိုင်း သူတို့အဖွဲ့ ကျော်ကြီး၏အိမ်အနီးသို့ ရောက်ရှိဖြန့်ခွဲကာ နေရာယူလိုက်ကြသည်၊



လဆန်းရက်မို့ လ၏အလင်းရောင်က အပြည့်အဝ မရှိ၊ တစ်ခြမ်းပဲ့လ၏ မပီမပြင် ဝိုးတဝါးအလင်းရောင်သာ ရှိသည်၊ ကျိုးတိုးကျဲတဲ ခြံစည်းရိုးနားတိုးကပ်လိုက်ပြီး ရသမျှ အလင်းရောင်လေးအားကိုးဖြင့် ခြံဝန်းတစ်ခုလုံးသို့ လှည့်ပတ်အကဲခတ်လိုက်သည်၊

ထိုစဉ် လေထဲတွင် လွင့်မျောနေသည့် တိမ်တိုက်အချို့၏ ဖုံးကွယ်သွားမှုကြောင့် အလင်းရောင်ပျောက်ပြီး အမှောင်ထုကြီးစိုးသွားသည်၊ တစ်ခဏလေးမျှသာ၊ ရုတ်တရက်ပြန်လင်းလာသည့်အလင်းရောင်နှင့်အတူ သူတွေ့လိုက်ရသည်က ကျော်ကြီး၊

ဟုတ်သည်၊ သူတို့တစ်ဖွဲ့လုံးကို ကောင်းကောင်းဒုက္ခပေးနေသည့် ကျော်ကြီးက အိမ်နောက်ဖေးအိမ်သာနှင့် မနီးမဝေးတွင် ရှိသည့် မန်ကျည်းပင်အောက်တွင် ရပ်နေသည်၊ သူကိုယ်တိုင်က မန်ကျည်းပင်နှင့် မလှမ်းမကမ်းရှိ ခြံစည်းရိုးအနီးသို့ ရောက်ရှိနေသဖြင့် ကျော်ကြီးကို ထင်ထင်ရှားရှားတွေ့လိုက်ခြင်းဖြစ်သည်၊

"ဟိုမှာ - ကျော်ကြီး၊ ဟေ့ - ကျော်ကြီး မပြေးနဲ့"

အနားတွင်ရှိနေသည့် တပ်ကြပ်စောဦးအား ပြောလိုက်ရင်း တစ်ဆက်တည်း တရားခံကျော်ကြီးအား လှမ်းအမိန့်ပေးလိုက်သည်၊ ထို့နောက် အကာအရံဖြစ်နေသည့် ခြံစည်းရိုး အပိုင်းအစအချို့အား အလျင်အမြန်ဆွဲဖယ်ပစ်ရင်း အတင်းတိုးဝင်ကာ ကျော်ကြီးရပ်နေရာသို့ အတင်းပြေးသွားလိုက်သည်၊

စောစောက ကျော်ကြီးရပ်နေရာသို့ ရောက်သွားတော့ သူ ကြက်သေသေသွားသည်၊ ကျော်ကြီးကို မတွေ့ရတော့၊

=✠=

နံနက်အိပ်ရာကနိုးတော့ အရင်လို ချက်ချင်းမျက်နှာမသစ်နိုင်သေးဘဲ ကုတင်ပေါ်တွင်ထိုင်၍ စီးကရက်ဖွာရင်း ညကမက်ခဲ့သည့် အိပ်မက်အကြောင်းကို ပြန်စဉ်းစားနေမိသည်၊

အိပ်မက်ထဲတွင် မနေ့ညက ကျော်ကြီးကို သူ တွေ့မြင်ခဲ့သည့်နေရာတွင်ပင် ကျော်ကြီးက ရပ်နေသည်၊ ကျော်ကြီးက မျက်နှာညှိုးငယ်စွာဖြင့် သူ့ကို ပြောလိုက်သေးသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဘယ်မှမပြေးပါဘူး ဆရာ၊ ဒီမှာပဲ ရှိပါတယ်။ ကျွန်တော့်အမှားကို နောင်တရပါပြီ၊ ကျွန်တော့်ကို ကယ်ပါဦး"တဲ့၊

ကျော်ကြီးအမူအရာက ကျဉ်းထဲကျပ်ထဲ ရောက်နေသူတစ်ယောက်နယ် ဖြစ်နေသည်၊ ကျော်ကြီး ဘာကို ဆိုလိုကြောင်း သူ စဉ်းစားမရ၊ ညက ကျော်ကြီးကို ဖမ်းမမိခြင်းအား စိတ်စွဲ၍ ပေါက်တတ်ကရ မက်သည်လားဟု စဉ်းစားမိသေးသည်၊ သို့သော် မဖြစ်နိုင်၊

အစောပိုင်း သူ့စားပွဲတွင်ထိုင်၍ ကျော်ကြီးအကြောင်း စဉ်းစားနေမိသည်မှာ မှန်၏၊ သို့သော် စဉ်းစား၍မရသည့်အဆုံး စိတ်လျှော့ကာ သူ့အခန်းသို့ ပြန်ခဲ့သည်၊ အခန်းရောက်တော့ ဘုရားရှင်အား သောက်တော်ရေချမ်း၊ အမွှေးတိုင်၊ အလင်းတိုင်များ ကပ်လှူပူဇော်ပြီး ဘုရားဝတ်ပြုသည်၊ ထို့နောက် တစ်ခါက ဆရာတစ်ယောက် ညွှန်ပြထားသည့် ပုတီးစိပ်နည်းဖြင့် ပုတီး(၁၀)ပတ် စိပ်လိုက်သည်၊

ထိုပုတီးစိပ်နည်းရသည်မှာ သိပ်တော့ မထူးဆန်း၊ သူ ဘွဲ့ရပြီး ခုရဲအုပ်သင်တန်း လျှောက်ထားစဉ်က ဖြစ်၏၊ အားလပ်နေသဖြင့် မြို့ထဲ လျှောက်လည်၊ လက်ဖက်ရည်ဆိုင် ထိုင်ခနစဉ် ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးနှင့် တွေ့သည်၊ အာလာပ၊ သလ္လာပများပြောရင်း သူနေသည့်ရွာသို့ အလည်လိုက်ရန်ခေါ်သဖြင့် မရောက်ဘူးသေး၍ နယ်မြေဗဟုသုတရစေရန် လိုက်သွားမိသည်၊

ထိုရွာတွင် ဗေဒင်ဆရာတစ်ယောက်နှင့် တွေ့သည်၊ သူငယ်ချင်းလင်မယားက ဗေဒင်မေးရင်း မှန်သည်ဟု ဆိုသဖြင့် သူလည်း စိတ်ဝင်စားသွားပြီး သူ့လျှောက်ထားသည့်အလုပ်နှင့် သူ့ကံကြမ္မာ သဟဇာတ ဖြစ်၊ မဖြစ် မေးမိသည်၊ ဆရာက သူ့ဇာတာ၊ သူ့လက္ခဏာကို သေချာကြည့်ပြီး -

"မင်းက ဂမ္ဘီရကြက်ခြေပိုင်ရှင်ပဲ၊ ဘာသာရေးကို စွဲစွဲမြဲမြဲလုပ်ရင် သူတကာထက် ပိုထူးမယ်၊ အကြားအာတ်၊ အမြင်ဓာတ်တွေ ရတတ်တယ်၊ မင်းဇာတာအရလည်း မင်း ဝါသနာပါတဲ့ အလုပ်နဲ့ အံဝင်ခွင်ကျဖြစ်တယ်၊ အဲဒီတော့ ထွန်းပေါက်ချင်ရင် "လောကဝိဒူ"ဆိုတဲ့ ဂုဏ်တော်ကို အနည်းဆုံး တစ်နေ့ (၁၀)ပတ်စိပ်ပါ"

"အဲဒီလောကဝိဒူ ဆိုတဲ့ ဂုဏ်တော်ရဲ့အဓိပ္ပာယ်က ဘာလဲဆရာ"

"လောကဝိဒူဆိုတဲ့ဂုဏ်တော်ရဲ့အနက်ကိုအတိုဆုံးအဓိပ္ပာယ်ပြန်ရရင် "လောက သုံးခွင် ဘုံအစဉ်ကို အစုံအလင်သိမြင်သော မြတ်စွာဘုရား"လို့ အဓိပ္ပာယ်ရတယ်၊ အဲဒီဂုဏ်တော်ကိုမပြတ်ရွတ်ပွားရင်အခက်အခဲပြဿနာ တစ်စုံတစ်ရာနဲ့ ကြုံတွေ့လာတဲ့အခါ ဘယ်လိုဖြေရှင်းကျော်လွှားသင့်တယ် ဆိုတဲ့မှန်ကန်တဲ့ထွက်ပေါက်ကိုမြင်လာတတ်တယ်၊ မင်းတို့ရဲ့တွေ့ စုံထောက်တွေဆိုရင်တော့ ဖော်ထုတ်မရတဲ့ အမှုအခင်းတွေကို မှန်မှန်ကန်ကန်ဖော်ထုတ်နိုင်လာမယ်"

ဆရာ၏စကားကြောင့် ထိုပုတီးစိပ်နည်းကို သူအရမ်းသဘောကျသွားသည်၊ သူ ပြည်သူ့ရဲဖြစ်သည့်အချိန်မှစ၍ ထိုဂုဏ်တော်ကို အမြဲလိုလို ပုတီးစိပ်သည်၊ အားနေလျှင်လည်း ရွတ်ဆိုနေမိသည်၊ ညကလည်း အိပ်မပျော်မချင်း ထိုဂုဏ်တော်ကို ရွတ်ဆိုနေမိခဲ့သည်၊ ထိုဂုဏ်တော်ရွတ်ဆိုခြင်း၏ အကျိုးကြောင့်များ ထူးဆန်းသည့်အိပ်မက်ကို မက်ခြင်းလေလား။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



ရုတ်တရက်
ကျော်ကြီးပျောက်သွားသဖြင့်
သူ အံ့အားသင့်သွားပြီး
ခြံဝင်းအနှံ့ လိုက်ရှာမိသည်။
လရောင်နှင့်မို့
ထွက်ပြေးသွားသည်ဆိုသည်။
သူမြင်ရမည့် တစ်နေရာတွင်
ပုန်းနေသည်ဆိုရအောင်
ပုန်းနိုင်လောက်
သည့်နေရာမရှိ။





www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်အကြောင်း စဉ်းစားရင်းမှ မနေ့ညက ကျော်ကြီး၏ အိမ်ဝိုင်း အတွင်း သူတွေ့ မြင်ခဲ့ရသည်များကို အသေးစိတ် ပြန်လည်မြင်ယောင်မိ သည်၊ သူတို့အဖွဲ့၏ ဝရုန်းသုန်းကားအသံများကြောင့် အိမ်တံခါးပွင့်လာပြီး ကျော်ကြီး၏မိန်းမ မစန်းတင့် ဆင်းလာသည်၊ အိပ်ရာက ကမန်းကတန်း ထ လာရသဖြင့် အဝတ်အစားများက ကပိုကရို၊ သူတို့အဖွဲ့ကို မျက်လုံးပြူး မျက် ဆန်ပြူးဖြင့်ကြည့်ရင်း ထိတ်လန့်နေဟန်ရှိသည်၊

ရုတ်တရက် ကျော်ကြီးပျောက်သွားသဖြင့် သူ အံ့အားသင့်သွားပြီး ခြံဝင်းအနှံ့ လိုက်ရှာမိသည်၊ လရောင်နှင့်မို့ ထွက်ပြေးသွားသည်ဆိုသည်၊ သူမြင်ရမည့် တစ်နေရာတွင် ပုန်းနေသည်ဆိုရအောင် ပုန်းနိုင်လောက် သည့်နေရာမရှိ၊

မန်ကျည်းပင်ပေါ်တက်ပြေးသလားဟု ယူဆပြီး အပင်ပေါ် အနှံ့လည်း တတ်နိုင်သမျှ ရှာကြည့်ပြီးပြီ၊ မတွေ့၊ အိမ်ပေါ်တက်ပြေးသည်ဆိုရအောင် လည်း တံခါးက ယခုမှ ဖွင့်သည်၊ သူ ဦးနှောက်ခြောက်သွားသည်၊

နောက်ဆုံး မထူးဟု ဆုံးဖြတ်ပြီး အိမ်ပေါ်တက်လိုက်သည်၊ အိမ်ပေါ် တွင် သူတွေ့လိုက်ရသည်က ကျော်ကြီးတော့ မဟုတ်၊ သန်းဦးဖြစ်နေသည်၊ သန်းဦးက မတ်တတ်ရပ်ရင်း သူတို့ကို ကတုန်ကယင်ဖြင့် ကြည့်နေသည်၊

"မင်းက ဒီအိမ်မှာ ဘာလာလုပ်နေတာလဲ"

"ဟို - ဟို - အစ်မစန်းတင့်က မအိပ်ရဲဘူးဆိုလို့ လာစောင့်အိပ်ပေးတာပါ"

"မင်းမိန်းမက ဘာလို့ စောင့်မအိပ်ပေးတာလဲ"

သန်းဦးတွင် မိန်းမရှိမှန်းသိသဖြင့် သူ မေးလိုက်ခြင်းဖြစ်၏၊

"ဟို - သူက အလုပ်သွားပါတယ်"

သန်းဦးအဖြေကြောင့် သူရော တပ်ဖွဲ့ဝင်များပါ ပြုံးမိသွားသည်၊ သန်းဦး မိန်းမက မကောင်းတာလုပ်စားသူမှန်း သူသိသော်လည်း အမှတ်တမဲ့ မေး လိုက်မိခြင်းဖြစ်၏၊ သန်းဦးကို ဘာမှဆက်မမေးတော့ဘဲ အိမ်အနှံ့လိုက် ကြည့်မိသည်၊ အိပ်ခန်းထဲ ဝင်ကြည့်တော့ ခြင်ထောင်ထဲတွင် ကလေးတစ် ယောက်သာ အိပ်နေသည်ကို တွေ့ရသည်၊

အဆုံးတော့ သူလှက်လျှောလိုက်ပြီး သူ့အဖွဲ့ကို ခေါ်ကာပြန်ခဲ့ရတော့ ၏၊ လမ်းတွင် တပ်ကြပ်စောဦးက -



"ဗိုလ်လေးကသာ ကျော်ကြီးလို့ ပြောတယ်၊ ကျွန်တော်ကတော့ ဘာမှ မတွေ့ရပါဘူး"

ဟု ဆိုသည်၊

ဖြစ်ရပ်များအားလုံးကို သူ ပြန်စဉ်းစားရင်းမှ အမှတ်တမဲ့နေခဲ့မိသော အရာများကို သူ ပြန်မြင်လာသည်၊ ထိုနေရာသို့ တစ်ခေါက်ပြန်သွားရှာလျှင် ကျော်ကြီးကို တွေ့ကိုတွေ့လိမ့်မည်ဟု ထင်လာသည်၊ သွားဖြစ်အောင် ပြန် သွားရန်လည်း သူ့စိတ်က သူ့ကို တိုက်တွန်းနေသလို ထင်မိသည်၊

နောက်ဆုံး သူ သွားလျှင် တွေ့ကို တွေ့ရမည်ဟု ယုံကြည်မိပြီး သူ့အဖွဲ့ ကို ပြန်လည်စုစည်းကာ ကျော်ကြီးအိမ်သို့ ဒုတိယအကြိမ် ထွက်ခဲ့ပါတော့ သည်၊

==✠==

လက်မတင်လေးဟု ဆိုရပေမည်၊ သူတို့ကျော်ကြီး၏အိမ်ရှေ့အရောက် အိမ်ထဲမှ ထွက်လာကြသည့် ကျော်ကြီး၏မိန်းမ စန်းတင့်နှင့် သန်းဦးကို တွေ့ လိုက်ရသည်၊ စန်းတင့်က ကလေးကို လက်တစ်ဖက်ကချီ၍ လက်တစ်ဖက် တွင် ဆွဲခြင်းလေးတစ်လုံးဆွဲလျက်၊ သန်းဦးကတော့ ကျောပိုးအိတ်တစ်လုံး လွယ်လျက်၊

သန်းဦးက သူတို့ကိုမြင်တော့ ပြေးမလို ပြင်သည်၊ အကင်းပါးသည့် တပ်ဖွဲ့ဝင်တစ်ဦးက ပြေးဆွဲဖမ်းချုပ်ကာ သူ့ဆီခေါ်လာသည်၊ မသင်္ကာသဖြင့် သန်းဦး၏ ကျောပိုးအိတ်ကို ဖွင့်ရှာကြည့်တော့ ငွေစက္ကူအချပ်ကြီးများကို အထပ်လိုက်တွေ့ရသည်၊

စန်းတင့်၏ ဆွဲခြင်းအား ကြည့်လိုက်တော့ ပုဆိုးအဟောင်းတစ်ထည် ဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်အား တွေ့ရသဖြင့် ဖြေကြည့်ရာ ရွှေ ထည်ပစ္စည်းများ တွေ့ရသည်၊ ကျော်ကြီး ဖောက်ထွင်းရာတွင် ပါသွားသည့် ရွှေထည်နှင့် ငွေသားများကိုတော့ ပြန်တွေ့ရပေပြီ၊

အဓိကတရားခံ ကျော်ကြီးကို တော့ မတွေ့ရသေး၊ သူ ထင်သည့် အတိုင်း မှန်လျှင် မကြာခင် ကျော်ကြီးကို တွေ့ရတော့မည်ဟု ယုံကြည်မိ သည်၊ အိမ်ဝိုင်းအတွင်း ရောက်သည်နှင့် အခြားမည်သည့်နေရာမှ မသွား



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ယမန်နေ့ညက ကျော်ကြီးကို သူ မြင်ခဲ့သည့်နေရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

ထိုနေရာသို့ ရောက်သည်နှင့် ရပ်လိုက်ပြီး မြေအနေအထားကို အကဲခတ်လိုက်သည်။ သူရပ်နေသည့်နေရာတစ်ဝိုက်ရှိ မြေကြီးမှာ ညီညာပြန့်ပြူးခြင်းမရှိသည့်အပြင် မြေသားများ ပွနေသည်။ ကျင်းတစ်ခုခုကို ပြန်မြုပ်ထားသကဲ့သို့ ဖြစ်နေသည်။

"ဒီနေရာက ဘာဖြစ်လို့ ပြန်ဖို့ထားတာလဲ"

သူ့အဖွဲ့များနှင့်အတူ အနားသို့ရောက်လာသည်။ စန်းတင့်ကို မေးလိုက်တော့ -

"ဟို - အိမ်သာရွှေ့ဖို့ သန်းဦး ကျင်းအသစ် တူးထားတာပါ။ ဒီနေရာက သစ်ပင်အရိပ်ကြောင့် ညဆို မှောင်လို့ ကျွန်မ မတက်ရဲဘူးဆိုတာနဲ့ သန်းဦးက ပြန်ဖို့ပေးထားတာပါ"

စန်းတင့်က အမှုအရာ ပျက်စွာ ဖြေသည်။ သူမအသွင်က တစ်စုံတစ်ခုကို စိုးရွံ့နေသည့်နှယ်၊ သန်းဦးကို အကဲခတ်လိုက်တော့ သန်းဦးက ထိုနေရာကို မကြည့်ရဲသလို မျက်နှာလွှဲထားသည်။

သူ ထင်သည့်အတိုင်း ဖြစ်နိုင်ခြေ များနေပြီမို့ ထိုနေရာကို တူးဆွကြည့်လိုက်သည်။ မကြာပါချေ။ သူတို့ ရှာနေသည့် ကျော်ကြီးတစ်ယောက် အသက်ပျောက်လျက်သား အလောင်းပေါ်လာပါတော့သည်။ လိုအပ်သည်များအားလုံး ဆောင်ရွက်ပြီးသည်နှင့် တရားခံများနှင့်အတူ စခန်းသို့ ပြန်လာခဲ့ပါတော့သည်။

စခန်းရောက်သည်နှင့် သန်းဦးအား စစ်မေးရာ သန်းဦးတစ်ယောက် မကွယ်ဝှက်နိုင်တော့ဘဲ အမှန်အတိုင်း ဝန်ခံထွက်ဆိုရတော့သည်။

═✠═

တကယ်တော့ ဤသို့ လူသတ်မိသည်အထိ ဖြစ်လာလိမ့်မည်ဟု သန်းဦး မထင်၊ အပျော်အပါးတစ်ခုအနေဖြင့်သာ အစ်မစန်းတင့်ကို ပတ်သက်မိခဲ့ခြင်းဖြစ်သည်။ သူ့အစ်ကို နစ်ဝမ်းကွဲဖြစ်သည့် ကိုကျော်ကြီးက သူ့အပေါ် ကောင်းရှာသည်။ သူငယ်ငယ်ကတည်းက လိုအပ်သမျှ ပေးကျွေးထောက်ပံ့တတ်သည်။



ကိုကျော်ကြီးက သူ့ထက် (၁၀)ခန့် ကြီးသည်။ သူ အရွယ်လေးရလာတော့ ကိုကျော်ကြီးက နာမည်ကြီးဖောက်ထွင်းသမားဖြစ်နေပြီ၊ ကိုကျော်ကြီး၏လုပ်ငန်းတွင် သူ ပါဝင်ရန် ပြောကြည့်တော့ ကိုကျော်ကြီးက လက်မခံ။

"မလုပ်ပါနဲ့ - ငါ့ညီရာ၊ ငါ့အလုပ်က အင်မတန်အန္တရာယ်များတယ်၊ စိတ်တည်ငြိမ်ပြီးသတ္တိကောင်းဖို့လည်းလိုတယ်၊ မင်းလို အကြောက်ကြီးတဲ့ကောင်နဲ့ မကိုက်ပါဘူး၊ ပြီးတော့ - မိလိုက်ရင်လည်း လူလည်းနာတယ်၊ ထောင်ထဲကိုလည်း နှစ်ရှည်လများ သွားရတယ်၊ မင်းလိုအပ်တာသာ ပြော၊ အစ်ကို တတ်နိုင်သမျှ ထောက်ပံ့မယ်"

ကိုကျော်ကြီးစကား မှန်ကန်နေသဖြင့် သူ ထပ်မပြောသာ၊ ဤသို့ နေလာခဲ့ကြရာမှ လွန်ခဲ့သည့် (၃)နှစ်ကျော်က ကိုကျော်ကြီး အစ်မစန်းတင့်နှင့် အိမ်ထောင်ကျသလို သူလည်း ဘဝတူ လမ်းပေါ်က မိန်းမတစ်ယောက်နှင့် အိမ်ထောင်ကျသည်။

လွန်ခဲ့သည့် (၁)နှစ်ကျော်ကတော့ ကိုကျော်ကြီး ဖောက်ထွင်းမှုဖြင့် ထောင်ကျသွားသည်။ ကလေးတစ်ယောက်နှင့် ကျန်ခဲ့သည့် အစ်မစန်းတင့်ကို သူ စောင့်ရှောက်ပေးခဲ့သည်။

တစ်ည သူ အိပ်ရာဝင်မည်ပြုစဉ် တစ်ဖက်အိမ်မှ "ဝုန်း"ခနဲ အသံနှင့်အတူ အစ်မစန်းတင့်၏အရေးတကြီး လှမ်းခေါ်သံကြောင့် သူ ကမန်းကတန်း ထသွားခဲ့သည်။ ညပိုင်းဆိုလျှင် အများအားဖြင့် သူ့မိန်းမက မရှိတတ်၊ ဟိုရောက်တော့ အိမ်နောက်ဖေးလှေကားထစ်တွင် ငုတ်တုတ်ကလေးထိုင်နေသည့် အစ်မစန်းတင့်ကို တွေ့ရသည်။

သူ အကျိုးအကြောင်းမေးတော့ အပေါ့အပါးသွားရန် အောက်ဆင်းစဉ် ခြေချော်၍ လဲသည်ဟု ဆိုသည်။ မထနိုင်သဖြင့် သူမကို အိမ်ပေါ်သို့ တွဲတင်ပေးရန် ပြောသဖြင့် သူ တွဲတင်ပေးရသည်။

ထိုညမှာပင် အစ်မစန်းတင့်နှင့်သူ မှားယွင်းခဲ့ကြသည်။ နောက်မှ သူ တွေးမိသည်မှာ အစ်မစန်းတင့် လီဆယ်ခြင်းသာ ဖြစ်မည်ဟု၊ သို့သော် မထူးတော့၊ သူ့မိန်းမဖြစ်သူကလည်း ညစဉ်လိုလို မရှိတတ်သဖြင့် သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ်ပျော်နေကြသည်။ ပျော်၍မှ မဆုံးခင် အစ်ကိုကျော်ကြီး ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ကြီးထံတွင် ရွှေ၊ ငွေ အဝတ်များများ ပါလာသည်၊ သူ မြင်တော့ လိုချင်လောဘများ ပေါ်လာသော်လည်း ကိုကျော်ကြီးထံမှ လုယူရန်ကိုတော့ စိတ်မကူးဝံ့၊ ကိုကျော်ကြီးက တစ်ညခြား၊ နှစ်ညခြားဆိုသလို ညပြန်အိပ်တတ်သည်၊ ကိုကျော်ကြီး ပြန်လာလျှင် သူက ကိုကျော်ကြီး ကြိုက်တတ်သည့် အရက်နှင့် အမြည်းကို ဝယ်ပေးရသည်၊

တစ်ည ကိုကျော်ကြီး ပြန်မလာခင် အစ်မစန်းတင့်က သူ့ကိုပြောသည်၊ သူတို့နှစ်ယောက်၏ အမှုအရာကိုကြည့်၍ ကိုကျော်ကြီးက ရိပ်မိသွားကြောင်း၊ သူမနှင့် တိုးတိုးတိတ်တိတ် ရန်ဖြစ်ရကြောင်း၊ အတိအကျသိရလျှင် သူတို့ကို သတ်ပစ်မည်ဟု ကြိမ်းဝါးနေကြောင်း သိရသည်၊ သူ အတော်ထိတ်လန့်သွားသည်၊ ကိုကျော်ကြီးကို သူ မယှဉ်နိုင်၊ မယှဉ်ဝံ့၊

သူ စိုးရိမ်ထိတ်လန့်သွားမှန်းသိသဖြင့် အစ်မစန်းတင့်က ဘာမှမပူရန်၊ သူမတို့နှစ်ယောက် ပူးပေါင်းပြီး ကိုကျော်ကြီးကို ရှင်းပစ်ရန် ရွှေ၊ ငွေများယူ၍ တစ်နေရာသို့ ပြေးကြမည်ဟု အကြံပေးသည်၊

မထူးတော့ပြီမို့ အစ်မစန်းတင့်အကြံပေးသည့်အတိုင်း တစ်ည ကိုကျော်ကြီး ပြန်လာစဉ် အရက်ထဲတွင် ဆေးခတ်တိုက်ပြီး အမူးလွန်နေမိုက် သူတို့နှစ်ယောက် ပူးပေါင်းသတ်လိုက်ကာ တူးလက်စ အိမ်သာကျင်းအသစ်ထဲ ထည့်မြှုပ်ပစ်လိုက်သည်၊ ထို့နောက် တိမ်းရှောင်ရန် အခြေအနေမပေးသေးသဖြင့် အသာငြိမ်နေစဉ် မနေ့ညက ရဲများ လာရောက်ရှာဖွေသဖြင့် စိုးရိမ်ထိတ်လန့်သွားပြီး ယနေ့ ထွက်ပြေးရန် ကြံစည်နိုက် ဖမ်းမိခြင်းဖြစ်ကြောင်း အလုံးစုံ ဖြောင့်ချက်ပေးလေ၏၊

"တကယ်ပါပဲ – ဗိုလ်လေးရာ၊ နောက်တစ်ခေါက် ပြန်သွားရှာမယ်ပြောတော့ အပိုလုပ်တာပဲဆိုပြီး စိတ်ထဲမှာ ငြီးငြင်မိသေးတယ်၊ မလွဲသာလို့သာလိုက်လာတာ၊ ဟိုရောက်လို့ ကျော်ကြီးအလောင်းကိုတွေ့မှ တို့ဗိုလ်လေးတော်လှချည်လားလို့ ချီးကျူးမိတယ်"

သန်းဦးအား အချုပ်ထဲ ပြန်ထည့်ပြီးနောက် တပ်ကြပ်စောဦးက အနားလာထိုင်ရင်း ချီးမွမ်းသည်၊ သူ ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေမိသည်၊

"ပြောစမ်းပါဦး – ဗိုလ်လေးရေ၊ ဘယ်လိုလုပ်ပြီးများ ကျော်ကြီး အဲဒီအထဲမှာ ရှိတယ်ဆိုတာ တွက်မိလိုက်တာလဲ"

တပ်ကြပ်စောဦးက မေးလာသဖြင့် သူ ကျော်ကြီးအား မြင်လိုက်ပုံ၊ အိပ်မက်မက်ပုံတို့ကို ပြောပြလိုက်သည်၊

"အဲဒီအကြောင်းတွေ ပြန်တွေးရင်းနဲ့မှ ကျော်ကြီးအိမ်ကို သွားဝိုင်းစဉ်က ကျွန်တော်တို့ အမှတ်တမဲ့နေခဲ့တဲ့အချက်တွေကို ပြန်မြင်မိတယ်"

"ဘာတွေကိုလဲ – ဗိုလ်လေးရ"

"ကျော်ကြီးကို မြင်လိုက်ရတဲ့နေရာက မြေတွေ ပွနေတာရယ်၊ အိမ်ပေါ်တက်ရှာတော့ သန်းဦးက လာစောင့်အိပ်ပေးတယ် ပြောပေမယ့် အိပ်ရာမတွေ့ခဲ့ဘူး၊ အခန်းထဲဝင်ရှာတော့ ခြင်ထောင်ထဲမှာ ခေါင်းအုံး(၂)လုံး ယှဉ်ထားတာရယ်လေ၊ အဲဒီတော့မှ သန်းဦးနဲ့ မစန်းတင့် မရိုးမသားဖြစ်နေတယ်ဆိုတာကို ရိပ်မိပြီး ကျော်ကြီး ဘယ်ရောက်နေတယ်ဆိုတာ တွက်လိုက်မိတယ်"

သူ့စကားကို တပ်ကြပ်စောဦး ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ –

"ဒါဆို ဒီအမှုပေါ်အောင် ကျော်ကြီးရဲ့ဝိညာဉ်က သဲလွန်စ ပေးလိုက်တာပေါ့"

"ဟုတ်တယ် – ဆရာစောဦး၊ ဒီအမှုမှာ ကျော်ကြီးဝိညာဉ်က အိပ်မက်ပေး၊ အရိပ်အယောင်ပြလို့သာ ဖောက်ထွင်းမှုမှာ ပါသွားတဲ့ ပစ္စည်းတွေသာမကဘဲ လူသတ်ကောင် သန်းဦးကိုပါ ဖမ်းမိလိုက်တာပေါ့"

"အင်း – ကျွန်တော် ရဲလုပ်သက်တစ်လျှောက်မှာ ထူးထူးခြားခြား ဝိညာဉ်က ဖော်ပေးလို့ လူသတ်ကောင်ကို ဖမ်းမိတာ ဒီတစ်ကြိမ်ပဲ ရှိသေးတယ်၊ အမှတ်တရ ဖြစ်သွားတာပေါ့"

တပ်ကြပ်စောဦးစကားကို သူလည်း ထောက်ခံသည့်အနေဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်မိပါတော့၏၊ ။

➡ ဝင်းထွန်းအောင် (စစ်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

# ကံတရားအတိုင်း စီရင်ချက်






## ကံတရားအတိုင်း စီရင်ချက်

**တင်နိုင်ဝင်း(ထမင်းဈေးမြို့)**

ကျွန်တော်တို့မြို့အား ပတ်ခွေ စီးဆင်းနေသော ကျုံကူချောင်း၏ အနောက်ဘက်ကမ်းတစ်လျှောက်တွင် ကျုံကူရွာတန်းနှင့်အတြီးဝရွာများ တည်ရှိ၏၊ တစ်ချိန်က ထိုရွာနှစ်ရွာကြားတွင် ချောက်ချားဖွယ်ရာ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော ကျုံကူသချိုင်းဟူသည် ရှိခဲ့၏၊ ယခု စည်ကားစွာရှိနေသောရွှေညောင်ပင်ဈေးနှင့်အနီးတစ်ဝိုက်အိမ်ရာများသည် တစ်ချိန်က၎င်းသချိုင်း၏မြေနေရာများဖြစ်သည်၊ ယခင်က ထိုသချိုင်းသည် ခြောက်လန့်မှုရှိသည်ဟုအလွန်နာမည်ကြီးခဲ့၏၊ သရဲ၊တစ္ဆေဖုတ်လမ်းများ အမျိုးမျိုး အဖုံဖုံကြားခဲ့ဖူးရာ ထူးထူးခြားခြား မဖဲဝါနှင့်ပက်ပင်းရင်ဆိုင်တွေ့ဆုံခဲ့ရသည်ဆိုသော ကိုသက်နောင်း၏ ဖြစ်ရပ်ကား အလွန် ကြောက်မက်ဖွယ်ရာဖြစ်ခဲ့၏၊ ထောင်မှထွက်လာသော ကိုသက်နောင်း၏ ပြောပြချက်ကြောင့် ထိုစဉ်က ၎င်းဖြစ်ရပ်သည် ချောင်းတစ်ဖက်ကမ်းရှိ မြို့ပေါ်ရပ်ကွက်များကိုပါ ကူးစက် ဂယက်ရိုက်ခဲ့ဖူး၏၊



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်က ကျုံကူရွာ၊ နောက်ဖေးတန်းတွင် ကိုသက်နောင်းနှင့်မကြင်နှင်းတို့လင်မယားနှစ်ယောက် နေထိုင်ခဲ့ကြ၏။ ကိုသက်နောင်းကကြံ့ရာကျပန်းဘောက်အလုပ်ဖြင့်ဝင်ငွေရှာ၍မကြင်နှင်းကလည်း တစ်ဖက်တစ်လမ်းမှ ဈေးရောင်းသဖြင့် အဆင်ပြေစွာ ရှိခဲ့ကြ၏။ သို့သော် မကြာမီတွင် ကိုသက်နောင်းသည် အရက်သေစာ သောက်စားတတ်လာပြီးဖဲရိုက်၊ကြက်တိုက်၊အလောင်းကစားတွေပါပါလာ၏။ကြာသော် ကိုသက်နောင်းတွင်ဖဲကြွေး၊ကြက်ကြွေးပါမက အရက်ကြွေးပါတင်လေ၏။ သည်အခါသူသည်အလွန်စိတ်ညစ်လာကာအလုပ်ကိုကောင်းကောင်းမလုပ်တော့ဘဲ နေ့စဉ် အရက်မူးလျက်သာ နေတော့၏။

တစ်နေ့တွင် စားဝတ်နေရေး ကျပ်တည်းလာမှုကို အကြောင်းပြု၍ မကြင်နှင်းနှင့် ကိုသက်နောင်းတို့ စကားများ ရန်ဖြစ်ကြပြီး ကိုသက်နောင်းသည် အိမ်ပေါ်မှ ဆင်းလာခဲ့ရ၏။ ထိုနေ့က လမ်းတွင် အပေါင်းအသင်းဖြစ်သူ ကိုရင်နောင်နှင့် တွေ့ဆုံလေ၏။

"..........................."

"ဖြစ်ပါ့မလား ရင်နောင်ရာ၊ အလောင်းပိုင်ရှင်တွေ သိသွားရင် မလွယ်ဘူး။ ပြီးတော့လည်း ငါက ညဘက်ဆို သချိုင်းကုန်းကို တစ်ခါမှ သွားဖူးတာ မဟုတ်ဘူး"

"ဟေ့ကောင် သက်နောင်းရ - မင်းအတွက် သက်သက် ငါပြောတာပါ။ ငါသတင်းအမှန်ရလို့ပြောတာ၊ မင်းလုပ်ရဲရင်လုပ်၊ မလုပ်ရဲလည်း ငါမတတ်နိုင်ဘူး။ လုပ်ရဲရင်တော့ မင်းအကြွေးတွေ ကျေမယ့်အပြင် မင်းလက်ထဲမှာ ငွေသီးပြီး ကျန်ခဲ့မယ့် အဖြစ်မျိုးကွ၊ ငါ့အတွက်ကတော့ မင်းပေးမှ ရမှာပါကွာ"

"သူငယ်ချင်း...မင်းပြောတာကျိန်းသေတယ်နော်၊တော်ကြာ...မဟုတ်ရင်"

"ဟာကောင်ရ၊ ဒီလောက်အန္တရာယ်ကြီးတဲ့ကိစ္စ မဟုတ်တာ၊ ငါပြောပါ့မလား၊ ဟုတ်မဟုတ် - တကယ်သိချင်ရင် တကယ်လုပ်ကြည့်ပေါ့၊ ငါကတော့ မင်းကို သတင်းပေးရုံသက်သက်ပဲ"

=●=

သည်ညသည် လမိုက်ည...၊

လမိုက်ညတို့၏ထုံးစံအတိုင်း ညဉ့်နက်လာလေ၊အမှောင်ထုကကြီးစိုးလေလေ ဖြစ်သည်၊ ထို့အတူ လမ်းများပေါ်တွင် လူသူကလည်း ကင်းမဲ့သထက် ကင်းမဲ့လာ၏။

ထိုအချိန်မျိုးတွင် ညောင်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများဖြင့် အုပ်ဆိုင်းမည်းမှောင်နေသော ကျုံကူသချိုင်းလိုနေရာမျိုးတွင်ကား၊ လူသူမဆိုထားဘိ၊ ခွေးကြောင်များပင်လျှင် ဖြတ်သန်းသွားရဲလိမ့်မည် မဟုတ်ပေ၊ သို့သော် ထိုသချိုင်း၏ မြေပုံတစ်ခုပေါ်တွင် လူတစ်ယောက် ရောက်ရှိနေသည်ဆိုပါက အဘယ်သို့ ရှိမည်နည်း။ ထို့ထက် အချိန်မတော်ကြီးတွင် လူတစ်ယောက်က အလောင်းမြှုပ်ထားရာ မြေပုံပေါ်မှ မြေကြီးခဲများကို ပေါက်ပြားဖြင့် တူးဆွဖယ်ရှားနေမည်ဆိုလျှင်လည်း မည်မျှ အံ့သြစရာ ကောင်းလိုက်မည်နည်း။

မှန်ပါသည်၊ မသန်းမေ အသက် (၃၂)နှစ်ဟူသော မှတ်တိုင်ကို ဖယ်ရှားလျက်မြေပုံပေါ်တွင်ပေါက်ပြားတစ်လက်ဖြင့်ကိုရင်နောင်၏သတင်းပေးချက်အရ ကိုသက်နောင်းတစ်ယောက် သဲသဲမဲမဲ တူးဆွနေပါသည်၊ သူသည် အရက်အတော်အတန်မူးနေပြီး စိတ်လှုပ်ရှားလွန်းသဖြင့် ဇောချွေးများလည်း တစ်ကိုယ်လုံး ရွှဲနစ်နေ၏၊ သူသည် တစ်ခါတစ်ခါ ကြောက်စိတ်ကလေးများ ဝင်လာဟန်ရှိသော်လည်း သူ၏ဘဝက ဤသို့ ဖြေရှင်းမှ ပြေလည်မည်ကို သတိရလာပြန်သဖြင့်ကြောက်စိတ်ကိုဖြေဖျောက်ကာ သူ၏ပေါက်ပြားကိုသာ အသံတိုးနိုင်သမျှ တိုးညင်းစွာဖြင့် မြေကြီးကို တူးဆွနေ၏။





www.burmeseclassic.com

www.burmeseclassic.com

"ခုန်း"

ကိုသက်နောင်းတူးဆွနေသောမြေပုံကျင်းနက်ထဲမှ ရုတ်တရက်ထွက်ပေါ်လာသောအသံ၊

ထိုအသံကြောင့်ကိုသက်နောင်းလန့်ဖျပ်သွားပြီး ပေါက်ပြားကိုလွှတ်ချကာ မြေကျင်းနှုတ်ခမ်းအပေါ် စုန်တက်မိလိုက်လေ၏၊ ရီဝေဝေ ဖြစ်နေသော သူ၏ ယစ်မူးမှုသည်လည်း အနည်းငယ်ပျက်ပြယ်သွားဟန်ရှိ၏၊ သူစွေ့မှုတွေဝေ ဝဉ်းစားနေပြီးမှ သူ၏လုပ်ငန်းသည် တစ်ဝက်မျှအောင်မြင်နေပြီဖြစ်ကြောင်းကို သိသွားသဖြင့် သူ စိတ်အားထက်သန်လာပြန်သည်၊ ထို့ကြောင့် သူသည် ဆက်လက်လှုပ်ရှားပြန်လေ၏၊

ဤတွင် ကိုသက်နောင်းသည် သူတွင် အသင့်ပါလာသော သံတူးရွင်းဖြင့် အခေါင်းပေါ်ရှိ ဖျဉ်ချပ်များကို တဖြည်းဖြည်းချင်း ထိုးခွာလိုက်သည်၊ ခေါင်းထဲမှ ထွက်ပေါ်လာသော ပုပ်အက်အက်အနံ့များက ကိုသက်နောင်း၏ နှာခေါင်း အတွင်းရှိ အရက်နံ့များကို အုပ်မိုးသွားလေ၏၊ ရုတ်တရက် ကိုသက်နောင်း တစ်ချက် ဖျို့တက်လာ၏၊ သို့သော် သူ၏ စိတ်မာန်ကို တင်းလျက် ပါလာသော လက်နှိပ်မီးဖြင့် အလောင်းကောင်ပေါ်သို့ အလင်းတစ်ချက် ပေးလိုက်၏၊

ပုပ်ပွနေသော အလောင်းကောင်ကြီးနှင့်အတူ ဝင်းဝင်းလက်လက်အရာ သုံးလေးခုတို့က ကိုသက်နောင်း၏မျက်စိထဲဝင်းခနဲပေါ်လာ၏၊ သူသည်မီးကို ရုတ်တရက် မှိတ်လိုက်ပြီး ကျင်းဝသို့ ပြန်တက်လာကာ ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေပြီး မှောင်လည်း အလွန်မှောင်မည်းနေ၏၊ အခြေအနေကောင်းသည်ကို သူ ရိပ်မိသဖြင့်အသက်ကိုတစ်ဝကြီး လေးငါးကြိမ်ရှူသွင်းလိုက်ပြီး ကျင်းထဲသို့ပြန်ဆင်းသွားသည်၊

ကျင်းထဲအရောက်တွင် သူ၏လက်များက အလောင်းကောင်ပေါ်သို့ အလိုလိုရောက်သွား၏၊ ထိုစဉ်ကျင်းဝနားဆီမှ အမျိုးသမီးတစ်ဦး၏အသံလိုလို၊

"ဟော့-အဲဒါတွေ နင်နဲ့မဆိုင်ဘူး"



ထိုအခါ ကိုသက်နောင်း ထိတ်ခနဲ ဖြစ်သွားပြီး ကျင်းဝသို့ ပြန်တတ်၍ ဘေးပတ်လည်ကို လိုက်ကြည့်မိပြန်သည်၊ ကြယ်ရောင်များအောက်ရှိ မြေပြင်ပေါ်တွင်ကား လူမဆိုထားနှင့် အခြားသက်ရှိသတ္တဝါပင်ရှိပုံမပေါ်၊ ကိုသက်နောင်း အနေဖြင့် မိမိ စိတ်ရောက်ချားနေပြီဟု သဘောပေါက်လျက် ကျင်းထဲ ပြန် ဆင်းရန်အလုပ် ကျင်းထဲရှိ အခေါင်းထဲမှ စကားပြောသံသဲ့သဲ့ကို ကြားရ ပြန်သည်၊

"ဒါတွေ ... ရှင်နဲ့ မဆိုင်ဘူး မယူနဲ့ - ပြန်သွား"

ကိုသက်နောင်း လန့်ဖျပ်ပြီး အလောင်းကောင်ပေါ်သို့ လက်နှိပ်ဓာတ်မီး တစ်ချက်ထိုးချလိုက်သည်၊ အလင်းရောင်များ ဝင်းထိန်သွား၏၊ ငြိမ်သက်နေသော အလောင်းကောင်ကြီးမှလွဲ၍ ဘာမှမတွေ့၊

ထိုစဉ် ကိုသက်နောင်း စိတ်ရှုပ်လာပြီး အရက်ရှိန်ကြောင့် ဒေါသကလေး ပါပါလာ၏၊ ဘာကိုမှ စဉ်းစားမနေတော့ဘဲ အလောင်းကောင်၏ နားရွက်စွန်များတွင် ပန်ဆင်ထားသော စိန်နားကပ်တစ်စုံ၊ လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုး၊ လက်နစ်ဖက်ရှိ လက်ကောက်များနှင့် လက်သူကြွယ်တွင် စွပ်ထားသော လက်စွပ်တို့ကို အမြန် ဖြုတ်ယူလိုက်သည်၊

သူ၏လက်တွင်လည်း အပုပ်ရည်၊ အပုပ်ဖတ်များ ပေရေနံ့ဟောင်သွား၏၊ သို့သော် သူ ဂရုမစိုက်၊ အသင့်ပါလာသော လွယ်အိတ်ထဲသို့ ၎င်းလက်ဝတ် ရတနာများကို အသေအချာ ထည့်လိုက်သည်၊ ထို့နောက် အခေါင်းဖျဉ်ပြားကို ပြန်ပိတ်လိုက်ပြီး ကျင်းဝပေါ် စုန်တက်လေ၏၊ တစ်ဖန် မှတ်တိုင်ကို ပြန်စိုက်၍ မြေကြီးခဲများကို ကျင်းထဲသို့ ပြန်ယက်ချလိုက်ပြီး မြေပုံကို နေသားတကျ ဖြစ် အောင် စီမံလိုက်သည်၊

ထို့နောက် ချောင်းဘက်သို့ လျှောက်သွားကာ ပေါက်ပြားကို ရေထဲ ပစ်ချ လိုက်ပြီး ခြေလက်တို့ကို ဆေးကြော၏၊ လက်ဝတ်ရတနာများ ထည့်ထားသော လွယ်အိတ်ကိုလည်း ရေထဲအသာနှစ်ဆေးလိုက်၏၊ ထို့နောက် သူသည် သချိုင်းကုန်းရှိ လမ်းကလေးအတိုင်း ရွာဘက်သို့ လျှောက်လာခဲ့၏၊



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ရုတ်တရက် သူ၏ ရှေ့ခပ်လှမ်းလှမ်းဆီမှ အရိပ်မည်းမည်းတစ်ခုက ဆီးတားလိုက်သဖြင့် သူ၏ခြေလှမ်းများ ရပ်တန့်သွား၏၊ သူ၏ နှုတ်မှလည်း စကားများ လျှပ်တစ်ပြက် ထွက်သွား၏။

"ဟေ့ ... ငါ့ရှေ့က ကာဆီးကားဆီးလုပ်နေတာ ဘယ်သူလဲကွ"

"ကျုပ် ... မဖဲဝါ"

"ဟေ"

ကိုသက်နောင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်၊ မဖဲဝါတဲ့၊ သို့သော် သူမယုံ၊ အခြားတစ်ယောက်ယောက်ဟု သူထင်၏၊

"ဟေ့ ... ငါ သက်နောင်းကွ၊ ဘာမှတ်လို့လဲ - ငါ့ကို ရှုတ်ရှုတ် ရှုတ်ရှုတ် တော့ လုပ်မယ် မကြံနဲ့နော် - သေသွားမယ် ဟင်း"

ကိုသက်နောင်းသည် သူ၏ စကားမဆုံးမီမှာပင် လက်နှိပ်ဓာတ်မီးကို ရုတ်တရက် ခလုတ်နှိပ်၍ ထိုးဖွင့်လိုက်သည်၊ အလင်းတန်းများ ဖြာကျသွားသည်နှင့် ခုနက ကာဆီးနေသော အရိပ်မည်းကြီးက မတွေ့ရတော့ပေ၊

ထိုအခါ ကိုသက်နောင်းသည် လက်နှိပ်ဓာတ်မီးကို မှိတ်ပစ်လိုက်ရာ မှောင်သွားသည်နှင့်ကြယ်ရောင်လရောင်အောက်တွင် ခုနက အရိပ်မည်းကြီးက ပြန်ပေါ်လာပြန်သည်၊ ရှေ့သို့လှမ်းဟန်ပြင်နေသော ကိုသက်နောင်း၏ ခြေလှမ်းများ တုန့်ခနဲ ရပ်သွားရလေ၏၊

"ဟေ့ - ငါ့ရှေ့က ကာဆီးကာဆီးလုပ်နေတဲ့ကောင်မ - အမြန်ဖယ်စမ်း ဟေ့ - ဒီမှာတွေ့လားမား၊ အပိုင်းပိုင်း အတစ်တစ်ဖြစ်သွားမယ်"

ကိုသက်နောင်းသည် သူ၏ဓားရှည်ကို ထုတ်ပြပြီး ခြိမ်းခြောက်လိုက်သည်၊ သို့သော် ရှေ့မှ အရိပ်မည်းကြီးက တုတ်တုတ်မျှပင် မလှုပ်သည့်ပြင် -၊

"ခြော် ... ခြော်ရှင်က တော်တော်သတ္တိကောင်းနေတာကိုး၊ ရှိပါစေလေ၊ ဒါပေမဲ့ - ရှင့်ကိုတော့ တစ်ခု ပြောပါရစေ၊ ရှင် အခုယူလာတဲ့လက်ဝတ်ရတနာ တွေဟာ ကျွန်မနဲ့ လုံးလုံး ပတ်သက်နေပါတယ်၊ ရှင် တူးခဲ့တဲ့ မြေပုံထဲက



အလောင်းကောင် မသန်းမေရဲ့ ဘဝသစ်ဝိညာဉ်ဟာ ကျွန်မဆီရောက်လာပြီး အကူအညီတစ်ခု တောင်းတယ်၊ သူမဟာ ဒုက္ခဆင်းရဲ ကြီးမားတဲ့ဘဝကို ရောက်နေတယ်၊ ဒီတော့ သူမကိုယ်ပိုင်ငွေနဲ့ ဝယ်ယူဝတ်ဆင်ခဲ့တဲ့ အလောင်းကောင်ပေါ်က လက်ဝတ်ရတနာတွေကို တူးယူရောင်းချပြီး အလှူဒါနတစ်ခု လုပ်ပေးရမယ်၊ ပြီးတော့ အမျှအတန်းပေးဝေရမယ်၊ သူမက သာခုခေါ်ကိုတ်ရင် မကောင်းတဲ့ဘဝက ကျွတ်လွတ်ပြီး ကောင်းရာသုဂတိဘုံကိုရောက်မယ်လို့ လာပြီး အသနားခံရှာတယ်၊ ကျွန်မကလည်း သနားတာနဲ့ လုပ်ပေးမယ်လို့ ကတိပေးပြီးပြီ၊ ဒါပေမဲ့ - ရှင်က လက်ဝတ်ရတနာတွေ ယူသွားမယ်ဆိုတော့ ကျွန်မ ဒီကိစ္စကို ဘယ်လိုလုပ်ဆောင်ရွက်လို့ရတော့မှာလဲ၊ အဲဒီတော့ ရှင့်အိတ်ထဲမှာ ပါလာတဲ့ လက်ဝတ်ရတနာတွေ ကျွန်မကို ပေးခဲ့ပါ၊ ဒါတွေ ကျွန်မနဲ့ပဲ သက်ဆိုင်ပါတယ်"

ကိုသက်နောင်းသည် သူ့ရှေ့မှ မျက်ဝါးထင်ထင် တွေ့မြင်နေရသော အရိပ်မည်းကြီး၏ ပီသသော အသံများကြောင့် အလွန် ကြောက်ရွံ့တွေဝေသွားလေ၏၊ သူ၏အသိစိတ်ထဲတွင်လည်း သူတူးယူရရှိထားသော လက်ဝတ်ရတနာများအား တောင်းခံနေသည်ကို နားလည် သဘောပေါက်နေ၏၊ တစ်ဖက်က ပြန်ကြည့်မည်ဆိုပါလျှင်လည်း သည်လက်ဝတ်ရတနာများကိုသူရမှဖြစ်မည်၊ သူတွင် အကြွေးတွေပေးစရာရှိသည်၊ ဒီလိုအဖိုးတန်ပစ္စည်းများပါလာမှသာ သူ အိမ်ပေါ်ပြန်တက်နိုင်မည်၊ သို့သော် ရှေ့မှ ကာဆီးတောင်းခံနေသူကား သာမန်လူသားမဟုတ်၊ သုသာန်သချိုင်းများကို အပိုင်စားရထားသော တန်ခိုးရှင် မဖဲဝါ၊

ဘာပဲဖြစ်ဖြစ်၊ ခုချိန်မျိုးမှာတော့ ကိုသက်နောင်းအနေဖြင့် ညက်ကူမှ ရတော့မည်၊ မဖဲဝါနှင့် တော့တော့ဆိုင်ဆိုင်ဆွေးနွေးရတော့မည်၊

"ဒီမှာ မဖဲဝါ ကျုပ်မှာလည်း အကြွေးတွေဝိုင်းနေတယ်ဆိုတာ ခင်ဗျားလည်း သိမှာပေါ့၊ ဒါပေမဲ့ - မသန်းမေကျွတ်ဖို့အတွက်တော့ ဘာမှမပူနဲ့၊ ကျုပ်သူ့ အတွက် အလှူတစ်ခုလုပ်ပြီး အမျှအတန်းပေးဝေလိုက်မယ်၊ ဘယ့်နယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်...ရှင်တကယ်ပြောတာလား၊ဝမ်းသာလိုက်တာ - ကိုသက်နောင်းရယ် ကျွန်မအခုနေနဲ့ လောလောဆယ် ဒီလက်ဝတ်ရတနာတွေကို တူးယူဖို့ဆိုတာ မလွယ်တဲ့အပြင် အလုပ်တစ်ခု လုပ်ပေးဖို့ဆိုတာလည်း ဘယ်လိုမှ စဉ်းစားလို့ မရဘူး၊ ဒါကို ရှင်က လုပ်ပေးမယ်ဆိုတော့ အရမ်းကို ဟန်ကျတာပဲ၊ တကယ် တော့ မသန်းမေရဲ့ဘဝဟာ သိပ်သနားစရာ ကောင်းလှပါတယ်၊ သူ့ဘဝ တစ်လျှောက်လုံး မိဘကို လုပ်ကျွေးခဲ့ပြီး ရပ်ရေး၊ရွာရေး၊ကုသိုလ်ရေးတွေ ဆိုရင်လည်း အမြဲတမ်းပါဝင်ခဲ့သူပါ၊ ဒါပေမဲ့ - သူချစ်သူရဲ့သစ္စာဖောက်မှုအပေါ် နာကြည်းမုန်းတီးလွန်းပြီး သေရတဲ့အတွက် ခုလောလောဆယ်မှာတော့ ဆင်းရဲ ဒုက္ခကြီးတဲ့ဘဝနဲ့ တွေ့ကြုံနေရတယ်၊ သူ့ကို ကျွန်မ အရမ်းသနားတာပဲ၊ ကဲ - ဒါဆိုရင်ရှင်ကျွန်မကိုကတိတစ်ခုတော့ပေးဖို့လိုတယ်၊ ဘာလဲဆိုတော့ရှင့်ဘက် က ခုနစ်ရက်အတွင်း အလှူအတန်းတစ်ခု လုပ်ပေးဖို့ပါပဲ၊ ဘယ့်နှယ့်လည်း ကိုသက်နောင်း ကတိပေးနိုင်မယ် မဟုတ်လား"

ထိုအခါ ကိုသက်နောင်း ကတိတစ်လုံးကို လွယ်လွယ်ဖြင့် ပေးလိုက်၏။

"ပေး .... ပေးပါတယ် မဖဲဝါ၊ ကျုပ် ခုနစ်ရက်အတွင်း မသန်းမေအတွက် အလှူအတန်းတစ်ခု လုပ်ပေးမယ်ဆိုတာ ကတိပေးပါတယ်"

ထိုစဉ် အရိပ်မည်းကြီးသည် ငြိမ်သက်စွာ ပြောဆိုနေရာမှ လှုပ်ရှားလာပြီး ကိုသက်နောင်းကို နှုတ်ဆက်စကားဆိုလေ၏။

"ကောင်းပြီ - ကိုသက်နောင်း၊ ရှင် ကတိသာ တည်ပါစေ ကျွန်မဘက် ကလည်း ကျေးဇူးမမေ့ပါဘူး၊ ကတိမတည်ဘူးဆိုရင်တော့ ကျွန်မမဖဲဝါကလည်း ရာဇဝင်နဲ့ဆိုတာကိုတော့ ရှင် သိမှာပေါ့၊ ကဲ - ကျွန်မကို သွားခွင့်ပြုပါ၊ ရှင် လည်း သွားနိုင်ပါပြီ"

=●=

ကိုသက်နောင်းအနေဖြင့်ညကဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့သည် ကား အိပ်မက်လေလား၊ တကယ်လားဟု၍ပိုင်ခွဲခြားမရတော့ပါ၊ အကြွေးကိစ္စ



အိမ်ထောင်ရေး၊ စီးပွားရေးကိစ္စတွေ ခေါင်းထဲရှုပ်ထွေးနေပြီမို့ မဖဲဝါကိစ္စကို မေ့ ပျောက်ထားလိုက်သည်။ ရွာထဲလူတွေ မသိအောင် ရသည့်ဈေးနှင့်ထုခွဲ ရောင်းချကာ အကြွေးဆပ်၊ စားဖို့ရန်၊ အပေါင်းအသင်းဝတ္တရားကျေပွန်ဖို့တွေအ မွေးရ၊ ကိုယ်ကိုယ်တိုင်အရက်သောက်ကြမ်းပြန်တော့သောက်မိတားမိ၊ သည်လို နှင့် လက်ဝတ်ရတနာ ရောင်းချရရှိခဲ့သော ငွေကြေးများမှာ ခုနစ်ရက်ပင် မကြာ လိုက် ကုန်ခန်းသွားတော့သည်။

သည်တော့ မဖဲဝါနှင့် ထားခဲ့သည့်ကတိစကားတို့သည်လည်း အလိုလို ပျက်ပြယ်သွားလေတော့သည်။ ကိုသက်နောင်းအတွက် ဘာမျှ မတတ်နိုင် တော့ပြီ၊ မဖဲဝါနှင့် ဝေးအောင် သချိုင်းကုန်းကို မသွားရုံသာရှိတော့သည်။

သို့ပေမဲ့ - ခုနစ်ရက်လွန်မြောက် ရှစ်ရက်မြောက်သော် ညမိုးချုပ်ရုံသာ ရှိသေးသည်၊ အရိပ်မည်းကြီးတစ်ခုက အိမ်ရှေ့ခြံတံခါးဝတွင် ကိုယ်ထင်ပြလာ လေသည်၊ ထိုအရိပ်မည်းကြီးကိုမြင်ဖူးထားသော ကိုသက်နောင်းမှာ အလွန် ထိတ်လန့် တုန်လှုပ်သွား၏၊ မဖဲဝါ လိုက်လာချေပြီ၊ ကိုသက်နောင်း ဘာကိုမျှ စဉ်းစားမနေနိုင်တော့ဘဲ ဘုရားကျောင်းဆောင်ရှေ့အလိုလို ရောက် သွားတော့၏၊ ဘုရားရှိခိုးစာများ တတွတ်တွတ် ရွတ်ကာ ကြေးစည်ကို နာနာ ထု၏၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် (၃၇)မင်းနတ်များအား မဖဲဝါကို နှင်ထုတ်ပေးရန် တိုင်တည်၏၊ ဤတွင် ခြံဝရှိ ခုနက အရိပ်မည်းကြီးမှာ ပျောက် ကွယ်သွားတော့သည်။

မကြင်နှင်းကတော့ ရုတ်တရက်ကြီး သူတော်ကောင်းစိတ်ဝင်သွားသော ကိုသက်နောင်းကိုကြည့်ပြီး အံ့သြနေ၏၊ တော်တော်ကလေးကြာတော့ မကြင်နှင်းအိပ်ခန်းထဲ ဝင်သွားသည်၊ ကိုသက်နောင်းသည် အိမ်ရှေ့ခန်းတွင် တစ်ယောက်တည်း မနေရဲသဖြင့် နောက်မှ လိုက်ဝင်သွား၏။

ထိုညက မကြင်နှင်းစောစီးစွာ အိပ်မောကျသွားသော်လည်း ကိုသက် နောင်းကား အိပ်၍မပျော် ဖြစ်နေသည်၊ အတိတ်မှ သူ၏လုပ်ရပ်များက ပစ္စုပ္ပန်တွင် တစ္ဆေအဖြစ် ဖန်တီးခြောက်လှန့်လာခြင်းဖြစ်သည်၊ သူကား ဤည



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်နိုင်ပါဦးမည်လော၊ သူ၏ အတွေးစိတ်ကူးများကြားတွင် မဖဲဝါ၏ အသံသဲ့သဲ့ကလေးများက ဝင်ရောက်နှောင့်ယှက်နေ၏။ သူသည်အိပ်မပျော်၊ ရုတ်တရက် ထထိုင်လိုက်၏၊ ထိုစဉ် အပြင်ဘက်မှ ခွေးအူသံများ စူးရှူးဝါးဝါး ထွက်ပေါ်လာလေသည်၊ ထိုအပြင် မဖဲဝါ၏ ကြုံးဝါးသံများကလည်း ကိုသက်နှောင်း၏ နားထဲသို့ အတင်းတိုးဝင်လာသည်၊

"ရှင် ... ကတိမတည်ဘူး"

ရှင် ... ကျွန်မကို လှည့်စားလို့ ရမယ် ထင်နေသလား၊ မဖဲဝါအကြောင်း ကောင်းကောင်းပြရသေးတာပေါ့"

ယခုကိုသက်နှောင်းကြားလိုက်ရသည်မှာ ခုနကလို သဲ့သဲ့မျှ ကြားယောင်ခြင်းမျိုး မဟုတ်တော့ဘဲ သဲသဲကွဲကွဲကြီး ကြားလိုက်ရခြင်း ဖြစ်သည်၊ သို့သော် အထက်ပါအတိုင်းကြားလိုက်ရသည်မှာ အခြားမှမဟုတ်၊ သူ့ဇနီးမ မကြင်နှင်း၏ နှုတ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်၊ မဖဲဝါ မကြင်နှင်းကိုဝင်ပူးပြီး ပြောဆိုကြုံးဝါး နေခြင်းပေလော၊

"ကြင်နှင်း - ကြင်နှင်း - အရေးထဲ ဘာတွေ ထယောင်နေတာလဲ"

ထိုအခါ မကြင်နှင်းဆီမှ ငိုယိုလျက် စကားပြန်ပြောလေသည်၊

"ကိုသက်နှောင်းရှင် - ဘာတွေလုပ်ခဲ့တာတွေလည်း ကျွန်မ မနေရတော့ဘူး၊ လာခေါ်နေပြီ အား"

မကြင်နှင်းသည် စကားကိုဆုံးအောင်ပင် ပြောပြမသွားနိုင်ရှာ၊ သူမ၏ မျက်လုံးများကလည်း အပေါ်သို့ လန်တက်ပြီး ငြိမ်ကျသွားလေသည်၊ ထိုအခါ ကိုသက်နှောင်းသည် မကြင်နှင်းကို အမြန်ပွေ့ပြီး စမ်းသပ်ကြည့်သည်၊ မကြင်နှင်းကား အသက်မရှိတော့ရှာ၊

"ဒါ - ဒါ မဖဲဝါ လက်ချက်ပဲ ဖြစ်ရမယ်၊ သိကြသေးတာပေါ့၊ သက်နှောင်း အကြောင်း ကောင်းကောင်း သိစေရမယ်၊ ဟော့ - ဒီး - ဟီး - ဖြစ်ရလေ မကြင်နှင်းရယ် - ဖြစ်ရလေခြင်း"





'ဟော့ ... မဖဲဝါ
ငါ့ဓိန်းမကို
သတ်သွားတဲ့မဖဲဝါ၊
သတ္တိရှိရင် လာခဲ့လေ
သက်နှောင်းအကြောင်း
ကောင်းကောင်းသိစေရမယ်၊
ယောဒီ - ဓားသွားမှာ
မင်းရဲ့ဝိညာဉ်တွေ
အပိုင်းပိုင်း အတန်တန်
ပြန့်သွားစေရမယ်၊

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

မကြင်နှင်း သေဆုံးရသည်မှာ မဖဲဝါ၏လက်ချက်ဟု ကိုသက်နှောင်း တစ်ထစ်ချ မှတ်ယူထားပြီး ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ ညနေသည်မကြာခင်နှင်း၏အလောင်းကိုမြေချပြီးသောညနေဖြစ်သည်။ တစ်နေ့တာ ပူပြင်းခဲ့သော နေလုံးကြီးသည်လည်း အပူရှိန်ကိုလျှော့ချကာ မိုးကုတ်စက်ဝိုင်းပေါ် မေးတင်သားလေသည်။ ကိုသက်နောင်းက မိုက်ကြေးခွဲသည့်အနေဖြင့် မဖဲဝါရှိရာ ဤကျူးကူသချိုင်းဇရပ်ထဲတွင် အရက်ပုလင်းကိုထောင်လျက် အမြည်းကို တကျွတ်ကျွတ် ဝါးနေလေ၏။ သူ၏ဘေးနားတွင်လည်း ဓာက်ကြီးတောင်မားရှည်ကြီးကိုချထား၏။ ရုံဖန်ရုံခါဖန်ခွက်နှင့် ပုလင်းထိသံကြားရပြီး တစ်ခါတစ်ခါ တက်ခေါက်သံများလည်း ကြားနေရ၏။

ညနေသည်လည်း မှောင်သထက် မှောင်လာ၏။ ထိုစဉ် သချိုင်းဇရပ်မှ ယိုင်ထိုးထိုး လူတစ်ယောက် ထွက်လာသည်ကို ဝိုးတဝါး မြင်နေရ၏။ ထိုလူ၏ ဘယ်ဘက်လက်ထဲတွင် ပုလင်းတစ်လုံး၊ ညာဘက်လက်ထဲတွင် ဓားတစ်လက်။

"ဝှမ်း – ရှလွှမ်း – ရှလွှမ်း"

ထိုသူသည် ရှုံမိုက်စွာ ပုလင်းကို လှသွားလမ်းပေါ် ကိုင်ပေါက်ခွဲပစ်လိုက်သည်။ ထို့နောက် ကျယ်လောင်ဟစ်အော်သံ အသံများဖြင့် တစ်စုံတစ်ယောက်ကို စိန်ခေါ်လိုက်သည်။

"ဟေ့ ... မဖဲဝါ ငါ့မိန်းမကို သတ်သွားတဲ့မဖဲဝါ၊ သတ္တိရှိရင် လာခဲ့လေ ၊ သက်နောင်းအကြောင်း ကောင်းကောင်းသိစေရမယ်။ ဟောဒီ – ဓားသွားမှာ မင်းရဲ့ဦးညာဉ်တွေအပိုင်းပိုင်းအတစ်တစ်ဖြစ်သွားစေရမယ်၊ လာလေ – လာစမ်းပါ မဖဲဝါ၊ ဘာလဲ – မင်းအခုမှ ကြောက်နေပြီလားကွ။ ငါ့မိန်းမကို သတ်တုန်းကတော့ သတ်သွားပြီး ခုမှ ဘယ်ရှောင်ပုန်းနေတာလဲ၊ ဟား – ဟား – ဟား သက်နောင်းကို ကြောက်နေပြီလား ဟေ့ – မဖဲဝါ လာလေ – လာလေ ထွက်ခဲ့လေ"

ညဉ့်သည်နက်သထက် နက်လာ၏။ သို့သော် ဤသချိုင်းကား ခါတိုင်းလို တိတ်ဆိတ် ငြိမ်သက်မနေ၊ ကိုသက်နောင်း၏ စိန်ခေါ်သံများဖြင့် လွှမ်းမိုးဟိန်းထွက်နေ၏။ သို့သော် ကိုသက်နောင်းစိန်ခေါ်နေသော မဖဲဝါကား ရုတ်ထွက်ပေါ်လာပုံမရသေးချေ။ ကိုသက်နောင်း၏စိန်ခေါ်သံကသာ ရွာထဲမှဝင်အဝိုင်းသားကြားနေရသည်။ ရွာသူ၊ ရွာသားတွေကတော့ ကိုသက်နောင်း တစ်ယောက် မိန်းမလည်းသေ၊ မူးလည်းမူးနေသဖြင့် စိတ်ပေါက်ပေါက်နှင့်သချိုင်းကုန်းသွားပြီး အော်ဟစ်နေသည်ဟု ထင်ကြသဖြင့် မည်သူမျှ ဂရုမစိုက်အားကြပေ။

သို့သော် ကိုသက်နောင်းကတော့ မဖဲဝါကို တကယ် စိန်ခေါ်နေခြင်းဖြစ်သည်။ စုလောက်ဆို ကိုသက်နောင်း၏ စိန်ခေါ်နေမှုကို မဖဲဝါ သိကောင်းသိနေမည်ဖြစ်သည်။ သို့သော် ယခုအချိန်အထိတော့ ဘာမျှ ထူးခြားမှုမရှိသေးချေ။

"ဟေ့ ... မဖဲဝါထွက်ခဲ့လေ – ကြောက်နေပြီလားကွ၊ ခုလိုသတ္တိမရှိလို့လည်း လူမရှိတဲ့သချိုင်းကုန်းမှာ နေနေရတာပေါ့ကွ၊ အောက်တန်းစားမ မဖဲဝါ၊ ထွက်ခဲ့လေ – သတ္တိရှိရင်ထွက်ခဲ့လေ"

ထိုစဉ် ရုတ်တရက် –

"ဟေ့ – သတ္တိရှိလို့ထွက်လာပြီကွ"

တစ်ဖက်မှ လျှပ်တစ်ပြက် အသံတန်ပြန်လာသဖြင့် ကိုသက်နောင်း ရုတ်တရက်တန့်သွားသည်။ သို့သော် သူ၏ဒေါသက တွန်းပေး ရှေ့ကိုဆက်တိုးရန်သာ ပြင်လိုက်သည်။

"ခြော် ... မဖဲဝါထွက်လာသေး၊ တယ်နော်အေး – ထွက်လာရင်သေဖို့သာ ပြင်ပေတော့ – ရော့ကွာ"

"ဝှစ်"

ကိုသက်နောင်းသည် ပြောပြောဆိုဆိုနှင့်လက်ထဲရှိ ဓာက်ကြီးတောင်မားဖြင့် ရှေ့မှ မားမားမားမားလုပ်နေသော အရိပ်မည်းကြီးကို လှမ်းခုတ်လိုက်သည်။ သို့သော် ထိုအရိပ်မည်းကြီးက လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်သဖြင့် ကိုသက်နောင်း၏ ခုတ်ချက်က လေထဲ ဝှစ်ခနဲ မြည်ရုံမြည်ကာ အလဟဿ ဖြစ်သွား၏။ ထိုအခါ ကိုသက်နောင်း ပိုမို ဒေါသထွက်လာပြီး –





www.burmeseclassic.com

www.burmeseclassic.com

"ကဲကွာ … ကဲကွာ … ကဲကွာ"

"ခုတ် - ရွှမ်း - ဝှစ် - ရှပ်"

ကိုသက်နောင်းက ဓားဖြင့် အဆက်မပြတ် အားကုန် လိုက်ခုတ်သဖြင့် တစ်ဖက်မှအရိပ်မည်းကြီးကလည်း တုတ်တစ်ချောင်းဖြင့်ခုခံရင်း နောက်ဆုတ် နောက်ဆုတ်ဖြင့် ကိုသက်နောင်း၏မျက်နှာနှင့် ရင်ဘတ်ပေါ်သို့ညှိုမှိုင်းသောမီး များဖြင့် ပက်၍ ပက်၍ သွားနေလေသည်၊ ကိုသက်နောင်းသည် မူးမူးရူးရူးနှင့် ထိုအရိပ်မည်းကြီးနောက်သို့သာ တရစပ် လိုက်ခုတ်နေသောကြောင့် ဓားနှင့် တုတ်ထိသံများ၊ နှုတ်မှကြုံးဝါးသံများ သချိုင်းကုန်းတစ်ခုလုံး ဆူညံသွား၏။

ထိုအခါရွာသူ၊ ရွာသားအချို့လန့်နိုးလာကြပြီး သချိုင်းကုန်း၌တစ်ခုခုဖြစ်နေ သည်ကို သိရှိသွားကာ လူစု၍ သချိုင်းကုန်းသို့ ရောက်လာကြလေသည်၊ ထိုအချိန်တွင် ကိုသက်နောင်း၊ဓားဖြင့် လိုက်ခုတ်နေသော အရိပ်မည်းကြီးမှာ တအားအား အော်ဟစ်ပြီး ဗုန်းခနဲ နောက်ပြန် လဲကျသွားလေသည်၊

"ဟာ … လူတစ်ယောက် လဲကျသွားပြီ"

"ကိုသက်နောင်း မလုပ်နဲ့ - မလုပ်နဲ့ - လူကြီးတွေ လာနေပြီ"

ရွာသူ၊ရွာသားတို့၏အသံဗလံများ ဆူညံသွား၏၊ ရွာသားတစ်ယောက်က လဲကျနေသောလူကို လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်၊

"ဟာ … ကိုသက်နောင်း စင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဒါစိတ်နောက် နေတဲ့ ကိုကျောက်ခဲလေ … ဘယ်လိုဖြစ်ကြတာလဲဗျာ"

ထိုအခါကိုသက်နောင်းရင်ထဲထိတ်လန့်သွားပြီး လက်ထဲမှ ဓားကိုလည်း လွှတ်ချလိုက်လေသည်၊ မျက်လုံးထဲတွင်လည်းမီးဝင်းဝင်းတောက်သွားသည်၊ သူ ဘာတွေဖြစ်ပျက်ခဲ့သည်ကိုပင် စဉ်းစားမရဖြစ်သွားသည်၊

ထို့နောက် ရွာလူကြီးများက ကိုသက်နောင်းကို ဆွဲခေါ်သွားပြီး ရဲစခန်းသို့ ပို့လိုက်ကြလေသည်၊

=●=



ယနေ့ -

ကိုသက်နောင်းအားဖြစ်မှုထင်ရှားသဖြင့်တရားရုံးတော်ကအလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ် စီရင်ချက်ချမှတ်လေသည်၊ ကိုသက်နောင်းအနေဖြင့် ရင်ကျိုးမတတ်ခံစားလိုက်ရသည်၊ မိန်းမဖြစ်သူ သေလို့မှ မကြာသေး ထောင်ဒဏ် အပြစ်ပေးခံရသည်၊

သည်ညသည် ကိုသက်နောင်းအဖို့ ထောင်ကြီးထဲတွင် ပထမဦးဆုံး အိပ်စက်ရမည့်ညဖြစ်သည်၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းဟု မှတ် ယူလျက် စိတ်ကို တုံးတုံးချကာ ကောင်းစွာ အိပ်စက်နိုင်ဖို့ ကြိုးစားလိုက် သည်၊ သို့သော် သူ၏အတိတ်လုပ်ရပ်များက နှိုးဆွနေသဖြင့် တော်တော်နှင့် အိပ်မရဖြစ်နေသည်၊ သို့သော် သူသည် ဘုရားတရားဘက် အာရုံပြောင်းကာ အကုသိုလ်စိတ် အညစ်အကြေးများကို ကုသိုလ်ဖြင့် ဆေးကြောကြည့်၏၊ စိတ်ကောင်း စိတ်ဖြတ်သံဝေဂလေးများ ဝင်လာတော့မှ သူ၏ စိတ်များ အေးချမ်းလာပြီး မှေးခနဲ အိပ်ပျော်သွားတော့၏၊

ထိုသို့အိပ်ပျော်သွားစဉ် ထူးဆန်းသော အိပ်မက်တစ်ခုကို သူမြင်မက်မိ၏၊

မဖဲဝါ၊

သူ့ဆီကို မဖဲဝါလိုက်လာပြီး စကားပြော၏၊

"ဝမ်းနည်းပါတယ်၊ ကိုသက်နောင်းရယ်၊ ရှင့်ဘက်က ပြောတဲ့အတိုင်း မလုပ်လို့ကျွန်မအခုလိုစီရင်ခံရတာကိုရှင်နားလည်အောင်ကျွန်မလာရှင်းတာ ပါ၊ ရှင့်ရဲ့ကတိမတည်မှုကြောင့်ကျွတ်ထိုက်တဲ့မသန်းမေရဲ့ဝဝယာကျွတ်လွတ် ရမယ့် ပုဂ္ဂိုလ်ဖြစ်နေတဲ့အတွက် မကျွတ်ကျွတ်တဲ့နည်းနဲ့ လုပ်ပေးရမယ်လို့ အထက်က ပုဂ္ဂိုလ်ဖြစ်နေတဲ့အတွက် မကျွတ်၊ကျွတ်တဲ့နည်းနဲ့ လုပ်ပေးရမယ် လို့အထက်က ပုဂ္ဂိုလ်ကြီးတွေက ကျွန်မကို ညွှန်ကြားလာပါတယ်"

"ဒီတော့ မသန်းမေကို မကျွတ်ကျွတ်အောင် လုပ်ပေးရမယ့်တာဝန် ကျွန်မ မှာ ရှိလာပါတယ်၊ ရှင့်ကြောင့် အလှူအတန်း ကိစ္စကလည်း ပျက်သွားပြီဆို တော့ အခြားနည်းလမ်းတစ်ခုကိုပဲ ရွေးချယ်ရတော့တယ်၊ အဲဒီနည်းကတော့



www.burmeseclassic.com

www.burmeseclassic.com

လူစားလဲတဲ့နည်းပဲ၊ အဲဒါကြောင့် ကျွန်မကိုယ်တိုင် ရှင့်မိန်းမကြောင်နင်းရဲ့နေရာမှာ ရောက်နေပါပြီ"

"ဘာပြောတယ် ... လူစားလဲဖို့ ငါ့မိန်းမကို သတ်တာ"

"နေပါဦးရှင်၊ ကျွန်မစကား မဆုံးသေးပါဘူး၊ ကျွန်မအနေနဲ့ လူစားလဲဖို့ ကိစ္စကို မဖြစ်မနေ လုပ်ရတဲ့အတွက် ရှင့်မိန်းမကို သတ်မိတာ ရှင်သိသွားတော့ ရှင်က ကျွန်မကို လာပြီး စိန်ခေါ်ပြန်တယ်၊ မကြားဝံ့မနာသာစကားတွေနဲ့ ပြောလာပြန်တော့လည်း ပုထုဇဉ်ဖြစ်တဲ့ ကျွန်မအနေနဲ့ ဒေါသဖြစ်ခဲ့တာတော့ အမှန်ပဲ၊ ဒါပေမဲ့ – ရှင်က ဘုန်းကံသိပ်မြင့်နေလေတော့ ရှင့်ကို ကျွန်မကိုယ်တိုင် ယှဉ်ပြိုင်နိုင်ဖို့ မတတ်နိုင်ခဲ့ဘူး၊ ဒါကြောင့် သေနေစေ့နေပြီဖြစ်တဲ့ ကိုကျောက်ခဲကို ဝင်ပူးပြီး ရှင့်ဆီ မားရုတ်လာခဲ့စေခဲ့တာ"

"ဘာ – ဘာပြောတယ် – မဖဲဝါ၊ ကိုကျောက်ခဲကို သေအောင် နင်တမင် ဖန်တီးခဲ့တာ"

"ဟုတ်ပါတယ် ... ရှင် – ဒီကိစ္စတွေအားလုံးကို ခွင့်လွှတ်ဖို့ရှင့်ဆီကို ကျွန်မ လာတောင်းပန်တာပါ၊ မသန်းမေ ကျွတ်လွတ်ဖို့ မကြောင်နင်းကို သတ်မိတဲ့ အတွက် ကျွန်မလည်း ငရဲကြီးပါတယ်၊ ပြီးတော့ ကိုကျောက်ခဲကို သေစေပြီး ရှင့်ကို ထောင်ကျစေခဲ့တဲ့အတွက်လည်း ကျွန်မ ဝဋ်လိုက်ဦးမှာပါ"

"ဘာပဲပြောပြော ကိုသက်နောင်ရေ – သတ္တဝါအချင်းချင်း မေတ္တာနဲ့ ဆက်ဆံကြတာပဲ ကောင်းပါတယ်၊ လောဘ၊ ဒေါသ၊ မောဟတွေပါလာပြီ ဆိုရင်တော့ အခုလိုမျိုး ဆိုးကျိုးတွေ ဖြစ်လာရတော့မှာပါ၊ ဒါကြောင့်မို့တစ်ဦးနဲ့ တစ်ဦးရန်ငြိုးအာဃာတတွေ ဖျောက်ဖျက်ပစ်ဖို့လာပြောတာပါ၊ ကျွန်မဘက်က မှားတယ်ဆိုရင်တော့ ခွင့်လွှတ်ပါ၊ ရှင့်ဇနီးဟောင်းကိုလည်း ကျွန်မ ကောင်းကောင်း စောင့်ရှောက်ထားလိုက်ပါ့မယ်၊ ထောင်က ထွက်လာရင်တော့ ရှင်နဲ့ ကျွန်မ မိတ်ဆွေ ဖြစ်လာဖို့ အရေးကြီးပါတယ်၊ ကဲ – ကျွန်မ သွားတော့မယ်၊ ကျွန်မကို ခွင့်ပြုပါဦး"



မဖဲဝါ၏ ကိုယ်ရောင်ကိုယ်ဝါများ ကိုသက်နောင်း၏ အိပ်မက်အာရုံထဲမှ ပျောက်ကွယ်သွားလေသည်၊ ကိုသက်နောင်းရုတ်တရက်လန့်နိုးလာပြီးထထိုင်မိ၏၊ သူ၏ မိုက်ပြစ်နောင်တများကိုလည်း သံဝေဂရမိ၏၊ ဖြစ်နိုင်လျှင် သူ၏ အတွေးစိတ်များကို အတိတ်ကာလဆီမှ အပြီးအပိုင် ရုပ်သိမ်းလျက် ပစ္စုပ္ပန်တည့်တည့်ကိုသာ ရှုမှားရင်း ဝဋ်ဒုက္ခသံသရာမှ ချက်ချင်း လွတ်မြောက်ရန် ဆန္ဒပြင်းပြစွာ ကြိုးပမ်းရပေမည်၊

ဤအဖြစ်အပျက်၏ အကြောင်းအရာများအား စိမ်းညို့ညို့တောင်တန်းများဝန်းရံလျက်ရှိသော တောရကျောင်းကလေးတစ်ခုတွင် သီတင်းသုံးနေထိုင်တော်မူလျက်ရှိသော ဦးပဥ္စင်းကြီးဦးသံဝရအနေဖြင့် ယခုအချိန်ထိ လွှမ်းမြှေစွာ အတိအကျ ပြောပြနိုင်ပါသေးသည်၊

➡ တင်နိုင်ဝင်း(ထမင်းဈေးမြို့)

www.burmeseclassic.com

www.burmeseclassic.com




မိမိတို့ဆန္ဒအားဖြင့်သာလျှင်
ကိုးကွယ်ရာမမှားဖို့...

# မိမိဆန္ဒအားဖြင့်သာလျှင်
# ကိုးကွယ်ရာမမှားဖို့

**ကိုမောင်သန်းဝင်း**

"လူမသိ၊ နတ်သိတယ်"၊ နတ်နဲ့နဂါးမလှည့်စားနဲ့"၊ "ရှာသီမနိုင်ဖေး ကိုင်နဲ့၊ နတ်မနိုင် ဓာတ်မကိုင်နဲ့"၊ လူလိုတော့နတ်မ၊ နတ်လိုတော့ငြိမ်းမ" ဟုသော စကားတွေ ကြားဖူးလေ၏။

တချို့က နတ်သည် သရဏဂုံမတည်၊ နတ်ထက်လူက ပိုမြတ်သည်ဟု ၏။ ထို့ကြောင့် ပေလားမသိ၊ "လူမင်းဘုန်းကြီး၊ နတ်မင်းမခနိုင်"ဟု ဆိုကြလေ၏။ နတ်နှင့်ပတ်သက်သမျှတွေကို ချရေးပြရသော် ကုန်အံ့မထင်ပါ။

ကျွန်ုပ်သည် နတ်ကို မယုံကြည်သည်လည်း မဟုတ်၊ ယုံကြည်သည် လည်းမဟုတ်၊ မိဘဘိုးဘွားအစဉ်အဆက်ပသခဲ့ပါသောအိမ်တွင်းမင်းမဟာ ဒီရိ၊ ရေငန်ပိုင်ဦးရှင်ကြီး၊ အမေရေတော်ယဉ် စသည်တို့ကိုတော့ ယနေ့ တိုင် ကျွန်ုပ်၏ဖနီးထိတိုင် ပူဇော်ပသလျက်ရှိနေပါ၏။ ကျွန်ုပ်ကား ကန့်ကွက် ဝေဖန်ခြင်းအမှု မပြုပါချေ၊ ဝေဖန်ကန့်ကွက်ခြင်း မပြုသော်ငြားလည်း နတ်တွေကို စော်ကားမော်ကားပြုခြင်းလည်း မလုပ်ပါချေ။ မပြုရဲဟုဆိုသော် ချနိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

နတ်ကို စော်ကားလို့ နတ်ကိုင် (ဒုက္ခပေး)ခြင်း၊ နတ်ကို ပသခြင်းဖြင့် လာဘ်လာဘရရှိခြင်း (သုခအကျိုးရရှိခြင်း)တို့ကိုတော့ ကျွန်ုပ်ကြားသိဖူးပါ၏၊ ကြားသိရခြင်းထက် ကိုယ်တွေ့မျက်မြင် ကြုံရသည်များလည်း ရှိပါ၏၊ ကိုယ်တွေ့ကြုံရသည့်ဇာတ်ကြောင်းအချို့ကို ဖောက်သည်ချရလေသော်-

* * *

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကုန်းဟူသော နေရာဝန်းကျင်တစ်ဝိုက်တွင် ယခင်ကာလများဆီက ကျူးကျော်အိမ်များ၊ တဲများနှင့် ပြည့်နှက်နေလေ၏၊ ကျွန်ုပ်နေထိုင်သော ရပ်ကွက်အနီးတွင်ကား ပုလဲကုန်းဟု အမည်တွင်လေ၏၊ ပုလဲလမ်းကို အမှီသဟဲပြု ခေါ်ဝေါ်ခြင်း ဖြစ်လေ၏၊

ပုလဲကုန်းတွင် အထင်ကရ ကညင်ပင်ကြီး ရှိလေ၏၊ ထိုကညင်ပင်ကြီး အောက်ခြေတွင်ရပ်ကွက်နေလူအများက နတ်စင်၊ နတ်ရုပ်အဟောင်းအပျက်များကို လာရောက် စွန့်ပစ်တတ်ကြလေ၏၊ နတ်ရုပ်ဟောင်းတွေကား စုံစီနဖာ ရှိနေ၏၊ မြင်းဖြူရှင် ရုပ်လေးတွေလည်း ပါရှိ၏၊ ဘိုးတော်ရုပ်တွေလည်း ပါသည်၊

မြင်းဖြူရုပ်လေးတွေသည် ရုပ်သေးရုပ်ကဲ့သို့ ပြုလုပ်ထားရှိလေရာ လူငယ်၊ လူရွယ်တချို့မှ ယူငင်ဆော့ကစားကြ၏၊ ဤသည်ကို တွေ့မြင်ရသူ လူကြီးသူမတို့မှ ယူ၍ မဆော့ကောင်းကြောင်း၊ မဆော့ကြရန်ကိုလည်း တားမြစ်ကြလေ၏၊ တားမရ ပြောမရ သူကား "မျောက်မူးလဲ" ဟု အမှတ်သညာ ပြုခံရသော လူရွယ်လေးဝင်းမောင်ပါတည်း၊

ဝင်းမောင်သည်မြင်းဖြူရုပ်ကလေး (မြင်းဖြူရှင်ရုပ်)ကိုရပ်ကွက်အတွင်း ယူငင်၍ သူ၏ပေါင်ခြံတွင်း ထားရှိကာ "ဟဲ့ မြင်း - ပြေးဟ" ဟူ၍ မြင်းရုပ်ကို တံမြက်စည်းရိုးတံဖြင့် ရိုက်၍ ပြေးဆော့လေ၏၊ တွေ့မြင်ရသူတို့မှ "ဒီကောင်ကလေးဒုက္ခရောက်တော့မှာပဲ" ဟုစုတ်သပ်ကြလေ၏၊ ဝင်းမောင်ကိုတော့ ပြောမရ ဆိုမရသဖြင့် မပြောမဆိုကြလေတော့ပေ၊



ထိုနေ့ညနေပိုင်းတွင် ဝင်းမောင်ဖျားလေ၏၊ အဖျားအတော်ကြီးလေ၏၊ သူ၏ဖခင်ဖြစ်သူမှ ကွမ်းရွက်ပြုတ်ရေနှင့် ဆရာမောင်ဆေးနီမှုန့်တိုက်၍ဘူသ လေ၏၊ သို့သော် အဖျားကား ကျလိုက်၊ တက်လိုက်ဖြစ်နေလေ၏၊ တစ်ခါ တစ်ခါ တက်တက် ချက်တတ်လေ၏၊ ဤတွင် တစ်အိမ်ကျော်ရှိခေါင်းခွဲ ဒေါ်ဘုမက -

"ဟဲ့ - ဝင်းမောင်က ငါ့ကိုမလေးမစားပြု စော်ကားတယ်၊ ငါ့ကိုလာပြီး တောင်းပန်မှ ကျေအေးမယ်"

ဟုနတ်ဝင်နတ်ပူးကာကြိမ်းမောင်းလေ၏၊ ဤသည်ကိုဝင်းမောင်အဖေ ကြားသိလေတော့ ဒေါ်ဘုမအိမ်ရှေ့သို့သွားရောက်ပြီး -

"ဟဲ့ - နတ်ကတော်မဘုမ ဘာလုပ်တာဦးမလို့လဲ ရှုတ် - ရှုတ် - ရှုတ် - ရှုတ် မလုပ်နဲ့ သေသွားမယ်၊ ငါ့အကြောင်းသိတယ်နော်"

ဟု ခါးကြိမ်းကြိမ်းလေရာ ဒေါ်ဘုမလည်း ဝင်းမောင်အဖေကို ကြောက်ရွံ့ပြီး ငြိမ်ကျသွားလေ၏၊ ဝင်သောနတ်လည်း ဘယ်ရောက်ဘယ်ပေါက်လို့ ဘယ်လို ထွက်ပြေးသွားသည် မသိရချေတော့၊

ဝင်းမောင်သည် အဖေတစ်ခု သားတစ်ခု၊ သူ၏အမေကား သူလူမှန်း မသိခင်က ဆုံးပါးခဲ့လေ၏၊ ဝင်းမောင်အဖေကား ရုပ်ဝါဒီသမား၊ နတ်တွေ ဘာတွေကိုလုံးဝမယုံကြည်၊ အိမ်တွင်းနတ်အုန်းပင် ဆွဲမထား၊ ဘုရားကျောင်း ဆောင်ကိုပင် ကြည့်ကောင်းအောင်ထားတာဟု ဆို၏၊

ဝင်းမောင်သည် အဖျားလွန်စွာ ကြီးရာမှ တက်ချက်ပြီး ပြန်မကျလေတော့ဘဲ ဆုံးပါးခဲ့လေတော့၏၊ နတ်ကတော်ဒေါ်ဘုမ ပြောသလို နတ်ကို တောင်းပန်လျှင် ကျေအေးမည် ဆိုသည့်စကားတိုက်ဆိုင်လေသည်ပဲလား၊ နတ်ကပဲ ကိုင်လှုပ် ဆုံးမလိုက်လေသလားမသိရချေတော့၊ ရုပ်ဝါဒီသမားကြီး ဝင်းမောင်၏ အဖေကား တစ်ဦးတည်းသော သားလေးအတွက် သည်းအူ ပြတ်တမျှ ငိုကြွေးရသည်ကတော့ အမှန်ပါတည်း၊

ဤသည်ကား နတ်ကို စော်ကား၍ နတ်က ဆုံးမလိုက်သည်ဟူသော ကြားသိ တွေ့မြင်ရသော ဖြစ်စဉ်တစ်ခု၊ တိုက်ဆိုင်မှုပဲ ဖြစ်ပါလိမ့်မည်၊

* * *



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကြီး ဦးဝင်းသန်းသည် ဌာနကြီး တစ်ခုမှ ဦးစီးအရာရှိ ဖြစ်လေ၏။ ကျွန်ုပ်သည်ကား ဦးစီးမှူးအဆင့် ဖြစ်လေ၏။ သူနှင့်ကျွန်ုပ်သည် တစ်ဌာနတည်းဖြစ်ပြီး အလုပ်တာဝန် ထမ်းဆောင်ရာမှာလည်း တပူးတွဲတွဲ ဖြစ်လေ၏။ တစ်ခါတစ်ခါ ကျွန်ုပ်တို့ နှစ်ယောက်အနက် ကျွန်သည့်တစ်ယောက်က ခရီးသွားသူ၏ အလုပ်တာဝန်ကိုပါ ပူးတွဲဆောင်ရွက်ရလေ၏။

တစ်ခါသော် ကျွန်ုပ် ခရီးထွက်ရလေ၏။ ခရီးစဉ်ကား ဟဲဟိုး၊ တောင်ကြီး တာချီလိတ်ခရီးစဉ်ဖြစ်လေ၏။ တစ်လနီးပါးခန့် ကြာမြင့်ခဲ့လေ၏။ ရန်ကုန်သို့ ပြန်ရောက်လေသော် မိတ်ဆွေကြီးဦးဝင်းသန်း ကျန်းမာရေး မကောင်းသဖြင့် ခွင့်ယူထားကြောင်း သိရလေ၏။ နောက်တစ်ရက်တွင် မိတ်ဆွေကြီးအား အကျိုးအကြောင်း မေးရင်း သူ့အတွက် လက်ဆောင်ပစ္စည်းများပေးရန် သူ၏ နေအိမ်ရှိရာ မြောက်ဒဂုံသို့ သွားရောက်ခဲ့လေ၏။

မိတ်ဆွေကြီးနှင့် တွေ့သည့်အခါ ပိန်လှီလွန်းလှရေချာကားဟု စိတ်မကောင်း ဖြစ်မိလေ၏။

"ဘယ်လိုဖြစ်တာလည်း မိတ်ဆွေကြီးရယ်" ဟု မေးလေရာ -

"အေးဗျာ - ခင်ဗျားတို့ ခရီးထွက်ပြီး နောက်နှစ်ရက်လောက်မှာ ဝမ်းဗိုက်ထဲ ရုတ်တရက် အောင့်လာတယ်၊ ဆိုးဆိုးရွားရွားကြီး မဟုတ်ပေမယ့် ဆစ်ခနဲ ဆစ်ခနဲ အောင့်အောင့်နေတော့ ဖနီးနဲ့ အတူ ဆေးခန်းတစ်ခုဆီ သွားကြတယ်၊ ဆရာဝန်က ပုံစံအမျိုးမျိုး စမ်းသပ်ပြီး အထူးကုဆေးခန်းကို ညွှန်တယ်၊ စာလည်း ရေးပေးတော့ အဲဒီ အထူးကုဆေးခန်းကို သွားတယ်ပေါ့ဗျာ၊

အဲဒီမှာ အတော်လေးကို စိတ်ပျက်သွားတယ်၊ ဆရာဝန်က ဗိုက်ထဲမှာ ဘောလုံးလား၊ ခွေးလုံးဆိုတာ ရှာရဦးမယ်၊ နောက်မှ အလျဉ်းသင့်သလို ကုသမယ်တဲ့၊ ဆရာဝန်ပြောစကားကြောင့် ကျွန်တော်အရုပ်ကြိုးပြတ်သလို ဖြစ်သွားတယ်၊ ဌာနက ကိုအေးချို့ကို အလုပ်လွှဲပြီး ခွင့်တစ်လယူထားရတယ်၊ ဒေါကနဲ့ အိပ်မနိုင်စားမရနဲ့ပေါ့ဗျာ"

ကျွန်ုပ်သည်လည်း မိတ်ဆွေကြီး၏ ဒေါကဝေဒနာတွေ တစ်ခုမဟုတ် ချင်း ကူးဆက်သွားလေ၏။ စိတ်မကောင်းစွာဖြင့်ပင် -



"ခွဲစိတ်ပြီးပလား အခု - အခြေအနေကရော ဘယ်လိုလဲ"

"အခုလား ဘာမှ မဖြစ်တော့ဘူးဗျာ၊ အိပ်ကောင်း စားကောင်း ပြန်ဖြစ်လာပြီ၊ အသားကတော့ ပြန်မွေးရဦးမှာပေါ့၊ ဖြစ်စဉ်ကို ပြောရရင် အံ့စရာပဲဗျာ၊ ဘာမှမခွဲမစိတ်ရဘဲ ပျောက်သွားတာ၊ အင်း - ဆရာတစ်ယောက်ရဲ့ ထန်းလက်ဓားနဲ့ ဟိုရစ်၊ ဒီရစ်လုပ်ပြီး ခွဲစိတ်တယ်ဆိုလားပဲ"

ကျွန်ုပ်သည် သူ၏ မျက်နှာကို အမှတ်မထင် ကြည့်လိုက်ပြီး အံ့ဩလျက် နေမှုကို သူက -

"ဘာလဲ - ခင်ဗျားက ကျွန်တော်ရောဂါဖြစ်ပြီး ကြောင်သွားတယ်လို့ ထင်နေတာလား၊ ပြောပြမယ်၊ နားထောင်"

သို့ဖြင့် မိတ်ဆွေကြီးသည် သူ၏ဖြစ်စဉ်ကို ပြောပြလေတော့၏။

"ခုနက ကျွန်တော်ပြောခဲ့သလို ဆရာဝန်က ခွဲစိတ်ရမယ်ဆိုတော့ အတော်လန့်ဖျပ်ပြီး ဖနီးသည်နဲ့ ဘယ်ပုံဘယ်နည်း လုပ်ဆောင်ရမယ်ဆိုတာ တိုင်ပင်၊ ငွေသိန်းကျော်ကုန်ကျမယ့် ငွေကြေးအခြေအနေကို တွက်ဆ၊ မခွဲစိတ်ရဘဲ စားဆေး၊ ထိုးဆေးတို့နဲ့ ပျောက်နိုင်၊ မပျောက်နိုင် စုံစမ်းဖို့ တိုင်ပင်ပြောဆိုနေတုန်း ကျွန်တော့်ကျောင်းနေဘက် ကိုအေးမျိုးတစ်ယောက် ရောက်လာတယ်၊ သူက ကျွန်တော့်အခြေအနေကိုကြည့် ဖြစ်စဉ်နဲ့ ရောဂါအခြေအနေကို မေးမြန်းပြီး ပြောတယ်၊

"ဆရာဝန်ဆိုတာက ကျွန်တော်တို့ထက်သာတာကတော့ အမှန်ပဲလေ၊ ဒါပေမဲ့ - ဆရာဝန်မျက်စေ့လည်တဲ့ ရောဂါဆန်းတွေက ရှိခဲ့ဖူးတယ်၊ ထားပါတော့ဗျာ၊ မနေ့ကပဲ ကျွန်တော်ဆရာနဲ့ ဂန္ဓာရီခရီးလှည့်ရာက ပြန်လာခဲ့တာ၊ ခင်ဗျားရောဂါကို ကျွန်တော့်ဆရာနဲ့ ပြကြည့်ပါလား၊ လိုသော်ရှိ မလိုသော်ရှိပေါ့ဗျာ၊ ကျွန်တော့်ဆရာမှာလည်း သူ့အစွမ်းနဲ့သူရှိနေတာ အမှန်ပဲလေ"

သူငယ်ချင်းက အဲသလို ပြောတယ်၊ ဘာသာရေးလည်း ပြင်းပြင်းထန်ထန် လုပ်နေသူဆိုတော့ အားကိုးတကြီးနဲ့ သူ့ဆရာကို ကြွခဲ့ဖို့ပြောတော့ နောက်နေ့ မနက်အစောကြီး ရောက်လာတယ်၊ သူ့ဆရာက အညိုရောင် ဝမ်းဆက်နဲ့ အင်း - ခေါင်းမှာလည်း အညိုရောင်ပုဝါပေါင်းထားတယ်၊ သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရောက်ချင်း ဘုရားရှိခိုးတယ်၊ ပြီးတော့ လောကကြီးမှာရှိတဲ့ ဝိဇ္ဇာတွေ ရော၊ ပေါက်ဆရာ၊ စေဆရာ၊ ဝိဇ္ဇာရှစ်သောင်း အများကြီးပဲ၊ အဲဒါတွေကို တိုင်တည်ပြီးတော့ ကျွန်တော့်ကိုကုတယ်၊

ကုတာကလည်း အဆန်းသား၊ သူ့လွယ်အိတ်ညိုကြီးထဲက ဓားငယ် တစ်ချောင်းထုတ်တယ်၊ တကယ့်ဓား မဟုတ်ဘူး၊ ထန်းလက်နဲ့ လုပ်ထားတဲ့ ဓားဗျ၊ ဓားလေးကို တဆဆလုပ်ရင်းက -

"မောင်ရင့်ကို ကျုပ် - ကုပေးမယ်၊ မောင်ရင် ရိုးရာ ကိုးကွယ်မှုဆိုင်ရာ ပျောက်နေတယ်၊ ရိုးရာဖော်ထုတ်မယ်၊ ဟုတ်လား၊ မောင်ရင့်တို့ ကျုပ်တို့မှာ ရိုးရာဆိုတာ ရှိတယ်၊ ရေးထုံးလည်း မပယ်နဲ့၊ ရေးသုံးလည်း မလွယ်နဲ့တဲ့၊ အဲဒါ ယုံသလားကွယ့်"

"ယုံပါတယ် ဆရာ"

"မောင်ရင် ယုံဖို့ လိုတယ်၊ ယုံကြည်တာက ရောဂါတစ်ဝက် ပျောက်စေ တယ်၊ မှတ်ထား၊ မောင်ရင်ရယ်၊ ကျုပ်ရယ်၊ မောင့်ရင့်ရိုးရာရှင်ရယ်သုံးဦး ပေါင်းပြီး ရိုးရာရှင်အားကိုးပြုလို့ ရောဂါလုံးဝ ပျောက်သွားအောင် လုပ်ကြ မယ်၊ ဟုတ်လား"

ကျွန်တော်လည်း ခေါင်းညိတ်ပြီး သူလုပ်နိုင်းတဲ့ ဗိုက်ကိုလှန်တော့ သူ ထန်းလက်ဓားနဲ့ ဟိုရစ်၊ ဒီရစ် လုပ်တယ်၊ ပါးစပ်ကလည်း ရွတ်ဖတ်သရဇ္ဈာယ် နေတယ်ပေါ့၊ အဲဒီမှာ ကျွန်တော့်စိတ်ထဲ ဝမ်းသာသလို ဝမ်းနည်းသလို ဖြစ် လာတယ်၊ ထူးဆန်းတာက နားထဲမှာမြင်းခွာသံတွေလည်းကြားနေရသလိုပဲ၊ နောက်တော့ ကျွန်တော် နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်သွားတယ်၊ ပြန်နိုးလာ တော့ အကောင်းပကတိဗျာ၊ အံ့ရောပဲ၊ ဘယ်နေရာကမှ မနာမကျင်တော့ဘူး၊ ဆရာနဲ့သူငယ်ချင်းကို ရှာတော့မတွေ့တော့ဘူး၊ ဇနီးသည်က -

"အစ်ကိုနိုးလာပြီလား၊ ကိစ္စတစ်ခုရှိလို့ ဆရာတို့ပြန်သွားတယ်၊ နောက် သုံးလေးရက်လောက်မှ တွေ့မယ်လို့ပြောတယ်၊ ဟောဒီစာရင်းတစ်ရွက်လေး တော့ ပေးသွားတယ်"



ကျွန်တော် လှမ်းယူပြီး ဖတ်ကြည့်တော့ မောင်ရင့်ရိုးရာဟာ ရွှေစင်သင် မြင်းဖြူရှင်နတ်ဖြစ်တယ်၊ အောက်ပါအတိုင်းဝယ်ခြမ်းပြီး ပွဲမြင်းပွဲတင်ရမည်။ ကျန်းမာပါစေလို့ရေးထားတယ်၊ ကျွန်တော့်ဖြစ်စဉ်က အဲဒါပါပဲဗျာ၊ ဘာကြောင်း လို့ မသေ၊ သံချောင်းတို့အဖေလို့ပဲ ပြောရတော့မှာပဲ၊

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



နတ်ရုပ်အသီးသီး၏
ရှေ့တွင်လည်း
ဆိုင်ရာ ဆိုင်ရာပွဲတွေနှင့်
အမွှေးတိုင် အလင်းတိုင်တို့မှ
ထွက်ပေါ်လာသော မီးခိုးတွေကလည်း
တခ်ဒေါ်ခံလုံး မှောင်ပိန်းလုမတတ်
ရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကြီးသည်သူ၏ဆရာမှာကြားရက်အတိုင်းမြင်းမြှုရှင်နတ်အား ပွဲမြှင့်ပွဲတင်ပြီး ပသခဲ့လေတော့၏။ ယင်းသို့ ယုံကြည်စွာ ပသပြီးနောက်ပိုင်း ထီပေါက်၊ ရာထူးတက်၊ ပြည်ပခရီးများသို့ သွားရခြင်းစသည့် ကောင်းကျိုးသုခများကို ဆက်လက်၍ ခံစားစံစားရသည်ဟူ၏။

ဤသို့ဆိုလျှင်မြင်းမြှုရှင်နတ်အားပူဇော်ပသခြင်းဖြင့်ကောင်းကျိုးရလဒ်လေလားဟု တွေးဆဖွယ်ပါတည်း။

* * *

နောက်ဖြစ်စဉ် တစ်ခုနှင့် ဆက်နွယ်သူကား ကျွန်ုပ်၏တူတော်သူမောင်လှဦး။ သူသည် ဗုဒ္ဓဘာသာမှတစ်ပါး အခြားသောအရာများကို မကိုးကွယ် မဆည်းကပ်၊ ဗုဒ္ဓအဘိဓမ္မာ(၉)ပိုင်းကိုလည်း အောင်မြင်ထားသူဆိုတော့ ဘာသာရေးကိုသာ တစူးတစိုက် ပြုလုပ်နေ၏။ သူ၏ဇနီးသည်နှင့်သူကား ပြဒါးတစ်လမ်း၊ သံတစ်လမ်းဟုဆိုသော် ရနိုင်၏။ သူ၏ဇနီးသည်က နတ်တွေကို ယုံကြည်၏၊ နေအိမတွင် နတ်ရုပ်တွေ စုံစီနဖာထားရှိထားရာ မြင်းမြှုရှင်နတ်လည်းပါဝင်လေ၏။ နတ်ရုပ်အသီးသီး၏ရှေ့တွင်လည်း ဆိုင်ရာဆိုင်ရာပွဲတွေနှင့်အမွှေးတိုင်၊ အလင်းတိုင်တို့မှ ထွက်ပေါ်လာသော မီးခိုးတွေကလည်း တစ်အိမ်လုံး မှောင်ပိန်းလုမတတ် ရှိနေလေ၏။ သူမ၏ အဆိုကား နတ်တွေက သူတို့၏ဘဝ၊ သူတို့၏ အိမ်ခြံ၊ သူတို့၏စီးပွားရေးကို အထူးစောင့်ရှောက်သည်ဟူ၏။

တစ်နေ့ တူတော်မောင်၏ ဇနီးဖြစ်သူ မလှသန်းကျွန်ုပ်ရှိရာသို့ ငိုကြီးချက်မနှင့် ရောက်လာပြီး ဦးလေးရဲ့တူ အိမ်မှာ သောင်းကျန်းနေတယ်၊ သူကိုလည်း ရိုက်နက်တယ်ဟု ဆိုလေရာ - မလှသန်းအား ကျွန်ုပ်၏ဇနီးသည်နှင့်သားရှိပြီး တူတော်မောင်ရှိရာသို့ သွားရပေ၏။



နေအိမ်တစ်ခုလုံး မှုစာကြဲနေ၏၊ ကျွန်ုပ်လည်း တူတော်မောင်အား ဖြစ်စဉ်ကို မေးမြန်းရာ -

"ဦးရယ် - ကျွန်တော် ဘယ်လောက် လုပ်ထားတယ်ဆိုတာ ဦးသိပါတယ်၊ ဘာသာစကား အမျိုးမျိုး သင်ယူပြီး ဟိုတယ်ကြီးမှာ ဝင်လုပ်တာ FEC နစ်ရာကျော်လောက်ရတယ်၊ တစ်အိမ်လုံး အဆင့်မြင့်မြင့် နေထိုင်နိုင်ခဲ့တယ်၊ အခု ကြိုးစားရှာဖွေထားတာ ကုန်ပြီ၊ မနေ့ညက အိမ်အဖော်ခံရတာ၊ ကျွန်တော် အဲဒီညက ဟိုတယ်မှာ ညတာဝန်ကျတာ၊ မလှသန်းက သူ့အမေဆီသွားအိပ်တယ်၊ အိမ်နဲ့စီးပွားရေးကိုစောင့်ရှောက်ပါမယ်ဆိုတဲ့ဟာတွေလေ၊ ကျွန်တော် ပေါက်ကွဲပြီး ရိုက်ချိုးပစ်နေတာ"

ကျွန်ုပ်ဝေ့ဝဲကြည့်လေတော့ ဟုတ်ပါ၊ နတ်ရုပ်တွေ စုံစီနဖာ၊ မြင်းမြှုရုပ်လေးလည်း တစ်စစီ ကျိုးပဲ့နေလေရဲ့။

"ပြီးတာပြီးစေတော့ကွာ၊ မလှသန်းကို မင်းပြန်လာခေါ်၊ အစကတော့ ချစ်လို့အလိုလိုက်ထားတာဆို၊ မင်းကွာ တစ်ခါမှ ဒေါသမထွက်စဘူး။ မင်းက ဘာသာရေးသမားလေ"

"ဟုတ်ကဲ့ပါဦး - မလှသန်းကိုပြန်ခေါ်ပါ့မယ်၊ သူ့အရုပ်တွေ အိမ်ပေါ်တင်မထားဖို့တော့ ကတိတောင်းရမယ်၊ ဦးတို့ သက်သေရှိတယ်နော်"

ကျွန်ုပ်၏ တူမောင်လှဦးသည် သူ့ဇနီးသည်မလှသန်းအား ပြန်လည်ခေါ်ယူကာ ချစ်ခင်စွာ ပေါင်းသင်းခဲ့ပါ၏၊ သူတို့နေအိမ်တွင်မတော့ ဘုရားရှင်တော်မြတ်ကျောင်းဆောင်မှတစ်ပါး မည်သည့်အရာမှ မရှိချေတော့ပြီ၊

အလုပ်ကြိုးစားသော၊ ဘာသာရေးကိုင်းရှိုင်းသော တူတော်မောင်တားစကော့ပှဟိုတယ်ကြီးတွင် လစာကောင်းကောင်းဖြင့် အလုပ်သွားရောက်လုပ်ခဲ့ရာ မလှသန်းလည်း သျှောင်နောက်ဆံထုံးပါဆိုသည့်ထုံး နလုံးမှု၍ ပျော်ရွှင်စွာ လိုက်ပါသွားလေတော့၏။




www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကြောင်းအစတွင် ကျွန်ုပ်ဖော်ပြထားခဲ့ပါ၏၊ ကျွန်ုပ်သည် နတ်ကို မယုံကြည်သည်လည်း မဟုတ်၊ ယုံကြည်သည်လည်းမဟုတ်ဟူ၍ ဖြစ်ပါ၏။ ယုံကြည်သူများသည် သူ့အကြောင်းနှင့်သူ ဖြစ်သလို မယုံကြည်သူများသည် လည်း သူ့အကြောင်းနှင့်သူ ဟူ၍သာ မှတ်ယူထားပါ၏။ မိမိတို့ဆန္ဒအတိုင်း သာ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်ဟု ဆိုချင်ပါ၏။ သို့သော်ငြားလည်း ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကိုတော့ ဦးထိပ်ထားကြ ပါရန်ကိုတော့ အကြံပြုလိုက်ရပါသည်။ လောကတွင် ရတနာမြတ်သုံးပါးမှ တစ်ပါး အခြားကိုးကွယ်ရာမရှိဟု နိုင်မာစွာ သစ္စာသန္နိဋ္ဌာန်ချအပ်ပါသတည်း။

➡ ကိုမောင်သန်းဝင်း




www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာလက်နက် ရုးကာထက်၏

**နေနေ**

ကျွန်မ၏ခင်ပွန်းသည် ၁၉၉၁ ခုနှစ်တွင် စကော်ပူနိုင်ငံ၌ သွားရောက် အလုပ် လုပ်ကိုင်ပါသည်။ ၁၉၉၄ ခုနှစ်တွင် ကျွန်မနှင့် ရှစ်နှစ်သားတို့ စကော်ပူနိုင်ငံသို့လိုက်သွားပါသည်။ ကျွန်မသည် အဲယားကွန်းစက်ရုံတွင် အလုပ်ရပါသည်။ ကျွန်မ တာဝန်ကျသည့်နေရာသည် ဝါယာကြိုးများ သွယ်တန်း ချိတ်ဆက် ရည်နောင်ရသည့်နေရာဖြစ်ပါသည်။ ဝါယာကြိုးများ သပ်ရပ်စွာပြုလုပ်ပြီးလျှင် ဝက်အူများကို စက်ဖြင့် တပ်ဆင်ပေးရပါသည်။ ထိုင်၍ပြုလုပ်ရခြင်းဖြစ်ပါသည်။ ဝါယာကြိုးများ သပ်ရပ်စွာပြုလုပ်ပြီးလျှင် ဝက်အူများကို စက်ဖြင့် တပ်ဆင်ပေးရပါသည်။ ထိုင်၍ပြုလုပ်ရခြင်းဖြစ်ပါသည်။ လူတစ်ကိုယ်လုံးတွင် လက်နှစ်ဖက်သာ ပင်ပန်းရသော အလုပ်ဖြစ်သည်။

သို့သော် တစ်ခါတစ်ရံ အလွန်ကြီးမားသော အဲယားကွန်းများ ပြုလုပ်ပေးရပါသည်။ ထိုအခါ တစ်နေ့လုံး မတ်တတ်ရပ်၍ ပြုလုပ်ရပါသည်။ ၁၉၉၅ ခုနှစ်တွင် ကျွန်မ ကိုယ်ဝန်ရှိပါသည်။ ကျွန်မသည် အလုပ်အလွန်ကြိုးစား၍ သပ်သပ်ရပ်ရပ် ပြုလုပ်တတ်သောဉာဉ်ကြောင့် အထက် လူကြီးများ ခေါင်းဆောင်များက ချစ်ခင်ကြပါသည်။ ကျွန်မ၏ကိုယ်ဝန်ကိုလည်း ဂရုစိုက်



ရန် အမြဲသတိပေးပါသည်။ ကိုယ်ဝန် နှစ်လခန့်ရှိသောအခါ တစ်ညတွင် အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ကုံလုံဆရာတော်ကြီးသည် အနည်း ပန်းများ ဖော်ထားသော ကုလားထိုင်ကြီးပေါ် ထိုင်နေပါသည်။ ကျွန်မသည် ဆရာတော်ကြီး၏ ခြေဖမိုးနှစ်ဖက်ပေါ်တွင် မျက်နှာအပ်၍ ငိုနေပါသည်။ ဆရာတော်ကြီးက ကျွန်မ၏ ဦးခေါင်းပေါ် လက်ဝါးဖြင့်အုပ်၍ တစ်စုံတစ်ရာ ရွတ်ဖတ်နေပါသည်။ ထိုသို့ ကျွန်မ မျက်စိထဲမှာ ရှင်းရှင်းပြသလို မြင်ရပြီး အိပ်ရာမှ လန့်နိုးသွားပါသည်။ အိပ်မက်သည် ထူးဆန်းသည်ဟု စိတ်ထဲတ ထင်သော်လည်း အဓိပ္ပာယ် မဖော်တတ်ပါ။

မနက်ကျွန်မအလုပ်ထဲရောက်သောအခါလိုင်းစပွဲဖွင့်ခါနီးခေါင်းဆောင် က အလုပ်သမားအားလုံးကို ခေါ်ပါသည်။ ဒီနေ့တွင် အလွန်ကြီးမားသော အဲယားကွန်းကြီးများ တပ်ဆင်မှာဖြစ်ကြောင်း မိမိကျရာနေရာတွင် မမှားရန် ဂရုစိုက်ရမည်ဖြစ်ကြောင်း ပြောကာနေရာချပါသည်။ ကျွန်မက ထိုအလုပ်များ ကို လုပ်ဖူးသော်လည်း ကျွန်မဘေးမှ အလုပ်သမားအသစ်က မလုပ်ဘူးပါ။ လိုင်းဖွင့်ပြီး ကျွန်မနေရာမှ ကျော်သွားသည်နှင့် သူ မီအောင် လိုက်မလုပ် နိုင်ပါ။ ခေါင်းဆောင်က သူ့ကို ကူညီပေးသော်လည်း အခြားကိစ္စရှိ၍ ခေါင်းဆောင်ထွက်သွားသည်နှင့် သူ့ကို ကူညီမည့်သူ မရှိပါ။ ထိုအခါ သူ့ကို သနား၍ အဲယားကွန်းတင်ထားသော ခုံကို ဘီးများပေါ်တွင် သူဆီ မရောက်မီ ပြန်ပြန် တွန်းထားလိုက်ပါသည်။

သုံးရက်အကြာတွင်ကျွန်မကိုယ်ဝန်ပျက်ကျပါသည်။ စက်ရုံဆေးခန်း ရောက်၊ ထိုမှတစ်ဆင့် ဆေးရုံကြီးသို့ ရောက်သွားပါသည်။ ကျွန်မခင်ပွန်းထံ ဖုန်းဆက်ခေါ်ပါသည်။ ဆေးရုံရောက်ကတည်းက ပိုးရဲပေါ်တက်ထိုင်လိုက် ရပြီး မာတ်လှေကားဖြင့် အပေါ်တက်၊ အောက်ဆင်း တစ်ခန်းဝင် တစ်ခန်း ထွက် စစ်ဆေးလိုက်ရာ ညနေတွင် ပြန်နိုင်းလိုက်ပါသည်။ နိုင်ငံခြားသား အလုပ်သမားများကို သန္ဓေသား ပြုတ်မကျမီ သားအိမ်ခြစ်ခွင့် မရှိကြောင်း သွေးအများကြီး သွန်လာလျှင် ဖုန်းဆက်ရန် ထိုအခါ လူနာတင်ယာဉ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သူတို့ လာခေါ်မည်ဖြစ်ကြောင်း မှာလိုက်ပါသည်၊ ဆေးခွင့်တစ်ပတ် ပေးလိုက်ပါသည်၊ ထိုတစ်ပတ်လုံး ကျွန်မမှာ အိပ်လိုက် စားလိုက်နှင့် မည်သည့်ဝေဒနာမှု မခံစားရပါ၊ သွေးနည်းနည်းသာ ဆင်းပါသည်၊ အလုပ်ထဲမှ ခေါင်းဆောင်နှင့် အလုပ်သမားများ သတင်းလာမေးကြပါသည်၊ တစ်ပတ်ပြည့်၍ ဆေးရုံရောက်သောအခါ ပထမတစ်ကြိမ်အတိုင်း တစ်ခန်းဝင် တစ်ခန်းထွက် စမ်းသပ်ပြန်ပါသည်၊ ပြီးနောက် ပထမတစ်ကြိမ်အတိုင်း မှာကြားကာ ခွင့်တစ်ပတ် ထပ်ပေးလိုက်ပြန်သည်၊ ကျွန်မသည် အိပ်လိုက် စားလိုက်ဖြင့် နောက်တစ်ပတ် ကုန်သွားပြန်ပါသည်၊ တတိယအကြိမ်သည်လည်း ပထမနည်းအတိုင်း ပြန်လွှတ်လိုက်ပြန်သည်၊ ထိုအခါ ကျွန်မသူငယ်ချင်းက အပြင်ဆေးခန်းပြရန် ပြော၍ ခေါ်သွားပါသည်၊

ထိုဆေးခန်းမှ ဒေါက်တာဌွန်တီလင်းသည် စင်္ကာပူရောက် မြန်မာအတော်များများကို ကလေးမွေးပေးနေသော သားဖွားအထူးကုဖြစ်သည်၊ ကျွန်မအား အာထရာစောင်းရိုက်ပြီးသောအခါ မနက်ဖြန် (၉)နာရီ လာရန်၊ မေ့ဆေးပေးပြီးသားအိမ်ခြစ်ရန် မှာလိုက်ပါသည်၊ နောက်နေ့တွင် (၉)နာရီ ဆေးခန်း ရောက်သွားပါသည်၊ ကျွန်မအမျိုးသားကို (၁၂)နာရီ တိတိ လာခေါ်ခိုင်းပါသည်၊ (၅)မိနစ်သာ လိုပါသည်၊ ကျွန်မသည် လာခေါ်သောခင်ပွန်းနှင့် အိမ်ပြန်လိုက်သွားရပါသည်၊ တတိယအကြိမ် ဆေးရုံက ပေးလိုက်သော ဆေးခွင့် တစ်ပတ်ထပ်ရပါသည်၊ သားအိမ်ခြစ်သည်ဆိုသော်လည်း စူးခြင်း၊ နာခြင်း၊ အောင့်ခြင်း လုံးဝ မခံစားရပါ၊ သုံးပတ်ပြည့်၍ ကျွန်မ အလုပ်ဆင်းသောအခါ စင်္ကာပူနိုင်ငံသူ အလုပ်သမား အမျိုးသမီးများ ကျွန်မနားဝိုင်းလာကြပါသည်၊ တစ်ယောက်တစ်ပေါက် မေးကြပြီး မကျေမနပ် ပြောနေသည်များကို ကျွန်မ နားထောင်ကြည့်သောအခါ သူတို့ကိုယ်ဝန်ပျက်ကျပါက ခွင့်တစ်ပတ်သာရသည်၊ ကျွန်မကမူ ခွင့်သုံးပတ် ရလိုက်သည်တဲ့လေ၊

– ✡ –



ကျွန်မရော ခင်ပွန်းသည်ပါ အလုပ်အကိုင်အဆင်ပြေပါများ၍ မိဘများ အသက်ကြီးရင့်ကြပြီမို့ ၁၉၉၇ ခုနှစ်တွင် မြန်မာပြည်သို့ အပြီးပြန် ခဲ့ကြပါသည်၊ မြန်မာပြည် ပြန်ရောက်ပြီး မကြာမီ ကျွန်မ ကိုယ်ဝန်ရှိပါသည်၊ သားကြီးမှာ အသက် (၁၁)နှစ် ရှိပါပြီ၊ ကျွန်မ အသက်က (၃၈)နှစ် တလေးရှိနိုင်တော့ဟု ထင်ထားရာမှ ကိုယ်ဝန်ရှိလာသဖြင့် အလွန်ဝမ်းသာမိပါသည်၊ ကိုယ်ဝန် (၆)လ စန့်ရသောအခါ ကျွန်မ မိဘ ညီအစ်ကို မောင်နှမများနှင့် ခင်ပွန်း၊ သားကြီးတို့ ဘုရားဖူးထွက်ရန် စီစဉ်ကြပါသည်၊

မော်လမြိုင် သာမညဆရာတော်ကြီးကို ဖူးချင်နေပါသည်၊ မိသားစု ဘုရားဖူးထွက်သွားပြီးနောက် တစ်နေ့ညတွင် ကျွန်မ အိပ်မက်မက်ပါသည်၊ ကျွန်မတို့ကားထဲတွင် ဒရိုင်ဘာက ရှေ့မှမောင်း၍ ကျွန်မက နောက်မှ ထိုင်လျက် ကားလမ်းမပေါ်တွင် မောင်းနေပါသည်၊ ထိုအချိန်တွင် သာမညဆရာတော်သည် မောင်းနေသည့်ကား၏ ပြတင်းပေါက်မှ ကြွလာကာ ဒရိုင်ဘာဘေးရှိ ခုံပေါ် ထိုင်လိုက်ပါသည်၊ ဒရိုင်ဘာသည် အံ့ဩထိတ်လန့်၍ ကားကို ဘရိတ် အုပ်ကာ ရပ်လိုက်ပါသည်၊

"ကဲ – ဒကာမကြီး၊ ဖူးချင်နေတာ ဆန္ဒပြည့်သွားပြီ မဟုတ်လား၊ လှူချင်တာရှိရင် လှူလေ"

ကျွန်မသည် အံ့ဩဝမ်းသာလွန်း၍ တုန်ယင်နေသော လက်ဖြင့် လက်ကိုင်အိတ်ကို ဖွင့်လိုက်သောအခါ ပန်းသီးတစ်လုံးနှင့် စံပယ်ကုံးများ တွေ့ရပါသည်၊ ထိုပန်းသီးနှင့် စံပယ်ပန်းကုံးအား ဆရာတော်ကို ရိုရိုသေသေ လှူပြီးသောအခါ ဆုတွေပေးပြီး ကားတံခါးပင် မဖွင့်ပဲ ပြန်ကြွသွားပါသည်၊ အိပ်ရာမှ နိုးသောအခါ ကျွန်မတစ်ကိုယ်လုံး ပီတိများ ဖုံးနေပါသည်၊ ထိုသို့ ထူးခြားသောပုဂ္ဂိုလ်များ၊ ထူးခြားသောနေရာများသို့ အိပ်မက်ထဲတွင် အကြိမ်ကြိမ် မက်ခဲ့သည်များကို နောက်မှ အလျဉ်းသင့်သလို ဖော်ပြသွားပါမည်၊

ကိုယ်ဝန် (၇)လ စန့်တွင် ကျွန်မတို့ ကိုးကွယ်သော ဆရာတော်မှ မွေးဖွားရန် နေ့ရက် အချိန်နာရီတို့ကို တွက်ချက်ပေးပါသည်၊ အချိန်ကိုက် မွေး



www.burmeseclassic.com

www.burmeseclassic.com

ဖွားရန် ခွဲစိတ်ပေးမည့် OG နှင့် တိုင်ပင်ရပါသည်၊ ကျွန်မ၏ အသက်အရွယ်ကြောင့် ဗဟိုအမျိုးသမီးဆေးရုံကြီးကို ရွေးချယ်လိုက်ပါသည်၊ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ (၂၆)ရက်နေ့ တစ်ရက်ကြို၍ ဆေးရုံတက်ရပါသည်၊ ဆေးရုံရောက်သောအခါ ကျွန်မအား စမ်းသပ်ခန်းအတွင်း ခေါ်သွားပါသည်၊ အတူလိုက်ပါလာသော ညီမနှင့် ကျွန်မ၏ ခင်ပွန်းက စာရေးမ လိုက်ပြသောအခန်းများကို လိုက်လံကြည့်ရှုကြပါသည်၊

ထို့နောက် ကျွန်မတက်မည့် အခန်းနံပါတ် (၁၀)တွင် ဆွေမျိုးမိသားစုများနှင့် ပြည့်နေပါသည်၊ အစားသောက်များ စားသောက်၍ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်နေကြပါသည်၊ ည(၇)နာရီတွင် ညစောင့် ရောက်မလာပါ၊ ည (၉)နာရီမှ လူစုခွဲ၍ အသီးသီး အိမ်ပြန်သွားကြပါသည်၊ အခန်းထဲတွင် ကျွန်မ၏ အစ်မအကြီးဆုံး ကျွန်မနှင့် ဆရာမသာ ကျန်ခဲ့ပါသည်၊ ကလေးမွေးဖွားပေးသော ဆေးရုံဖြစ်သော်လည်း သီးသန့်ခန်းများဖြစ်သဖြင့် ကလေးငိုသံကပင် မကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေပါသည်၊ အစ်မကြီးက ကျွန်မကို စောစောအိပ်ခိုင်းပါသည်၊ ကျွန်မသည် ကုတင်ပေါ်တွင် ခေါင်းရင်းဘက်သို့ လှည့်ကာ ဘုရားကန်တော့ပြီး အိပ်လိုက်ပါတော့သည်၊ ကျွန်မ အိပ်မောကျနေစဉ် ...

– ✡ –

"ငါ့ကုတင်ပေါ်က အမြန်ဆင်းစမ်း"

ဟု အသံနက်ကြီးဖြင့် အော်ဟစ်၍ ကျွန်မကို ချွန်ထက်သော လက်သည်းကြီးများဖြင့် ကုတ်ခြစ်ပါသည်၊ လူကိုတော့ မမြင်ရပါ၊ ကျွန်မ၏ မျက်နှာနှင့် လည်ပင်းတို့ကို ကုတ်ခြစ်နေသော လက်သည်းများကို ရှောင်တိမ်းရင်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ... အစရှိသည့် သရဏဂုံသုံးပါးကို ရွတ်ဆိုနေပါသည်၊ ထိုသို့ ရွတ်ဆိုနေရင်း ကျွန်မကို တစ်ချက်မျှ မကုတ်ခြစ်မိပဲ အိပ်ရာမှ လန့်နိုးသွားပါသည်၊ ကျွန်မသည် မကြောက်တတ်ပါ၊ ထူးတော့ထူးသည်၊ သတိထားရမည်ဟု ကျွန်မစိတ်ထဲ မှတ်ထားလိုက်ပါသည်၊



အစ်မကြီးနှင့် ဆရာမတို့သည် ခရင်းဘက်တစ်သောင်တာစ်ငုံးစီနှင့်အိပ်ပျော်နေကြပါသည်၊ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုရင်း ကျွန်မ ပြန်အိပ်လိုက်ပါသည်၊ မိုးလင်းသည်အထိ နောက်ထပ် အိပ်မက် မမက်တော့ပါ။

နောက်တစ်နေ့ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် မိသားစုအားလုံး ကျွန်မအခန်းထဲရှိနေပါသည်၊ နေ့လယ် (၁၂)နာရီတွင် ကျွန်မတို့ ခွဲစိတ်ခန်းထဲ ခေါ်သွားပါသည်၊ သားငယ်ကို မွေးရင်းသားကြောပါဖြတ်လိုက်ပါသည်၊ နေ့လယ် (၁)နာရီ (၂)မိနစ်တွင် သားငယ်ကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားနိုင်ခဲ့ပါသည်၊ ကျွန်မသတိရတော့ ညနေ (၄)နာရီခန့် ရှိပါပြီ၊ သတိရချိန်တွင် ဝမ်းဗိုက်မှ အလွန်နာကျင်သည့်ဝေဒနာကို ခံစားရပါသည်၊ လက်မှာလည်း ပိုက်တန်းလန်းနှင့် ဆေးသွင်းထားပါသည်၊ ညနေ (၅)နာရီခန့်တွင် သားငယ်ကို ကျွန်မအခန်းထဲ လာပို့ပါသည်၊ ကလေးသည် နနယ်လွန်းသောကြောင့် ဆရာမမှလွဲ၍ မည်သူမျှ မချီပိုးရပါ၊ ဆရာမက လှဲလျက် အနေအထားဖြင့် ကလေးကို နို့ဦးရည် တိုက်စေပါသည်၊ ထို့နောက် နို့မထွက်မီ နို့ဘူးဖျော်တိုက်ပြီး အိပ်ပျော်သွားသောကလေးကို ကျွန်မ ကုတင်ရင်းရှိ ကလေးပုခက်ထဲ ထည့်သိပ်လိုက်ပါသည်၊ ထည့်သိပ်ပြီး (၅)မိနစ်မျှပင် မကြာပါ၊ ကလေးက စူးစူးဝါးဝါး ထငိုပါသည်၊ ကလေးကို ပြန်ချီယူ၍ အိပ်ပျော်သွားသောအခါ ပုခက်ထဲ ထည့်ပြန်ပါသည်၊ ကလေးက ငိုပြန်ပါသည်၊ ကျွန်မအမေနှင့် အစ်မများက အောက်ခံအခင်းများကို ခါ၍ ပုရွက်ဆိတ်ရှိလား ရှာကြပါသည်၊ ထို့နောက် အခင်းဖြန့်ခင်းကာ ကလေးကို ပြန်ထည့်ပါသည်၊ ငိုပြန်ပါသည်၊ ဒီတစ်ခါတော့ ကျွန်မ အိပ်မက်ကိုသွား၍ သတိရလိုက်မိပါသည်၊ ကလေးငိုခြင်းသည် ကျွန်မနှင့် ဆက်စပ်နေသည်ဟု ထင်လိုက်ပါသည်၊ ထို့ကြောင့် ...

"ဆရာမ – ကလေးကို ကျွန်မ ရင်ခွင်ထဲမှာပဲ သိပ်ချင်တယ်"

"ဟယ်...ဘယ်ဖြစ်မလဲ...နေ့နေကဒီတစ်ညလှုပ်လို့မရသေးဘူးလေ၊ အနေကျပ်ပါတယ်၊ ဆရာမ ရအောင် သိပ်ပေးပါ့မယ်"

"ရပါတယ်ဆရာမ ကျွန်မဘေးမှာပဲ လာထားပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအတန်တန်ပြောတော့မှ အိပ်ပျော်နေသောကလေးကိုကျွန်မ ဘေးတွင် ချထားပေးပါသည်၊ ထိုအခါမှစ၍ ငိုသံမကြားရတော့ပဲ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်နေပါသည်၊ ည (၉) နာရီတွင် ကျွန်မိသားစုအားလုံး ပြန်သွားပါသည်၊ အခန်းထဲတွင်အစ်မလတ် ဆရာမနှင့်ကျွန်မတို့သားအမိနှစ်ယောက်ပဲ ကျန်ပါသည်၊ ထိုညက ကျွန်မ အိပ်မက်မမက်ပါ။

— ✡ —

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ဆေးသွင်းထားသော ပိုက်များအားလုံး ဖြုတ်လိုက်ပါသည်၊ သို့သော် ကျွန်မ မထနိုင်သေးပါ။ သားကြောဖြတ်ထားသောကြောင့်ဟု ဆရာမက ပြောပါသည်၊ ကျွန်မတို့ ညီအစ်မငါးယောက်သည် မိတ်ဆွေအပေါင်းအသင်း အလွန်ပေါသဖြင့် အခန်းထဲတွင် သတင်းလာမေးသော ဧည့်သည်များဖြင့် တစ်နေ့လုံး စည်ကားနေပါသည်၊ ဧည့်သည်များနှင့် စကားပြောလိုက်၊ သူတို့ပြောတာတွေ နားထောင်လိုက်နှင့် ပင်ပန်းသွားပြီး ညနေ (၆) နာရီခန့်တွင် မှေးခနဲ အိပ်ပျော်သွားပါသည်၊

"နင်အခုထိ ငါ့ရုတင်ဘေးက မဆင်းသေးဘူးလား၊ ငါအိပ်စရာမရှိဘူးဟဲ့ ... သေပေတော့"

ဟု အသံနက်ကြီးဖြင့် အော်ဟစ်ရင်း ကျွန်မကုတင်ကို တွန်းသွားပါသည်၊ သားငယ်ကို ဆရာမ ချီပိုးထားသဖြင့် ကျွန်မတစ်ယောက်တည်း သရက်ဂုံသုံးပါးရွတ်ရင်း ပါသွားပါသည်၊ ဆေးရုံကော်ရစ်ဒါအတိုင်း တွန်းသွားရာအတော်ဝေးဝေး ပါသွားပါသည်၊ ထို့နောက် လမ်းခုလတ်တွင် ကျွန်မကုတင်ကို ထားခဲ့ကာ ရိပ်ခနဲ ပြေးသွားသည်ကို တွေ့လိုက်ရပါသည်၊ ကျွန်မလည်း လန့်နိုးသွားပါသည်၊

ကျွန်မမှာ အခန်းထဲတွင် ရှိနေသေး၍ တော်ပါသေးရဲ့ဟု တွေးလိုက်မိသည်၊ ကျွန်မတစ်ခုခုလုပ်မှဖြစ်တော့မည်ဟုသဘောပေါက်လိုက်ပါသည်၊ ထို့ကြောင့် ...



"ဆရာမ ... ကျွန်မကို ထူပေးပါလား - ထိုင်ချင်တယ်"

"အေးအေး - ကောင်းတယ်၊ ဒါမှ ချုပ်ရိုးမြောင်ပြီး မြန်မြန်ကျက်မှာ"

ဆရာမက ထူပေးပြီး ခေါင်းအုံးခုကာ ထိုင်စေပါသည်၊ ဝမ်းဗိုက်ချုပ်ရိုးနေရာမှ နာကျင်သည်မှာ စူးစူးဝါးဝါးပင်၊ ကျွန်မ၏အမေတာ



'ငါ့ကုတင်ပေါ်က အခုဆင်းခမ်း'
ဟု အသံနက်ကြီးဖြင့်
အော်ဟစ်၍
ကျွန်မကို
ချွန်ထက်သော
လက်သည်းကြီးများဖြင့်
ကုတ်ခြစ်ပါသည်။
လူကိုတော့ မမြင်ရပါ။



www.burmeseclassic.com

www.burmeseclassic.com

"သမီးထိုင်ရတာ အဆင်ပြေရဲ့လား၊ သိပ်နာရင်ပြန်လှဲနေလိုက်လေ"

"ရပါတယ် အမေ - သမီး ဘုရားစာရွတ်ချင်လို့"

"အော် ... အေး - အေး...ရွတ်၊ သမီး - ရွတ်"

ကျွန်မလက်ကလေးကို ကိုင်ထားရာမှ လွှတ်၍ အမေထွက်သွားပါသည်၊ ဆက်တီတွင် ဆရာမ ကလေးချီထားသော အစ်မနှင့်အမေတို့ စကားပြောနေကြပါသည်၊ ကုတင်ပေါ်တွင်ထိုင်နေသောကျွန်မသည် နစ်ကိုယ်ကြား စကားပြောသလို ပြောလိုက်ပါသည်၊

"အခုလို ငါ့ကို နှောင့်ယှက်နေတဲ့အတွက် ငါ စိတ်မဆိုးပါဘူး၊ နင့်ကို သနားတောင် သနားနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကုတင်က ငါလည်း မပိုင်ဘူး၊ နင်လည်း မပိုင်ဘူး၊ ဆေးရုံကပိုင်တာ - ငါတို့က ဧကလာတဲ့ ဧည့်သည်တွေပါ၊ ဒါကို နင်သိစေချင်တယ်၊ ကိုယ်မပိုင်တဲ့နေရာကို စွဲလန်း မနေပါနဲ့တော့၊ အခု ငါ မေတ္တာသုတ် (၃)ခေါက်ရွတ်မယ်၊ သေသေချာချာ နားထောင်ပြီး ငါ မေတ္တာပို့ အမျှဝေတဲ့အခါ သာဓုခေါ်နော်"

ထိုသို့ ပြောပြီး ကျွန်မသည် ငါးပါးသီလယူကာ မေတ္တာသုတ် စရွတ် ပါသည်၊ မျက်စေ့မှိတ်၍ ဘုရားကို အာရုံပြုကာ မေတ္တာသုတ် (၃)ခေါက်ရွတ် ပြီး မေတ္တာပို့ အမျှ ဝေလိုက်ပါသည်၊ ထိုနေ့မှစ၍ ကျွန်မသည် မည်သည့် အနှောင့်အယှက်မျှ မကြုံရတော့ပဲ နစ်နစ်မြိုက်မြိုက် အိပ်နိုင်ပါသည်၊ ကျွန် မသည်ဆေးရုံတွင် တစ်ပတ်နေရပါသည်၊ မနက်ဖြန်ဆိုလျှင်ကျွန်မဆေးရုံက ဆင်းရပါတော့သည်၊ ကလေးရောကျွန်မပါ ကျန်းမာသည်မို့အမေနှင့် အစ်မ များညနေ (၅)နာရီခွဲ ကျော်ကျော်တွင်ပြန်သွားကြပါသည်၊ ကျွန်မ၏ ခင်ပွန်း က ဆေးရုံမှာအိပ်မှာမို့ည (၉)နာရီခန့်ပြန်လာခဲ့မည်ဟုပြောကာ အမေတို့နှင့် ပြန်လိုက်သွားပါသည်၊

ဆောင်းရာသီမို့နေဝင်စောလှပါသည်၊ ဆေးရုံတစ်ခုလုံးတိတ်ဆိတ် နေပါသည်၊ မကြာမီ မိုးချုပ်တော့မည်၊ ကျွန်မသည် သားငယ်ကို ကုတင်ခေါင်း တွင် နို့တိုက်နေပါသည်၊ ဆရာမက ဆက်တီပေါ်တွင်ထိုင်၍သီချင်းညည်းနေပါ သည်၊ ထိုအချိန်တွင် ...

– ✡ –

"ဒေါက် - ဒေါက် "ဟု တံခါးခေါက်သံ ကြားရသည်၊ ဆရာမသည် ထိုင်နေရာမှထ၍တံခါးသွားဖွင့်လိုက်ပါသည်၊ တံခါးဝတွင်အသက်သုံးဆယ် ခန့် ချောမောလှပသော ကုလားမတစ်ယောက်နှင့် သူ့မ၏ဘေးတွင် ရှစ်နှစ် အရွယ်ခန့် ကုလားမလေးတစ်ယောက်ကို တွေ့ရပါသည်၊

"အစ်မနဲ့ ကလေးကို ကြည့်ချင်လို့ပါ"

ဆရာမက အသိလားဟု ကျွန်မဘက်လှည့်ပြီး မေးဆတ်ပြပါသည်၊ ကျွန်မသည် အိမ်ထောင်ကျခါစက ကန်တော်ကလေးတွင် နှစ်အတော်ကြာ နေခဲ့ဖူးသဖြင့် အသိတစ်ယောက်များလားဟုတွေးကာ ဆရာမကို ခေါင်း ညိတ်ပြလိုက်သည်၊ သူတို့နှစ်ယောက်ဝင်လာပြီးဆရာမက တံခါး ပြန်ပိတ် လိုက်သည်၊ ပေါင်လယ်အထိရှည်သော အင်္ကျီ၊ ဘောင်းဘီရှည် ပုဝါနှင့် သစ် သစ်လွင်လွင် ဝတ်ထားပါသည်၊ နဖူးပေါ်တွင်အနီစက်နှင့်သေချာကြည့်တော့ ရုပ်ချင်းဆင်သဖြင့် သားအမိမှန်း သိသာလှသည်၊

ကျွန်မ၏ကုတင်ဘေးတွင် ရပ်၍ ပြုံးပြီး ကြည့်နေပါသည်၊ သူတို့က လည်း ဘာမျှမပြော၊ ကျွန်မကလည်း ဘာမျှမမေးမိပါ၊ ဆယ်မိနစ်ခန့်ကြာသွား သည်ဟု ထင်မိပါသည်၊

ထို့နောက် -

"အစ်မကို အရမ်း ကျေးဇူးတင်လို့ လာတွေ့တာပါ၊ အခု ကျွန်မတို့ သားအမိသွားရတော့မှာမို့ လာနှုတ်ဆက်တာပါ"

သူ့စကားဆုံးသည်နှင့် အိပ်မက်ကို သတိရပြီး တအံ့တသြ မော့ကြည့် လိုက်မိသည်၊ ကျွန်မအိပ်မက်ထဲက မိန်းကလေးများလားဟု စိတ်ထဲက တွေးလိုက်မိစဉ် သူမက ပြုံး၍ ခေါင်းညိတ်ပြပါသည်၊ ထို့နောက် သူ့သမီးလက် ကိုဆွဲကာ တံခါးဆီသို့လျှောက်သွားပါသည်၊ ကော်ဖီဖျော်နေသော ဆရာမက





www.burmeseclassic.com

www.burmeseclassic.com

တံခါးလိုက်ဖွင့်ပေးလိုက်ပါသည်။ အံ့သြလွန်း၍ကြောင်ငေးနေသော ကျွန်မသည် ဆရာမအသံကြားမှ သတိဝင်လာပါသည်။

"နေနေ့ အသိတွေလား"

"မဟုတ်ပါဘူး ဆရာမ"

"ဟယ် ... ဒါဆို ဘာတွေ ပြောသွားတာလဲ"

"အခန်းမှားဝင်လာတယ်လို့ ပြောပါတယ်"

"အဲ ငါထင်သားပဲ ဒါကြောင့် ကော်ဖီ မဖျော်သေးပဲ ကြည့်နေတာ"

ဆရာမ ပြောသည်ကိုနားထောင်ရင်း ကျွန်မပြုံးလိုက်ပါသည်။ ဒီတစ်ခါ အပြုံးကတော့ ပီတိပြုံးပါ။ ကျွန်မ ပြုလိုက်သော ကုသိုလ်အဖို့ဘာဂကိုရ၍ သာဓုခေါ်ပြီး လွတ်ရာကျွတ်ရာ ရောက်သွားကြပြီဟု မျက်ဝါးထင်ထင် တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

— ✡ —

ကျွန်မကလေးမွေးပြီး တစ်လကျော်သောအခါ မိသားစုကို ထိုအကြောင်းပြောပြပါသည်။ ထိုအခါမှ ကျွန်မညီမက

"ဒါကြောင့်မို့ ညီမအခန်းတွေ လိုက်ကြည့်တုန်းက သုံးခန်းလွတ်နေတယ်၊ အဲဒီအခန်း(၁၀)က ထောင့်ခန်းမို့ ဒီအခန်းယူမယ်လို့ပြောလိုက်တော့ လိုက်ပြတဲ့ အမျိုးသမီးက တခြားအခန်းယူပါလားအစ်မလို့ ပြောသေးတယ်၊ ညီမက ဒီအခန်းပဲကြိုက်တယ်၊ ဒါပဲ ယူမယ်လို့ ပြောလိုက်တယ်၊ အဲဒီ အခန်း (၁၀)က အရင်လူနာတွေလည်းအခြောက်ခံရတယ်လို့သတင်းထွက်တယ်နဲ့ တူပါရဲ့၊ အမလေး... ကြက်သီးထလိုက်တာ ညီမသာဆို ကြောက်လွန်းလို့ သေမှာပဲ" ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်မ၏ကိုယ်တွေ့နှင့်ယှဉ်၍ စာဖတ်သူများကို မှာချင်ပါသည်။ ထိုကဲ့သို့ အလားတူ အဖြစ်အပျက်မျိုး ကြုံလာပါက မကြောက်ပါနှင့်၊ ပရလောကသားများသည် သူတို့၏ မေတ္တာပို့ အမျှဝေသည်ကို လိုချင်သောကြောင့် ခြောက်လှန့်ခြင်းဖြစ်သည်ဟု ကျွန်မ ယုံကြည်ပါသည်၊ ထို့ကြောင့် မေတ္တာပို့ အမျှဝေပေးကြပါ။ ကျွန်မကတော့ ထိုနေ့မှစ၍ ကုသိုလ်တော်မှု တစ်ခုခု လုပ်တိုင်း မေတ္တာပို့ အမျှဝေခြင်းကို လေးလေးနက်နက် ပြုလုပ်ပါသည်။

လူတိုင်းမေတ္တာထားနိုင်ကြပါစေ

— နေနေ

မည်သူမဆို

ဝတ္ထုတို၊ ဝတ္ထုရှည်၊ အမိုးဝတ္ထုစာမူများ
ပေးပို့နိုင်ကြပါသည်။

မရွေးချယ်သော စာမူများကို
ပြန်လည်ပေးပို့မည်မဟုတ်ပါ၍
မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်သည် တဖြည်းဖြည်းဖြင့် အမှောင်ထုဘက်သို့ ကူးပြောင်းစ ပြုလာပြီး ထူထဲစိမ်းစိုသော အင်ရွက်များဖြင့် မိုးကာထားသော တွန်တော် တို့၏ လင့်စင်ကလေးသည် နက်ရှိုင်းသောတောစော်ဘင်ထဲတွင် နေရှင်း စွယ် ယာယီတဲနန်းကလေးနဲ့ တူလှတယ်ပြောရင် မမှားပါဘူး။




www.burmeseclassic.com

www.burmeseclassic.com

အောက်ခံကြမ်းပြင်သစ်ချောင်းတွေ…တဲခင်းတွေကတော့ ယခင် တောလိုက်မုဆိုးကြီးတွေ…သစ်ခုတ်ခားခုတ်တောတက်သမားကြီးတွေလက်ဆင့်ကမ်းအသုံးပြုသွားကြလို့နောက်ထပ်နှစ်ပေါင်းများစွာနေထိုင်နိုင်တဲ့အခြေအနေရှိနေပါသေးတယ်…၊ လူကြီးပေါင်လုံးမက ကြီးမားတုတ်ခိုင်တဲ့ အပင်ကြီးရဲ့ သစ်ကိုင်းခွဆုံမှာ ယာယီနေထိုင်နိုင်တဲ့ လင့်တဲကလေးလို ဆောက်လုပ်ထားလို့လည်း ဘယ်လိုမှ ပြိုပျက်စရာမရှိဘူးလေ…၊ မြေပြင်ကနေ ပေသုံးဆယ်ကျော် မြင့်မားနေတာကြောင့် အန္တရာယ်မပေးနိုင်တဲ့ တိရစ္ဆာန်ကြီးတွေရဲ့ရန်ကလည်း ကြောက်စရာ၊ မှုစရာမလို၊ ကျွန်တော်ကတော့ လင့်စင်ကလေးပေါ်မှာ နေနေရတာကိုကပဲ သီးခြားကမ္ဘာလေးထဲက အိမ်ကလေးလို ထင်မှတ်နေမိတယ်၊

လင့်တဲက ဆယ်ပေပတ်လည်မက ကျယ်ဝန်းတာကြောင့် တောလိုက်ထွက်လာတဲ့ကျွန်တော်တို့လေးဦးအဖို့ကျယ်ဝန်းတယ်ဆိုရမယ်လေ၊

သစ်ပင်အုပ်အုပ်ထူထူ… ဟိုးဝေးဝေးမှာ မှိုင်းပြာပြာတောင်တန်း၊ လူပတဲ့ တောတောင်ရှုခင်းအလယ်က လှသူမနီးတဲ့ လင့်တဲကို ရှာဖွေမယ်ဆိုရင် ရုတ်တရက်ရှာတွေ့ဖို့မလွယ်ပါဘူး၊ လျှို့ဝှက်သိပ်သည်းတဲ့နေရာပါ…၊ ဝါးတန်းတွေကာရံထားတဲ့ နံရံလယ်မှာ ချိတ်စရာသံချိတ်ကလေးတွေ ရိုက်ထားတာကြောင့်ရေးကနေခင်တော်ကြီးတွေတည်ဆောက်သွားတဲ့လင့်တဲဟာ နေချင်စဖွယ် ကောင်းနေတာပါ…၊ ကျေးရှူးတင်လို့မဆုံးပါဘူး၊

ကျွန်တော်… အဘဦးလင်းမောင်၊ အဘရဲ့သားတွေ ကျွန်တော်နဲ့ညီအစ်ကိုဝမ်းကွဲတော်တဲ့ မောင်ကျော်ထွန်းနဲ့ကျော်လွန်း ညီအစ်ကို… စုစုပေါင်းလေးယောက်ပေါ့…၊ သူတို့ညီအစ်ကိုကတော့ တောလိုက်တစ်ခါမှ မလိုက်ဖူးတဲ့ ကျွန်တော့်ကြောင့် အဖော်ရအောင်ဆိုပြီး လိုက်လာကြတာပါ၊ ရန်ကုန်ကနေ အဝေးကြီးက လာရတော့ သူတို့လည်း ပျော်နေကြတယ်လေ…အားတက်သရော စိတ်ပါလက်ပါ လိုက်လာကြတာပါ…၊ သူတို့မှာ ခြံလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းတွေကိုပစ်ပြီး ကျွန်တော်နဲ့အတူ တောထဲကို လိုက်လာကြတာပါ၊ ရွာကဆွေမျိုးတွေကလည်း မြို့က ကျွန်တော်တို့လာပြီဆိုရင် ဝမ်းသာအားရပါပဲ၊ ကျွန်တော်ရွာကိုရောက်တော့ [illegible] လိုက်ဖို့ ပြင်ဆင်နေချိန်နဲ့ သွားကြုံတော့ တိုင်း၍ရက်သည့်[illegible] သည်နှင့် အဆင်သင့် ဖြစ်သွားတာပေါ့၊

"ညီလေး… မင်းက ရန်ကုန်က တစ်ခါတလေမှ လာရတာဆိုတော့ ကြုံကြိုက်တုန်းတို့ညီအစ်ကိုနှစ်ယောက်ပါ တောလိုက်ကြမယ်ဟေ့"

"ဟုတ်တယ် ကိုကျော်ထွန်း… ဒွေးလေးကိုပြောမယ်၊ ကျွန်တော်တစ်ခါတလေမှ ရောက်တာဗျ…၊ ကျောင်းပိတ်တုန်း… လာလည်ရတာ–ကိုကျော်ထွန်းတို့ နှစ်ယောက်စလုံး လိုက်ရမယ်နော်…၊ ဒါမှ လူစည်စည်ကားကားနဲ့ ပျော်စရာဖြစ်မှာ"

ကိုကျော်ထွန်းက ကွမ်းဝါးရင်း တစ်ချက်ပြုံးလိုက်ကာ –

"စိတ်ချ… လိုက်မယ်ကွ… တို့လည်း တောမတက်တာကြာပြီ…တဲ…တို့ ဆယ်ရက်တစ်ပတ်အတွက်တော့ ရိက္ခာစုရမယ်၊ လက်နက်တွေပြင်ရမယ်ကွ"

နောက်တစ်နေ့တွင် ကျွန်တော်တို့က ရိက္ခာစုခြင်း၊ လေးမြားသေနတ်ပြင်ဆင်မွမ်းမံခြင်းတွေကို အပူတပြင်း လုပ်ဆောင်ကြရတယ်… ဆေးဝါးကအစပေါ့၊ ဆွေမျိုးတွေနဲ့ ခါတိုင်းလို စကားလက်ဆုံကျဖို့ မအားလပ်တော့ဘူး၊ ညမိုးချုပ် အိပ်ခါနီးလောက်ကျမှပဲ စကားပြောရတော့တာ၊

❧❧

ကျွန်တော်တို့ဟာ ကရင်ပြည်နယ်အရှေ့ခြမ်း သံလွင်မြစ်ရဲ့မြောက်ဘက် တောင်တန်းတောင်ကုန်းတွေရဲ့ခြေရင်းတောအုပ်နဲ့ သောင်းရင်းမြစ်အစပ်ကို ရောက်နေကြပါပြီ…၊ ဟိုး…တောင်ဘက်မှာ ဒေါနတောင်တန်းကို ချုပျရေးရေး မြင်နေရတယ်လေ၊ မြူငွေ့ပြာပြာအောက်ဘက်ဆီမှာ နိမ့်မြင့်မညီညာတဲ့ တောင်စွယ်တောင်တန်းတွေက တိုးဝင်နစ်မြုပ်နေကြတယ်၊ ပန်းချီဆရာတစ်ယောက်ရဲ့ လက်ရာကောင်းတစ်ချပ်လို ရှုခင်းဟာ လှမ်း





www.burmeseclassic.com

www.burmeseclassic.com

မောစရာနဲ့ ဆွဲဆောင်မှုရှိလှပါရဲ့... စိမ်းရင့်ရင့်တောတန်းကို နောင်ခံထားပြီး ငှက်တွေဟာ တစ်သုတ်ပြီး တစ်သုတ် အနောက်ဘက်ဆီကိုအိပ်တန်းဝင်နေကြပါပြီ၊ လွမ်းစရာလိုလို၊ ကြည်နူးစရာလိုလို...

မနက်ဇဘာစောကတည်းက ထွက်လာကြတဲ့ ကျွန်တော်တို့အုပ်စုဟာ နေ့လယ်ပိုင်းလောက်မှာ လင့်တဲကို ရောက်လာကြတယ်၊ အားလုံးမောဟိုက်ပင်ပန်းနေကြပြီလေ၊ ခြေပစ်လက်ပစ်ပါပဲ၊ ကျွန်တော်က ပါလာတဲ့ ငါးသေတ္တာ၊ သစ်သီးဘူး၊ သားငါးဘူးတွေနဲ့ ပေါင်မုန့်ကို စားဖို့ ပြင်ဆင်ရတယ်၊ ကိုကျော်ထွန်းနဲ့ ကိုကျော်လွန်းကတော့ လူငယ်တွေပီပီ အသားစိုလေး ရလိုရငြား လက်နက်ကိုယ်စီနဲ့ အရှေ့ဘက်တောထဲကို ထွက်သွားကြလေရဲ့... တော်တော်လည်း အမောပန်းခံနိုင်ကြတယ်၊ ကျေးလက်မှာ လယ်အလုပ် ဖြူအလုပ်ကို လုပ်လာကြတဲ့လူတွေဆိုတော့ ဒီလောက်ပင်ပန်းတာတော့ အမှုပဲ ထင်ပါတယ်...၊ စိတ်ကြမ်းကိုယ်ကြမ်း စိတ်မြန်လက်မြန်လူငယ်တွေကိုး...၊ ကျွန်တော်နဲ့ ၂-နှစ်ကြီး ၂-နှစ်ငယ်တွေပါ၊ ကိုကျော်ထွန်းက အကြီးဆုံး...၊ ကျွန်တော်က အငယ်ဆုံးဆိုပါတော့၊

ကျွန်တော်နဲ့အဘလင်းမောင်ကတော့ လင့်စင်ကို ပြင်ဆင်မွမ်းမံရင်း ကျန်ရစ်ခဲ့တယ်လေ၊ တောအုပ်ဟာ တိတ်ဆိတ်ပြီး ကျေးငှက်သံ၊ တိရစ္ဆာန်တွေရဲ့ အသံကလွဲလို့ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေတာပါ...၊ အောက်ခြေရှင်းသော်လည်း အပေါ်ပိုင်း ရွက်စိမ်းတောဖြစ်တာကြောင့် နေပြောက်မထိုးပါဘူး၊ ညနေပိုင်းရောက်လေ၊ အအေးဓာတ် သိသာလေပဲ၊ ဆောင်းရဲ့အငွေ့အသက်တွေ ရှိနေသေးတယ်၊

အဘက ရတ်ပိုင်းပြီးတာတွေကို အောက်ကနေ လှမ်းပေး၊ ကျွန်တော်က လှမ်းယူနဲ့ အချိန်တော်တော် လင့်လာပါပြီ၊ တောအုပ်ဆိုတော့ အမှောင်ဟာ ရုတ်ခြည်း ရောက်လာတော့တယ်၊

"လင့်စင်အတွက် ဝါးတွေ လုံလောက်ပါပြီလူလေး"

"ဟုတ်ကဲ့အဘ – တက်ခဲ့ဦးလေ၊ ရေနွေးကြမ်းလေး သောက်ကြစို့"

"အေး ... အေး"



အဘက လှေကားအရင်ကနေ လင့်ပေါ်ကို တက်လာတယ်၊ ခပ်သွက်သွက်ပဲ၊ လင့်စင်ပတ်ပတ်လည်မှာ တောအုပ်ဟာ စိမ်းမှောင်နေပြီ၊ အမှောင်ထုဟာ တဖြည်းဖြည်း နက်ရှိုင်းထူထဲစ ပြုလာပါပြီ၊ ချမ်းစိမ့်တဲ့အသိကို သိသိသာသာ ခံစားလာရတယ်၊ သစ်ပင်တွေကြားက တိုးဝှေ့ရွေ့မျောလာတဲ့လေက တဖိဖိ မြည်နေပြီး လတ်ဆတ်လွန်းပါရဲ့...၊

အဘနဲ့ ကျွန်တော်က ရေနွေးကြမ်းတစ်ခွက်စီ ငှဲ့ပြီးသောက်နေကြတုန်း ကိုကျော်ထွန်းတို့ညီအစ်ကို ရောက်လာကြတယ်၊ ကိုကျော်ထွန်းလက်ထဲမှာ ယုန်တစ်ကောင်နဲ့ တောရစ်တစ်ကောင် ဆွဲလာတယ်၊ သူတို့တောပစ်ရလာတာပါ..."

"ရေးဦးကောင်းသွားပြီ – ကိုကျော်ထွန်း"

"ဟုတ်တယ် ကိုညီ"

ညီအစ်ကိုနှစ်ယောက် ရှေ့ဆင့်နောက်ဆင် လင့်စင်ပေါ်ကို တက်သွားကြတယ်၊ တောဟာ တဖြည်းဖြည်း နက်ရှိုင်းထူထဲစ ပြုလာပါပြီ...၊ နေဝန်းဟာ ဟိုးအနောက်ဘက်တောင်ကုန်းစပ်ကို ခပ်နေးနေးပဲ ရွေ့လျားနေတယ်၊ ကျွန်တော်ဟာ အေးအေးလူလူ ထိုင်နေတဲ့အဘ ဦးလင်းမောင်ကို ကျွန်တော်လွန်မင်းစွာ သိချင်နေတဲ့အရာတစ်ခုကို မေးမြန်းဖို့ စဉ်းစားနေတာပါ၊ အဲဒီကျွန်တော် သိချင်နေတဲ့အကြောင်းအရာကလည်း မေးမယ် မေးမယ်နဲ့ ကြာပါပြီ... ခုတော့ ကြုံကြိုက်လာပါပြီ... အဲဒီအကြောင်းအရာကလည်း ထူးဆန်းလွန်းတာကြောင့် အဘတို့ဒေသမှာ လူပြောသူပြော များနေတယ်လို့တောင် ပြောလို့ရတယ်လေ...၊

ပတ်ဝန်းကျင်ဟာ ကြောက်မက်ဖွယ်အဆင်းသဏ္ဌာန်ဆီကို တဖြည်းဖြည်းတိုးဝင်လာဟန်နဲ့ နက်မှောင်ထုပိန်းလာပြီကော...၊ လသာရက်ဘက်ကို ရွေ့လျားလာတယ်ဆိုပေမယ့် လဟာ ပြည့်ပြည့်ဝဝ မသာသေးပါဘူး၊ ကြယ်ရောင်မှုန်ပျပျတော့ ရှိနေပါသေးတယ်၊ စိုးစိုးစီစီမြည်နေတဲ့ ပုရစ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့အော်မြည်သံ… မြေတွန်သံတွေကို ပြတ်တောင်းပြတ်တောင်း ကြားနေရတယ်…။ လင်ကောင်ပိုးငှက်… ညအခါမှ အစာရှာထွက်တတ်တဲ့ ဇီးကွက်… လင်းဝက်တို့ရဲ့ စူးစူးရှရှ အော်မြည်လိုက်တဲ့အသံ… နက်မှောင်တဲ့ ကောင်းကင်ယံကို နောက်ခံပြုပြီး ဖျတ်ခနဲဖျတ်ခနဲ ပျံသန်းသွားကြပုံဟာ စိတ်ချောက်ချားစရာပါ…။ တောခွေးအူသံနဲ့ တိရစ္ဆာန်ကြီးတွေရဲ့ ဟိန်းဟောက်သံတွေက တောအုပ်တစ်နေရာကနေ လွင့်မျောလာနေတယ်။

"အဘ"

"ဘာတုံးကွယ်"

"ဟိုလေ… အဘ ကျွန်တော့်ကို ရွာမှာပြောဖူးတဲ့ "လူထွက်ကောင်" ဆိုတာ ထပ်ပြီးသိချင်တယ်…အဲဒီအကြောင်းလေး ပြောပြပါဦး"

ကျွန်တော်က နံရံမှာ ချိတ်ဆွဲထားတဲ့ ညနေကမှဖျက်ပြီး ဆားနယ်ထားတဲ့ ယုန်ကို လှမ်းကြည့်ပြီး မေးလိုက်တော့ အဘ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်…။ ကိုကျော်ထွန်းတို့ညီအစ်ကိုကတော့ ခပ်စောစောအိပ်နေကြပြီ…။ မနက်စောစော တောလိုက်မယ်လို့ ပြောကြတာပဲ။ မြစ်ကမ်းစပ်မှာ တောဝက်ခြေရာ တွေ့လို့တဲ့။

"ဟိုးတစ်ခါက လူလေးရွာလာတုန်းက အဘပြောဖူးတဲ့ "လူထွက်ကောင်" ဆိုတာ မဟုတ်လား"

"ဟုတ်တယ် - အဘပြောဖူးတဲ့လူထွက်ကောင်ဆိုတာလေ…ကိုကျော်ထွန်းကိုမေးကြည့်တော့ အဘက ပိုပြီး စုံစုံစေ့စေ့သိတယ်တဲ့။ အဘကို မေး ကြည့်ရင် ပိုပြီး ပြည့်ပြည့်စုံစုံ သိလိမ့်မယ်တဲ့။ ပြီးတော့ ကျွန်တော် ဒီတစ်ခေါက် ရွာကိုလာရတဲ့အကြောင်းရင်းကလည်း အဲဒီအကြောင်းအရာကလေးကို စုံစုံစေ့စေ့ သိချင်လို့ပဲ အဘ…။ ပြီးတော့ စာဖတ်သူတွေ ဖတ်သုတရအောင် မဂ္ဂဇင်းတစ်စောင်မှာ ရေးမယ်လေ"

"ကောင်းပါလေရဲ့ကွယ်… သေသေချာချာ ပြောပြရတာပေါ့"

အဘက သောက်လက်စဆေးလိပ်တိုကို အသာချလိုက်ပါတယ်။ အဘပြောပြောနေတဲ့ တောစည်းကမ်း၊ တောင်စည်းကမ်း၊ မုဆိုးစည်းကမ်းတွေလည်း နားထဲမှာ ကြားနေရဆဲပါ…။ ဆီးစွန့်ရင် မတ်တတ်မစွန့်ရတာ… သေနတ်ကို ပခုံးပေါ်မှာ ဖော်ဂျီတုတ်ထမ်းသလို ကန့်လန့်တင်ရတာ ခေး မချွန်ရတာ စသည်ဖြင့်ပေါ့။

"လူလေး ကြားဖူးမှာပေါ့ကွယ်… သမန်းကျားဆိုတာ…"

"ဟုတ်ကဲ့ ကြားဖူးပါတယ်အဘ… လူစင်စစ်ကနေ ကျားဘဝကို ရောက်သွားတာလေ… စာတွေထဲမှာ မကြာခဏ တွေ့နေရတာပဲ… ဟိုး အာဖရိက တောနက်ကြီးထဲမှာ လူကနေ ဝံပုလွေဖြစ်သွားတယ်ဆိုတဲ့ မျိုးနွယ်စုတစ်စု ရှိတယ်။ သူတို့ဟာ လပြည့်နေ့ဆိုရင် ဂါထာမန္တန်တွေ ရွတ်ဖတ်ပြီး အုပ်စုလိုက် ဝံပုလွေဘဝကို ရောက်ရှိသွားကြသတဲ့…။ လကွယ်မှ လူပြန်ဖြစ်တယ်ဆိုတဲ့ ဖြစ်စဉ်တွေရှိတယ်…။ ဥရောပလို အင်္ဂလန်လိုနိုင်ငံကြီးတွေမှာတောင် သွေးစုပ်ဖုတ်ကောင်ဆိုတာ ရှိခဲ့တယ်လေအဘ… သင်္ချိုင်းမြေထဲကနေ ထလာပြီး လူအရှင်လတ်လတ်တွေကို သွေးစုပ်လေ့ရှိတဲ့ ဖြစ်ရပ်ဇာတ်လမ်းတွေဟာ တစ်ကမ္ဘာလုံး မရိုးနိုင်တဲ့ဇာတ်လမ်းတွေပေါ့။ အဲဒီ ဖြစ်စဉ်တွေဟာ အမှန်တကယ်လား၊ ဒဏ္ဍာရီလားဆိုတာ ခုထိဖြေရှင်းလို့ မရသေးဘူးမှတ်လားအဘ… နောက်ပြီး အာဖရိကမှာ ဖားပြုပ်တွေဟာ မကောင်းဆိုးဝါးသတ္တဝါတွေ ဝင်စားတယ်လို့ ယုံကြည်မှု ရှိနေကြတုန်းပဲ အဘရေ…။ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ သမန်းကျား ဆိုတာ ရှိတယ်လို့ ယုံကြည်နေကြတယ်မှတ်လား… အဲဒါတွေကိုတော့ စဉ်းစဉ်းစားစားနဲ့ ဆင်ခြင်ကြည့်စေချင်တယ်အဘ"

ကျွန်တော့်စကားဆုံးတော့ အဘ ခေါင်းညိတ်တယ်။ ဆေးလိပ်တစ်ရှိုက်ဖွာတယ်။ ထူပိန်းနက်မှောင်နေတဲ့ ပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်လိုက်ပြီး လေးဖျော့တဲ့အသံနဲ့ -

"လူထွက်ကောင်" ဆိုတာ တကယ်ရှိခဲ့တယ် "လူထွက်ကောင်ဆိုတာ ဒီလိုလေ"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ဓာတ်ဘူးထဲက ကော်ဖီပူပူတစ်ခွက်ကို ဖန်ခွက်ထဲ ထည့်ပြီး အဘကို လှမ်းပေးလိုက်တယ်၊ အဘက လှမ်းယူပြီး တစ်ငုံ သောက်ရင်း -

"အေး - လူလေးပြောတဲ့ လူစင်စစ်က ဝံပုလွေဖြစ်သွားကြတဲ့ မျိုးနွယ်စု ကြီးတို့, ဇာတ်ပြွပ်ကို မကောင်းဆိုးဝါးအသွင် ပြောင်းလာတဲ့ သတ္တဝါတို့ဆို တာ ပုံပြင်လို... ဒဏ္ဍာရီလို ဖြစ်ခဲ့ဖူး... ရှိခဲ့ဖူးတယ်ဆိုရင်တောင် လူထွက် ကောင်ဆိုတာလည်း ရှိခဲ့တယ်လို့ ယူဆစရာတော့ ရှိတာပေါ့ကွယ်၊ တကယ် တော့ လူထွက်ကောင်ဆိုတာ တကယ်ရှိခဲ့တယ်လူလေး... ဟောဒီ အဘတို့ ဒေသမှာ တကယ်ကို ရှိခဲ့ပါတယ်၊ မယုံမရှိနဲ့ကွဲ..."

ဂစ်ခနဲအော်မြည်သံနဲ့အတူ ငှက်မှဆိုးတစ်ကောင် သစ်ပင်ကြားက ရုတ်တရက် ထပျံသွားတယ်၊ သူ့အန္တရာယ်ပြုနိုင်မယ့် သတ္တဝါ တစ်ကောင် ကောင်ကို မြင်လိုက်တာနေမှာပါ၊ ကျွန်တော် ရင်ထဲမှာ ဖြုန်းခနဲတုန်ခါ သွားပေမယ့် အဘကတော့ အေးဆေးပဲ၊ ရေနွေးသောက် မပျက်ပါဘူး၊ ဘီကက်စ်တစ်ချပ်တောင် ကောက်ဝါးနေသေးရဲ့၊

"တော်တော်ဆန်းကြယ်မယ့် ဖြစ်ရပ်ပဲနော်အဘ"

"ဆန်းကြယ်လှပါပီကောကွယ်... လူထွက်ကောင်ဆိုတာ လူစင်စစ်က ကျားဖြစ်သွားတဲ့ သမန်းကျားလိုပုံစံမျိုးပဲကွယ့်...အေး...ဒါပေမဲ့ - လူထွက် ကောင်ဆိုတာ သေဆုံးပြီးမှ ဖြစ်တယ်.. အနိစ္စရောက်ပြီးမှ ဖြစ်တာ..."

"ဟုတ်လား..."

"ဟုတ်တယ်..."

ကျွန်တော် အံ့သြတကြီးဖြစ်ကာ ငြိမ်သက်နေမိတယ်၊

"ဟုတ်တယ်... လူလေး လူထွက်ကောင်ဆိုတာသေဆုံးပြီးမှ ဖြစ်တာ ကွယ့်၊ ပထမဦးဆုံး အရင်သေမယ်၊ ပြီးမှ လူထွက်ကောင်ဖြစ်မယ်"

ပတ်ဝန်းကျင်တွင် တိတ်ဆိတ်မှုက ရှောက်ရှားဖွယ် လွှမ်းခြုံသွား တယ်၊ သစ်ရွက်တွေ လေတိုးသံကြောင့် တရှဲရှဲ တရှုတ်ရှုတ် တဖျတ်ဖျတ် မြည်သံတွေဟာ သရဲတစ္ဆေတွေ နာနာဘာဝတွေ ရယ်မောသံလိုလို... ခြေသံလိုလို...၊ လင့်တဲဆီကို ချဉ်းကပ်လာသလိုလို ကြယ်ရောင်ပျပျသာ



မြင်နေရတဲ့ညဟာ ထိတ်လန့်အားငယ်စရာပါ... ညဉ့်နက်လေလေ ပိုပြီး အရိုးခိုက်အောင် ချမ်းလေလေ၊ ချမ်းတဲ့အချမ်းဟာ ကျွန်တော်တို့တစ်ကိုယ် လုံးကို တဖြည်းဖြည်း ဝါးမျိုစပြုလာပါပြီကော၊

"ဘယ်လိုသေပြီးမှ လူထွက်ကောင်ဖြစ်တယ်ဆိုတာ ရှင်းပြပါဦး အဘ ရဲ့"

အဘက ချောင်းတစ်ချက်ဟန့်တယ်...၊ ပန်းကန်လုံးထဲကို ရေနွေးတစ် ခွက် ငှဲ့ထည့်တယ်...၊

---

သူက လူခင်ခန်ဖြစ်တာ...
ဘဝပြောင်းတယ်လို့
ပြောရမှာပေါ့ လူလေးရဲ့...၊
သူတို့က သေပြီးပြီဆိုရင်
မြေမြှုပ်လိုက်ပေမယ့်
တစ်ခါတည်း ပြီးသွားတာမဟုတ်ဘူးလေ...။
မြေကြီးထဲရောက်သွားလို့
လပြည့်ည ရောက်ပြီဆိုတာနဲ့
အထဲကကောင်က ဇာတ်ပြတော့တာပဲကွ...၊
လပြည့်ပြီဆိုတာနဲ့
သင်္ချိုင်းမြေကြီးအောက်ကနေ ရုန်းထလာတယ်...



www.burmeseclassic.com

www.burmeseclassic.com

"သူက လူစင်စစ်ကနေဖြစ်တာ… ဘဝပြောင်းတယ်လို့ ပြောရမှာပေါ့ လူလေးရဲ… သူတို့က သေပြီးပြီဆိုရင် မြေမြှုပ်လိုက်ပေမယ့် တစ်ခါတည်း ပြီးသွားတာမဟုတ်ဘူးလေ…၊ မြေကြီးထဲရောက်သွားလို့လပြည့်ညရောက်ပြီဆိုတာနဲ့ အထဲကကောင်က ဇာတိပြတော့တာပဲကွ…၊ လပြည့်ပြီ ဆိုတာနဲ့ သချိုင်းမြေကြီးအောက်ကနေ ရုန်းထလာတယ်… စောစောက လူလေးပြောတဲ့ အနောက်နိုင်ငံက သွေးစုပ်ဖုတ်ကောင်လိုမျိုး ဖြစ်မယ် ထင်တယ်၊ အဲ… သူတို့က အဲဒီလို သချိုင်းမြေအောက်ကနေ ရုန်းထလာပြီးရင် လူစိတ်ပျောက်သွားရောကွယ့်… အေး… ဒါပေမဲ့ - သူတို့မှာ ဇာတိစိတ်… လူထွက်ကောင်ဆိုတဲ့ဘဝကောက်ကြောင်း လူစိတ်ဆိုတာ ရှိနေတယ်လေ…"

"အံ့ဩစရာပဲ…"

"ဟုတ်တယ် အံ့ဩစရာပဲကွယ့်… အဲဒီလူထွက်ကောင်ဆိုတဲ့ ဇာတိစိတ်ကြောင့် မိမိရပ်ရွာထဲကို ပြန်မဝင်တော့ဘဲ၊ ပြန်ဝင်ဖို့မဖြစ်နိုင်တော့ဘဲ တောနက်ထဲကို ဝင်ရောက်သွားကြတော့တယ်။ တောထဲမှာ ကြံ့သလို လှည့်လည်နေထိုင်ရင်း ရက်အနည်းငယ် ကြာရှည်လာတဲ့အခါ ခန္ဓာကိုယ်မှာ တဖြည်းဖြည်းနဲ့ အမွေးရှည်တွေ ပေါက်လာတော့တယ်…၊ အဲဒီမှာ မူလအသိစိတ် ပျောက်ကွယ်သွားပြီး တောထဲက တိရစ္ဆာန်အရိုင်းအစိုင်းတွေလို ဖြစ်ပြီး အင်အားကြီးမားတဲ့ တောကောင်တိရစ္ဆာန်ဘဝကို တဖြည်းဖြည်း ရောက်သွားတော့တယ်ကွယ့် လူလေး"

"အေး…ဟုတ်ကဲ့ ထူးဆန်းလိုက်တာအဘ"

ကျွန်တော် မှင်တက်ကာ နားထောင်နေမိတယ်။ အဘက ရှောင်းတစ်ချက်ဆိုးတယ်။

"လူထွက်ကောင်တွေဟာ မျိုးရိုးရှိတယ်လူလေး… စုန်းမျိုးရှိတယ် ပြောသလိုပဲ…၊ လူထွက်ကောင်တွေဟာ မျိုးရိုးရှိကြသတဲ့…၊ လူထွက်ကောင်မျိုးရိုးမှန်ရင် နှစ်ခါသေကြသလို တစ်သက်မှာ နှစ်ခါသေတဲ့လူမျိုးဆိုတာ လူထွက်ကောင်တွေမှာပဲ ရှိတယ်ကွယ့်…"

"အံ့ဩစရာပဲ…"



"ဟုတ်တယ်… တစ်သက်မှာ နှစ်ခါသေရတဲ့သတ္တဝါဆိုတာ လူထွက်ကောင်တွေမှာပဲ ရှိတယ်… အဲ…လူထွက်ကောင်ဘဝကို လွတ်လွတ်ကျွတ်ကျွတ်ရောက်ပြီး တောတောင်ထဲမှာ အကြောင်းတစ်ခုခုတစ်ရာနဲ့ ဒုတိယအကြိမ် ပြန်သေသွားမှ တကယ်သေသွားတော့တာကွယ့်…၊ နောက်ထပ်လည်း ဘာသတ္တဝါမှ မဖြစ်တော့ဘူး…၊ ကံ့ကံရဲ့အကျိုးအတိုင်း ဆက်ဖြစ်သွားကြတော့မှာပေါ့ကွယ်…၊ လောကကြီးက အင်မတန် ဆန်းကြယ်တယ်ကွယ့်…၊ ကိုယ်မသိတာတွေ အများကြီးပဲ…၊ ကိုယ်မသိလို့ နားမလည်လို့ မရှိနိုင်ဘူး…၊ မဖြစ်နိုင်ဘူးမပြောနဲ့… လောကမှာ မဖြစ်သေးတာတွေ အများကြီးရှိနေသေးတယ်…၊ သူတို့ဟာ လူ့ဘဝတုန်းက သာမန်လူတွေလိုပဲ မြို့ကျင့်နေထိုင်သွားကြလေရဲ့…၊ အသက်ရှင်နေတဲ့ လူ့ဘဝတစ်လျှောက်မှာ ထူးထူးခြားခြား ဘာမှမဖြစ်ခဲ့…၊ မရှိခဲ့ပါဘူး… သာမန်ပဲလေ…၊ သေပြီးမှ သိကြရတာ…၊ သေပြီးမှ လူထွက်ကောင်ဖြစ်နေပြီဆိုတာ သိကြတဲ့ကိစ္စကွယ့်၊ ဩချစရာပဲလူလေး…"

ကျွန်တော်တို့ဟာ စကားနှုတ်ပေါင်းများစွာ စကားမဆိုဖြစ်ပဲ ကျောက်တုံးတွေလို ငြိမ်သက်တိတ်ဆိတ်သွားကြပြန်တယ်…၊ ညကလည်း တဖြည်းဖြည်း ထုထဲနက်ရှိုင်းလာပြီကိုး…၊ သတ္တဝါငယ်ကလေးတွေရဲ့တောတိုးမြေးလွှားသံ…၊ တိရစ္ဆာန်ကြီးတွေ အော်မြည်သံ တစ်ချက် တစ်ချက် ကြားနေရတယ်၊ ညီအစ်ကိုနှစ်ယောက်ကတော့ အိပ်ပျော်နေကြတာ ပေါက်များပေါက်လို့ တခေါခေါပဲ…၊ မီးလုံလေလုံ လင့်တဲလေးဟာ အလွန်လုံခြုံအေးချမ်းလှတယ်မှတ်လား…၊

"ဆက်ပြောပြပါဦး အဘ… တော်တော်စိတ်ဝင်စားစရာကောင်းတယ်၊ လောကမှာ ကျွန်တော်တို့လူသားတွေ အသိဉာဏ်လောက်ကလေးနဲ့ ထောက်လှမ်းမမီနိုင်တဲ့အရာတွေ ဆန်းကြယ်လျှို့ဝှက်တဲ့ကိစ္စတွေ ရှိတယ်၊ အင်း… Super natural ကိစ္စတွေ ဒုန်နဲ့ဒေးပဲ အဘရယ်…"

သစ်ရွက်တွေကိုတိုးတိုက်ပြီးထွက်လာတဲ့လေဟာ ရေခဲတမျှအေးစက်လှပါတယ်…၊ လေဟာ တဝီဝီမြည်ပြီး တိုက်နေတာပါ၊ ဒီလိုတောမြိုင်ကြီးအလယ်ကောင်မှာနေထိုင်ရတာတော့ တစ်ယောက်တည်းဆိုရင် သေးလေ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှားပြီး လန့်ဖျပ်သေသွားနိုင်ပါတယ်။ အဘတို့ကို တောတောင်နဲ့ ရင်းနှီးယဉ်ပါးနေသူတွေအဖို့တော့ ရိုးနေပြီထင်တယ်…။ ပတ်ဝန်းကျင်ရဲ့ ကြောက်မက်ဖွယ်နက်ရှိုင်းမှု၊ တိတ်ဆိတ်မှု၊ အာရုံစိတ်တွေပြားမှုတို့ကို ဥပေက္ခာပြုနိုင်လေရဲ့… ကျွန်တော်ကတော့ အတွေ့အကြုံမရှိ…။ ဒီလိုညအိပ် ညနေ တောတောင်ထဲမှာ နေလေ့မရှိတာကြောင့် အသည်းငယ်မိတာ အမှန်ပါပဲ…။ တစ်ရက်တစ်ချက် ကြားနေရတဲ့တောကောင်တွေရဲ့ ဟိန်းဟောက်ညည်းညူသံ…။ ငှက်တွေရဲ့အလန့်တကြား ပျံသန်းမြည်တွန်သံ…။ တောကောင်လေးတွေ ချိုးတောတိုးသံတွေဟာ တကယ်တော့ သွေးလန့်စရာ ကောင်းပါတယ်။ ဒါပေမဲ့ အဖော်တွေက ကျွန်တော့်ရဲ့သွေးမျိုးသားချင်းတွေသာမကဘဲ အတွေ့အကြုံရင့်ကျက်ပြီး သတ္တိရှိသူတွေပါ…။ ဘာကောင်ကို ကြောက်ရမှာလဲ…။

ကျွန်တော်ဟာ ကြောက်စိတ်တွေကို ပယ်ဖျောက်ပြီး အာရုံထဲမှာ သိချင်စိတ်များနေတဲ့ လူထွက်ကောင်ဆိုတာပဲ ဦးနှောက်ထဲမှာ ရှိနေပါတယ်။ အဲဒီလူထွက်ကောင်ဆိုတဲ့ ဝေါဟာရကြီးတစ်ခုကပဲ ရင်ထဲမှာ စိုးမိုးနေတာပဲ ကြာလှပြီလေ…။ ခုလို ကြုံကြိုက်တုန်း ဒေသရဲ့ထူးဆန်းဖွယ်ဖြစ်ရပ်ကို မေးမြန်းခွင့်ရတာကပဲ အခွင့်အရေးကြီးတစ်ရပ်လို့ ဆိုနိုင်ပါတယ်။ အဘက စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။

“အဲ… လူလေး… အဲဒီလူထွက်ကောင်က ဘဝကူးပြောင်းပြီး အရှင်လတ်လတ် ကြောက်မက်ဖွယ်ရိုင်းစိုင်းတဲ့သတ္တဝါမျိုးစိတ်အသစ်တစ်ခု ဘဝကို ကူးပြောင်းသွားတာ မထူးဆန်းဘူးလား။ အဲဒီလူထွက်ကောင်ဟာ အရှင်လတ်လတ် တိရစ္ဆာန်ဖြစ်သွားပေမယ့် သူ့စိတ်က တိရစ္ဆာန်စိတ် အပြည့်မရှိသေးဘူးကွယ်…။ လူ့စိတ်တစ်ဝက် ရှိနေသေးတယ်…။ လူ့စိတ်တစ်ဝက် တိရစ္ဆာန် စိတ်တစ်ဝက်စီ ရောနှောနေတာပေါ့…။ အဲဒီအချိန်မှာ တိရစ္ဆာန်စိတ်အပြည့် အဝရောက်ရှိပြီး စွမ်းအင်ပြည့်တဲ့အနေအထားကို ရောက်ရှိသွားအောင် ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တစ်ခုရှိတယ်၊ အဲဒီ



လုပ်ငန်းစဉ် ဆောင်ရွက် လို့ ပြီးစီးသွားပြီဆိုရင် လူထွက်ကောင်ဟာ အစွမ်းထက်ပြည့်ဝပြင်သွားပြီကွယ့်…”

“ဟုတ်ကဲ့…”

ကျွန်တော် အဘနှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားသံကို နားစွင့်နေမိတယ်။

“လူထွက်ကောင်ဟာ တိရစ္ဆာန်စိတ်အပြည့် ဖြစ်သွားပြီဆိုတာနဲ့ အင်အားအပြည့် ထပ်ဖြစ်အောင် မြစ်ရေတစ်ဝကြီး သောက်လိုက်ရတယ်၊ အင်အား ဖြည့်လိုက်တဲ့သဘောပေါ့…၊ အဲ… မြစ်ရေသောက်ပြီးပြီဆိုတာနဲ့ တိရစ္ဆာန် ဖြစ်သွားပြီကွယ့်…၊ တောထဲမှာ အင်အားအကြီးဆုံးသတ္တဝါပါ ဖြစ်သွားပြီ၊ တောတိရစ္ဆာန်တွေ အကြောက်ရဆုံးသတ္တဝါ ဖြစ်သွားပြီလို့ သတ်မှတ်လို့ ရပြီကွယ့်…၊ လူ့စိတ်ပျောက်သွားပြီဆိုတာနဲ့ တိရစ္ဆာန်လုံးလုံး ဖြစ်သွားပြီပေါ့၊ အဲဒီအခါမှာသူ့ရဲ့အင်အားကိုအသုံးချပြီးတောထဲကသတ္တဝါတွေကိုလိုက်ပြီးရန်ရှာတော့တာပါပဲ၊ သူကရိုးရိုးတိရစ္ဆာန်ထက်အဆပေါင်းများစွာ သန်မာပြီး အင်အားကြီးမားသွားပြီကိုး… လူလေး…”

“တော်တော်ကြောက်စရာကောင်းတဲ့ဘဝကို ကူးပြောင်းသွားတာပေါ့နော်…”

“ဟုတ်တယ်… တောထဲကသတ္တဝါတွေကလည်း သူ့ကို လူထွက်ကောင်မှန်း ဇာတိစိတ်နဲ့ သိနေကြပြီလေ…၊ ဝေးဝေးရှောင်ကြတာပေါ့၊ ဒါပေမဲ့ လူထွက်ကောင်ဘဝမရောက်မီ… မြစ်ရေမသောက်မီ မြစ်ဆိပ်ကို မရောက်အောင် ခိုစ်၊ခန်းပြီး အသေအကြေတိုက်ခိုက်ကြတယ်ကွယ့်…၊ သူမြစ်ရေသောက်ပြီးပြီဆိုရင် ခံပေတော့ပဲ…၊ အင်အားကြီးမားသွားပြီကိုး…”

ကျွန်တော်ဟာ အဘရဲ့စကားဆုံးတော့ ယုံကြည်ရခက်၊ မယုံကြည်ရခက်နဲ့ ဝေခွဲမရဖြစ်နေမိတယ်…၊ တကယ်ဖြစ်ရပ်မှန်လား…၊ လုပ်ကြံပြောဆိုနေတာလား…၊ အဘမျက်နှာကို အမှောင်ထဲမှာ အကဲခတ်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တော့ ပြောဆိုနေပုံက တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းပါပဲ၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ နားထောင်လို့ကောင်းလှတဲ့ ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလိုပဲခံစားနေရတယ်...၊ လောကမှာ တကယ်ဆန်းကြယ်တဲ့ဖြစ်ရပ်မှန်တွေ ရှိနေတယ်ဆိုတာ ဘယ်သူတွေက ယုံကြည်မှာလဲ...၊

"လူထွက်ကောင်အကြောင်းကို အဘတို့ငယ်ငယ် ကလေးဘဝထဲက လူကြီးတွေက လက်ဆင့်ကမ်းပြီး ပြောနေကြတဲ့ ဇာတ်လမ်းတွေပေါ့လူလေး၊ ကဲ... လူလေး မယုံကြည်ဘူးမဟုတ်လား"

ကျွန်တော် ဘာမှပြန်မပြောဘဲ ငြိမ်သက်နားထောင်နေမိတယ်... ရင်ထဲမှာ လက်တွေ့မှ ယုံကြည်မယ်ဆိုတဲ့ အသိစိတ်က ကိန်းအောင်နေတာမို့ လူထွက်ကောင် တကယ်ရှိမရှိဆိုတဲ့ မေးခွန်းက ရင်ထဲမှာ လေးလံဖိစီးနေတယ်၊ ကျွန်တော် မယုံဘူးဗျာ၊ တစ်ဆင့်စကား တစ်ဆင့်နားတွေ အဘကိုယ်တိုင် မြင်ဖူးတာမဟုတ်ဘဲနဲ့၊ ပုံပြင်ဆိုတော့လည်း ပုံပြင်လို့ပဲ သဘောထားရတာပေါ့၊ တကယ့်ဖြစ်ရပ်မှန်မှ မဟုတ်တာပဲ၊

ဒါပေမယ့် အဘကိုယ်တိုင်က လူထွက်ကောင်ဆိုတာကို တကယ့်ဖြစ်ရပ်မှန်လို့ပြောနေတော့ ကျွန်တော့်ဦးနှောက်လည်း ရှာရှာလည်မိပြန်ရော...၊

"အဘက လူထွက်ကောင်အကြောင်းကို ပုံပြင်တစ်ပုဒ်လို တစ်ဆင့်စကားတစ်ဆင့်ကြားနဲ့ ပြောနေတာထင်တယ်၊ မဖြစ်နိုင်ဗျို့များပါတယ်အဘရယ်... အဘကိုယ်တိုင်ကိုယ်ကျ မြင်ဖူးကြုံဖူးတာမှ မဟုတ်တာ"

အဘဟာ စကားဆက်မပြောတော့ဘဲ နှုတ်ခမ်းဝမှာ ရောက်လုဆဲဖြစ်နေတဲ့ ရေနွေးခွက်ကို လမ်းခုလတ်မှာ ရပ်တန့်သွားတယ်...၊ ဒီနောက်တော့ ရေနွေးကို ဆက်မသောက်တော့ဘဲ ပန်းကန်လုံးကို အသာပြန်ချလိုက်ပါတော့တယ်...၊ ပြီးတော့ ကျွန်တော့ကို တစ်ချက်စိုက်ကြည့်လိုက်ပါတယ်၊ မီးအလင်း ဝိုးတဝါးအလင်းရောင်အောက်ဆီမှ လှောင်ပြောင်သရော်ဟန် ကျွန်တော့်မျက်ဝန်းများရဲ့အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက်သွားပုံရတယ် အဘ တစ်ချက်ပြုံးတယ်...၊ အဘအပြုံးဟာ ခိုင်မာပြီး ယုံကြည်မှုအပြည့်ရှိတဲ့ အပြုံးမျိုးလေ...၊ အပြုံးက နှုတ်ခမ်းကနေ ရောင်တွင်သွားအောင် ဖိတွယ်နေ တုန်း...

"လူလေး... အဘကိုယ်တိုင် ကြုံဖူးခဲ့တာ"

"ဗျာ..."

"ဟုတ်တယ်... လူထွက်ကောင်ကို အဘကိုယ်တိုင် တွေ့ခဲ့ကြုံခဲ့ဖူးတာပါ"

❧❧

အဘမျက်နှာကို ကျွန်တော် မယုံမရဲ စိုက်ကြည့်လိုက်မိတယ်၊ မှိန်ပျတဲ့ မီးအလင်းရောင်အောက်မှာ အဘမျက်ဝန်းတွေက အမှန်ကို အမှန်တိုင်း ဖွင့်ဟဝန်ခံမယ့် ကလေးတစ်ယောက်ရဲ့ဖြူစင်တဲ့မျက်ဝန်းတွေလို ရိုးသားမှုအရိပ်အရောင်တွေကို ကျွန်တော် မြင်လိုက်ရပါပြီ...၊ အဘက လိမ်ညာပြောမယ့် လူမဟုတ်ဘူးဆိုတာ ယုံကြည်မိပါတယ်...၊

အေးမြတဲ့မြောက်လေတစ်ချက် ဝေ့ဝဲတိုက်ခတ်လိုက်ပါတယ်၊ မှိန်မှုန်မှုန် မီးအိမ်အောက်ဆီမှ မီးညွန့်ဝါဝါဟာ လွင့်လူးလူးလှုပ်ရှားသွားတယ်...၊

"အဘကိုယ်တိုင် ကြုံဖူးခဲ့တာဟုတ်လား..."

"ဟုတ်တယ်... အဘကိုယ်တိုင်ကြုံဖူးခဲ့တာ"

အဘမျက်ဝန်းတွေဟာ အမှောင်ထဲမှာပင် အရောင်လက်ပသွားတယ်၊ အဘစိတ်ခံစားပြီး ပြောပြချင် ရင်ဖွင့်ချင်စောနဲ့ ရင်ခုန်နေလိမ့်မယ်၊ စိတ်လှုပ်ရှားနေလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်၊ လေတိုးသံကြောင့် သစ်ရွက်တွေတိုက်ခတ်သံ တရှဲရှဲ မြည်သွားတယ်၊ ဝါးအခင်းတွေ... ကြမ်းပြားတွေက တိုးဝင်လာတဲ့လေဟာ အပ်ဖျားနဲ့ ထွသလို အေးစိမ့်လှပါတယ်၊ အရိုးကွဲအောင် စိမ့်အေးမယ့်ဆောင်းရာသီပါ...၊ သည်ကြားထဲမှာ ညင်ညင်သာသာတိုးတိုက်သွားတဲ့ သစ်ရွက်ပွတ်တိုက်သံလို လေတိုးသံဟာ တဖွဲ





www.burmeseclassic.com

www.burmeseclassic.com

ရယ်သံလို… နာနာဘာဝတွေ ညည်းညူသံလို ချောက်ချားစရာ ကောင်းတဲ့ ညပါ။ လေတိုက်သံက အဆက်မပြတ်ပါပဲ…။

အဘက ဆက်ပြောမလဲဆိုတဲ့စကားကိုပဲ ကျွန်တော် စောင့်မျှော်နေမိတယ်။

"အဘ ဘယ်လို… လူထွက်ကောင်နဲ့ ကြုံဖူးတယ်ဆိုတာ သိချင်ပါတယ်။"

"ဒီလိုကွ… လူလေး… အဘ လူပျိုပေါက်အရွယ်မှာ အဘနဲ့ ညီအစ်ကိုဝမ်းကွဲတော်သူတစ်ယောက်ဟာ အဘတို့ရွာနဲ့ ၁၀-မိုင်လောက်ဝေးတဲ့ ရွာတစ်ရွာကို အရေးတကြီးကိစ္စတစ်ခုနဲ့ သွားကြရတယ်လေ၊ ကိစ္စကတော့ နာရေးကိစ္စ၊ အဘတို့အရီးလေး သေဆုံးတဲ့ကိစ္စ ဆိုပါတော့…၊ အဘတို့ရွာနဲ့ မြောက်ဘက်ကျမယ့်နေရာကိုပေါ့ကွယ်…၊ အဘတို့နှစ်ယောက်ဟာ တောလမ်းခရီးကို စကားတပြောပြောနဲ့ အေးအေးလူလူ လျှောက်လာကြတာပါ…"

အချိန်ကလေးကလည်း ညနေ နေဝင်လုဆဲဆဲ… မှောင်ရီပျိုးခါစအချိန်ကလေးပါ… အဲဒီအချိန်မှာ… အဲဒီအချိန်မှာပဲ…။

အနောက်ဘက်တောအုပ်ဆီမှဝါရွှေသောနေရောင်ခြည်သည်တောင်စွယ်ထိပ်များတွင်မေးတင်ကာ တဖြည်းဖြည်း နိမ့်ဆင်းကွယ်လျှိုးရန် ဟန်ပြင်လျက်ရှိသည်၊ အရောင်အသွေးတူညီရာ ငှက်များ၏ အုပ်စုဖွဲ့ ပျံသန်းမှုသည် အိပ်တန်းဆီသို့…၊ ဟိုးခပ်ဝေးဝေးရှိတောအုပ်အလယ်မှတောခွေးအုပ်စုအစား မာန်ယစ်သံ … ဟိန်းဟောက်သံများကို ရှုည့်စွာ ကြားနေရသည်၊ မိုးတိမ်ညစ်ညစ်တွေကတော့ ကောင်းကင်ယံမှာ ဆိုင်းဖွဲ့အိနေဆဲပင်၊ ခပ်ဝေးဝေး စမ်းချောင်းဆီမှ ရေစီးသံ တိုးသဲ့သဲ့သည် နေဝင်ရီညနေချမ်း၏ နှုတ်ဆက်ဂီတသံကို ဖွဲ့သီနေသည့်ပမာ…။



လင်းမောင်နှင့် မြရွှန်းတို့ညီအစ်ကိုသည် နေ့လယ်[illegible] တစ်ဖက်ရွာဆီသို့ နာရေးကိစ္စဖြင့်ကူးရန် တောလမ်းအတိုင်း ဖြတ်သန်းလာကြခြင်းဖြစ်သည်၊ တောလမ်းဆို၍ လှည်းပင်မသွားနိုင်၊ ကျဉ်းမြောင်းလှသည်၊ လူသွားလမ်းသက်သက်သာ ဖြစ်လေသည်၊ ချုံနွယ်တွေကိုတိုးဖြတ်၊ ကျောက်စွယ်ကျောက်တုံးတွေကို ခက်ရာခက်ဆစ် တွယ်တက်ကာ သွားရသော တောလမ်းကြမ်းကြမ်းသာ ဖြစ်သည်၊ တောရိုင်းတိရစ္ဆာန်တွေကလည်း ပေါများလှရကား လက်နက်ကိုင်တွယ်ဆောင်သွားရသောခရီးပင်၊

လင်းမောင်တို့သည် တစ်ဖက်ရွာသို့ အနည်းဆုံး တစ်နာရီကျော်ခန့် လျှောက်ရပေဦးမည်၊ ထူထဲနက်မှောင်သော အောက်ခြေတောအုပ် ဖြစ်သဖြင့် တောတိရစ္ဆာန်ရိုင်းများ ကျင်လည်ကျက်စားရာဒေသဟုဆိုကမမှားနိုင်ပေ၊ ကျားသစ်၊ ဆင်ရိုင်း၊ မြောင်၊ ဝိုင်၊ တောကြီးမြွေဟောက်စသည့် အန္တရာယ်ပေးနိုင်သော တိရစ္ဆာန်ကြီးများ ကျက်စားပျော်မွေ့ရာ ဒေသဖြစ်သည်သာမက ချေ၊ ယုန်၊ ပုတတ်၊ ဖွတ်၊ လိပ် စသည့်တိရစ္ဆာန်ငယ်ကလေးများလည်း ဘာသာဘာဝပျော်မွေ့ရာ တောမြိုင်ကြီးဖြစ်ပေသည်။

သူတို့နှစ်ယောက်သည် ဆောင်ဓားကိုယ်စီ၊ လှံကိုယ်စီဖြင့် ကိုင်ဆောင်ကာ တောလမ်းကို သတိဝီရိယဖြင့် တိုးဖြတ်လာကြပေပြီ၊ လူ့ဝယ်ခြေသွက်များပီပီ မြန်ဆန်သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လှမ်း လာကြရာ အရီးလေးတို့၏ရွာကိုပင် မှုန်ပျပျ လှမ်းမြင်နေရပေပြီ၊ ရွာ၏ အနောက်ဘက်တွင် သချိုင်းမှ သစ်ပင်ကြီးများတွင် ဝိုးတဝါး မြင်တွေ့နေရသေးသည်၊

တဖြည်းဖြည်း လျှောက်လာကြရာ သချိုင်းအစပ်သို့ ရောက်လာသည်၊ သချိုင်းမြေသည် တောစိုးသစ်ပင်ကြီးများ အုပ်ဆိုင်းပေါက်ရောက်နေသဖြင့် တိတ်ဆိတ်ကာ ချောက်ချားထိတ်လန့်ဖွယ် အဆင်းသဏ္ဌာန်ဖြင့် ငြိမ်သက်နေသည်၊ သချိုင်းမြေကို ကျော်ဖြတ်ပြီးမှသာလျှင် အရီးလေးရွာကို ချောမောစွာ ဆိုက်ရောက်မည်ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

သရိုင်းမြေသည် ရွာနှစ်ရွာကြားတွင်ရှိသော်လည်း အရိုးလေးတို့ ရွာနှင့် အနီးကပ်ဆုံးဖြစ်သည်၊ လင်းမောင်တို့ရွာနှင့် မိုင်များစွာ ဝေးကွာသည်၊ နေ့ဝက်ခရီး လျှောက်ရသည်၊

သရိုင်းမြေသည် သံဝေဂများစွာဖြင့် ငြိမ်သက်တိတ်ဆိတ်နေသည်၊ သံသာတော်များ သရဏဂုံတင်ရန်နှင့် ပရိသတ်နားခိုရန် ဆောက်လုပ်ထားသောဇရပ်သည် တောအုပ်အလယ်တွင် ထီးတည်းကြီးဖြစ်နေသည်၊ ခပ်ဝေးဝေးမှကြည့်မည်ဆိုလျှင် အရုပ်ဆိုးလှသော စုန်းမအိုကြီးတစ်ယောက် ငုတ်တုတ်ထိုင်နေပုံနှင့် သဏ္ဌာန်တူမည်၊ သံချေးတက်၍ ဆွေးမြည့်နေသောသွပ်ပြားများသည် နှစ်ပရိစ္ဆေဒ ကြာမြင့်လှပုံကို သရုပ်ဖော်ပြနေသည့်ပမာ…၊ ကြမ်းခင်းပြင်အချို့သည် ကျိုးသည့်နေရာကကျိုး…၊ ပြုတ်သည့်နေရာကပြုတ်နှင့် ကြမ်းပြင်တစ်ခုလုံး ဖုန်အလိမ်းလိမ်းထနေသည်၊ အကာမရှိပါ…၊ ခါးသာသာမြင့်သော အကာလက်ရန်းတွေသာရှိသည်၊

လေပြေသည်တောအုပ်ကိုဖြတ်ကာ တရှဲရှဲမြည်ရင်း တိုက်ခတ်နေသည်၊ သစ်ရွက်တွေကြားမှ ဖြတ်သန်းတိုက်ခတ်လာသဖြင့် တရှဲရှဲမြည်သံသည် မြွေတွန်သံပမာ ထင်မှတ်စေသည်၊ တစ်တောလုံး မြွေတွန်သံတွေပမာ စုဝေးတွန်နေပုံမှာ တောကြီးမြွေဟောက်တွေအသံနှင့် တူကာ စိတ်ကိုချောက်ချားစေသည်၊ အသံတွေ အလုံးအရင်းဖြင့် အော်မြည်နေခြင်း ဖြစ်ပေသည်၊

"မြရွှန်း… မြွေတွန်သံတွေ များလားကွာ…"

လင်းမောင်သည် ဓားလွတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ပြောသည်၊

"မဟုတ်ပါဘူးကွာ… မင်းစိတ်ထင်နေလို့ပါ လင်းမောင်… လေတိုးသံပါကွ…"

မြရွှန်းက ခပ်ပေါ့ပေါ့ပြောသည်၊ အမှန်တော့ သူလည်း အနည်းငယ်တော့ ကြောက်စိတ်ဝင်နေပြီကို ဝန်ခံရပေမည်၊ သူတို့နှစ်ယောက်သည် လက်ထဲမှာ လက်နက်ကိုယ်စီကိုင်ကာ ရေးရေးမျှ ထင်နေသော လှသွားလမ်းကလေးအတွင်း ရှေ့နောက် သတိကြီးစွာထားရင်း လျှောက်နေကြသည်၊

သို့နှင့် ရွာနှစ်ရွာကြားရှိရွာသရိုင်းမြေတွင်းသို့ တစ်စတစ်စ သိုးသင်းလာကြသည်၊ နေသည် ညနေခင်းဆီသို့ တဖြည်းဖြည်း ရွေ့လျားလာသဖြင့် အလင်းအိုဘဝသို့ ချဉ်းကပ်လာပြီဖြစ်သည်၊ သုသာန်တွင်းရှိ မှန်ကုပ်ကုပ်ကြီးရင့်သစ်ပင်အိုကြီးမှာ ကြောက်စိတ်ကို အနည်းနှင့်အများ ချောက်ချားစေသည်ကတော့ အမှန်ပင် ဖြစ်သည်၊

သုသာန်ကို ဖြတ်ကျော်မှ တစ်ဖက်လျှိုမြောင်ထဲသို့ ရောက်မည်၊ ထိုလျှိုပေါ်မှ ပြန်တက်လျှင် မြေပြန့်…၊ မြေပြန့်အတိုင်း ဆက်သွားပါက ဒွေးလေးတို့ရွာ၊

"ဆေးလိပ်သောက်ချင်တယ်…လင်းမောင်"

"သောက်လေ…"

မြရွှန်းသည် ရေညှိတက်နေသော အုတ်ပျက်တွေ၊ မြေပုံမို့မို့တွေကို ရှောင်ရှားကျော်လွှားရင်း ဆေးလိပ်ရှာသည်၊ မီးခြစ်စမ်းသည်၊ ထို့နောက် မီးညှိကာ တစ်ရှိုက်နှစ်ရှိုက်ဖွာသည်၊ လမ်းကတော့ အလျှောက်မပျက်၊ မြရွှန်းသည် တတိယ၊ စတုတ္ထအကြိမ်မြောက် မီးခိုးပျောက် ရှိုက်ဖွာလိုက်စဉ် သစ်ပင်အုပ်အုပ်ကြီးအောက်ဘက်ဆီမှ ဖွာစနဲဖွာစနဲ သဲမြေတွေ လွင့်စဉ်သံကို ကြားလိုက်ရလေသည်၊ ဘာသံပါလိမ့်…၊ လေတိုးသံလည်းမဟုတ်၊ သစ်ရွက်ကြွေသံလည်းမမည်၊ ဘယ်လိုသံပါလိမ့်…၊ အသုဘမြေ မြှုပ်ရန်တူးဆွနေသံများလား…၊ ဒီလိုဆို ဘာဖြစ်လို့ တိတ်တဆိတ် တူးဆွနေရတာလဲ…၊ မြေကြီးယက်သံတွေက တဖွားဖွား ထွက်ပေါ်နေဆဲ…၊ အသံတွေက မရပ်မနား အဆက်မပြတ်၊

လင်းမောင်နှင့်မြရွှန်းသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်ကြသည်၊ မြရွှန်းသည် ဆေးလိပ်ဆက်မသောက်တော့၊ လင်းမောင်မျက်နှာ မျက်လုံးပြူးကာ ကြည့်လိုက်သည်၊ လင်းမောင်က မေးဆတ်ပြသည်၊ ဘာလဲဟုသည့်သဘော၊





www.burmeseclassic.com

www.burmeseclassic.com

သုသာန်မြေတွင် အသုဘကိစ္စရှိမည်ဆိုပါက လူစုလူဝေးနှင့်ရှိရမည်။ ယခုအသံသည် တိတ်တဆိတ် တူးဆွနေသော၊ ယက်ထုတ်နေသောအသံသာဖြစ်သည်။ လူဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ရ၊ သုသာန်စောင့်များ မြှုပ်ပြီး အလောင်းကို ပြန်ဖော်နေတာလား၊ ဒါမှမဟုတ် တွင်းအသစ်တူးနေတာလား... ဘယ်လိုပါလိမ့်... အမှောင်သို့ ကူးပြောင်းလုပြီ၊ တောအုပ်၏ အောက်ခြေတွင် အမှောင်သည် ယှက်သန်းနေပေပြီ...။

လင်းမောင်တို့သည် မြေကြီးယက်ထုတ်သံတွေကို ဆက်၍ကြားနေရသည်၊ သူတို့သည် ချုံကွယ်တစ်ခုမှနေ၍ ကြားနေရသောအသံသည် တိတ်တဆိတ်တူးဆွနေသော ယက်ထုတ်နေသောအသံသာ ဖြစ်သည်၊ လူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရ၊

လင်းမောင်တို့သည် မြေကြီးယက်ထုတ်သံတွေကို ဆက်၍ကြားနေရသည်၊ သူတို့သည် ချုံကွယ်တစ်ခုမှနေ၍ တိတ်တဆိတ် ငြိမ်သက်နား ထောင်နေခြင်းသာဖြစ်သည်၊ ရှေ့သို့မတိုးရဲ...၊ နောက်သို့လည်း မဆုတ်ရဲချေ၊ ထို့ပြင် တုတ်တုတ်မျှ မလှုပ်ရဲပြန်၊ သူတို့သည် ၀ပ ၃၀ မျှ ဝေးကွာသော နေရာဆီမှ သဲမှုန်မြေမှုန်များ တွင်း၏နှုတ်ခမ်းပေါ်သို့ လွှင့်ပျံနေသည်ကို သာ တိတ်တဆိတ် ငေးကြည့်နေမိကြသည်၊ ထိုစဉ် သစ်ပင်တစ်ပင်ပေါ်မှ ငှက် တစ်ကောင် ရုတ်တရက် ကီးခနဲ အော်မြည်ကာ လန့်ဖျပ်ပျံပြေးသွားသည်၊

"မြရွှန်း... ဘာကောင်လဲမသိဘူးကွ... လူတော့မဟုတ်ဘူး...၊ တော ခွေးတွေ အလောင်းဖော်စားနေကြတာလားမသိဘူးဟ..."

"အလောင်းဖော်စားရင် အုပ်စုလိုက် တွေ့ရမှာပေါ့... တောခွေးက အုပ် စုလိုက်နေတာ"

"နေဦးကွ... ဘာကောင်လဲမသိဘူး... လုံနဲ့ဝင်ထိုးကွာ"

"ဟော့ကောင် ဘာမှန်းမသိ...ညာမှန်းမသိ... အနားကပ်ကြည့်ကြမယ်"

"ဟာကွာ...နေပါဦးကွ... ကိုယ့်ကို အန္တရာယ်ပေးမည့်ကောင် ဖြစ်နေ ဦးမယ်"



သူတို့နှစ်ယောက် လက်နက်များကိုယ်စီဖြင့်တာ အသံလာရာဆီသို့ တိုးကပ်ရန် ခပ်ဖွဖွခြေလှမ်းများဖြင့် ကပ်လာကြလေသည်၊ မြေကြီးယက် ထုတ်သံတွေကိုကြားနေရဆဲ...၊

မြေကြီးယက်ထုတ်သံတွေ ကြားနေရသောမြေပုံသည် လတ်လတ် ဆတ်ဆတ် မြေပုံဖြစ်သည်၊ မြေကြီးအသစ်တွေကို မြင်နေရသည်၊ မြေကြီး တွေ လေထဲမှာ လွှင့်ပျံနေကြသည်၊

"အကောင်တစ်ကောင်ပဲ လင်းမောင်၊ အလောင်းဖော်စားနေတာ ထင်တယ်... သတိထား"

မြေကြီးတွေ တဖွားဖွားပြန့်လွင့်ကာ တွင်းပေါ်ရောက်လာသော်လည်း တွင်းပေါ်မှ ယက်ထုတ်နေသောပုံစံ မဟုတ်ပေ၊ ကဏန်းများ၊ ပွေးများကဲ့သို့ မြေကြီးထဲမှ မြေပြင်ပေါ်သို့ တွန်းပို့ယက်တင်နေသောပုံစံ ဖြစ်သည်၊

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့သြတကြီး ကြက်သေသေနေမိသည်၊ ရုတ်တရက် စကားမပြောနိုင်၊ အသက်ရှူဖို့ကိုပင် မေ့လျော့သွားကြသည်၊ ချွေးစေးတွေ ပျံလာသည်၊ ရင် ထဲမှာ မောဟိုက်လာကြသည်၊

"သာရွှန်း... မြေကြီးထဲက တိုးထွက်လာတာကွ...ဘုရား...ဘုရား..."

"ဟုတ်...ဟုတ်...ဟုတ်တယ်...လင်းမောင်"

အံ့သြတုန်လှုပ်မှုကြောင့် သူတို့တစ်ကိုယ်လုံး အင်အားများ ဆုတ် ယုတ်ကာ ဒူးများ အလိုလို ညွှတ်ခွေပျော့ဆင်းသွားမတတ် ခံစားလိုက်ကြ ရသည်၊ မြရွှန်း၏လက်ထဲမှ လုံတံသည် ချွေးဖြင့် ချော်ချွတ်ကာ လွတ်ကျ မလို ဖြစ်သွားသည်၊ အံ့သြတုန်လှုပ်မှုဖြင့် ကြောက်စိတ်သည် ပူးတွဲဝင် ရောက်လာကာ သူတို့ရင်ထဲမှ ဆင်ခြင်တုံအသိတရားသည် ရင်ထဲမှာ ကွက်လပ်ကြီး ဖြစ်သွားလေသည်၊

နှစ်ယောက်စလုံး၏ ရင်ခုန်သံသည် တဒုတ်ဒုတ် မြည်နေသည်၊ မြရွှန်း ၏လက်ထဲမှ သောက်လက်စဆေးလိပ်တိုသည် ပြုတ်ကျသွားသည်၊



www.burmeseclassic.com

www.burmeseclassic.com

မြေကြီးထဲမှ မြေပြင်ပေါ်သို့ မြေလွှာအစိုင်အခဲတွေကို နှုတ်ခမ်းပေါ် တွန်းတင်ကာ တဖြည်းဖြည်း ထွက်လာသောသတ္တဝါတစ်ကောင်...။

မြရွှန်းသည် အထိတ်တလန့် ငေးကြည့်နေရင်း...

"ဘုရား...ဘုရား...ဖုတ်...ဖုတ်... ဖုတ်ထင်နေတာကွ..."

"ပေါ့ကောင် တိုး...တိုး... ငါတို့အသံတွေ ကြားသွားမယ်... အပမှီလာတာလားမသိဘူး..."

"ကြောက်စရာကြီးကွ..."

"ဟုတ်...ဟုတ်..."

တွင်းအောက်မြေကြီးထဲမှ တွင်းပေါ်သို့ တိုးထွက်လာသောသတ္တဝါသည် တစ်ကိုယ်လုံး ရွှံ့သဲများဖြင့် ပေပွနေပြီး အမွေးအမျှင်များဖြင့် ပြည့်နက်နေသည်၊ ထူးခြားချက်ကား အကျီအဖြူ လုံချည်အညိုကွက် ဝတ်ဆင်ထားသော လူလိုလို... လူဝံလိုလို...သတ္တဝါတစ်ကောင်သာတည်း။ တကယ်တော့ လူတစ်ယောက် ဘဝပြောင်းသွားသည့်ပုံစံဖြစ်လိမ့်မည်၊

ထိုသတ္တဝါသည် လွန်မင်းစွာ ပင်ပန်းမောဟိုက်နေသည့် လက္ခဏာဖြင့် ရုပ်အလောင်းမြှုပ်ရာတွင်းနှုတ်ခမ်းပေါ်သို့ ခက်ခက်ခဲခဲ တွားတက်လာပေသည်၊

"လူကွ... လူ...လူ... အမွေးတွေနဲ့ မျောက်ဝံလိုပဲကွ..."

"ဟုတ်တယ် မြရွှန်း... ဘယ်လိုဖြစ်တာလဲ..."

"အသေကောင်က ဘယ်လိုအသက်ရှင်ပြီး အမွေးတွေ ရှည်ထွက်လာရတာလဲကွ..."

"မြရွှန်း၊ ငါသိပြီ... ငါတို့အဖေ... လူကြီးတွေပြောနေကြတဲ့ လူထွက်ကောင်ကွ... မင်းလည်းသိပါတယ်၊ စုန်းမှာ မျိုးရိုးရှိသလို လူထွက်ကောင်မှာလည်း မျိုးရိုးရှိတယ်ဆိုတာလေ..."

"သိတယ် လင်းမောင်၊ တို့အရပ်မှာ လူပြောများတဲ့ကိစ္စလေ..."

"သွားကြစို့... တို့ကို အန္တရာယ်ပေးနိုင်တယ်... ဒီအသေကောင် အပမှီနေပြီ... လူစိတ်ပျောက်နေပြီ"

"ဟုတ်တယ် - လစ်ကြစို့..."

သူတို့သည် အသက်ပင် ရဲရဲမရှူဝံ့ကြတော့ဘဲ တိတ်ဆိတ်ညင်သာသော ခြေလှမ်းများဖြင့်ပင် သုသာန်၏အနောက်ဘက်သို့ ခြေတိုးသုတ်ကြလေသည်၊ ထိုစဉ် မြေကြီးထဲမှ တိုးထွက်လာသော သတ္တဝါသည်လည်း အရှေ့မြောက်အရပ်ရှိ မြစ်ဆီသို့ သွားရောက်ရန် တောနက်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

မြရွှန်းနှင့် လင်းမောင်တို့သည် အသက်ကို ဝပြင်းပြင်း ရှူ၊ လုံချည်တိုတိုဝတ်၊ ခါးတောင်းမြှောင်အောင် ကျိုက်ကာ ခြေကုန်သုတ်ခြေကြမြန်လေသည်၊ သူတို့သည် သုသာန်နှင့် သာ၍ဝေးရာဆီသို့...၊ လူထွက်ကောင်နှင့် ဝေးရာဆီသို့...၊

ஒ•ஒ

ကျွန်တော်နဲ့အဘ ဦးလင်းမောင်တို့ရဲ့စကားဝိုင်းဟာ ညဉ့်တော်တော်နက်မှပဲ အဆုံးသတ်သွားပေတော့တယ်၊ လင့်စင်ပေါ်မှာ တက်နေရတာဟာ အသက်အန္တရာယ် လုံခြုံစိတ်ချရပေမယ့် ညရေးညတာကိစ္စကျတော့ တော်တော်ကို ခက်ခဲပါတယ်...၊

အဘပြောပြတဲ့ လူထွက်ကောင် ကိုယ်တွေ့မျက်မြင်ဇာတ်လမ်းကိုတော့ ကျွန်တော် ဘယ်လိုမှ ထင်မြင်ယူဆချက် မပေးသာပါဘူး...၊ လောကမှာ ကမ္ဘာနဲ့အဝှမ်း ဆန်းကြယ်နက်နဲတဲ့အကြောင်းအရာတွေ... သဘာဝလွန် ဖြစ်ရပ်ဆန်းကြယ်တွေ အများကြီးရှိနေတယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ လောကဓာတ်သိပ္ပံပညာ တိုးတက်ထွန်းကားပါပြီဆိုတဲ့ အနောက်နိုင်ငံနဲ့ အင်္ဂလန်မြို့ကြီးတွေမှာတောင် သွေးစုပ်ဖုတ်ကောင်၊ ဖုတ်၊ တစ္ဆေ စသည့်တိရစ္ဆာန်တွေကို ယုံကြည်နေကြပြီး ဖြေရှင်းလို့မရတဲ့ကိစ္စတွေအဖြစ်နဲ့ အသင်းအဖွဲ့တွေ တည်ထောင်ပြီး လေ့လာနေကြတယ် မဟုတ်လား...၊ သူတို့ဆီက သွေးစုပ်ဖုတ်ကောင်ဆိုတာလည်း ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com

တို့ဆီက လူထွက်ကောင်လို ဖြစ်မှာပါ…။ သမန်းကျားကိစ္စ… အာဇရိက တောနက်ကြီးထဲက သမန်းဝံပုလွေဆိုတာတွေ၊ ဒေသတစ်ခုနဲ့တစ်ခု နည်းနည်းကွဲပြားမှာပါ။

ဒီတော့ အဘရဲ့ကိုယ်တွေ့လူထွက်ကောင်ဆိုတာကို ထင်မြင်ယူဆချက် မပေးနိုင်တော့ဘဲ ခပ်မဆိတ်နေလိုက်ရင်း နောက်နေ့တွေမှာ အမဲလိုက်ဖို့ စိတ်ကူးလိုက်မိပါတော့တယ်။

ကွဲဖြ

မနက်မိုးလင်းလင်းချင်း ကိုကျော်ထွန်းနဲ့ ကိုကျော်လွှန်းဟာ စားဖို့သောက်ဖို့ တောသီးနဲ့ သစ်သီးသစ်ဖုတွေ ရှာဖွေဖို့နဲ့ အမဲလိုက်ဖို့ ထွက်သွားကြတယ်၊ ကျွန်တော်နဲ့ အဘကတော့ လင့်စောင့်၊ သားကောင်ရလာရင် ချက်ဖို့ပေါ့၊ ပြီးတော့ ချက်ရေးပြုတ်ရေး တာဝန်ယူ…၊ နံနက်စာအတွက် ရှာကပါလာတဲ့ ဆတ်သားခြောက်၊ ကုလားပဲတို့နဲ့ ချက်ပြုတ်ဖို့ ပြင်ဆင်နေမိကြတယ်၊ ရေကလည်းပေါ၊ ထင်းကလည်း မရှားပါဘူး။ အမဲလိုက်တယ်ဆိုပေမယ့် ဓတာထောင်ထဲမှာ ပျော်ပွဲစားထွက်လာကြသလိုပါပဲ၊ ပျော်စရာလည်းကောင်း၊ ထူးဆန်းတာတွေလည်း နားထောင်ရတော့ ကြည်နူးစရာပေါ့…၊ စိတ်ဝင်စားစရာတွေ အပြည့်နဲ့လေ…။

မနက်ထမင်းစားခါနီးလောက်မှာ ကိုကျော်ထွန်းတို့ညီအစ်ကို ပြန်ရောက်လာကြတယ်၊ ငှက်ပျောမှည့်တစ်ခိုင်၊ ယုန်နှစ်ကောင်၊ ပုတက်ခြောက်ကောင်လောက် လက်က ကိုယ်စီကိုယ်င ဆွဲလာကြလေရဲ့…။

ကိုကျော်ထွန်းဟာ ပစ္စည်းတွေပစ်ချပြီး ခရီးရောက်မဆိုက်မှာပဲ…

"အဖေ… ချောင်းစပ်မှာ တောဝက်ခြေရာတွေတွေ့တယ်… မြစ်နဲ့တော့ဝေးသေးတယ်၊ ဝက်ချေးလတ်လတ်ဆတ်ဆတ်နဲ့ ခြေရာလတ်လတ်ဆတ်ဆတ်တွေ…"

ကျွန်တော် နားထောင်နေမိတယ်၊ မြစ်ဆိုတာတာတော့ သံလွင်မြစ်ကြီးကို ပြောနေတာနေမှာပါ…၊ ချောင်းဆိုတာတာတော့ သံလွင်မြစ်ကို စီးဝင်တဲ့ လက်တက်ကလေးတွေထဲက တစ်ခုပေါ့။

"ဟုတ်လားကွ… မင်းဟာ သေချာရဲ့လား"

"ဟုတ်တယ်အဖေ… ခြေရာတွေက တောဝက်ခြေရာတွေ… လတ်လတ်ဆတ်ဆတ်ပဲဗျ…၊ အနည်းဆုံး ခုနစ်ကောင် ရှစ်ကောင်ပဲ… ခြေကြီးတွေကိုလည်း တူးဆွမွှေနှောက်သွားကြတာ မြတ်ကို ကြဲနေတာပဲဗျို့…၊ ကျွန်တော်တော့လေ လက်ကို ယားနေတာပဲ… တောဝက်သား မစားရတာ ကြာပြီ ညီလေးရဲ့…"

စကားဆုံးတော့ ကျွန်တော့်ကို လှည့်ပြီး ရယ်ပြပါတယ်၊

"ဝက်အုပ်ကတော့ ဟုတ်ပါပြီ… ကိုင်းထောင်မလား၊ စောင့်ပစ်မှာလား"

ကျော်လွှန်းက -

"ကျွန်တော်ကတော့ နှစ်မျိုးစလုံး လုပ်ချင်တယ်အဖေ… အင်း…အဖေ ဒီကြားထဲမှာ ခြေရာတစ်ခုတွေ့တယ်၊ ခြေရာက တော်တော်ကြီးတယ်ဗျ… ဟင်းချိုပန်းကန်လုံးလောက်ရှိတဲ့ ခြေရာကြီးဗျ…၊ ရောမ တောဝက်ကြီးများလားအဖေ"

စကားဆုံးတော့ ကျော်လွှန်းက ပခုံးတစ်ချက် တွန့်ပြလိုက်တယ်…။

အဘက တစ်ချက်စဉ်းစားတယ်၊ ပြီးမှ…

"ကဲပါကွာ… ညနေရေသောက်ဆင်းချိန်စောင့်ကြည့်ကြသေးတာပေါ့"

ကွဲဖြ

ကျွန်တော်ကတော့ ကိုကျော်ထွန်းတို့ တောဝက်ပစ်တာ နမူးတွေ့ ဒူးတွေ မြင်ရတော့မှာမို့ သဘောကျနေပေမယ့် မသေမရှင် ဒဏ်ရာရနေတတ်တဲ့တောဝက်ဟာ နောက်မဆုတ်တမ်း ဒေါသတကြီး တိုးဝင်တိုက်ခတ်





www.burmeseclassic.com

www.burmeseclassic.com

တတ်တဲ့ သဘောသဘာဝကိုလည်း မှဆိုးတွေ့တွေ့ဖတ်ရင်း သတိပြု နေမိပါတော့တယ်။ ဒီကိစ္စမှာ ကျွန်တော်ကတော့ ပွဲကြည့်ပရိသတ်တစ် ယောက်ပဲဆိုပါတော့။ တိရစ္ဆာန်တွေဟာ သူတို့အသက်ကို ရန်ရှာမယ် ဆိုရင် ဘယ်လောက်ငယ်တဲ့သတ္တဝါပဲဖြစ်စေ ပြန်လည်ခုခံတတ်ကြတာ၊ တုန့်ပြန်တတ်ကြတာ သဘာဝပါ။

ကိုကျော်ထွန်းနဲ့ ကိုကျော်လွန်းဟာ တောဝက်သားစားချင်တဲ့ဖောနဲ့ တောဝက်ပစ်ဖို့ ဟန်ရေးတပြင်ပြင် ဖြစ်နေကြပြီလေ။

နေ့လယ် ၁၂-နာရီလောက်ကတည်းက ကျွန်တော်တို့လေးယောက် သား တောဝက်တွေ ရေဆင်းသောက်တဲ့စမ်းချောင်းဆီကို ရွေ့လျားလိုက် ကြတယ်၊ လက်နက်ကိုယ်စီနဲ့ပါ။ စမ်းချောင်းပတ်လည်ဟာ အကာ အကွယ်ကောင်း၊ သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ သာသာယာယာ ပါ၊ စမ်းချောင်းပတ်လည်မှာ တောဝက်ခြေရာတွေ၊ မစင်တွေအပြင် သစ်ပင် ပင်စည်အောက်ခြေမှာ တောဝက်တွေရဲ့ ခန္ဓာကိုယ်နဲ့ ပွတ်တိုက် ထားလို့ အခေါက်တွေမရှိတော့ဘဲ ပြောင်ရောနေတယ်။ ကျောက်တုံး တွေမှာ လည်း ရွှံ့တွေနဲ့ ပြောင်ရောနေတယ်၊

"ဒီကောင်တွေ ညနေဘက်နေညိုချိန်မှာ စမ်းချောင်းထဲဆင်းမှာ သေချာသလောက် ဖြစ်နေပြီလေ ညီလေး... မင်းက သစ်ပင်ပေါ်တက်နေ ရင်ကောင်းမယ်၊ အကာအကွယ်ပေါ့... သူတို့ရဲ့ အရိပ်အခြည်လည်း မြင်ရ တာပေါ့... တိရစ္ဆာန်ဆိုတာ အရိုင်းစိတ်ဝင်နေကြတာ ကြောက်စရာတွေပဲ"

"ဟုတ်ကဲ့ ကိုကျော်ထွန်း - ကျွန်တော် သဘောပေါက်ပါတယ်"

ကျွန်တော်က ကိုကျော်ထွန်းတို့ညွှန်ပြတဲ့ တောင်ပိန္နဲကြီးပေါ်ကို လွယ် ကူစွာပဲ တွယ်တက်လိုက်ပါတယ်၊ လက်ထဲမှာတော့ လှံတိုတစ်ချောင်း...။

ထထထ

မှဆိုးအတွေ့အကြုံ ရင့်ကျက်သူတို့ရဲ့စကားဟာ လွန်စွာမှန်ကန်လှပါ တယ်၊ ညနေစောင်းမှာပဲ တောဝက်တွေ ရေသောက်ဆင်းတော့တာပါပဲ။



စုစုပေါင်း ရှစ်ကောင်၊ ကိုးကောင်လောက်ရှိမယ်...။ တောဝက်အုပ်ရဲ့ ဦးဆောင်တာကတော့ ဝက်ထီးကြီးတစ်ကောင်ပါ...။ သူတာဘောဝက် အုပ် ထဲမှာ အကြီးဆုံး... အစွယ်ဝါကျင်ကျင်ကြီးက အပေါ်ဘက်ကို အောက်မေး ပါးစောင် ကနေ ငေါထွက်နေတာကိုက အသည်းတုန် ရင်တုန်စရာ မြင်ကွင်းပါပဲ...။ အစွယ်ဝါဝါကြီးက တစ်ထွာလောက် ရှိပါလိမ့်မယ်၊ တဝုဝု အသံတွေပေးပြီး စမ်းချောင်းရေစပ်ကို အေးအေးလူလူ ဆင်းသက် လာကြပါပြီ၊

ကျွန်တော်က ပေနှစ်ဆယ်လောက်မြင့်တဲ့ တောင်ပိန္နဲသစ်ပင်ကိုင်းပေါ် က တိတ်တဆိတ်ကြည့်နေတော့ မြင်ကွင်းကို အကုန်မြင်နေရတယ်၊ အဘ နဲ့ ကိုကျော်ထွန်းတို့နှစ်ယောက်တွဲက တစ်နေရာ...၊ ကိုကျော်လွန်းက ကျောက်တုံးကြီးတစ်ခုရဲ့နောက်ကွယ်တစ်နေရာမှာပါ...။

တောဝက်အုပ်စုဟာ အမွေးမွဲခြောက်ခြောက်၊ အစွယ်ကောကော့တွေ ကို ကျွန်တော် လှမ်းမြင်နေရပါပြီ၊ သူတို့ဟာ သူတို့ အသက်ဇီဝိန်ကို ချွေ တော့မည့်လူသားတွေ ချောင်းမြောင်းနေတာကို မသိရှာကြဘဲ စမ်းချောင်း ရေကို စတင်သောက်နေကြပါပြီ၊

စမ်းရေစီးသံ...၊ ကျေးငှက်တစ်ကောင်ရဲ့ ဘာသာဘာဝတွန်ကျူးသံ၊ လေတိုက်လို့ သစ်ရွက်တွေ တဖြောဖြော လှုပ်ခတ်သံတွေက ပုံမှန်အတိုင်း ပါပဲ...၊ အဘလက်ထဲမှာတော့ ဒူးလေး...၊ ကိုကျော်ထွန်းလက်ထဲမှာတော့ ပို့ုင့်တူးတူးသေနတ်... ကိုကျော်လွန်းလက်ထဲမှာတော့ အသွားတစ်ပေ လောက်ရှိတဲ့ လှံရှည် အသီးသီးကိုင်ဆောင်ပြီး နေရာယူထားကြပါပြီ၊

အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့ဖြစ်ရပ်တစ်ခုက ဖြစ်သွားခဲ့တယ်၊ ယုန် ညိုကလေးနှစ်ကောင်ရဲ့ ချေငယ်ကလေးတစ်ကောင်ဟာ စမ်းချောင်းတစ် လျှောက် ရေစပ်ကနေပြီး ကြောက်လန့်တကြား ပြေးလွှားလာကြလို့ပါပဲ... သူတို့ဟာ အသက်အန္တရာယ်ကြောင့် ဒေါသမည့်ဘေးကို တွေ့ကြုံလိုက် ကြရသည့်အလား... ဒါမှမဟုတ် ကြောက်စရာမြင်ကွင်းတစ်ခုကို မြင်တွေ့ လိုက်ရလို့ သွေးရူးသွေးတမ်း ထွက်ပြေးလာကြတဲ့ပုံစံပါ... သစ်ပင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

တောတောက တေးဆိုနေကြတဲ့ ငှက်ကလေးတွေတောင် အလန့်တကြား ပျံပြေးသွားကြပြီ၊

ဗအားအေးလူလူ စမ်းရေသောက်ဆင်းနေကြတဲ့ တောဝက်အုပ်စုဟာ လုန်နဲ့ ချေကလေးတွေရဲ့ အလန့်တကြားအပြုအမူကြောင့် ရေအသောက်ရပ်၊မလှုပ်မယှက်နားစွင့်ပြီးအခြေမဟန်တဲ့သွင်ပြင်လက္ခဏာကိုတွေ့လိုက်ရပြီးအလန့်တကြားအုပ်စုလိုက်ထွက်ပြေးသွားကြပြန်ပါပြီ… တောအုပ်ဟာ ချောက်ချားဖွယ်ရာ အမှတ်အသားသင်္ကေတနဲ့ ချက်ချင်း အကြည်းတန်သွားရပါတယ်၊

ဒီလိုအခြေအနေတွေကိုအဘတို့တောင်ရိပ်မိသွားကြပုံပါ…၊တိရစ္ဆာန်ကလေးတွေနောက်က တစ်စုံတစ်ယောက်… မှဆိုး…ဒါမှမဟုတ်…တိရစ္ဆာန်တစ်ကောင် လိုက်လာပြီဆိုတာ သဘောပေါက်လိုက်ပြီလေ၊

အဘတို့သုံးယောက်ဟာ သတ္တဝါတွေ စတင်ပြေးလွှားရာဘက်ကို ဂရုစိုက်လေ့လာနေဆဲမှာပဲ စမ်းချောင်းရဲ့ ညာဘက်ကနေ ကိုက်နှစ်ဆယ်လောက် ရှိမယ်ထင်ပါရဲ့၊ အဲဒီကတော့ ချုံပုတ်တစ်စုဟာ ခပ်သွက်သွက်လှုပ်ရမ်းသွားတယ်၊ ကြောက်မက်ဖွယ် တုန်ခါသွားတဲ့ပုံစံပါ…၊

ကိုကျော်ထွန်းရဲ့ သေနတ်မောင်းတင်သံ…၊ အဘရဲ့ ဒူးလေးကြိုးငင်သံတွေ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာပါပြီ…၊ ကျွန်တော်ကတော့ လှံတိုကလေးကိုင်ပြီးတော့ ချုံပုတ်ရှိရာကို အလန့်တကြား ငေးကြည့်နေမိတယ်၊ ကျွန်တော့်လက်ထဲက လှံတိုဟာ ကြောက်စိတ်ဝင်စပြုနေတဲ့ ကျွန်တော့်အဖို့ အားကိုးအားထားပြုရာ မိတ်ဆွေကောင်းတစ်ယောက်လိုပါပဲ၊ ကျွန်တော်ဟာ သစ်ပင်ပေါ်အန္တရာယ်ကင်းကင်းနေရာကနေပြီး စိုးရိမ်တကြီးဖြစ်နေတာကတော့ မြေပြင်ကနေ တောရိုင်းတိရစ္ဆာန်ကို ရင်ဆိုင်ဖို့ စောင့်မျှော်နေတဲ့ သွေးချင်းသားချင်းတွေကို စော်ကားသလို ဖြစ်နေတယ်၊ အတွေ့





ကျွန်တော့်မြင်ကွင်းထဲက သတ္တဝါကြီးဟာ
ကျွန်တော်ထင်သလို
တောဆင်ပေါက်မဟုတ်ပါဘူး…။
ဆင်ပေါက်ဆိုရင် နှာမောင်းပါရမယ်။
ခုကောင်ကြီးကတော့
ဆင်ပေါက်အရွယ်လောက်ရှိမယ်…
နှာမောင်းမပါဘူး။
သေသေချာချာကြည့်လိုက်တော့…

အကြံမရှိတာကြောင့် အမှန်တကယ် ကြောက်လန့်နေတာပါ၊ ချုံပုတ်ထဲက ထွက်လာမှာက ကျားကြီးလား…၊ ဆင်ကြီးလား…၊ ပြောင်ကြီးလား…၊

အဲဒီအချိန်မှာပဲ တဖြန်းဖြန်းလှုပ်ယမ်းနေတဲ့ တောချုံပုတ်ကို ဖယ်ရှားခွဲထွက်လာတဲ့သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရပါတော့တယ်၊ မှိုး



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာတဲ့သတ္တဝါဟာ ဆင်ပေါက်တစ်ကောင်လား…၊ ဆင်နဲ့တော့ တူတယ်၊ ဒါပေမယ့် နှာမောင်း… နှာမောင်း…၊

အားလုံး ကြက်သေသေပြီး မတုန်မလှုပ် အိပ်ဆေးမိနေကြသူတွေလို၊ လေဖြတ်သူတွေကို မလှုပ်မယှက် ဖြစ်သွားကြမယ်ထင်ပါတယ်၊ အတွေ့အကြုံမရှိတဲ့ ကျွန်တော့်အဖို့တော့ ကယောင်ချောက်ချား "ဟာ"ခနဲ အာမေဍိတ်သံ ထွက်ပေါ် သွားပြီး လန့်ဖျတ်ကြောင်ငေးနေမိတော့တယ်၊ အဲဒီအချိန်မှာ ရေသောက် ဆင်းလာကြတဲ့ တောဝက်အုပ်စုလည်း ထွက်ပြေးသွားကြပါပြီ…၊

အဘတို့လည်း အံ့သြတကြီး ကြောင်ငေးနေကြတယ်၊

ကျွန်တော့်မြင်ကွင်းထဲက သတ္တဝါကြီးဟာ ကျွန်တော်ထင်သလို တောဆင်ပေါက်မဟုတ်ပါဘူး…၊ ဆင်ပေါက်ဆိုရင် နှာမောင်းပါရမယ်၊ ခု ကောင်ကြီးကတော့ ဆင်ပေါက်အရွယ်လောက်ရှိမယ်… နှာမောင်းမပါဘူး၊ သေသေချာချာကြည့်လိုက်တော့…၊

ဘုရား…ဘုရား…၊ ဧရာမဝက်ကြီးပါလား…၊ ရှည်လျားတဲ့အစွယ်ကော့ကော့ဝါဝါကြီးတွေက လူကြီးလက်တစ်ထွာ မကပါဘူး၊ မွဲချောက်ချောက် အမွေးရှည်ကြမ်းကြမ်းတွေ ဖုံးအုပ်ထားတဲ့ တောဝက်ကြီးဟာ ချုံထဲကနေ ထွက်လာပြီး ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ ခြေလေးချောင်းစုံရပ်ပြီး ငြိမ်သက်နေပုံကတော့ ပတ်ဝန်းကျင်မှာ ရန်သူရှိရှိနဲ့ကို စောင့်ကြည့်အကဲခတ်နေပုံပါ…၊ ရန်လိုနေတဲ့ပုံစံပါ၊

တကယ်တော့ ဒီတောဒီတောင်မှာ နွားပေါက်တစ်ကောင်လောက် ရှိမယ့် ဧရာမတောဝက်ကြီးကိုတွေ့ဖို့ဆိုတာ အိပ်မက်ထဲတောင် ထည့်မမက်နိုင်တဲ့နေရာမျိုးပါ၊

တောဝက်ကြီးဟာ ရုတ်တရက် အမွေးကြမ်းများ ထောင်ထလာပြီး နှုတ်သီးရှုံ့ချည်ပွချည်ဖြစ်လာပါပြီ၊ နောက်တော့ ဒေါသတကြီးနဲ့ ဝုခနဲတစ်ချက် ဝမ်းခေါင်းသံကြီးနဲ့ မြည်အော်လိုက်ပါတယ်၊ နောက်တော့ ရန်သူကို



ရင်ဆိုင်ရတော့မည်အလား ဒေါသထွက်လာပြီး မီးရထားစက်ခေါင်းကြီးလို နှာခေါင်းပေါက်ကနေ တရှူးရှူးတရှဲရှဲ ဖြစ်လာပါတော့တယ်၊ လှန့်ရလို့ ဖြစ်ပါလိမ့်မယ်၊ သူဟာ ဒေါသထွက်ပြီး အနီးက ယောက်ျားတစ်ယောက် ပေါင်လုံးလောက်ရှိတဲ့ သစ်ပင်တစ်ပင်ကို ဝုန်းခနဲ ပြေးပက်လိုက်တာ သစ်ပင်ဟာ ဖျောင်းခနဲ မြည်ပြီး ခါးလယ်က ကျိုးသွားတယ်၊

ဘုရား… ဘုရား…၊ ဒီအချိန်မှာ ကျွန်တော့်ရင်ထဲမှာ ကြောက်ရွံ့စိတ်ဟာ တစ်ကိုယ်လုံး ပျံ့နှံ့စိမ့်ဝင်ပြီး ကျွန်တော့်ဘေးက ပင်စည်ကိုင်းလက်တစ်ခုကို ဖက်တွယ်ထားမိပါတော့တယ်၊ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပါပြီ၊ တောဝက်ကြီးဟာ ဝုခနဲတစ်ချက် အော်မြည်လိုက်ပြီး ခေါင်းကိုငုံ့၊ ရှေ့ခြေကို အားယူနေဟန်ဟာ တစ်စုံတစ်ခုကို ပြေးပြီး ပက်ဖို့ ပြင်ဆင်နေဟန်ပါ၊ အသက်ရှူဟန်ထနေပုံဟာ ဆူပွက်နေတဲ့ မီးရထားစက်ခေါင်း ဘွိုင်လာအိုးကြီး တရှူးရှူးမြည်နေပုံနဲ့ တူပါတယ်၊ ကျွန်တော်ဟာ မြေပြင်ပေါ်မှာ ရှိနေတဲ့ လူတွေအတွက် စိုးရိမ်စိတ် ဝင်လာပြီး ရင်ထဲမှာ အနုမြူဗုံးအသေးစားကလေးတစ်လုံး ပေါက်ကွဲသွားခဲ့ပါပြီ၊

တောဝက်ကြီးဟာ သစ်ပင်နောက်မှာ ကွယ်ပြီးရပ်နေတဲ့ ကိုကျော်ထွန်းကိုမြင်တွေ့သွားပုံပါပဲ၊ အင်နဲ့အားနဲ့ ပြေးပက်ဖို့ ခြေလှမ်းလေးလှမ်းငါးလှမ်း ရွေ့လိုက်စဉ်မှာပဲ ကိုကျော်ထွန်းကိုင်ထားတဲ့ သေနတ်ဖျားက မီးပွင့်ကလေးတွေ ဖြာထွက်သွားပါတယ်…၊

"ဒိုင်း"

နောက်တစ်ချက်…

"ဒိုင်း"

နောက် –

"ဒိုင်း"

တစ်တောလုံး ဆူညံမြည်ဟည်းသွားပါတော့တယ်…၊ ကျေးငှက်တွေရဲ့ လန့်ဖျပ်ပျံပြေးသံ၊ တိရစ္ဆာန်အငယ်ကလေးတွေရဲ့တောတိုးသံတွေနဲ့အတူ

www.burmeseclassic.com

ဆူညံပွက်လောရိုက်သွားပါတော့တယ်၊ ကိုကျော်ထွန်းရဲ့လက်ကလည်း တော်တော်ဖြောင့်တယ်၊ ပထမတစ်ချက်နဲ့ တောဝက်ကြီးရဲ့ ငယ်ထိပ်ကို ထိမှန်သွားပြီး ပြေးလမ်းကြောင်း တုန့်ခနဲ ရပ်သွားတယ်၊ ဒုတိယအချက်က ညာဘက်လက်ပြင်ကိုထိပြီး မိုင်းဖုံးထိမှန်တဲ့ မော်တော်ကားကြီး တစ်စီးလို ဝုန်းခနဲ ပက်လက်လန်လဲပြိုသွားပြီး တတိယအချက်ကတော့ ဝမ်းဗိုက်ကို ဖောက်ထွင်းသွားတာပါ၊ ကျွန်တော်လည်း သစ်ပင်ပေါ်က ပြေးဆင်းလာတော့တယ်...၊

"ဂူး...ဂရား...အူး...အီး...အင်း..."

ဇရာမတောဝက်ကြီးဆီက နာကျင်စွာအော်ဟစ်လိုက်တဲ့ ဝမ်းခေါင်းသံကြီးနဲ့ တစ်ဆက်တည်းမှာပဲ အဘဆီက ပစ်လွှတ်လိုက်တဲ့ အဆိပ်လူးဒူးလေးမြား တစ်စင်းကလည်း လည်မျိုဆီကို တန်းတန်းမတ်မတ်ပါပဲ၊ ပွဲသိမ်းမြားတံလို့ပဲ ဆိုရမလိုပဲ...၊

တစ်ဆက်ဆက်တုန်ခါပြီး အကြောဆွဲနေတဲ့တောဝက်ကြီးဆီက ထွက်လာတဲ့ သေငယ်ဖောနဲ့ မျောနေတဲ့အသံဟာ ထူးခြားမှုရှိနေတယ်လို့ ဆိုရမယ်...၊ တောဝက်ကြီး ညည်းညူနေတဲ့အသံက တိရစ္ဆာန်ညည်းနေတယ်လို့ မထင်ရဘူး၊ လူတစ်ယောက် ညည်းညူသံနဲ့ တူနေတယ်၊ လူတစ်ယောက် နာကျင်စွာ အော်ဟစ်ညည်းတွားသံနဲ့ တူနေတယ်...၊ အံ့သြထူးဆန်းစရာ မကောင်းဘူးလား...၊ တိရစ္ဆာန်အသံက ဘာဖြစ်လို့ လူတစ်ယောက်လို ညည်းတွားနေရတာလဲ...၊ ဒါဟာ အံ့သြထူးဆန်းစရာ ကောင်းလှပါတယ်၊

တောဝက်ကြီးဟာလည်း ဤနေရာကနေ အံ့သြဖွယ်ကောင်းလောက်အောင် ခြေစုံထရပ်လိုက်ပါတယ်၊ ကိုကျော်ထွန်းက သေနတ်ကို မောင်းတင်ပြီး နောက်တစ်ချက် ထပ်ပစ်မယ်လုပ်တော့ အဘက လက်ကာတယ်၊ ဒက်ရာဗရပွနဲ့ ချက်ကောင်းတွေကိုချည်း မှန်ထားလေပြီလေ တောဝက်ကြီးဟာ ကြိုးဝိုင်းထဲမှာ ဒိုင်ပွဲရပ်နဲ့ အထိုးခံလိုက်ရတဲ့ လက်ဝှေ့သမားတစ်ယောက်လို ဘာမသိမျက်ဝန်းတွေနဲ့တွေ့ပြီး စိုက်ကြည့်နေ



သေးတယ်၊ ဒါပေမဲ့ – ဒက်ရာက လွန်မင်းစွာ ပြင်းထန်နေပြီလေ... တွေတွေကြီးရပ်နေရာကနေ သစ်တုံးကြီး ပြိုလဲကျသလို ဝုန်းခနဲအသံကြီးနဲ့အတူ လဲကျသွားပါတော့တယ်၊ အဲဒီအခါကျမှပဲ ကျွန်တော်တို့တစ်တွေဟာ ပုန်းကွယ်နေရာကနေ အလျှိုလျှိုထွက်လာကြတော့တယ်၊

❧

ကိုကျော်လွှန်းဟာ တောဝက်ကြီး သေမသေ လှံရှည်နဲ့ တင်ပါးကို ဆတ်ခနဲ ထိုးချလိုက်ပါတယ်၊ တောဝက်ကြီး မလှုပ်ရှားတော့ပါဘူး...၊ သေပြီဆိုတာ သေချာမှ...၊

"ကျော်ထွန်းရေ...ဝက်ကို ဖျက်ကြရအောင်ဟေ့..."

"အေး... ဖျက်ကြမယ်ဟေ့... နည်းနည်းနောနောကောင်ကြီး မဟုတ်ပါလားဟေ့... နွားပေါက်ကြီးကျနေတာပဲ၊ ဒီလောက်ကြီးတဲ့ တောဝက်မျိုး မမြင်ဖူးဘူးကွ...၊ အဖေကော ဒီအသက်အရွယ်ထိ ဒီလောက်ကြီးတဲ့ ကောင်ကြီး မြင်ဖူးရဲ့လား ဟင် အဖေ"

အဘ သည်တောဝက်ကြီးကို နဖူးကြောကြီးများရှုံ့ကာ ခပ်တွေတွေ စိုက်ကြည့်နေတယ်၊ တောဝက်သေကြီးကို သေသေချာချာကို စိုက်ကြည့်တာပါ၊ သေနတ်ဒက်ရာ... မြားတံမှန်ထားတဲ့နေရာတွေကို အမွေးထူထူတွေကို ဖယ်ရှားပြီး ရှာဖွေစူးစမ်းနေသလိုပါပဲ၊

ဒီအချိန်မှာ အဘမျက်နှာဟာ အံ့သြထူးခြားပြီး အရောင်ပြောင်းသွားရုံမက ညှိုမှောင်တဲ့မျက်ဝန်းတွေဟာလည်း ရုတ်တရက် မှိုင်းမှိုင်းဝေကြွသွားပါတော့တယ်၊

အဘ တောဝက်ကြီးရဲ့ လည်ပင်းတစ်နေရာ... လက်ဖျံတွေကို လှန်လှောကြည့်ရှုရင်း ထိုင်ရာကနေ ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပါတော့တယ်၊ မျက်ဝန်းတွေက လွန်မင်းစွာ အံ့သြတကြီးမျက်ဝန်းတွေ...၊ နှုတ်ခမ်းညိုတွေ ဆတ်ခနဲ တွန့်ခွေသွားပြီး...



www.burmeseclassic.com

www.burmeseclassic.com

"သားတို့ - လူလေးတို့ ဒီတောဝက်ဟာ ရိုးရိုးတောဝက်မဟုတ်ဘူး"

"ဗျာ"

"ဘယ်လို...ဘယ်လို...အဘ"

အဘရဲ့ မျက်ဝန်းတွေ မှိုသိပ်ထားမှုကို ထိန်းချုပ်ထားသည့်အလား သေးကြုံသွားပေမယ့် တောဝက်ရဲ့ဘစ်နေရာကို စူးစိုက်ကြည့်လိုက်ပြီး တော့ -

ဒီတောဝက်ကြီးက ရိုးရိုးတောဝက်ကြီးမဟုတ်ဘူး... လူထွက်ကောင်"

"ဟင်..."

"ဗျာ...လူထွက်ကောင်...ဟုတ်လား"

"အို..."

"ဟုတ်တယ်...လူထွက်ကောင်အစစ်ပဲ"

အာမေဋိတ်သံတွေ အသီးသီး ပြိုင်ဆင်းသွားကြတော့တယ်။ ကိုကျော်ထွန်းဟာ လက်ထဲမှာ ကိုင်ထားတဲ့သေနတ်ကို ယောင်ယမ်းပြီး လွှတ်ချ လိုက်မိတယ်။

ဘုရားရေ... လူထွက်ကောင်ဆိုပါလား... လူထွက်ကောင်တဲ့... အမှန် ပင် ကိုကျော်ထွန်းတို့သာမက ကျွန်တော်ပင် လန့်ဖျပ်ပြီး ဘုရားတမိသွား ပါတော့တယ်။ အားလုံးရဲ့ မျက်ဝန်းတွေဟာ အဘဆီကိုရော... တောဝက် ကြီးဆီကိုပါ စုပြုံကျရောက်လို့... ကိုကျော်ထွန်းနဲ့ ကိုကျော်လွှန်းတို့လည်း အံ့ဩလွန်းပြီး ပါးစပ်အဟောင်းသားနဲ့ စကားမဆိုနိုင်...။

"ဒီမှာကြည့်ကြ... ကြုံခဲမြင်ခဲတယ်..."

ကျွန်တော်တို့ရဲ့ မျက်စိစူးစူးတွေဟာ အဘညွှန်ပြတဲ့တောဝက်ကြီး ရဲ့လည်ပင်းဆီကို ရောက်သွားပါတယ်။ အဘညွှန်ပြတဲ့နေရာက တောဝက် ရဲ့လည်ပင်းမှာ အသားမြှုပ်လု နစ်ဝင်နေတဲ့ အဖြူရောင်စတီးဆွဲကြိုးလေး



စတီးဆွဲကြိုးဆိုတာ ဒီခေတ်မှာ လူငယ်တွေ ဖန်စီပစ္စည်းအနေနဲ့ အလှဆင် တဲ့ ဆွဲကြိုးပါ...။ ဒီဆွဲကြိုးက တောဝက်ရဲ့လည်ပင်းမှာ ဘာဖြစ်လို့ ရောက် နေရတာလဲ။

ကျွန်တော်ဟာ သိမှတ်စိတ်မဲ့စွာနဲ့ တောဝက်ကြီးရဲ့ စတီးဆွဲကြိုးကို မဝံ့မရဲ စိုက်ကြည့်ငေးမောရင်း ရင်ထဲမှာ မေးခွန်းပုစ္ဆာတွေနဲ့ လေးလံစီး လာပါတော့တယ်။

"ဒီတောဝက်ဟာ အင်မတန် ကြုံရဆုံရခဲတဲ့ လူထွက်ကောင်ဆိုတာ သေချာပါတယ်၊ သူ့လည်ပင်းမှာ လူတွေဝတ်တဲ့ ဆွဲကြိုးလေကွာ...၊ သူဟာ လူ့ဘဝတုန်းက မြတ်မြတ်နိုးနိုး ဝတ်ခဲ့တဲ့ဆွဲကြိုးပေါ့၊ မဆန်းကြယ်ဘူး လား"

အားလုံးဟာ တောဝက်ရဲ့ ညာလက်က လက်သန်းအပြားလောက် ရှိမယ့် စတီးပြားလက်ကောက်ကြီးဆီကို အကြည့်ရောက်သွားကြပြန် တယ်၊ လက်ကောက်က သစ်လွန်နေတုန်းပဲ...၊ ဒါပေမဲ့ - အသားထဲမှာ မြှုပ် နေတယ်၊

"ဒါလည်း သူ့ လူ့ဘဝတုန်းက ဝတ်ဆင်ခဲ့တဲ့ လက်ကောက်ပဲ...၊ လူ့ ဘဝမှာ သေတော့ လက်ကောက်၊ ဆွဲကြိုးတွေကို မဖြုတ်ဘဲ ဒီအတိုင်း မြှုပ် ပစ်လိုက်တာလေ၊ လူထွက်ကောင်ဖြစ်တော့ ပါလာတာပေါ့၊ ကြည့်လေ၊ လူထွက်ကောင်ဘဝမှာ ခန္ဓာကိုယ်ထွားကြိုင်းလာတော့ အသားထဲကို မြှုပ်နေပြီ"

မှန်ပါတယ်... လူငယ်တွေဆင်ကြတဲ့ အသုံးအဆောင်ပစ္စည်းတွေပါ၊ တခြား ဘယ်နည်းနဲ့မှ တောရိုင်းတိရစ္ဆာန်ဖြစ်တဲ့ တောဝက်ရဲ့ လည်ပင်းနဲ့ လက်ကောက်ဝတ်မှာ ဒီပစ္စည်းတွေလာပြီး စွပ်စရာ အကြောင်းမရှိပါဘူး၊ တော်တော် စဉ်းစားရကြပ်တဲ့ကိစ္စပါ...၊

"အင်း...လူလေးတို့ရေ... တော်သေးတယ်လို့ ပြောရမယ်ကွယ့်... ဒီ ကောင်... မြစ်ရေမသောက်ရသေးဘူးကွ...၊ ဒါကြောင့် တိရစ္ဆာန်ပိုင်



www.burmeseclassic.com

www.burmeseclassic.com

အပြည့် မရှိသေးဘူး…၊ ဒါကြောင့် သေနတ်မှန်တော့ သူအော်ညည်းတဲ့ အသံက လူညည်းသံလို ထွက်နေတာပေါ့၊ တကယ်လို့ မြစ်ရေသောက်ပြီး လိုက်ကတော့ကွာ ဘယ်လွယ်လိမ့်မလဲ…၊ တောထဲမှာရှိတဲ့တိရစ္ဆာန်တွေ သေပြီသာမှတ်ပေတော့၊ ဘယ်တိရစ္ဆာန်မှ သူ့ကို ယှဉ်ပြိုင်ပြီး တိုက်ခိုက်နိုင်မှာမဟုတ်ဘူး…၊ ဒါတောင် သူ့အင်အားက မြင်တဲ့အတိုင်းပဲ…၊ တော်တော်ကို ထွားကြိုင်နေတာ…၊ ကဲပါကွယ်…၊ သူ့ကိုဖျက်ပြီး သူ့အသားကို စားဖို့လည်း မစဉ်းစားပါနဲ့တော့…၊ မြေတွင်းတူးပြီး မြှုပ်လိုက်ကြရအောင်…၊ တကယ်တော့… သူဟာ လူထွက်ကောင်ဖြစ်ဖို့ တစ်ဝက်လိုသေးတယ်ကွ၊ ပြည့်ပြည့်ဝဝ လူထွက်ကောင်မဖြစ်သေးဘူး၊ မြစ်ရေသောက်ရဦးမယ်၊ မြစ်ရေသောက်ပြီးမှ ဖြစ်မှာ၊ ခုတော့ သူဟာ လူစိတ်ရှိသေးတယ်၊ ဒီတော့ သူ့ကို တို့တစ်တွေ လူတွေကို သင်္ဂြိုဟ်သလို ငါတို့သင်္ဂြိုဟ်ပေးရလိမ့်မယ်ကွယ့်၊ ကဲ… ကဲ - စိတ်မကောင်းစရာပါကွယ်…"

သည်တော့မှ ကျွန်တော်တို့လူငယ်သုံးယောက်ဟာ ပါလာတဲ့လှံတိုလှံရှည်တွေနဲ့တတ်သလောက်ရသလောက်မြေတွင်းတူးကြရတော့တယ်၊ တောနက်ထဲမှာ မြေက မြေကျစ်မဟုတ်တော့ လွယ်လွယ်ကူကူတူးရတာ အဆင်ပြေပါရဲ့…၊

နောက်လေးငါးရက်ကြာတော့ ကျွန်တော်တို့ဟာ တောဝက်စစ်စစ်နှစ်ကောင်၊ ချေသုံးကောင်ရလို့ အိမ်အပြန် မျက်နှာပန်းလှတယ်လို့ ဆိုရမယ်၊ ကျွန်တော့်ရင်ထဲမှာ လူထွက်ကောင်ဆိုတဲ့ ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်ဆန်းကြယ်ကြီးကတော့ မတင်မကျစိုးမိုးနေတုန်းပါပဲ၊ အဖြေမရှိတဲ့ ပုစ္ဆာတစ်ပုဒ်လို ကွက်လပ်ကြီးတစ်ခု ဖြစ်နေမယ်ဆိုတာ သေချာပါတယ်၊ လောကကြီးဟာ တော်တော်ဆန်းကြယ်ရှုပ်ထွေး နက်နဲပွဲလီလွန်းလှပါတယ်၊

ပုံပြင်ဆန်ဆန် ကြားဖူးနေပိတဲ့ လူထွက်ကောင်ဆိုတဲ့ကိစ္စကို နားမှာတွေ့ဖူးတွေ့ရင်ဆိုင်ခဲ့ရပါပြီ… လူထွက်ကောင်ဆိုတာ အမှန်တကယ်ရှိသလား… တကယ်ပဲ သေပြီးရင် လူထွက်ကောင်ဖြစ်သွားတဲ့ မျိုးနွယ်ဆိုတာ ရှိသလား၊ ဒါမှမဟုတ် ကျွန်တော်တို့မသိနိုင်တဲ့ တိုက်ဆိုင်မှုတစ်ခုနဲ့ တောဝက်ကြီးရဲ့ လည်ပင်းနဲ့ လက်ဖျံမှာ စတီးထွေကြိုးနဲ့ လက်ကောက်ဟာ လာပြီး စွပ်နေပိတာပါ၊ ဒါလည်း တော်တော်ဖြစ်နိုင်ခဲ… ကြုံတောင့်ကြုံခဲကိစ္စတစ်ခုပါ၊

ရင်ထဲမှာ မေးခွန်းပေါင်းမြောက်မြားစွာနဲ့ လေးလံဖိစီးနေပြီး လောကမှာ အရာအားလုံးဟာ အဖြေမရှိတဲ့ မေးခွန်းပုစ္ဆာတွေ မရေရာ မသေချာတဲ့ ကိစ္စတွေ၊ မမျှော်လင့်တဲ့အရာတွေနဲ့ပဲ ဝေဝါးပြန့်နှံ့နေတယ်…၊ လေးလံဖိစီးနေတယ်…၊

ကျွန်တော်တို့ရဲ့အပြန်လမ်းဟာ အတွေးကိုယ်စီနဲ့ ရေငုံနှုတ်ပိတ်နေခဲ့ကြပြီး လေးလံတဲ့ခြေလှမ်းတွေနဲ့ မေးခွန်းမှောင်မှောင်တွေနဲ့…၊

➡ မင်းဘုန်းသိမ်းသူ



www.burmeseclassic.com